
# အရှေ့မြောက်တိုင်းတာခွင်

ဒဂုန်းဖေမြင့်



t a&aj rmuwi;wpci

yxr tuur yEyjci;/ t ya& 5000/

1973 cEp rwv/


jzecsol/ /csi;wi;pmay
180? 47 vr;? &eue/

xwa0ol/ /0;pevi(0363 llr)
t vrmpmay? trw 5 vr; 100?
ueawmav; &eue/

yEyol/ /0;cspa tmi(0207 llr)
vy tm;yEywu 5? vr;-100?
ueawmuav; &eue/

rsuEmz;/ /csi;wi;yEywu/

rsuEmz;ye;cs/ /ay:0;ou/



oe;azjr i

# အရှေ့မြောက်တိုင်းတစ်ခွင်

# အရှေ့မြောက်တိုင်းတစ်ခွင်

ဆောင်းမှာ နှောင်းနေသည်ဟု ထင်ရသည်။

ဒီဇင်ဘာလ ၄ ရက်နေ့သို့ ရောက်နေပြီး မချမ်းတတ်သေး။ ရန်ကုန်မှာ မချမ်းသော်လည်း သွားရမည့်နေရာမှာ ချမ်းလိမ့်မည်။ ထို့ကြောင့် အနွေးထည်တွေ အလုံအလောက်ယူခဲ့ပါသည်။

လှိုင်ကော်မှာလေယာဉ်ခဏရပ်နားတော့ဆင်းကြည့်ပါသည်။ လေဆိပ်ဟိုနားသည်နားလျှောက်ကြည့်ပါသည်။ မချမ်းပါ။ မကြာမီက မိုးရွာထားသည့်လက္ခဏာများကို တွေ့ရသည်။

နာရီဝက်လောက်ကြာတော့ ဟဲဟိုးသို့ရောက်သည်။ ဟဲဟိုးမှာလည်း ချမ်းသည်ကို မတွေ့ရ။ ဟဲဟိုးလေဆိပ်မှာ မိတ်ဆွေဟောင်းမီမီခိုင်(မစ္စက်စဝ်ဆိုင်မွန်)ကို တွေ့ရသည်။ မြန်မာပြည်အကြောင်း စာအုပ်တစ်အုပ် အင်္ဂလိပ်လိုရေးခဲ့သော မီမီခိုင်တစ်ယောက် ကြက်မွေးမြူရေး လုပ်နေသဖြင့် ရန်ကုန်မှလေယာဉ်ဖြင့် ပို့လိုက်သောကြက်ပေါက်စ ကုန်ထုပ်များကို လာရွေးနေခြင်း ဖြစ်ပေသည်။

ဖော်ကာဖရင်းရှစ်လေယာဉ်သည် ရှမ်းကုန်းမြေမြင့်မှ မန္တလေးသို့ဆင်းလာသည်။ မန္တလေးလေဆိပ်မှာတော့ နေကလည်း မြင့်နေပြီမို့ မအေးရုံမက ပူ၍ပင်နေပါပြီ။


နာရီဝက်ကျော်ကျော် ရှမ်းကုန်းမြင့်ပေါ် ဆက်၍ပျံသန်းလေသော် လားရှိုးမြို့သို့ဆိုက်ရောက်လေသည်။ ရန်ကုန်မြို့မှ လားရှိုးသို့ရောက်သည်အထိ ချိုချဉ်ဝေခြင်းနှင့်ကော်ဖီတစ်ခွက်စီတိုက်ခြင်းမှတစ်ပါး ခရီးသည်များအတွက် ဘာမျှလုပ်မပေးသော၊ အရေးပေါ် အခြေအနေအတွက် အသက်ကယ်အစီအစဉ်များအကြောင်းကိုပင် ညွှန်ပြရှင်းလင်းခြင်း မပြုသော လေယာဉ်မောင်မယ်များအား ဝတ်ကျေတိုင်းကုန် ကျေးဇူးတင်ကြောင်း ပြောကာ ကျွန်တော်တို့သည် ဖော်ကာဖရင်းရှစ်နှင့်ခွဲခွာခဲ့လေသည်။

ကျွန်တော်တို့ဆိုသည်မှာ ကျွန်တော်နှင့်မြန်မာစာကထိကနှင့်စာရေးဆရာဖြစ်သူ ဖိုးကျော်မြင့် ဖြစ်ပါသည်။ လေဆိပ်မှဆီးကြိုသူများထဲတွင် ကင်မရာတဖြတ်ဖြတ်ရိုက်နေသော ရုပ်ရှင်မင်းသားကိုထွန်းဝေကို တွေ့လိုက်ပါသည်။ "အရှေ့မြောက်တိုင်းတစ်ခွင်"ခရီးစဉ်ကို အတူလှည့်ရန် ချိန်းထားသည့်အတိုင်း သူက ကျွန်တော့်ကို လားရှိုးမြို့မှ စောင့်နေခြင်းဖြစ်၏။ (ကိုထွန်းဝေသည် ကျွန်တော့်အရင် ခရီးထွက်ခဲ့ပြီး လှိုင်ကော်နှင့်မေမြို့တို့သို့ ရောက်ပြီးပြီဖြစ်၏။)

လားရှိုးမြို့မှ ကျွန်တော့်ကို ကြိုဆိုသူများမှာ ဆရာဝန်၊ စာရေးဆရာ ကမ္ဘောဇခင်လှိုင်

နှင့်နိုင်ငံတကာစာအုပ်နှစ်နှင့်စာဆိုတော်နေ့ ကျင်းပရေးကော်မတီမှလူကြီးအချို့ဖြစ်၏။ ဥက္ကဋ္ဌ ဆရာသြမှာ ရှမ်းဘောင်းဘီပွပွကြီးနှင့်အပေါ် အင်္ကျီကို ဝတ်ထားရာ ရှမ်းအမျိုးသားကြီးပင်ဖြစ်ရမည်ဟု ကျွန်တော်မှတ်ယူလိုက်၏။ အတွင်းရေးမှူးဖြစ်သူ အမျိုးသမီးကား မျက်လုံးခပ်မှေးမှေး၊ အသားခပ်ညိုညိုမို့ အကဲခပ်ရ ကြပ်နေလေသည်။

ဆရာဝန်ကမ္ဘောဇခင်လှိုင်မှာလည်း အသားခပ်ညိုညိုပင် ဖြစ်သည်။ အရပ်အမောင်းကောင်းပြီး ဟန်အမူအရာကသာမက မျက်နှာသွင်ပြင်ကပင် သွက်လက်နေသည်။ သူကား ဘယ်လိုကြည့်ကြည့်၊ ရုပ်ကိုကြည့်ကြည့်၊ ဇာတိကိုကြည့်ကြည့်၊ စိတ်နေသဘောထားကိုကြည့်ကြည့်၊ အယူအဆကိုကြည့်ကြည့်၊ ရှမ်းဗမာ ခွဲခြားမရသူဖြစ်သည်။



လားရှိုးမြို့သို့ရောက်လေသော်
[ဒေါက်တာကမ္ဘောဇခင်လှိုင်၊ ဦးသိန်းဖေမြင့်၊ ဦးဖိုးကျော်မြင့်]

ကမ္ဘောဇခင်လှိုင်သည် စာဆိုတော်နေ့ ကျင်းပရေးကော်မတီအနေနှင့်ကျွန်တော်တို့ကို ကြိုဆိုရသည့်ကတစ်ဖက်၊ တိုင်းဆေးရုံအုပ်ကြီးအနေနှင့်ခွဲစိတ်ကုဆရာဝန်မစ္စတာရိုက်ကို ကြိုဆိုရသည်ကတစ်ဖက်နှင့်ဗျာများနေလေသည်။ ဗိလပ်မှာ ခွဲစိတ်ကုဆရာဝန်ကို ဒေါက်တာဟုမခေါ် မစ္စတာဟုခေါ်သည်ဆိုသဖြင့် မစ္စတာရိုက်ဟုသာခေါ်လိုက်ပါသည်။ ကိုလံဘိုစီမံကိန်းအရ ခွဲစိတ်ကုပါရဂူအဖြစ်ဖြင့် အကြံဉာဏ်ပေးရန် နယ်လှည့်နေခြင်း ဖြစ်သည်။ မနက်က အချိန်အမှတ်မှားသွားသဖြင့် လားရှိုးသို့ ပထမလေယာဉ်ဖြင့် မလိုက်ခဲ့နိုင်ဘဲ ကျွန်တော်တို့နှင့်အတူ ပါလာခဲ့ခြင်းဖြစ်လေသည်။ ထိုသို့ အချိန်မှတ်မှားခဲ့ခြင်းကြောင့် ဒုက္ခများရသူမှာ မစ္စတာရိုက်မဟုတ်ဘဲ ဆရာဝန်ကမ္ဘောဇခင်လှိုင် ဖြစ်နေရရှာသည်။

လားရှိုးသို့ ကျွန်တော်တို့ မွန်းတည့်ချိန်လောက်တွင် ဆိုက်ရောက်လာခြင်း ဖြစ်သည်။ ကြည်လင်သန့်ရှင်းသော ကောင်းကင်မှနေမင်းက တောက်ပစွာ ထွန်းလင်းနေသော်လည်း မပူပြင်းချေ။ အေးမြသာယာသော ရာသီဥတုဖြစ်ပေသည်။

ကမ္ဘောဇခင်လှိုင်သည် ကျွန်တော်တို့အား အသစ်တည်ဆောက်ထားသော သူ့အိမ်သို့ပို့လိုက်၏။ သူကား ထိုအိမ်တွင် မနေ၊ အခြားတစ်အိမ်မှာ နေထိုင်လျက်ရှိသည်။ အိမ်သစ်မှာ ဧည့်ဂေဟာသဖွယ် ဖြစ်နေ၏။ ရန်ကုန်မှာ ရှိစဉ်တုန်းက ကမ္ဘောဇခင်လှိုင်ထံမှ “လားရှိုးရောက်လျှင် ဆရာတို့ လွတ်လပ်စွာ တည်းခိုစရာ အိမ်တစ်လုံး ပေးထားမည်”ဟု စကားလာသောအခါ ဤမျှ နေရာကျမည်ဟု ကျွန်တော် မမျှော်မှန်းခဲ့မိပါ။

ကမ္ဘောဇခင်လှိုင်၏ ထိုဧည့်ဂေဟာမှာ တစ်ထပ်တိုက်ကလေး ဖြစ်သည်။ သို့သော် ကုန်းလျှောပေါ်မှာ တည်ထားခြင်းဖြစ်ရာ လသာဆောင်ကား ၂ထပ်ဖြစ်သည်။ လသာဆောင်အောက်တွင်ကားဆိုက်ထားစရာနေရာ ရှိသည်။ တည်ရာကုန်းကလေးမှာ လားရှိုး၏ အတော်မြင့်သောအပိုင်းမှာ ဖြစ်သဖြင့် လသာဆောင်မှနေပြီး ကြည့်လိုက်လျှင် မိုးကုတ်စက်ဝိုင်းအထိဖြစ်သော အရှေ့မြောက်မြင်ကွင်းကျယ်ကြီးကို တွေ့ရသည်။ လားရှိုးမြို့၏ မြင်ကွင်းကျယ်ကြီးပင်တည်း။ စိမ်းပြီးသစ်လွင်နေသည်။

၁၉၃၉ ခုနှစ်က ကျွန်တော် လားရှိုးသို့ ပထမဆုံးအကြိမ် ရောက်ခဲ့ရသည်။ ထိုစဉ်က လားရှိုးသည် ဤမျှစိမ်းကောင်းစိမ်းခဲ့မည်။ သို့သော် ဤမျှသစ်လွင်သည်ဟု ကျွန်တော်မမှတ်မိပါ။ ထိုစဉ်က လားရှိုးသည် ဤမျှလည်း မကြီး။ ဤမျှလည်း မသာယာပါ။

ကမ္ဘောဇခင်လှိုင်၏ ဧည့်ဂေဟာမှာ ခန်းမကြီးကို ၂ ခြမ်းခွဲထားသည်။ တစ်ခြမ်းက ထိုင်ခန်းဖြစ်ပြီး ကျန်တစ်ခြမ်းက ထမင်းစားခန်း ဖြစ်သည်။ ထမင်းစားခန်းတွင် လူအစိတ်လောက်ကို ထမင်းစားပွဲတည်ခင်းနိုင်သည်။ ဧည့်ခန်းတွင် တောက်ပြောင်သစ်လွင်ပြီး လှပသောပရိဘောဂများ ရှိသည်။ အထူးအဆန်း အလှအပ၊ အမှတ်တရပစ္စည်းများ ထည့်ထားသောဘီရိုများလည်း

ရှိသည်။ အိမ်ရှင်သည် အလှအပကို ကြိုက်တတ်သူ ဖြစ်ကြောင်း ဧည့်ခန်းကိုကြည့်လျှင် သိနိုင်ပါသည်။

ထိုခန်းမကြီးကို ဝိုင်းရံလျက် ဘုရားခန်းတစ်ခန်းနှင့်အိပ်ခန်း ၅ ခန်းရှိသည်။ ရေချိုးခန်း ၂ ခန်းလည်း ရှိသည်။ အပြင်ဆောင်တစ်ဆောင် သီးသန့်ထုတ်ထားပြီး မီးဖိုချောင်လုပ်ထားသည်။

ကျွန်တော်တို့အား အခန်းကိုယ်စီ နေရာချထားပေးပြီးနောက် ကမ္ဘောဇခင်လှိုင်က ကျွန်တော့်အား ဘုရားခန်းကို ပြရင်း...

"ဆရာ ဘုရားဝတ်ပြုချင်ရင် ဘုရားခန်း ဒီမှာပါ"ဟုပြောလေသည်။ ကျွန်တော်က ဘာမှ ပြန်မပြောဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်လေသည်။

နေ့ခင်းတစ်ချက်တီးကျော်မှ နံနက်စာ ထမင်းစားကြသည်။ ထို့နောက် ညနေစောင်းအထိ နားနေကြ၏။

လားရှိုးမြို့သို့ရောက်သည်ဆိုလျှင် မည်သူမဆို မသွားဘဲ မနေသောနေရာမှာ ညနေဈေးဖြစ်သည်ဟုသိရ၏။ ဖြောင်သွား၍ မသင့်လျော်လျှင် ရုပ်ဖျက်သွားကြသည်။ တပ်မတော်သားများမှာမူ ယူနီဖောင်းနှင့်မသွားရ။ ဈေးဝယ်ချင်၍ သွားသူလည်းရှိသည်။ ကြည့်ချင်၍သွားသူလည်း ရှိသည်။ ကြည့်ရုံသွားသူလည်း ဝယ်ချင်စိတ်ပေါက်လာတတ်သည်။

ညနေ ၃ နာရီမှစပြီး ၆ နာရီသာသာအထိ ဖွင့်သောဈေးဖြစ်၍ ကျွန်တော်က ညနေဈေးဟုခေါ်လိုက်ခြင်းဖြစ်သည်။ အချို့ကမူ မှောင်ခိုဈေးဟုခေါ်သည်။ လားရှိုးမြို့သူမြို့သားတို့ကမူကား ဈေးဟုသာခေါ်သည်။ တကယ်တော့ ထိုညနေဈေးကို မှောင်ခိုဈေးဟုမခေါ်သင့်တော့ပါ။ ညနေဈေးတွင် ခိုးချောင်ခိုးဝှက်ရောင်းကြသည် မဟုတ်။ ဘယ်ဈေးသည်မဆို ရဲရဲဝံ့ဝံ့၊ တည်တည်ငြိမ်ငြိမ် ရောင်းနေသည်ကို တွေ့ရသည်။ ညနေဈေးတွင် ကျီးလန့်စာစားလက္ခဏာကိုလည်း လုံးဝမတွေ့ရပါ။ အဖမ်းအဆီး မရှိပါ။

ညနေဈေးသည် လားရှိုးဈေးကြီး၏ အလယ်ခေါင်တွင် တည်ရှိသော လဟာပြင်ဈေးဖြစ်သည်။ နိုင်ငံခြားမှလာသောကုန်အမျိုးအမည် ဤမျှစုံလင်သောနေရာ ဘယ်မှာမှ ကျွန်တော်မတွေ့ဘူးသေးပါ။ အထည်အလိပ်ဆိုလျှင် နိုင်လွန်အမျိုးမျိုး၊ သက္ကလပ်အမျိုးမျိုး၊ တက်ထရက်တက်ထရွန်၊ ဖော့ကရစ်၊ လှိုင်းကြီးလှိုင်းလေးစသည်ဖြင့် အမျိုးစုံရုံသာမက အဆင်အသွေးတွေကလည်း စုံလှသည်။ ထိုင်းနိုင်ငံဖက်မှ အရင်းရှင်လောက၏ အလှအပ အထည်အလိပ်များ၊ အခိုင်အခန့် အထည်အလိပ်များသာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆိုရှယ်လစ်အလှအပ အထည်အလိပ်များ၊ အခိုင်အခန့် အထည်အလိပ်များလည်း ရှိသည်။ ချုပ်လုပ်ပြီးအဝတ် အထည်များကလည်း ပုံမျိုးစုံဖြစ်သည်။

နာရီမျိုးစုံ၊ ရေဒီယိုမျိုးစုံ၊ တိပ်ရီကော်ဒါမျိုးစုံ၊ ဖောင်တိန်မျိုးစုံ၊ ဆေးဝါးမျိုးစုံ။

ဓာတ်ဗူးကြီးများ၊ ပန်းကန်ခွက်ယောက်များ၊ ဇလုံများ၊ အိုးများ။

အလှကုန်ပစ္စည်းများကလည်း အမျိုးစုံလှသည်။ ဆံပင်ဆိုးဆေးများကိုပင် တွေ့ရသည်။ ခြယ်သပက်ဖျန်းသောကိရိယာများနှင့်တကွ ရောင်းချသည်။ သွားပွတ်တံမှာတော့ ဆိုရှယ်လစ်သွားပွတ်တံက အရင်းရှင်သွားပွတ်တံကို နိုင်နေသည်။

ဂျွန်နီဝါကားအနီပတ် အနက်ပတ်များကို တွေ့ရသဖြင့် ဈေးမေးကြည့်ရာ အနီက ၁၀၀ အနက်က ၁၂၀ ဟုဆိုလေသည်။ တရုတ်ပြည်မှလာသော ကျားရိုးဘရန်ဒီဆိုသည်ကို တွေ့ရသဖြင့် စုံစမ်းကြည့်ရာ ကျားရိုးနှင့်တခြားတရုတ်ဘယဆေးပစ္စည်းများ ရောချက်ထားသောဆေးအရက်ဖြစ်သည်ဟု သိရသည်။ တစ်ပုလင်း ၈ ကျပ်ဟုဆိုသဖြင့် အရက်လည်းဖြစ် အားတိုးဆေးလည်းဖြစ်သောကျားရိုးဘရန်ဒီကို ကျွန်တော် ဝယ်လိုက်လေသည်။ ညနေဈေးသို့ ကြည့်ရှုကြည့်ရန်လာခဲ့သောကျွန်တော်သည် ဈေးစဝယ်မိလေပြီ။ သို့သော် များများစားစားတော့ မဝယ်ဖြစ်ပါ။ အကြောင်းမှုကား အားလုံးလိုလို ဈေးကြီးသောကြောင့် ဖြစ်လေသည်။ ဂျွန်နီဝါကားတစ်လုံး ၁၀၀ ကျပ်မှ ၁၂၀ ကျပ်အထိ ရှိသလို၊ ဆံပင်ဆိုးဆေးတစ်ပုလင်း ၂၅ ကျပ်ဈေးရှိသည်။ ဈေးနှုန်းများကို နေ့ာကျေနေသော ထွန်းဝေကို မေးကြည့်ရာ ရန်ကုန်ဈေးနှုန်းများနှင့်မတိမ်းမယိမ်းပင်ဖြစ်သည်ဟု ဆိုသည်။ အချို့ကုန်ပစ္စည်းများမှာ ရန်ကုန်ဈေးထက် အနည်းငယ်နိမ့်ပြီး၊ အချို့မှာ အနည်းငယ်မြင့်သည်ဟုသိရသည်။

သို့သော် အဆင်အသွေး အမျိုးအစားစုံသဖြင့်လည်းကောင်း၊ ကျီးလန့်စာစား ဝယ်ရခြမ်းရခြင်း မဟုတ်သဖြင့်လည်းကောင်း၊ စိမ်ပြေနပြေ ရွေးချယ်ဝယ်နိုင်သဖြင့်လည်းကောင်း၊ လားရှိုးညနေဈေးက တစ်ပန်းသာနေသည်ဟုသိရသည်။ သို့သော် လားရှိုးတွင် အမြဲနေသူများသည် ဌေ့သည်ပို့ရုံမှတစ်ပါး ဤဈေးသို့ သိပ်မကပ်ကြဟုဆိုသည်။ ရိုးနေလို့လား၊ အီနေလို့လား၊ ဈေးကြီးလို့လားစသည်ဖြင့် မေးကြည့်ရာ ဈေးကြီးခြင်းက အဓိကအကြောင်းဖြစ်သည်ဟုသိရသည်။

ညနေဈေးမှာ ကြိတ်ကြိတ်တိုးစည်ကားနေ၏။ ဈေးရောင်းသူတို့မှာ များသောအားဖြင့် တရုတ်နှင့်ရှမ်းတရုတ်များ ဖြစ်ကြ၏။ ရှမ်းပြည်မြောက်ပိုင်းမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်သောအရပ်ဖြစ်ရကား အခြားသောတိုင်းရင်းသား ဈေးသည်များလည်း ရှိပါသည်။ ရှမ်းစစ်စစ်နှင့်မြန်မာစစ်စစ်အချို့ပင် ပါပါသည်။ သို့သော် တရုတ်နှင့်ရှမ်းတရုတ်တို့ လုံးဝလွှမ်းနေသည်။ ၁၉၃၉ ခုတုန်းက တွေ့ခဲ့ရသော ကုလားကုန်သည်များကို ယခုအခါ မတွေ့ရတော့ပြီ။ ဈေးဝယ်သူများလည်း တိုင်းရင်းသားလူမျိုးပေါင်းစုံပင် ဖြစ်သည်။ ရောဝတီမြစ်ဝှမ်းဆီမှ လာရောက်၍ ဝယ်ယူကြသူတို့က အများစုဖြစ်သည်။ တစ်နိုင်တစ်မ ဝယ်ယူပြီး တစ်ဆင့်ရောင်းကြ

မည်ဖြစ်သည်။

ဈေးတန်းထဲ လျှောက်ကြည့်နေကြစဉ် ပထမပိုင်း၌ မင်းသားထွန်းဝေ ရောက်နေကြောင်း လူမသိကြ။ နောက်ပိုင်းကျတော့ တစ်ယောက်ကစတစ်ရာ သိသွားလေရာ လှုပ်လှုပ်ရွရွဖြစ်သွားလေသည်။ တစ်ယောက် တစ်ယောက် လက်တို့ပြီး လှမ်းကြည့်ကြသူများ၊ ရှေ့ကဆီးကြည့်သူများ၊ နောက်ကပြေးလိုက်ပြီး ကြည့်သူများ၊ ထွန်းဝေ၏ အရည်အချင်းတစ်ခုကား အခြေမပျက်အကြည့်ခံခြင်း ဖြစ်သည်။ လူများဝိုင်းကြည့်၍ ရင်လည်း ကော့မသွား၊ ခါးလည်းကုန်းမသွား၊ မျက်နှာလည်း မော့မသွား၊ မျက်နှာလည်း လွှဲမသွား၊ သူလုပ်စရာရှိတာ လုပ်သွားသည်။ သူပြောစရာရှိတာ ပြောသွားသည်။ ဈေးဝယ်သောအခါ တရုတ်လိုပြောဝယ်သဖြင့် တရုတ်ဈေးသည်နှင့်ရှမ်းတရုတ်ဈေးသည်တို့က တအံ့တသြဖြစ်ကြရုံမက သဘောလည်း ကျကြဟန်ရှိသည်။

သို့ဖြင့် ညနေဈေးတန်းကို လှည့်နေကြစဉ် လားရှိုးသတင်းထောက်ကိုအောင်မင်းက ကျွန်တော်တို့ကို လာခေါ်သည်။ ကိုအောင်မင်း၏ရုပ်မှာ ကောလိပ်ဂျင်နေဝင်းနှင့်ဆင်သဖြင့် ဈေးလူထုအဘို့ စိတ်ဝင်စားဘွယ်တစ်ခု ဖြစ်နေသေးသည်။ သို့သော် မကြာပါ၊ လားရှိုးမြို့သားကိုအောင်မင်းပင် ဖြစ်ကြောင်း သိသွားကြလေသည်။ ကိုအောင်မင်းက ကျွန်တော်တို့အား ကုန်ကားကြီးများ ဆိုက်ရောက်လာပုံ လိုက်ကြည့်ရန် ခေါ်လေသည်။

လေဟာပြင်ဈေးအပြင်ဖက်တစ်နေရာတွင် ကုန်ကားကြီးတစ်စင်း ရောက်လာလေသည်။ လမ်းဘေးထိုးဆိုက်လိုက်ရာ ကျွန်တော်တို့မှာ ပြေးရှောင်လိုက်ကြရသည်။ ကုန်ကားဆိုသော်လည်း လူစီးဘတ်စ်ကားကြီးပင် ဖြစ်၏။ ကုန်ထုပ်ကြီးများကို အမိုးပေါ်မှာလည်းကောင်း၊ အတွင်းမှာလည်းကောင်း အပြည့်အသိပ် တင်ထားသည်။ လူများကလည်း ဘတ်စ်ကားထဲတွင် ကုန်ထုပ်များကြားမှ အပြည့်အသိပ် လိုက်ပါလာကြလေသည်။ ထိုဘတ်စ်ကားပေါ်တွင် ယောကျ်ားဦးရေမှာ နည်းပါးလှသည်။ အရွယ်လတ်ပိုင်းမိန်းမများသာ များသည်။ ကုန်ကားကြီး နေရာတကျ ရပ်ပေးလိုက်သောအခါ ထိုမိန်းမများသည် အထုပ်ကိုယ်စီရွက်၊ အထုပ်ကိုယ်စီဆွဲကာ ဆင်းလာကြလေသည်။ သူတို့သည် နယ်စပ်မှနိုင်ငံခြားကုန်များကို တစ်နိုင်တစ်မ ဝယ်လာခဲ့ကြခြင်း ဖြစ်၏။ ခရီးရောက်မဆိုက် လမ်းဘေးချ၍ ရောင်းကြသည်။ သို့သော် လေဟာပြင်ဈေးမှာလို လက်လီရောင်းခြင်းကို အဓိကမထားကြချေ။ လက္ကားရောင်းခြင်းကို အဓိကထားကြလေသည်။ ပွင့်ရိုက်တရုတ်အိပ်ရာခင်းကြီးများကို တွေ့သဖြင့် ကျွန်တော်တို့က ဈေးမေးလိုက်ရာ တစ်ထည်လျှင် ၄၀ိ ဟုမိန်းမကြီးတစ်ယောက်က ဆိုလေသည်။ ဈေးတော်သည် ထင်သဖြင့် ကျွန်တော်တို့က ဝယ်မည်ပြုသောအခါ ပထမမိန်းမကြီးထက် အာဏာပိုင်ဟန်တူသော ဒုတိယမိန်းမကြီးက ပထမမိန်းမက ဈေးမှားပြောခြင်းဖြစ်ကြောင်း၊ ဈေးမှန်မှာ ၇၀ိ ကျပ်ဖြစ်ကြောင်းပြောလိုက်လေသည်။ ကျွန်တော်တို့သည် မဝယ်ဘဲ လှည့်ပြန်ခဲ့ကြ၏။ မော်တော်ကား အပိုပစ္စည်းများ

ရောင်းသောဆိုင်တစ်ဆိုင်ကို ဝင်ကြည့်ရာ ပြည်တွင်းဖြစ်အပိုပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံခြားလုပ် အပိုပစ္စည်းများကိုလည်းကောင်း၊ တွေ့ရလေသည်။ တရုတ်လုပ် ပန်ကာကြိုးများပင် ရှိသည်။ ဤဒေသတစ်ဝိုက်တွင် ဘာ့ကြောင့် ဆလွန်းမော်တော်ကားအိုကြီးများနှင့်လူစီး၊ ကုန်တင် ဘတ်စ်ကားအိုကြီးများ လှုပ်ရှားသွားလာနေနိုင်သည်ကို ပြောပြနေသော မော်တော်ကားအပိုပစ္စည်းဆိုင်ပေတည်း။

နိုင်ငံခြားမှ ကုန်ပစ္စည်းများမှာ ဘတ်စ်ကားများနှင့်သာ လိုမ့်ဝင်နေသည်မဟုတ်။ လားများကို စီး၍လည်း ဝင်နေသည်။ ကုန်သည်၊ ဈေးသည်များသည် စုပေါင်း၍ တစ်ဖွဲ့လျှင် လားအစီး ၁၀၀ မှနေပြီး ၇၀၀ အထိ ငှားကာ နယ်စပ်ကို ဖြတ်ပြီး ကူးသန်းရောင်းဝယ်နေကြလေသည်။ မြန်မာပြည်ဖက်မှ ပို့ကုန်များ ထွက်သလို နိုင်ငံခြားမှ သွင်းကုန်များ ဝင်နေသည်။ တကယ်တော့ ဤကူးသန်းရောင်းဝယ်မှုသည် လူထုနှင့်ချီ၍ ပြုလုပ်နေသောနယ်စပ်ကုန်သွယ်ရေး(Border Trade)ဖြစ်နေကြောင်း တွေ့ခဲ့ရပါသည်။ မြန်မာပြည်ဖက်မှ ဘာကုန်တွေ ပို့နေသည်ကို ဆက်လက်လေ့လာရပါဦးမည်။

ကုန်ကားကြီး ဆိုက်ရောက်လာသည်ကို ကြည့်ရှုလေ့လာပြီးနောက် တည်းခိုအိမ်သို့ပြန်ခဲ့ကြလေပြီ။ မှောင်လည်း မှောင်ပြီး အေးလည်း အေးလာလေပြီ။

ဘာ့ကြောင့် သူတို့တစ်တွေ ညနေ ၆ နာရီကျော်လျှင် ဆိုင်တွေ ပိတ်ကြသနည်းဟု ကျွန်တော်စုံစမ်းသောအခါ ဤသို့တွေ့ရသည်။

လေဟာပြင်ဈေးတွင် ဆိုင်ထွက်သူများမှာ များသောအားဖြင့် လားရှိုးမြို့ဆင်ခြေဖုံးမှာ နေထိုင်ကြသည်။ ညဉ့်နက်မှ ဆိုင်ပိတ်ပြီး ရောင်းရငွေပိုက်၍ ကျန်ကုန်အထုပ်အပိုးများကို လက်တွန်းလှည်းပေါ် တင်တွန်းကာ ပြန်ကြသောအခါ လမ်းမှလုယက်ယူတတ်သည်။ ထိုရန်ကို ကြောက်ကြသဖြင့် ၆ နာရီကျော်လျှင် လေဟာပြင်ဈေးကို ပိတ်ကြရခြင်း ဖြစ်လေသည်။

ရေပူစမ်း

နောက်တစ်နေ့ ၅. ၁၂. ၇၂ မှာ နေ့အားဖြစ်သည်။ ဆိုလိုသည်မှာ လားရှိုးသို့လာရင်း ကိစ္စ(စာဆိုတော်နေ့ ဟောပြောရေးကိစ္စ)ကို ဆောင်ရွက်ရန် မလိုသေးသောနေ့ဖြစ်သည်။

''နေ့အား''ဖြစ်သော်လည်း ကျွန်တော်တို့သည် နံနက် ၅ နာရီခွဲတွင် အိပ်ရာမှထကြလေသည်။ ရေပူစမ်းသွားရေချိုးရန် ဖြစ်၏။ ကမ္ဘောဇခင်လှိုင်သည် အစောကြီးပင် ရောက်လာပြီး ကျွန်တော်တို့ကို သူ၏ကိုယ်ပိုင်ဂျစ်ကားအဖြူဖြင့် ခေါ်သွားလေ၏။

နေမထွက်သေးဘဲ နှင်းတွေဆိုင်းနေသဖြင့် အတော်ပင် မှောင်နေသေးသည်။ မော်တော်ကားမီးကို အပြည့်ဖွင့်လျက် နှင်းကြားထဲ တိုးမောင်းရသည်။

ရေပူစမ်းသည် လားရှိုးကြီးမှာ တည်ရှိသည်။ အဘယ့်ကြောင့် လားရှိုးကြီးဟု'ကြီး'တပ်ကာခေါ်သည် မသိပါ။ လားရှိုးမြို့မထက် မျှားစွာငယ်ပါသည်။ လားရှိုးမှာ ရှမ်းနာမည်ဖြစ်သည်ဟု သိရသော်လည်း အဓိပ္ပါယ်ကို ပြောနိုင်သော လားရှိုးသားတစ်ယောက်ယောက်ကိုမျှ မတွေ့ခဲ့ရချေ။ လားရှိုးကြီးသည် လားရှိုးနှင့်အတန်ငယ် ဝေး၏။

လားရှိုးကြီးစပြီး စည်ကားခဲ့သည်မှာ ၁၉၃၇–၃၈ လောက်က ဖြစ်လေသည်။ တရုတ်ပြည်ကို ဂျပန်တို့က အိမ်ရှေ့မှပိတ်ဆို့ထားစဉ် နောက်ဖေးမှအပေါက်ဖွင့်ပေးရသည့်အနေနှင့်တရုတ်–မြန်မာလမ်းမကြီး(ဝါ)ယူနန်–မြန်မာ လမ်းမကြီးကို ဖောက်ခဲ့ရသည်။ တရုတ်ပြည်သို့ အင်္ဂလိပ်နှင့်အမေရိကန်တို့က ထိုလမ်းဖြင့် လက်နက်ခဲယမ်းနှင့်အခြားသောကုန်ပစ္စည်းများ ပို့ခဲ့လေသည်။

၁၉၃၉–ခုနှစ်က ကျွန်တော် လားရှိုးသို့လာခဲ့ခြင်းတွင် ရည်ရွယ်ချက်တစ်ခုမှာ တရုတ်–မြန်မာလမ်းမကြီး၏အစပိုင်းကို ကြည့်ရန် ဖြစ်သည်။ ထိုအချိန်တုန်းကလည်း ရေပူစမ်းကို ရောက်ခဲ့ပါ၏။ သို့သော် ထိုစဉ်က ရေပူစမ်းကား ဖွံ့ဖြိုးပြုပြင်မှု မရှိသော ရေပူစမ်းဖြစ်ခဲ့လေသည်။ ယခုမူ လားရှိုးမြို့ပေါ်မှ မြို့မျက်နှာဖုံးလူကြီးများသည် ကော်မီတီတစ်ခုဖွဲ့ပြီး ရေစမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ထားလေသည်။

လားရှိုး–သိန္နီလမ်းမှ ညာဖက်သို့ ကွေ့လိုက်လျှင်ပင် ဂိတ်ကို တွေ့ရသည်။ ဖွံ့ဖြိုးရေးကော်မီတီက ထားသော ဂိတ်ဖြစ်၏။ မော်တော်ကားတစ်စီး မည်ရွေ့မည်မျှ၊ လူတစ်ယောက်မည်

ရွှေ့မည်မျှ ဝင်ကြေးပေးရမည်ဟု သတ်မှတ်ထားလေသည်။ ဆရာဝန် ကမ္ဘောဇခင်လှိုင်မှာ ကော်မီတီလူကြီးတစ်ယောက် ဖြစ်သဖြင့် ဝင်ကြေးမပေးခဲ့ရသဖြင့် ဝင်ကြေးမှာ မည်ရွှေ့မည်မျှဖြစ်သည်ကို ကျွန်တော် မသိခဲ့ရပါ။ သို့သော် ဝင်ကြေးကောက်ခြင်းသည် လိုလားအပ်သည်။ ထိုဝင်ကြေးဖြင့် ပိုမိုဖွံ့ဖြိုးအောင် မွမ်းမံပြင်ဆင်နိုင်မည် မဟုတ်ပါလော။

ဂိတ်မှအတွင်းသို့ တစ်မိုင်လောက် သွားပြီး နောက်မှရေပူစမ်းသို့ ရောက်လေသည်။

ရေပူစမ်း၏ အထက် ကုန်းမြင့်ကလေးပေါ်တွင် စားသောက်ဆိုင်များ ရှိသည်။ ထိုစားသောက်ဆိုင်များအနီးတွင် ကားရပ်ရသည်။ တက္ကစီဆလွန်းကားကြီးနှစ်စီးနှင့်အခြားကားတစ်စီး ကျွန်တော်တို့အရင် ရောက်နေသဖြင့် အံ့ဩမိသည်။ နံနက်စောလှသေးသဖြင့် ဈေးဆိုင်အချို့ပင် အိပ်နေဆဲ ရှိ၏။ နိုးသောဆိုင်အချို့မှာလည်း မီးမွှေးဆဲဖြစ်သည်။

နံနက်ခင်း ဆည်းဆာရောင်တွင် ကျွန်တော်တို့သည် ရေပူစမ်းသို့ဆင်းကြသည်။ ဤနေရာမှာကား နှင်းတွေ မြူတွေ ဆိုင်းနေခြင်းမဟုတ်ဘဲ ရေနွေးငွေ့တွေ ဆိုင်းနေသဖြင့် ရှေ့တစ်ကိုက် နှစ်ကိုက်လောက်သာ မြင်ရသည်။

ရေပူစမ်းကို နှစ်ပိုင်းခွဲခြားထားသည်။ စမ်းပေါက်ဝများကို နှစ်စုခွဲကာ ကန်နှစ်ကန် လုပ်ထားခြင်းဖြစ်၏။ ညာဖက်ရှိကန်မှာ ရေပူလွန်းသဖြင့် ဆင်းချိုး၍မရ။ ပိုက်နှင့်သွယ်ယူကာ ရေအေးနှင့်စပ်ချိုးရန် ရေချိုးခန်းများ လုပ်ထားလေသည်။

လက်ဝဲဖက်မှ ကန်တွင်မူ ဆင်းချိုးနိုင်သည်။ ကန်ဘောင်ကို အုတ်စီ၊ ကွန်ကရိုက်ကိုင်ထားပြီး ကန်ကြမ်းပြင်တွင် သစ်သားပြားကြီးများ ခင်းထား၏။ ရေက ရင်ခေါင်းအထိ အပြည့်ရှိ၏။ ကန်နှစ်ကန်မှ စီးဆင်းသောရေများကို တစ်ခုတည်းသော ရေလွှဲပေါက်ဖြင့် ရေလွှဲပေးထားရာ ရေတံခွန်ကလေးတစ်ခုသဖွယ် ဖြစ်နေလေသည်။ ရေဆင်းသံ တစ်ဝုန်းဝုန်းလည်း အော်မြည်နေ၏။ ဤရေပူချောင်းသည် အောက်သို့ဆင်းသွားသောအခါ တဖြည်းဖြည်းအေးသွားပြီး နမ္မတူချောင်းနှင့်ပေါင်းလေ၏။ နမ္မတူချောင်းကား ဒုဋ္ဌဝတီမြစ်သို့ဝင်လေသည်။

ကျွန်တော်တို့သည် ဆင်းချိုးနိုင်သော လက်ဝဲဖက်ကန်ကို ရွေးချယ်ကြလေသည်။ လူအချို့ ထိုကန်ထဲမှာ ရေချိုးနေကြလေပြီ။ အဝတ်လဲစရာအခန်းဟူ၍ကား မရှိ။ ကမ်းနဖူးတစ်နေရာမှာ အဝတ်များကို ချွတ်ပြီး ကိုယ့်အစုနှင့်ကိုယ် ပုံကြရ၏။ ကျွန်တော်တို့မှာ ချမ်းလှသဖြင့် အင်္ကျီအထပ်ထပ်၊ ဘောင်းဘီအထပ်ထပ် ဝတ်ထားလေရာ တစ်ထပ်ပြီးတစ်ထပ် ခွာချကြရလေသည်။

ရေပူစမ်းတစ်ဝိုက် ရာသီဥတုမှာ နွေးနေ၏။ ရေထဲဆင်းသောအခါ အတော်ပူကြောင်း တွေ့ရသည်။ ကမ္ဘောဇခင်လှိုင်နှင့်ဖိုးကျော်မြင့်တို့သည် ရေပူကို စမ်းကာစမ်းကာ တလက်မချင်း ဆင်းကြ၏။ ကျွန်တော်နှင့်ထွန်းဝေတို့ကား တစ်ချက်နှစ်ချက် စမ်းပြီး ဖြုန်းကနဲ ဆင်းချလိုက်

ကြ၏။ ချက်ချင်းလက်ငင်းတော့ မသက်သာလှချေ။ ခဏကြာတော့ သက်သာသွားလေသည်။ နောက်တစ်ခဏကြာတော့ ဇိမ်ရှိနေပေပြီ။

ရေမှာ ရင်ခေါင်းအထိ နက်သဖြင့် ကူးလိုက ကူးနိုင်၏။ ကောင်းစွာပြုပြင်ထားသော အပိုင်းမှာ သိပ်မကျယ်လှသော်လည်း ပေနှစ်ဆယ် အစိတ်ထိတော့ ကူးနိုင်သည်။ ကျွန်တော်မှာ ဆံပင်ရေစိုမည်စိုးသောကြောင့် ထိန်းထိန်းသိမ်းသိမ်း ကူးခဲ့ရလေသည်။

ရေကန်ထဲမှာရေချိုးနေကြသောလူအရေအတွက်သည်ရောက်နေသောကားများတွင် ပါလာနိုင်သည့်အရေအတွက်ထက် များလေသည်။ အချို့မှာ အစောကြီးက လမ်းလျှောက်လာခဲ့ ကြခြင်းကြောင့် ဖြစ်၏။ ရေနွေးငွေ့တွေ ဆိုင်းနေသဖြင့် ရေချိုးနေသူ များ၏ အမျိုးအစားကို လည်းကောင်း၊ အမျိုးအမည်ကိုလည်းကောင်း ခွဲခြားရန် မလွယ်ကူပါ။ ယောကျ်ား၊ မိန်းမ၊ က လေး လူကြီးဟုသာ ခွဲခြားနိုင်ပါ၏။ သူတို့ထဲတွင် မဆင်မခြင် ပြုမူသူအချို့ ပါလာသည်။ ရေထဲ တွင် ပါးလုပ်ကျင်းပြီး တံတွေးထွေးသူများနှင့်အဝတ်လျှော်သူများ ဖြစ်လေသည်။ ပေလီကမ်း ခြေ ငွေသောင်ယံပေါ်တွင် ကျင်ကြီးစွန့်ထားသည်ကို တွေ့ရသလို ရေပူစမ်းကမ်းနဖူးမှာ ကျင် ကြီး မတွေ့ရသဖြင့်သာ တောသေးသည်ဟုအောက်မေ့ရ၏။

ရေကန်မှအထွက်တွင် ထိုထိုသော သန့်ရှင်းရေးကိစ္စများကို ဆွေးနွေးခဲ့ကသောအခါ ကမ္ဘောဇခင်လှိုင်က အစောင့်ပိုမိုချထားပြီး ကြပ်မတ်ရန်၊ စာတန်းဆွဲပြီး သတိပေးရန်နှင့်အဝတ် လျှော်ဘို့နေရာ သီးသန့်လုပ်ပေးထားရန် စီစဉ်မည်ဟုပြောပါသည်။

ရေပူစမ်းတွင် စိတ်ရှိသလောက် ကြာကြာ ရေမချိုးနိုင်ကြချေ။ ကြာလျှင် မောလာ သည်။ ဘာ့ကြောင့် ဤသို့ဖြစ်ရသည်ကို ဒေါက်တာခင်လှိုင်က သိပ္ပံနည်းကျ ရှင်းပြပါ၏။ ရေပူ စမ်းမှာ ရေချိုးပြီး သွေးတိုင်းကြည့်မည်ဆိုလျှင် သွေးတိုးနှုန်း ကျနေသည်ကို တွေ့ရမည်ဆို၏။ သို့သော် ခဏကြာတော့ စားလိုက်သောက်လိုက် လုပ်ပြီးလျှင် သွေးတိုးနှုန်း ပုံမှန်ပြန်ဖြစ်လာမည် ဆို၏။

ကမ္ဘာမှာ ဤမျှရေလုံးကြီးသော ရေပူစမ်းများ ရှားပါးလှသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ သည့်ထက်ပိုလုပ်နိုင်လျှင် ကမ္ဘာကျော်ရေပူစမ်း ဖြစ်မည်မှာ မလွဲပေ။

ယခုမူ 'အဖြစ်သာ'ဖွံ့ဖြိုးရေးလုပ်ထားရခြင်း ဖြစ်၏။ ရှိရင်းစွဲသစ်ပင်၊ ဝါးပင်များမှတစ် ပါး ဘာပင်မျှ မစိုက်နိုင်သေး။ ပန်းပင်စိုက်ပျိုးဘို့ကား ဝေးသေး၏။ ဈေးဆိုင်များလည်း သူတို့ ဖာသာ ထိုးထားသော ဝါးသက်ကယ်တဲများ ဖြစ်ကြကုန်၏။

တရုတ်ဆိုင်တစ်ဆိုင်ဝင်ပြီး ဆန်ခေါက်ဆွဲ စားကြသည်။ ဝက်သားကို ရှောင်လိုသဖြင့် ကျွန်တော့်အတွက် ကြက်သားနှင့်လုပ်ပေးပါဟုဆိုခဲ့ရာ လုပ်ပေးရှာပါ၏။ သို့သော် တို့ဟူးကော် ရေဆမ်းသော ဆန်ခေါက်ဆွဲထဲတွင် ကြက်သားကြော်ကို ဖဲ့၍ ထည့်ထားခြင်းသာ ဖြစ်သဖြင့် စား

မကောင်းပါ။

အစားအသောက် ဆိုင်များသာ ရှိသော ဈေးတန်းကလေးသည် ညစ်ပတ်လှသည်။ လိမ္မော်သီးခွံ၊ သစ်ကြားသီးခွံစသောအမှိုက်သရိုက်များကို ရှင်းလင်းမထားကြချေ။

ရေပူစမ်းမှ ကျွန်တော်တို့ပြန်လာကြသောအခါမှာလည်း ဆီးနှင်းက ဆိုင်းနေဆဲဖြစ်၏။ နေရောင်ခြည်သည် ဆီးနှင်းထုကို ထိုးဖောက်ရန် ကြိုးပမ်းနေလေသည်။ လမ်းတွင် အကျဉ်းထောင်သစ်၊ အဆောက်အဦကြီးတစ်ခုကို တွေ့မြင်ရသည်။ ရဲတိုက်ကြီးနှင့်တူ၏။ အဆောက်အဦမှာ လုံးဝပြီးစီးနေသော်လည်း အကျဉ်းထောင်ဌာနသို့ မလွှဲအပ်ရသေးဟုဆို၏။ မြန်မာပြည်အရပ်ရပ်သို့ ကျွန်တော်ရောက်နေပေရာ၊ အကျဉ်းထောင်အဆောက်အဦသစ်ဟူ၍ ဤတစ်ကြိမ်သာ တွေ့မြင်ရဘူး၏။

ထို့နောက် ကုန်းမြင့်မြင့်တစ်နေရာတွင် ကျယ်ဝန်းပြန့်ပြူးသော ကွင်းကြီးတစ်ခုကိုတွေ့ရ၏။ တိုင်းဆေးရုံဆောက်ရန် နေရာဟူသောဆိုင်းဘုတ်တင်ထားသည်။ သို့သော် မြို့နှင့်ဝေးလွန်းသဖြင့်လည်းကောင်း၊ အနည်းဆုံး သိန်းလေးငါးဆယ် ကုန်ကျမည်ဖြစ်သဖြင့်လည်းကောင်း မဆောက်သေးဘဲ ထားရန် ဆုံးဖြတ်ထားသည်ဟုသိရ၏။

မယ်တော်ကြီးဘုရား

ကျွန်တော်တို့သည် အိမ်မှာ ခဏနားကြပြီးနောက် ကားနှင့်လှည့်၍ လားရှိုးမြို့ကိုကြည့်ကြလေ၏။ ကမ္ဘောဇခင်လှိုင်သည်ကား ကျွန်တော်တို့လည်ပတ်ရန် စီစဉ်ပေးပြီးနောက် ဆေးရုံ အလုပ်တာဝန်ကိုလုပ်ရန် နေရစ်ခဲ့လေသည်။ ဘူတာရုံကို တမင်ဝင်ကြည့်ခဲ့၏။ ၁၉၃၉ ခုနှစ်တုန်း ကမြင်ကွင်းများကို ဘာမျှမမှတ်မိတော့ပါ။ ရှမ်းမြန်မာဘုရားများနှင့်တရုတ်ဘုရားများကိုလည်း ဖူးကြ၏။ ရှမ်းမြန်မာဘုရားများကို အပြင်ကနေ၍သာ ဖူးခဲ့ပါသည်။ တောင်ကုန်းပေါ် မှထင်ရှား လှသောဘုရားတစ်ဆူမှာ အမတ်ကြီးဦးပေါ်ဦး တည်ထားခဲ့သောဘုရားဖြစ်သည်ဟု ပြောသံ ကြားခဲ့ရ၏။

တရုတ်ဘုရားများကား တရုတ်ဘုန်းကြီးကျောင်းများနှင့်တွဲနေသည်။ ငါးပါးသီလ ကျောင်းဟူသောကျောင်းကို အပြင်မှကြည့်ခဲ့၏။ အသက်သတ်လွတ်စားသောဂိုဏ်းမှ ကိုးကွယ် သောကျောင်းဖြစ်၏။ ထိုကျောင်းမှ ကျောင်းထိုင်ဆရာတော်ကို မကြာမီက ပြန်ပေးဆွဲသွားရာ ထိုအချိန်အထိ မလွတ်သေးချေ။ ကိုးကန့်တရုတ် ဗကပသူပုန်များ၏ လက်ရာတစ်ခုဖြစ်သည်ဟု အများက ယူဆနေကြသည်။

ကျွန်တော်တို့ တကူးတကတက်ပြီး ဖူးကြသော တရုတ်ဘုရားမှာ မယ်တော်ကြီးဘုရား ဖြစ်၏။ မယ်တော်ကြီးဘုရားနှင့်ဘုန်းကြီးကျောင်းမှာ အတော်မြင့်သော တောင်တစ်လုံးပေါ် တွင် တည်ရှိလေသည်။ ဤကျောင်းမှနေ၍ လားရှိုးမြို့ မြင်ကွင်းကျယ်ကြီးကို ကောင်းစွာကြည့် နိုင်လေသည်။

မယ်တော်ကြီးဘုရားတွင် မြတ်စွာဘုရား၏ တရုတ်ဆင်းတုတော်များအပြင် မယ်တော် မာယာဒေဝီ၏ တရုတ်ဆင်းတုတော်လည်း ရှိ၏။ အကယ်စင်စစ် မယ်တော်မာယာ ဆင်းတုတော် သည် အဓိကနေရာ ယူထားလေသည်။ ထို့ကြောင့်ပင် မယ်တော်ကြီးဘုရားဟုခေါ်ကြခြင်းဖြစ် ၏။ ထိုဘုရားကျောင်းတွင် တရုတ်ဘုန်းတော်ကြီးများကို မတွေ့ခဲ့ရ၊ အပြင်သွားနေကြလေသည်။

ဝေယျာဝစ္စကိစ္စအမျိုးမျိုးကို ဆောင်ရွက်နေသော တရုတ်မယ်သီလရင်ကလေးများကိုသာ တွေ့ခဲ့ရလေသည်။ ငယ်ရွယ်ပျိုမျစ်သော သီလရင်ကလေးများ ဖြစ်၏။ သူတို့သည် မြန်မာစကားကောင်းစွာ တတ်ရုံမက ထွန်းဝေကို မြင်လျှင်မြင်ချင်း မင်းသားထွန်းဝေမှန်း သိကြလေသည်။ ထွန်းဝေက သူတို့အား တရုတ်စကားပြောလေရာ သူတို့သည် တအံ့တဩနှင့်ကျေနပ်နေကြလေ၏။

ကျောင်းဝင်းထဲတွင် ထူးဆန်းသော ပုံသဏ္ဌာန်နှင့်စေတီငယ်တစ်ဆူကို တွေ့ရ၏။ ပျံလွန်တော်မူပြီးသောတရုတ်ဘုန်းကြီးများ၏ အရိုးများကိုထည့်ထားသည့်အရိုးအိုးစေတီဖြစ်၏။ မြေအောက်ဥမင်လိုဏ်ခေါင်းတံခါးကို အကျအန လုပ်ထားသည်။

လက်သမားတစ်စုသည် ကျောင်းသစ် တစ်ဆောင်ကို ဆောက်လုပ်နေကြရာ ကျွန်တော် ဝင်ပြီး စကားပြောသည်။ တရုတ်လက်သမားဆရာ တစ်ယောက်နှင့်ရှမ်း–မြန်မာလက်သမားဆရာ သုံးယောက် စုပေါင်းအလုပ်လုပ်နေကြခြင်း ဖြစ်ကြောင်းတွေ့ရ၏။ သူတို့ထဲတွင် ကွပ်ကဲသူ ဆရာမရှိ၊ အတတ်ပညာ အဆင့်အလိုက် တစ်နေ့ ၁၆ ကျပ်ရသူ၊ တစ်နေ့ ၈ ကျပ်ရသူ စသည်ဖြင့်သာ ရှိ၏။ (၈ ကျပ်ထက်နိမ့်သော အခနှုန်းမရှိ)တရုတ်ဘုန်းကြီးသည် သူ ကြိုက်သောလက်သမားများကို ရွေးချယ်ခေါ်ခိုင်းပြီး ကိုယ်တိုင်စီမံကွပ်ကဲသည်ဟုသိရလေသည်။ ပန်းရံ၊ ပန်းတော့၊ အုတ်၊ အင်္ဂတေအလုပ်များကိုလည်း ဤအတိုင်းပင် လုပ်သည်ဟုသိရပေသည်။ ဤဘုန်းကြီးကျောင်းအဝင်ဝရှိ ကျောင်းစောင့်တရုတ်ဘီလူးရုပ်ကြီးနှစ်ရုပ်ကို ကြည့်လျှင် သူတို့၏ ပန်းရံ၊ ပန်းတော့အနုပညာ မည်မျှအဆင့်မြင့်ကြောင်း သိနိုင်ပါ၏။

မယ်တော်ကြီးဘုရားနှင့်ဘုန်းတော်ကြီးကျောင်းကို ဦးလောစစ်ဟန် ခေါင်းဆောင်သော ကိုးကန့်တရုတ်နှင့်အခြားမြန်မာပြည်သားတရုတ်များက တည်ထောင်ထားခြင်းဖြစ်လေသည်။ ဦးလောစစ်ဟန်ကား အခြားသူမဟုတ်ပါ။ အမေရိကန်တိုင်းမဂ္ဂဇင်းက 'ရွှေတြိဂံမှဘိန်းဘုရင်'ဟု ရေးသားဖော်ပြထားသော ပုဂ္ဂိုလ်ပင်ဖြစ်ပါသည်။ သူသည် ကိုးကန့်တရုတ်ကာကွယ်ရေးခေါင်းဆောင်ဖြစ်၏။

ဦးလောစစ်ဟန်တို့ တည်ထောင်ထားသော တရုတ်ဘုန်းကြီးကျောင်းများတွင် ဘုန်းကြီး၊ ကပ္ပိယနှင့်မယ်သီလတို့သည် ဘာသာရေးအလုပ်ကိုသာမက နဝကမ္မအလုပ်များကိုလည်း လုပ်ကြရ၏။ မယ်သီလရင်များမှာ ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ခြေအိတ်များ ရက်လုပ်ကြသည်ဟု သိခဲ့ရပါသည်။

ကျောင်းဝင်းထဲတွင် မုံညင်းခြောက်များ လှမ်းထားသည်ကိုလည်း တွေ့ခဲ့ရလေသည်။

စောမွန်လှ၏ အမျိုး

ကျွန်တော်တို့သည် လားရှိုးဈေးကြီးကိုလည်း ဝင်ကြည့်ကြ၏။ ဈေးရုံတွင်းဆိုင်များ၌လည်း ညနေဈေးတွင် ရောင်းချသောနိုင်ငံခြားပစ္စည်းမျိုးစုံကို တွေ့နိုင်ပါ၏။ ပြည်တွင်းဖြစ်ပစ္စည်းများလည်း အစုံရှိ၏။ ကုန်စိမ်းတန်းတွင် ဈေးသည်ကလေးများသည် ဒေသထွက် ကုန်စိမ်းများကိုသာမက မေမြို့ဘက်မှလာသော ကုန်စိမ်းများကိုလည်း ရောင်းချနေကြ၏။ လားရှိုးတွင် အစစအရာရာ ဈေးကြီးနေရာ ကုန်စိမ်းသည်လည်း ချွင်းချက်မဟုတ်ချေ။ သံပုရာဖျော်ရည်တစ်ခွက်(ဖန်ခွက်ကြီးတစ်ဖန်ခွက်)တစ်ကျပ်၊ လိမ္မော်သီးတစ်လုံး ပြား ၄၀ စသည်ဖြင့်ရောင်းချနေကြသည်။

ဈေးကြီးကိုကြည့်ပြီးနောက် ကပ်လျက်ရှိသော ဆေးရုံကြီးကို ဝင်ကြရာ ဆေးရုံအုပ်ကြီး ကမ္ဘောဇခင်လှိုင်၏ အခန်းမှာ ထိုင်ကြရသည်။ သူသည် ဆေးရုံမှ သူ့တာဝန်များကို လုပ်ပြီးနောက် ကျွန်တော်တို့ကို သိန္နီနှင့်ကွတ်ခိုင်သို့ လိုက်ပို့မည်ဖြစ်၏။

ကမ္ဘောဇခင်လှိုင်သည် သူ့အလုပ်ကို လုပ်ရင်းက ကြားဖောက်ကာ ကျွန်တော်တို့ကိုဧည့်ခံနေသေး၏။

သူသည် ရုံးခန်းဖက်သို့ လှမ်းပြီး

"ဟေ့ ကောင်မလေး၊ ငါ့ဆရာတွေအတွက် ကော်ဖီကောင်းကောင်း ဖျော်ခဲ့ပါကွယ်" ဟုအမိန့်ပေးလိုက်လေသည်။

အတန်ကြာသော် လက်ဝဲဖက်ရှိ ကပ်လျက်အခန်းတွင် မိန်းကလေးတစ်ယောက် ကော်ဖီဖျော်နေသည်ကို မြင်ရလေသည်။ ခပ်လှမ်းလှမ်းမှ ဘေးတိုက်မြင်လိုက်ရခြင်း ဖြစ်၏။ သို့သော် မဆူမကြုံ့၊ မနိမ့်မမြင့်နှင့်တင့်တယ်သော မိန်းကလေးတစ်ဦး ဖြစ်ကြောင်း ချက်ချင်းသတိထားမိလိုက်သည်။ အဆင်အပြင်မှာလည်း မပိုမလို၊ ကပိုကရိုနှင့်ယဉ်ကျေးလှ၏။

ထိုမိန်းကလေးက ကော်ဖီပန်းကန်များ လာချသောအခါ သူ့ရုပ်ရည်ကို အသေးစိတ်ကြည့်လိုက်၏။ ဆံကေသာ သွယ်ကျပုံနှင့်နဖူးပြင်တည်နေပုံတို့ ပဏာရလှသည်။ မျက်လုံးမျက်ဖန်

ကောင်းသည်။ နှာတံပေါ်လွင်သည်။ နှုတ်ခမ်း မထူမပါးနှင့်ပါးစပ်ကလေး စုတ်ချက်ညီသည်။ မေးကလေးက သွယ်လျသည်။ လည်တိုင်ကလေးက ကျော့သည်။ ကော်ဖီပန်းကန်များကိုချပြီး ရုံးခန်းထဲ ပြန်ဝင်သွားသောအခါမှာလည်း မိန်းကလေး၏ အချိုးအဆက်ကျနသော ကိုယ်လုံးကိုယ်ပေါက်နှင့်လှပသောသွားဟန်လာဟန်၊ ပြုမူဟန်တို့ကို အသိအမှတ်ပြုရပြန်လေသည်။

ကမ္ဘောဇခင်လှိုင်သည် ရုံးဆိုင်ရာ စာရွက်စာတန်းများကို ဖတ်ပြီး လက်မှတ်ထိုးနေရာမှပင်

"ဒီကောင်မလေး လှတယ်မဟုတ်လားဆရာ"ဟုမေးလည်းမေး၊ မှတ်ချက်လည်း ချလိုက်လေသည်။

ကျွန်တော်တို့ကို အကဲခတ်ကြည့်နေခြင်းမရှိဘဲ သူ့ဘာသာသူ အလုပ်ငုံ့လုပ်နေရာမှ ဤသို့မေးလိုက်ခြင်းမှာ ဘယ်နည်းနှင့်မဆို ကျွန်တော်တို့သည် ထိုမိန်းကလေး၏ အလှကို အသိအမှတ် မပြုဘဲ နေနိုင်ကြမည်မဟုတ်ဟု သူ စိတ်ချယုံကြည်သောကြောင့် ဖြစ်ဟန်တူသည်။

ကျွန်တော်တို့ သုံးယောက်စလုံးက "လှပါတယ်"ဟုပြိုင်တူ မှတ်ချက်ချလိုက်ကြလေသည်။

ကျွန်တော်

"ဒီကလေးမက ဘာလူမျိုးလဲ"

ကမ္ဘောဇခင်လှိုင်

"ရှမ်းအစစ်ပါဆရာ"

ကျွန်တော်

"အသားက ဝါဝင်းမနေတော့ ရှမ်းလို့မထင်မိဘူး၊ အသားလတ်ဘဲ၊ တစ်နည်းပြောရယင် ညိုစိမ့်စိမ့်နှင့်ဝင်းနေတဲ့အသားဘဲ"

ကမ္ဘောဇခင်လှိုင်

"သူတို့က မူဆေးရှမ်းဆရာရဲ့၊ သူက စောမွန်လှမွေးတဲ့ရွာမှာ မွေးတယ်။ နမ့်ခမ်းအနီးမှာရှိတဲ့ဆယ်လန့်ရွာ"

ထွန်းဝေ

"တစ်ကယ်လား၊ ဒါဖြင့် စောမွန်လှရဲ့ဆွေမျိုးသားချင်းဖြစ်နေမှာပေါ့နော်"

ကျွန်တော်တို့အားလုံး ရယ်ကြသည်။

ကမ္ဘောဇခင်လှိုင်က မျက်နှာတည်လိုက်ပြီး

"တစ်ကယ်ပါ"

ဖိုးကျော်မြင့်

"ကျကျနန သုတေသနလုပ်ထိုက်တယ်နော်။ ဒီသူငယ်မ မွေးတဲ့နမ့်ခမ်းမြို့အနီးရှိတဲ့ ဆယ်လန့်ရွာဟာ စောမွန်လှဇာတိ ဟုတ် မဟုတ်"

ကမ္မောဇခင်လှိုင်

"အစဉ်အလာအားဖြင့် စောမွန်လှရဲ့ရွာလို့ တစ်ကယ်ပြောနေကြတာပဲ"

ကျွန်တော်

"သူ့နာမည်က ဘယ်သူတဲ့လဲ"

ကမ္မောဇခင်လှိုင်

"တင်မေလှတဲ့ဆရာရေ့၊ ရှမ်းနာမည် သိချင်ရင်တော့ သူ့ကို ခေါ်မေး"

ဆရာဝန်ကြီး ကမ္မောဇခင်လှိုင်မှာ ဆေးရုံအလုပ်များ ပြီးပြီဖြစ်၍ ကျွန်တော်တို့သည် သိန္နီသို့သွားရန်သာ ပြင်ဆင်နေကြလေတော့သည်။ စောမွန်လှ၏ အမျိုး တင်မေလှနှင့်စကား ပြောရန် နောက်မှစီစဉ်ရပေတော့မည်။

ကမ္မောဇခင်လှိုင်က ဂျစ်ကားကို မောင်းပြီး ထွန်းဝေ၊ ဖိုးကျော်မြင့်၊ ကိုအောင်မင်း (လားရှိုးသတင်းထောက်)နှင့်ကျွန်တော်တို့က ခရီးသည်များအဖြစ်ဖြင့် လိုက်ပါခဲ့ကြလေသည်။

နမ့်အွန်မှ အဲနွေး

နံနက်စာထမင်းကို လားရှိုးမှာ မစားခဲ့ကြ။ လမ်းမှာတစ်နေရာရာတွင် ဝင်စားကြမည်။

လားရှိုးသိန္နီလမ်းမကြီးမှာ ကောင်းမွန်စွာ ထိန်းသိမ်းထားသောလမ်းဖြစ်၏ ။ ဘေးပတ်ဝန်းကျင်ရှုခင်းများသည် စိမ်းလန်းသာယာသည်။ တောင်များသည် မတ်စောက်ခြင်း မရှိလှ။

လယ်များမှာ အားလုံးပင် ရိတ်သိမ်းပြီးဖြစ်၍ ယွန်းအုပ်ဆောင်းနှင့်သဏ္ဌာန်တူသော ကောက်လှိုင်းပုံများကို တွေ့မြင်ရ၏ ။ သီးထပ်စိုက်ပျိုးခြင်းကား မရှိသလောက်ပင်။

လမ်းတွင် ရှမ်းရွာများ၊ ကချင်ရွာများ၊ လားဟူရွာများ၊ ရှမ်းတရုတ်ရွာများ စသည်ဖြင့် တိုင်းရင်းသားလူမျိုးအသီးသီး၏ ရွာများကို တွေ့ရသည်။

ကမ္ဘောဇခင်လှိုင်သည် မော်တော်ကားကို ခပ်သွက်သွက်မောင်းရင်း စကားကို လှိုင်လှိုင်ပြောလေသည်။ သူသည် ဗဟုသုတဖြစ်ဘွယ်စကားကို ဆိုတတ်ရုံမက ရယ်စရာမောစရာ ပုံတိုပတ်စများကိုလည်း ပြောတတ်၏ ။ ရေးပြ၍ကောင်းပုံတိုပတ်စမျိုးမဟုတ်သော်လည်း အပေါင်းအသင်း ရောင်းရင်းများအား အိပ်ချင်ပြေစေ၊ ရွှင်လန်းမြူးတူးစေသော ပုံတိုပတ်စများကား ဖြစ်ပါ၏ ။

သိန္နီမရောက်ခင် နမ့်အွန်ဆိုသော ရွာကလေးသို့ ရောက်ကြလေသည်။ ရေပူစမ်းရှိသော ရွာဖြစ်၏ ။

လမ်းပေါ်မှာ ထမင်းဆိုင် ၃–၄ ဆိုင်ရှိရာ ကမ္ဘောဇခင်လှိုင်သည် ဆိုင်တစ်ဆိုင်ရှေ့မှာ ကားထိုး၍ရပ်လိုက်၏ ။ ထမင်းဆိုင်ရှင်အမျိုးသမီးမှာ အလွန်ချောသဖြင့် ထိုဆိုင်ကို ရွေးချယ်ခြင်းဖြစ်ပါသည်ဟုလည်း ရှင်းပြသေး၏ ။

ထမင်းဆိုင်တို့သည် ရေပူစမ်းပေါ်တွင် ရေချိုးခန်းတစ်ခန်းစီ ပူးပေါင်းဆောက်လုပ်ထားကြသည်။ သူတို့ဆိုင်မှာ စားသည် မစားသည် အပထား၍ ရေချိုးလိုက ချိုးနိုင်သည်။ ရေချိုးခန်းတိုင်းတွင် အုတ်ကန်ကလေးများရှိရာ ရေပူကိုစိမ်ပြီး ချိုးနိုင်သည်။ ကျွန်တော်တို့ကား ရေမချိုးကြတော့။ မျက်နှာသစ်ရုံ သစ်ကြ၏ ။ ရေမှာ လားရှိုးရေပူစမ်းက ရေလောက် မပူပါ။ ခပ်နွေးနွေးသာ ဖြစ်၏ ။

မျက်နှာသစ်ပြီးနောက် ကမ္ဘောဇခင်လှိုင် ရွေးချယ်ထားသော ထမင်းဆိုင်သို့ဝင်ထိုင်ကြသောအခါ ဆိုင်ရှင်အမျိုးသမီးသည် ချက်ပြုတ်ကြော်လှော်ရန် ပြင်ဆင်နေပြီ။ တစ်ကယ်ပင်ချောမောလှပသော အမျိုးသမီးဖြစ်ကြောင်း ကျွန်တော်တို့အားလုံး ဝန်ခံကြရ၏။ အသက်အစိတ်ကျော် သုံးဆယ်တွင်းလောက် ဖြစ်ကာ အရပ်အမောင်းက ပြေပြစ်ကြော့ရှင်းပြီး အသားကဝါဝင်းနေသည်။ အဆင်အပြင်က မပိုမလိုနှင့်နဂိုရုပ်ရည်သည် တိုး၍တောက်ပနေသည်။

ထိုအမျိုးသမီး၏ အမည်မှာ အဲန္ဒွေးဟုဖြစ်ပြီး သမီးကလေးဟူသောအဓိပ္ပါယ်ရသည်။

အဲန္ဒွေးသည် ဘော်ကြော့နေသော ဆိုင်ရှင်မဟုတ်၊ စင်းနီတုံးကိုင်သောဆိုင်ရှင် ဖြစ်သည်။ တရုတ်ဟင်း ထမင်းကို ချက်ပြုတ်ကြော်လှော်ရောင်းသည်ဖြစ်ရာ စင်းနီတုံးကိုင်သူမှာ အခရာဖြစ်၏။ အခြားမိန်းကလေးတစ်ယောက်နှင့်ယောကျာ်းကလေးနှစ်ယောက်က အဲန္ဒွေးကို ကူညီကြရ၏။

ကမ္ဘောဇခင်လှိုင်သည် အဲန္ဒွေးနှင့်ထွန်းဝေကို မိတ်ဆက်ပေးလိုက်၏။

"အဲန္ဒွေး သူ့ကို မြင်ဖူးသလား"

အဲန္ဒွေးသည် ပြုံးစေ့စေ့လုပ်ပြီး ထွန်းဝေကို စိုက်ကြည့်နေ၏။ ထိုစဉ်အခိုက် အဲန္ဒွေး၏လှပသောအပြုံးနှင့်သွားပုလဲများကို မြင်ကြရသည်။

အဲန္ဒွေး–

"အစ်ကိုကြီးကို မြင်ဖူးသလိုပဲ"

ကမ္ဘောဇခင်လှိုင်

"မြင်ဖူးမှာပေါ့ ရုပ်ရှင်ထဲမှာ"

အဲန္ဒွေး

"ဩော်...ဟုတ်ပြီ၊ ဟုတ်ပြီ။ မင်းသားဦးထွန်းဝေ"

အဲန္ဒွေးသည် စကားပြောနေသော်လည်း လက်က အလုပ်မပျက်ချေ။

ထွန်းဝေက တရုတ်လိုပြောပြီး ဟင်းများကို မှာသည်။

ကမ္ဘောဇခင်လှိုင်က အဲန္ဒွေးကို ရုပ်ရှင်ထဲ ထည့်ရိုက်မည်ဟုပြောသောအခါ အဲန္ဒွေးကသူ ဒီလောက်မလှပါဘူးဟု ပြန်ပြောလေသည်။

ကျွန်တော်က အဲန္ဒွေး၏ မိဘများအကြောင်းကို စုံစမ်းသည်။ အဲန္ဒွေးမှာ အဖေတရုတ်၊ အမေရှမ်း၊ ရှမ်းကပြားမကလေးဖြစ်၏။ သူ့ကိုယ်သူ ရှမ်းတရုတ်ဟုမခေါ်၊ တရုတ်ရှမ်းဟုခေါ်သည်။ ရှမ်းတရုတ်မှာ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်ရှိ တိုင်းရင်းသား လူမျိုးစုတစ်စုဖြစ်သည်။ ကိုးကန့်တရုတ်နှင့်လည်း မတူချေ။ မြန်မာပြည်ရှိ အခြားတရုတ်များနှင့်လည်း မတူချေ။

အဲန္ဒွေးသည် မူလတန်းကျောင်း ၄ တန်းအထိ စာသင်ခဲ့ဖူး၏။

သိပ်မကြာပါ။ ထမင်းဟင်း အဆင်သင့်ဖြစ်လေပြီ။ ထမင်းကလည်း အငွေ့တထောင်းထောင်း၊ ဟင်းကလည်း အငွေ့တထောင်းထောင်း ဟင်းနံ့ကလည်း သင်းနေ၏။

အကောင်းဆုံးမှာ ဝက်ခေါက်ကင်ဖြစ်၏။ ကျွန်တော် ဝက်သား မစားသည်မှာ ကြာပါပြီ။ သို့သော် ဤဒေသများမှာ ဝက်သားကို ရှောင်ရန် ခက်ပါသည်။ ထို့ကြောင့် ဝက်သားရှောင်သောစည်းမျဉ်းကို ပယ်ဖျက်လိုက်ရ၏။ ဝက်ခေါက်ကင်သည် ကင်ပြီးစဖြစ်၍ ကျွတ်ပြီးရွနေ၏။ အခြားဟင်းများကို ကောင်းစွာ မမှတ်မိတော့ချေ။ သို့သော် တစ်ခွက်မျှ မညံ့ပါ၊ အားလုံးအရသာရှိကြသည်။ ကြက်သွန်ဖြူနှင့်ငြုပ်သီးစိမ်း ထောင်းထားသောပုန်းရည်ကြည်၊ ပဲငန်ပြာရည်၊ ငြုပ်သီးအခြောက်ထောင်းကြော်၊ မုံညင်းချဉ်ဖတ် စသည်တို့ကလည်း အခြွေအရံများအဖြစ်ဖြင့် ကောင်းစွာ အသုံးတော်ခံနေကြလေသည်။

ထမင်းစားပြီး အတန်ကြာ လဘက်ရည်ကြမ်း သောက်ကြ၏။ ပြီးနောက် ခရီးဆက်ကြလေသည်။

လမ်းတွင် အဲန္ဒေးအကြောင်း ပြောမိကြပြန်သည်။ အဲန္ဒေးသည် မိုးကုတ်မှသူဌေးတစ်ဦး၏ မိန်းမငယ်ဖြစ်ကြောင်း ကြားသိကြသောအခါ မဆီမဆိုင်ဘဲ နှမြောမိကြ၏။ ဤစခန်းတွင် အဲန္ဒေး၏ ထမင်းဆိုင်သည် လူအစည်ကားဆုံး ဖြစ်သည်ဆို၏။ အဝေးပြေးကားသမားများနှင့် ခရီးသည်များသည် ခရီးပန်းနွမ်းနယ်စဉ် ဤစခန်းမှာ ရပ်နားကြသည်။ ရေပူစမ်းမှာ ရေချိုးကြသည်။ အဲန္ဒေး၏ အလှကို ငေးမောရင်း၊ အဲန္ဒေး၏ ဖော်ရွေပျူငှာသော စကားကို နားထောင်ရင်း အဲန္ဒေး၏ ထမင်းဟင်းလျာတွင် အရသာ ပိုတွေ့ကြသည်။

ငှက်ပျောဖီး တစ်သိန်း

ခဏကြာသောအခါ သိန္နီမြို့အနီး ချောင်းကြီးတစ်ချောင်းသို့ ရောက်ကြလေသည်။ ရှည်လျားသော တံတားကြီးတစ်ခုကို ဖြတ်ကြရ၏။ ဤနေရာတွင် သိန္နီချိုင့်ဝှမ်းဒေသစသည်။ သိန္နီချိုင့်ဝှမ်းဒေသသည် အလျား ၁၆ မိုင်၊ အနံ ၅ မိုင်ရှိသည်ဟုဆို၏။ ချောင်းများစွာဖြတ်သန်းစီးဆင်းလျက်ရှိပြီး မြေအလွန်ကောင်းသည်။ စပါးများစွာထွက်သောဒေသ ဖြစ်၏။ ၁၉၆၉–၇၀ တစ်ဝိုက်တွင် ဗကပတို့သည် အရှေ့မြောက်တိုင်းတစ်ခွင်လုံးကို သိမ်းရန်ရည်ရွယ်ပြီး အကြီးအကျယ် တိုက်စစ်ဆင်ခဲ့ကြလေသည်။ ပြင်ပအကူအညီမျိုးစုံရခဲ့သဖြင့် သူတို့ထိုးစစ်မှာ အတော်အောင်မြင်ခဲ့သည်။ လားရှိုးမြို့ကိုပင် ခြိမ်းချောက်နိုင်ခဲ့ပြီး ယခုကျွန်တော်တို့ဖြတ်ကြသော တံတားကို အတန်ကြာသိမ်းပိုက်ထားနိုင်ခဲ့၏။ သူတို့၏ရည်မှန်းချက်မှာ စပါးထွက်ကောင်းသော သိန္နီချိုင့်ဝှမ်းဒေသကို စိုးမိုးရန်ဖြစ်လေသည်။ တပ်မတော်နှင့်ပြည်သူတို့ ညီညွတ်ပူးပေါင်းကာ တန်ပြန်ထိုးစစ်ဆင်နွှဲလေသောကြောင့် ဗကပတို့သည် အကြံမအောင်ဘဲ နောက်ဆုတ်သွားခဲ့ကြရလေ၏။

ကျွန်တော်တို့သည် သိန္နီမြို့ကို ခဏကြာ လှည့်ကြ၏။


သိန္နီဟု မြန်မာလိုခေါ်သော်လည်း ရှမ်းသံမှာ ဆိန်းဝီဖြစ်သည်။ သိန္နီမှရှမ်းမိတ်ဆွေအချို့၏ အဆိုအရ ဆိန်းဝီမှာ ငှက်ပျောဖီးတစ်သိန်းဟု အဓိပ္ပါယ်ရ၏။ သိန္နီစော်ဘွားကြီးသည် ဩဇာတိက္ကမကြီးသည်ဖြစ်ရကား ကန်တော့ပွဲ အမြောက်အများ ရရှိခဲ့ခြင်းကို တင်စားကာ ငှက်ပျောဖီးတစ်သိန်းဟု ခေါ်ဝေါ်ခြင်းဖြစ်သည်ဆို၏။

၁၉၃၉ ခုနှစ်က ကျွန်တော် သိန္နီမြို့သို့ ခဏတစ်ဖြုတ် ရောက်ခဲ့သည်။ ဘုန်းကြီးပျံလား၊ မယ်တော်ပျံလား၊ ဘာလား မမှတ်မိ။ ပွဲကြီးလမ်းကြီးတစ်ခုရှိရာ ကစားဝိုင်းကြီးများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေသည်ကိုသာ မှတ်မိတော့၏။


သိန္နီစော်ဘွားကြီး၏ ဟော်နန်းများ ရှိသေးလျှင် ကြည့်လိုသောကြောင့် စုံစမ်းရာ မရှိတော့ကြောင်း သိရလေသည်။

သိန္နီမှနေပြီး ကွတ်ခိုင်သို့ ခရီးဆက်ကြပြန်လေသည်။ တစ်တောင်ပြီးတစ်တောင် တက်သွားရသောခရီးဖြစ်၏။ တောင်များမှာ မျှားသောအားဖြင့် တောင်ကတုံးများ ဖြစ်နေ၏။

လမ်းတွင် လှိုင်ဆမ်ဆစ်ဟုခေါ်သော တောင် ၃၀ ကို တွေ့ရ၏။ တောင်လုံးကလေးများ စီတန်းတည်ရှိသောနေရာ ဖြစ်၏။ တောင်အလုံး ၃၀ ရှိ မရှိ မသိပါ။ ၃၀ ဟု ခန့်မှန်းပြောဆိုမည်ဆိုက ဆိုနိုင်ပါ၏။ ၁၉၇၀–၇၁ က ဤနေရာတွင် တပ်မတော်သည် ဗကပတပ်များနှင့်အကြီးအကျယ် တိုက်ခိုက်ခဲ့ရလေသည်။



သိန္ဒိချိုင့်ဝှမ်း နောက်ခံထား၍



တောင်အလုံး ၃၀ အနီးတွင်

[ဖိုးကျော်မြင့်၊ ထွန်းဝေ၊ သိန်းဖေမြင့်၊ ကမ္ဘောဇခင်လှိုင်]

ကျွန်တော်တို့သည် လှိုင်ဆမ်ဆစ်ကို နောက်ခံထား၍ အမှတ်တရဓာတ်ပုံများ ရိုက်ခဲ့ကြလေသည်။

ကွတ်ခိုင်သို့ ရောက်သောအခါ မြို့ကလေးကို လှည့်ကြည့်ကြလေသည်။ ဆေးရုံ၊ စုပေါင်းရုံး၊ အစိုးရအထက်တန်းကျောင်း၊ ရဲဌာနာစသည်တို့ကို အပြင်ကပင် ကြည့်ခဲ့ကြ၏။ အချိန်မရှိသဖြင့် ကားကို တစ်နေရာမှာသာ ရပ်ခဲ့ရ၏။ မြို့ကလေးကို လှမ်းမြုံကြည့်မြင်နိုင်သောနေရာ၊ အမှတ်တရ ဓာတ်ပုံရိုက်၍ ကောင်းသောနေရာ။

ကွတ်ခိုင်မြို့သည် ပင်လယ်မျက်နှာပြင် အထက်ပေ ၄၄၂၉ပေမြင့်ပြီး လူဦးရေ ၁၄၀၀၀ ကျော်ရှိ၏။ အဇီးဟူသော ကချင်မှာ အများစုဖြစ်၏။

ကွတ်ခိုင်နှင့်သိန္နီကြားမှာ လမ်းသည် ကျဉ်းသော်လည်း ကောင်းစွာထိန်းသိမ်းထားပြီး အသွားအလာနည်းသဖြင့် ခရီးတွင်စွာ ကားမောင်းနိုင်လေသည်။


အပြန်ခရီးတွင် သိန္နီမြို့ပေါ် တွင် မရပ်နားတော့ဘဲ နမ့်အွန်ရေပူစမ်း အဲန္နေးတို့ဆိုင်မှာသာ ရပ်နားကြလေသည်။ လဖက်ရည် သောက်ရန်ဖြစ်၏။

အဲန္နေးမှာ အံ့ဩစရာကောင်းလောက်အောင် အလုပ်လုပ်သည်။ ကျွန်တော်တို့ ကားဆိုက်ချိန်တွင် အဲန္နေးမှာ အလုပ်နှင့်လက် မပြတ်ရှိနေ၏။ သို့သော် ထိုအချိန်တွင် ရေမိုးချိုးပြီး အဝတ်အစားလဲထားသည်ကို တွေ့ရ၏။ လှိုင်းကြီး ကရစ်အပြာရောင်အင်္ကျီနှင့်ကချင်လုံချည်တို့ကို ဝတ်ထားပြီး ခေတ်သစ် ဘီးဆံပတ် ဆံထုံးထုံးထား၏။

၎င်းဆိုင်၏ အရည်အချင်းတစ်ခုမှာ သန့်ရှင်းခြင်း ဖြစ်သည်။ ရေပူစမ်းမှ မြောင်းသွယ်ကာ ရေကို ကဲ့ယူထားပြီး ရေပူနှင့်ပန်းကန်ခွက်ယောက်တို့ကို ဆေးသည်။ ရေကို အလျှံပယ်သုံးပြီး သစ်သားစားပွဲများကို ဖြူဖွေးနေအောင် တိုက်ထားသည်။ အမှိုက်သရိုက်များကို လှဲကျင်းရှင်းလင်းပြီး အဝေးသို့စွန့်ပစ်သည်။

ကျွန်တော်တို့က စားပွဲမှာ လဖက်ရည် သောက်နေကြစဉ် ကြက်သွန်ဖြူအခွံနွှာနေသော အဲန္နေးအား ထွန်းဝေက ဆေးပေါ့လိပ်ကို ခဲရင်း စကားပြောနေ၏။ တရုတ်လို အချီအချ ပြောနေကြသဖြင့် ဘာပြောကြမှန်း မသိပါ။ နောက်မှ ထွန်းဝေက ကျွန်တော်တို့ကို ပြန်ပြောပြပါသည်။

ထွန်းဝေက အဲန္နေးအား “မင့်မှာ ချစ်သူရှိသလား”ဟု မေးရာ အဲန္နေးက “ချစ်သူဆိုတာ ဘာကိုဆိုလိုတာလဲ၊ လင်ကို ဆိုလိုတာလား”ဟု ချစ်သူနှင့်လင် ခွဲ၍ပြန်မေးလိုက်၏။ ထွန်းဝေက “ဟုတ်ပါတယ် လင်ကို ဆိုလိုတာပါ”ဟုဖြေတော့မှ အဲန္နေးက “လင်တော့ ရှိပါတယ်၊ အတူတော့ မနေပါဘူး။ အကြောင်းကြောင့် မယ်တစ်ရွာ မောင်တစ်မြို့ ဖြစ်နေပါတယ်”ဟု ဆိုလေသည်။



ကွတ်ခိုင်မြို့တွင်
[ကမ္ဘောဇခင်လှိုင်၊ ဖိုးကျော်မြင့်၊ သိန်းဖေမြင့်၊ ထွန်းဝေ]



အရှေ့မြောက်တိုင်းတစ်ခွင်တွင် တွေ့မြင်နေကျရှုခင်းတစ်ခု

ထိုအကြောင်းကို ကျွန်တော်တို့အား ထွန်းဝေက ဖောက်သည်ချသောအခါ ကမ္ဘောဇ ခင်လှိုင်က အဲန္ဒွေးအား လှမ်းမေးလိုက်လေသည်။

"အဲန္ဒွေး ဦးထွန်းဝေအကြောင်း ကောင်းကောင်းသိရဲ့လား"

အဲန္ဒွေး

"ဦးထွန်းဝေအကြောင်း ကျမ ကောင်းကောင်းသိပါတယ်၊ သူ့မိန်းမက မိုးကုတ်ကပါ၊ ကျမ ယောက်ျားနှင့်အိမ်နီးနားချင်းတွေပါ"

ကျွန်တော်တို့က "ဆွေမျိုးသားချင်းတွေ တွေ့နေပြီပေါ့"ဟုဆိုကာ ဝိုင်းရယ်ကြပါသည်။

ထွန်းဝေ

"အေးပေါ့ အဲန္ဒွေး၊ ဆွေမျိုးသားချင်းတွေ တွေ့နေပြီ၊ ရန်ကုန်လာရင် ဒို့အိမ်လာတည်းနိုင်ပါတယ်၊ ဒို့ ဒီလာတဲ့အခါလဲ ထမင်း ကောင်းကောင်းကျွေးပါ၊ ပိုက်ဆံလဲ မယူပါနှင့်"

ပျော်ပျော်ရွှင်ရွှင် ပြောကြဆိုကြနှင့် နှုတ်ဆက်ကာ အဲန္ဒွေးတို့ဆိုင်မှ ထွက်ခဲ့ကြလေသည်။

လမ်းတွင် ကျွန်တော်က

"အဲန္ဒွေးဟာ သူ့ခြံတွင်းက သဇင်ပန်းနှင့်တူတယ်နော်"

ထွန်းဝေ

"သူ့ခြံတွင်းက သဇင်ကလဲ အမွှေးသားနော်"

ကမ္ဘောဇခင်လှိုင်

"လေကလဲ အလိုက်သင့် တိုက်နေတာကိုး"

တဝါးဝါး ရယ်ကြရလေသည်။

ရသစာပေ ရေးနည်း

နောက်နေ့မှာ စာဆိုတော်နေ့ ဖြစ်၏။

နိုင်ငံတကာ စာအုပ်နှစ်နှင့်စာဆိုတော်နေ့ အခမ်းအနားကို လားရှိုးမြို့တော်ခန်းမမှာ ကျင်းပလေသည်။

လားရှိုးမြို့တော်ခန်းမသည် တည်နေရာကလည်း အကွက်ကျ၊ အဆောက်အဦက လည်း လှပပြီး အထဲတွင် အခင်းအကျင်းနေရာထိုင်ခင်းကလည်း ကောင်းသည်။

အခမ်းအနားကို နှစ်ကြိမ်ခွဲ၍ ကျင်းပ၏။ မနက်ခင်းမှာ နိုင်ငံတကာစာအုပ်နှစ်နှင့်စာ ဆိုတော်နေ့အခမ်းအနားနှင့်ဟောပြောပွဲဖြစ်သည်။ ညနေခင်းမှာကား ကျောင်းသားများအ တွက် ဟောပြောပွဲသက်သက် ဖြစ်၏။

နံနက်ခင်း အခမ်းအနားတွင် တပ်မတော် လူမှုဆက်ဆံရေးတပ်မှ ရဲဘော်များက ဆိုင်း ဝိုင်းကြီးဖြင့် ဧည့်ခံဖျော်ဖြေသည်။ ကျောင်းသူကလေးများ၏ အကလည်း ပါသေး၏။ ပဏာမ အက(ယိုးဒယားအက)ကို ကသူမှာ နိုင်ငံတကာစာအုပ်နှစ်နှင့်စာဆိုတော်နေ့ ကျင်းပရေးကော်မီ တီအတွင်းရေးမှူးဆရာမ မကြည်သောင်း ဖြစ်နေသဖြင့် အံ့သြရ၏။ ခုခေတ်ဆရာမလုပ်ရသည် မှာ မလွယ်။ တပည့်များကို စာသင်ပေးရရုံမက အကလည်း သင်ပေးရသေး၏။ ယခုကိစ္စမှာ တပည့်မက အချိန်မီ အကမပိုင်သဖြင့် မကြည်သောင်းကိုယ်တိုင် ဝင်ကြဲရခြင်းဖြစ်၏။ မကြည် သောင်းမှာ ပခုက္ကူဘက်မှဖြစ်ပြီး တမင်တောင်းဆိုကာ လားရှိုးသို့လာပြီး အလုပ်လုပ်နေသူဖြစ် ၏။

ဆရာသြက သဘာပတိ လုပ်သည်။ ကမ္ဘောဇခင်လှိုင်က နိုင်ငံတကာ စာအုပ်နှစ်အ ကြောင်း တိုတိုတုတ်တုတ်နှင့်လိုရင်း ပြောသွားသည်။

ထွန်းဝေလိုက်ပါခဲ့ခြင်းမှာ ဟောပြောရန် မဟုတ်ပါ။ သို့သော် အတင်းတိုက်တွန်းနေကြ သောကြောင့် “ရုပ်ရှင်နှင့်စာပေ”ဆိုပြီး ဟောရသေး၏။ စာဖတ်နှံ့စပ်ကြောင်း ဟောပြောချက် နှင့်သက်သေခံသွားသည်။

ဖိုးကျော်မြင့်က ‘စာပေရှုဒေါင့်’အကြောင်း ဟောပြောသည်။ သိပ္ပံမောင်ဝ၊ မှော်ဘီ ဆရာသိန်းကြီးနှင့်သခင်ကိုယ်တော်မှိုင်းတို့စာပေရှုဒေါင့်ကိုင်စွဲပုံ မတူသဖြင့် ဂဋ္ဌုန်ဆရာစံအရေး တော်ပုံနှင့်ပတ်သက်ပြီး ရေးသောသူတို့၏စာများ မတူပုံကို ထောက်ပြသွားလေသည်။

ကျွန်တော်က ဝတ္ထုစာပေအကြောင်းကို ဦးတည်ချက်၊ ဇာတ်လမ်းနှင့်ဇာတ်ကောင်စရိုက်ဟူသောသုံးပိုင်းခွဲပြီး ဟောပြောခဲ့၏။

ညနေပိုင်းတွင် ကျွန်တော်နှင့်ဖိုးကျော်မြင့်တို့နှစ်ဦးသာ ဟောကြ၏။ အထက ၃ ကျောင်းမှ ၉ တန်း၊ ၁၀ တန်းကျောင်းသားများကို ဖိတ်ထားရာ မြို့တော်ခန်းမ လျှံသွားလေသည်။ ဖိုးကျော်မြင့်ကား အခြေခံအထက်တန်းမြန်မာစာသင်ကြားပုံ၊ မေးခွန်းထုတ်ပုံနှင့်ဖြေဆိုပုံများကို ဟောပြောပို့ချသွားရာ နယ်စွန်နယ်ဖျားရှိ ကျောင်းသားများအတွက် အထူးအကျိုးရှိပေသည်။

ကျွန်တော်က သုတနှင့်ရသစာပေအကြောင်း ခွဲခြားပြပြီး ရသစာပေရေးနည်းကို အထူးထား၍ ဟောပြောခဲ့သည်။ ပထမပိုင်းတွင် မြန်မာလက်ရွေးစင် စကားပြေစာအုပ်ကို အခြေခံသည်။ နောက်ပိုင်းတွင် မနေ့ကသွားခဲ့သော သိန္နီ၊ ကွတ်ခိုင်ခရီးကို အခြေခံသည်။

အကယ်၍ ကျွန်တော်သည် 'နံနက် ၁၀ နာရီခွဲသာသာတွင် လားရှိုးမြို့မှ ထွက်ခဲ့ပါသည်။ လမ်းတွင် မည်သည့်ရွာ၊ မည်သည့်ရွာများကို တွေ့ခဲ့ပါသည်။ ရေပူစမ်းရှိသောရွာတွင် ထမင်းဆိုင်တစ်ဆိုင်မှာ ထမင်းဝယ်စားကြပါသည်။ ထမင်းဖိုးတစ်ယောက်လျှင် ၅ ကျပ်ကျော်ကျော်စီ ကျပါသည်။ လားရှိုးမှ သိန္နီသို့ ဘယ်နှစ်မိုင် ဝေးပါသည်။ သိန္နီချိုင့်ဝှမ်းဒေသမှာ မည်မျှ ဧရိယာအကျယ်အဝန်း ရှိသည်။ သိန္နီနှင့်ကွတ်ခိုင်မှာ မည်မျှကွာဝေးသည်။ ကွတ်ခိုင်၏အမြင့်ပေမှာ ၄၄၂၉ ပေ ရှိသည်။ လူဦးရေ ၁၄၀၀၀ ကျော်ရှိသည်'စသည်ဖြင့်သာရေးလျှင် ရသစာပေမဖြစ်ကြောင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကို ဖွဲ့နွဲ့ရေးရကြောင်း၊ လူအချို့ကို ဇာတ်ဆောင်လုပ်၍ ရေးရကြောင်း၊ နမ့်အွန်မှ ထမင်းဆိုင်ရှင်အဲန္နေးအကြောင်း၊ ဟင်းထမင်းများအကြောင်း။ အဲန္နေးနှင့်ကျွန်တော်တို့အကြောင်း၊ သျှူခြိတွင်းက သဇင်ပန်း မွှေးပုံအကြောင်း ဖွဲ့နွဲ့ရေးမှ ရသစာပေဖြစ်ကြောင်း ဟောပြောလေရာ ပရိသတ်စိတ်ဝင်စားကြပါ၏။

ကွန်ဗွိုင်းအကြံဖြင့်

နယ်စပ်အထိ ခရီးဆက်ချင်သောကျွန်တော်တို့အဖို့ ကံကောင်းထောက်မခဲ့လေသည်။

၇–၁၂–၇၂ နေ့ နံနက် ၈ နာရီတွင် ကွန်လုံသို့ထွက်မည့်ကွန်ဗွိုင်းတစ်ခု ရှိလေသည်။ တပ်ရင်း ၁၀၅ မှ တပ်ရင်းမှူးဗိုလ်မှူးညွန့်တင်သည် ကွန်လုံတွင် ယာယီစခန်းချနေသော တပ်ရင်းဌာနချုပ်သို့ ပြန်ရမည်။ အရှေ့မြောက်တိုင်း တပ်မတော်တိုင်းရုံးမှလစာပေးအဖွဲ့တစ်ဖွဲ့က လည်း ကွန်လုံသို့သွားရန် ရှိနေလေသည်။ အများသောပြည်သူတို့နည်းတူ ကျွန်တော်တို့လည်း တပ်မတော်ကွန်ဗွိုင်းမှာ ခိုလှုံကာ နယ်စပ်အရောက် ခရီးသွားရန် ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ အကယ်၍ တစ်စုံတစ်ရာဖြစ်လျှင်လည်း ဘယ်သူ့မှာမှ တာဝန်မရှိပါ။ ကျွန်တော်တို့သည် ကျွန်တော်တို့အတွက် တာဝန်ယူကြပါသည်။

ကျွန်တော်၏ ဝါသနာတစ်ခုမှာခရီးသွားပြီဆိုလျှင်ကျွတ်ကျွတ်လွတ်လွတ်ခရီးသွားခြင်းဖြစ်၏။ နောက်ဆံငင်မနေရ၊ မိသားစုကိုလည်း ပြောထားပြီးဖြစ်၍ အလုပ်တာဝန်တွေကိုလည်း ဆိုင်းငံ့ထားပြီးဖြစ်၏။ ထွန်းဝေကို "ရန်ကုန်မှာ ရုပ်ရှင်ရိုက်စရာ ရက်ချိန်းတွေများ ရှိသေးသလား"ဟုမေးရာရုပ်ရှင်ကိစ္စတွေဘေးချိတ်ထားခဲ့ပါသည်ဟုဆို၏။ ဖိုးကျော်မြင့်ကလည်း အလုပ်ခွင့်မှခွင့်ယူခဲ့ပြီးဖြစ်လေသည်။ သို့ကလို သုံးယောက်စလုံး အကြောင်းညီညွတ်ပါလျက်နှင့်မှကွန်လုံရောက်အောင် မသွားခဲ့လျှင် ညံ့ရာကျပေတော့မည်။

တပ်မတော်သည် လားရှိုးမှ ကွန်လုံသို့သွားသောလမ်းမကြီးကို စိုးမိုးထားပါသည်။ သို့သော် ကိုးကန့်တရုတ်ဗကပများ၊ လွယ်လ(ဝလူမျိုး)ဗကပများနှင့်ကေအိုင်အေတို့၏ အခြေခံစခန်းအချို့ကို ပွတ်ကာသီကာ၊ တေ့ကာ တေကာ့ သွားရသောလမ်းဖြစ်ပါသည်။

၎င်းလမ်းမကြီးပေါ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံဖက်မှ ခိုင်မာစွာရပ်ပြီး တပ်မတော်ကို အရန်အင်အားအဖြစ်ဖြင့် အကူအညီပေးနေသော ကိုးကန့်တရုတ်ကာကွယ်ရေးအဖွဲ့များနှင့် လွယ်လ(ဝ)ကာကွယ်ရေးအဖွဲ့များလည်း လှုပ်ရှားသွားလာနေကြပါ၏။

ဆရာဝန်ကြီး ကမ္ဘောဇခင်လှိုင်ကလည်း သူ၏ကိုယ်ပိုင်ဂျစ်ကားနှင့်ဒရိုင်ဘာကို ပေးထားသည်။ ကွန်လုံမှနေပြီး ဟိုက်ကမ်းပါးကို တက်ရာမှလွဲပြီး သူ့ကားကို ကျွန်တော်တို့ခေါ်ချင်ရာခေါ်သွားပါ၏။ ရှေ့လျှောက် "ဟိုက်ကမ်းပါး"အကြောင်းအတော်များများကြားရပါလိမ့်မည်။

ကျွန်တော်တို့သည် ခရီးမထွက်မီ ကြက်ဥနှစ်လုံးစီစားပြီး ကော်ဖီတစ်ခွက်စီသောက်ကြ

၏။ ထို့နောက် ဆန်ခေါက်ဆွဲစားကြရသည်။ အသားလုံးဝမပါဘဲ စားကောင်းလှသောခေါက်ဆွဲဖြစ်၏။ ခရမ်းချဉ်သီးအနှစ်များများတွင် ပဲငပိထောင်းထည့်၍ အရေကျဲကျဲဆီပြန်ချက်ရသည်။ ဆန်ခေါက်ဆွဲထဲတွင် ထိုဟင်းကို လောင်းထည့်ကာ ကြက်သွန်ဖြူဆီချက်၊ ငရုတ်သီးအမှုန့်ကြော်၊ တို့ဟူးအကြွပ်ကြော်၊ ပဲငန်ပြာရည်၊ တရုတ်နံနံစသည်တို့ကို ကိုယ်ကြိုက်သလို ထည့်စားကြရ၏။ ပထမအကြိမ် စားရစဉ်က ထူးခြားသောအရသာ လျှာပေါ်မှာ စွဲနေသလို ယနေ့အထိ ဦးနှောက်မှာ စွဲနေပါသည်။

နံနက် ၈ နာရီတိတိမှာ ကွန်ဗွိုင်းစထွက်ရာ ကျွန်တော်တို့လည်း ခရီးထွက်ခဲ့ကြပါ၏။ ကျွန်တော်တို့၏ကားသည် ကွန်ဗွိုင်းနှင့်ကပ်လိုက် ခွာလိုက် မောင်းနှင်နေလေသည်။

လားရှိုးချိုင့်ဝှမ်းအနိမ့်ပိုင်းတွင် ဆီးနှင်းထုဆိုင်းဆို့နေ၏။ ထို့ကြောင့် ရှေ့သို့လည်းကောင်း၊ ဘေးသို့လည်းကောင်း ဝေးဝေးမမြင်နိုင်။

ဆီးနှင်းထုသည် အမြင့်ပိုင်းတွင် ပါးသွားသည်။ တစ်ခါ တစ်ခါ ဆီးနှင်းလုံးဝမရှိဘဲ နေပူကျဲကျဲ ဖြစ်နေသည်။ ပထမတော့ ကုန်းနိမ့်ပိုင်းနှင့်ချိုင့်ဝှမ်းများမှာ ဆီးနှင်းထုဆိုင်းနေပြီး ကုန်းမြင့်ပိုင်းမှာ ဆီးနှင်းထု ကွယ်ပျောက်သည်ဟု ယေဘုယျသဘော တွေးထင်မိ၏။ နောက်တော့ ထိုသို့လည်း မဟုတ်ပြန်ကြောင်း တွေ့ရ၏။ အမြင့်ပိုင်းမှာ ဆီးနှင်းတိမ်တိုက်ကြီးများ လွှမ်းခြုံနေပြီး အနိမ့်ပိုင်းမှာ ဆီးနှင်းများ ကွယ်ပျောက်နေ၏။

ရာသီဥတုကတော့ အတော်ပင် အေးနေပါသည်။ ကျွန်တော်တို့မှာ နားရွက်ဖုံး သက္ကလပ်ကက်ဦးထုပ်များနှင့်လောင်းကုတ်အင်္ကျီများကိုဝတ်ထားရသည်။ လက်အိတ်လည်း စွပ်ထားရ၏။

လားရှိုးမှအထွက် မိုင် ၂၀ မျှရောက်သောအခါ ကွန်ဗွိုင်းတစ်ခုလုံး ရပ်နေရလေသည်။ တပ်ရင်း ၁၀၅ မှထရပ်ကားပေါ်တွင် လူစုံမပါလာ၍ ဖြစ်၏။ လူမစုံသည်မှာ ကိုယ့်လူမစုံခြင်း မဟုတ်ပါ။ တပ်ရင်းမှူးသည် ဟဲယားလစ်ခေါ် နှုတ်ခမ်းကွဲရောဂါရနေသော မြောင်ဇီးယောကျ်ား ကလေးတစ်ဦးကို လားရှိုးဆေးရုံမှာတင်ပြီး ကုသပေးခဲ့၏။ ယခုပျောက်ကင်းပြီဖြစ်ရာ သူ့အမေ သူ့အစ်မနှင့်တကွ သူတို့ ၃ ဦးသားကို ကွန်လုံသို့ ပြန်ခေါ်ခဲ့ရမည်ဖြစ်၏။ သူတို့က လားရှိုးဆေးရုံမှစောင့်နေကြမည်ဖြစ်ပြီး ရဲဘော်များက ဝင်ခေါ်ရန် စီစဉ်ထားခဲ့၏။ ရဲဘော်များက မခေါ်ခဲ့မိဘဲ မေ့ထားခဲ့ကြရာ ယခုမှ တပ်ရင်းမှူးသိရှိသွားလေသည်။ တပ်ရင်းမှူးသည် အရပ်သားဂျစ်ကားတစ်စီးအား ဓာတ်ဆီပေးပါမည်ဟု စည်းရုံးကာ လားရှိုးသို့အခေါ် လွှတ်ရလေသည်။ အရပ်သားဂျစ်ကားပေါ်ပါလာသောခရီးသည်အချို့မှာ တပ်ရင်း ၁၀၅ ထရပ်ကားပေါ်လိုက်ပါခဲ့ပြီး ကျန်လူစုကား သူတို့ဂျစ်ကားအပြန်ကို စောင့်နေရစ်ခဲ့လေသည်။ ထမင်းစားမည့်ရှေ့စခန်းတွင် ထိုဂျစ်ကားနှင့်ကျွန်တော်တို့ ကွန်ဗွိုင်းပြန်ဆုံကြမည် ဖြစ်၏။

ကွန်ဗိုင်းခရီးဆက်၍ မကြာခင် ရေပူစမ်းစခန်း အဲနွေးတို့ထမင်းဆိုင်ရှေ့သို့ရောက်ကြလေသည်။ သို့သော် ကွန်ဗိုင်းသည် ထိုနေရာမှာ မရပ်နားပါ။ အဲနွေးကို ကားပေါ်မှလှမ်းကြည့်မိရာ မုံညင်းခြောက်များ နေပူလှန်းနေသည်ကို မြင်လိုက်ရ၏။ အလုပ်နှင့်လက် မပြတ်သောအဲနွေးပင်တည်း။

သိန္နီမှာ ခဏနားကြသည်။ ကျွန်တော်တို့ ကားပေါ်မှာ ကျွန်တော်တို့ ၃ ဦးအပြင် ကားမောင်းသူ ကိုအောင်ဘန်း၊ သတင်းထောက်ကိုအောင်မင်းနှင့်ဆရာဝန်ဦးဘဟန်တို့ပါလာကြ၏။ ကမ္ဘောဇခင်လှိုင်က ကျွန်တော်တို့၏ခရီးစဉ် အဆင်ပြေစေရန် ထည့်လိုက်သူများ ဖြစ်သည်။ ဆရာဝန်ဦးဘဟန်မှာ ရှမ်းပြည်မြောက်ပိုင်းတွင် ၁၉၄၀ ခုနှစ်လောက်ကစပြီး ဆရာဝန်လုပ်နေသူ အင်းလေးသားကြီး ဖြစ်၏။ သူသည် ကမ္ဘောဇခင်လှိုင်နှင့်လိုက်ဖက်စွာ မြန်မာစာကို လေ့လာလိုက်စားသောဆရာဝန်ဖြစ်၏။ ဖိုးကျော်မြင့်နှင့်မြန်မာစာဆွေးနွေးပြီး မှတ်စုယူနေသည်ကိုပင်တွေ့ရ၏။

ဆရာဝန်ဦးဘဟန်သည် သိန္နီမြို့မှာ နှစ်ပေါင်းကြာမြင့်စွာ အလုပ်လုပ်ခဲ့ဖူးရာ သိန္နီမှာ မိတ်ဆွေပေါသည်။ ကျွန်တော်တို့သည် သူ့မိတ်ဆွေတစ်ဦး၏ အိမ်ဆိုင်မှာ ခဏကြာရပ်နားပြီး လဖက်ရည်သောက်ကြသည်။ (အိမ်ဆိုင်ဆိုသည်မှာ လူလည်းနေ ဆိုင်လည်းဖွင့်ထားသောနေရာကို ဆိုလိုပါသည်။)

ပြည်သူ့ဆိုင်(ဆေးနှင့်ဆေးပစ္စည်း)တစ်ဆိုင်ရှိရာ ကျွန်တော်တို့ ဝင်ကြည့်ကြ၏။ ရန်ကုန်မြို့မှာ ရှာမတွေ့သော ဂျယ်ရီယာဗစ်(ဟော်မုံး)ခေါ် ဆေးဗူးများ တွေ့သဖြင့် ဆိုင်ထိုင်က ခွင့်ပြုနိုင်သလောက် ဝယ်ခဲ့ကြလေသည်။

သိန္နီမှာ လမ်း ၂ လမ်းခွဲသည်။ တစ်လမ်းက ကွတ်ခိုင်၊ နမ့်ခမ်းတို့သို့သွားပြီး ကျန်တစ်လမ်းက ကွန်လုံသို့သွား၏။ သိန္နီမှ ကွန်လုံသို့ ၅၃ မိုင်ဝေး၏။

သိန္နီမြို့မှ ထွက်ကတည်းက သိန္နီချိုင့်ဝှမ်းကို ဝိုင်းရံထားသော အတွင်းတောင်တန်းကို ဖြတ်ကျော်သွားရလေသည်။ တောင်များမှာ သစ်ပင်၊ ဝါးပင်များဖြင့် စိမ်းလန်းစိုပြေသည်။ တောင်တန်းများမှ စိမ့်စမ်းပေါင်းများစွာသည် သိန္နီချိုင့်ဝှမ်းထဲသို့ စီးဆင်းနေကြသည်။ အချို့မှာ ရေပူစမ်းများ ဖြစ်သည်ဆို၏။

လမ်းမှာ ကတ္တရာစေးခင်းသောအပိုင်းများ နည်းသည်ထက် နည်းသွား၏။ သို့သော် ကျောက်ခင်းထားခြင်းမှာ ညက်ပြီး ကျစ်လစ်ခိုင်မာသဖြင့် လမ်းကောင်းသည်ဟုဆိုရပါမည်။

ကွန်ကောက်ရွာသို့ ရောက်သောအခါ ကွန်ဗိုင်းလဲလေသည်။

ကွန်ကောက်ရွာတွင် မူလတန်းကျောင်းတစ်ကျောင်းရှိရာ နေပူစာလှုံရင်း စာသင်နေကြသည်ကို တွေ့ခဲ့ရ၏။ ထိုကျောင်းအနီးတွင်လည်း ရေပူစမ်းတစ်စမ်းကို တွေ့ရပြန်သည်။

ထို့နောက် နမ့်ဆလပ်ရွာသို့ ရောက်ကြလေသည်။ ရှမ်းပြည်မြောက်ပိုင်းမှာ နမ့်ဆလပ်၊ နမ့်အွန်စသည်ဖြင့် နမ့်ပါသောအမည်များ၏။ ရှမ်းပြည်တောင်ပိုင်းတွင်ကား မိုင်းသာ၊ မိုင်းဆတ်၊ မိုင်းမောစသည်ဖြင့် မိုင်းပါသောအမည်များသည်ဆို၏။

နမ့်ဆလပ်မှာ သိန္နီချိုင့်ဝှမ်းဒေသဆုံးသော ရွာကြီးဖြစ်၏။ ၅ ရက်တစ်ဈေးရှိပြီး ယခင်ကဈေးကို ရှမ်းများလွှမ်းခဲ့သည်။ ယခုတော့ တရုတ်များ လွှမ်းနေ၏။ တရုတ်ဟုဆိုရာတွင် ကိုးကန့်တရုတ်နှင့်အခြားသော တရုတ်များ ပါသည်။ တရုတ်များမှာ အရောင်းအဝယ် ပိုကျွမ်းကျင်ရုံမက၊ လုံ့လဝီရိယလည်းကောင်း၏။ အလုပ်မရွေးဘဲလည်း လုပ်တတ်၏။

ကျွန်တော်တို့သည် နမ့်ဆလပ် တရုတ်ဆိုင်တစ်ဆိုင်မှာ ထမင်းဝယ်စားကြလေသည်။

နမ့်ဆလပ်တွင် ကွန်ဗိုင်းတစ်ခုလုံး ရပ်နားနေစဉ် လားရှိုးဆေးရုံမှာ ကျန်နေရစ်ခဲ့သော မြောင်ဇီးသားအမိ ရောက်လာကြလေသည်။ သူတို့သည် အရပ်သားဂျစ်ကားမှ တပ်ရင်း ၁၀၅ ထရပ်ကားပေါ်သို့ ရွှေ့ပြောင်းကြ၏။ မြောင်ဇီးမိန်းမကြီးနှင့်သမီးတို့သည် အစိမ်းအနီအကျႌကျားနှင့်စကတ်အဖြူကို ဝတ်ဆင်ထားကြသည်။ နှုတ်ခမ်းကွဲရောဂါကုထားသော သားငယ်ကား ချည်ဆွယ်တာနှင့်ဘောင်းဘီပွတို့ကို ဝတ်ဆင်ထားသည်။

ကွန်ဗိုင်းနှင့်ခရီးသွားရသည်မှာ လုံခြုံရေးအတွက် ကောင်းသော်လည်း ခရီးကြန့်ကြာသည်။ အားလုံး ထမင်းစား၍ ပြီးကြပြီလား၊ ကားတွေအားလုံး ကောင်းရဲ့လား၊ လူစေ့တက်စေ့ကားပေါ် ရောက်ပြီလား၊ စသည်ဖြင့် စစ်ဆေးကြရ၏။ မစုံလျှင် စုံအောင် မကောင်းလျှင်ကောင်းအောင် စောင့်ကြရ၏။

ကားတစ်စီးနောက်မှာ ပျက်ကျန်နေရစ်ခဲ့သဖြင့် ကွန်ဗိုင်းသည် နမ့်ဆလပ်တွင် အကြာကြီးစောင့်နေကြရ၏။

ထွန်းဝေကား စောင့်ရသောအချိန်ကို ကောင်းစွာ အသုံးချနေလေသည်။ ကိုးကန့်တရုတ်ကာကွယ်ရေးတပ်မှ ကားပေါ်တွင် ပါလာသောလူစုနှင့်အိမ်တစ်အိမ်တွင် စကားဝိုင်းဖွဲ့နေလေသည်။ ကိုးကန့်တရုတ်အကြောင်း သိကောင်းစရာများလှပါ၏။

ကားတွေစုံ၊ လူတွေစုံပြီး လူတွေ အားလုံးဝမ်းဝ၊ ကားတွေအားလုံး စက်ကောင်းသောအခါ ကျွန်တော်တို့ ခရီးဆက်ကြပြန်လေသည်။ တစ်တောင်ထက်တစ်တောင် မြင့်လာသဖြင့် ကားတွေမှာ အားယူ၍ တက်ကြရ၏။

တောကြီးများမှာ ပို၍နက်ရှိုင်းလာကြလေသည်။

အတန်ကြာသောအခါ အနိမ့်ပိုင်းသို့ တဖြည်းဖြည်း ဆင်းလာသည်ကို တွေ့ရ၏။

နာတီး သို့မဟုတ် နမ့်တီးရွာကြီးသို့ရောက်ကြလေသည်။ နမ့်ဆလပ်နှင့်နမ့်တီးကြားတွင် ကျွန်တော်တို့သည် ရေဝေကုန်းတန်းကြီးကို ဖြတ်ကျော်ခဲ့ကြလေပြီ။

သံလွင်မြစ်ဝှမ်းတွင်

ထိုရေဝေကုန်းတန်းမှနေပြီး စိမ့်စမ်းချောင်းမြောင်းတို့သည် အနောက်ဖက်သို့ဦးတည်ပြီး စီးဆင်းကြရာ သိန္နီချောင်း၊ နမ္မတူချောင်း၊ ဒုဋ္ဌဝတီမြစ် စသည်တို့မှတစ်ဆင့် ဧရာဝတီမြစ်ထဲသို့စီးဝင်ကြကုန်၏။ ထိုရေဝေကုန်းတန်းမှနေပြီး ကျန်စိမ့်စမ်းချောင်းမြောင်းတို့သည် အရှေ့ဘက်ကို ဦးတည်ကာ သံလွင်မြစ်ထဲသို့စီးဝင်ကြကုန်၏။

နာတီး(နမ့်တီး)တွင် တပ်မတော် စခန်းချထား၏။ နာတီးရွာကို ဝိုက်ကာပတ်ကာ စီးဆင်းနေသော စမ်းချောင်းကြီးမှာ ရေအားကောင်းပြီး သာယာလှ၏။ သို့သော် စိမ့်စမ်းနှင့်တောတောင်တွေက သာယာသလောက် ငှက်ဖျားထူထပ်၍ ကြောက်စရာကောင်းသည်။ နာတီးရွာတွင် ရပ်နေစဉ်တစ်ခဏ၌ ကျွန်တော်တို့နှင့်လိုက်ပါလာသော ဆရာဝန်ဦးဘဟန်သည် စုစုဝေးဝေးတွေ့ရှိရသော ကလေးသူငယ် ၃၀ လောက်ကို စစ်ဆေးကြည့်ရှုရာ၊ အများစုမှာ ဘေလုံးကြီးများနှင့် ငှက်ဖျားစွဲနေကြသည်ကို တွေ့ရ၏။ ဦးဘဟန်က ကွန်လုံမှအပြန်တွင် ဆေးပေးမည့်အကြောင်း ရက်ချိန်းပေးထားခဲ့လေသည်။

နာတီးရွာတွင် ထမင်းဆိုင်များရှိရာ မအေးစိန်ထမင်းဆိုင်သည်ကျော်ကြား၏။ မအေးစိန်ကား အသက် ၂၀ တစ်ဝိုက်သာရှိသေးသော ကြည့်ပျော်ရှုပျော် ရုပ်အဆင်းရှိသော အသားဖြူဝင်းသော မိန်းကလေးတစ်ယောက် ဖြစ်၏။ မြန်မာလို ဝတ်ဆင်ထားပြီး စကားက အတော်ဝဲနေလေရာ ကိုးကန့်တရုတ်မကလေးလော၊ ရှမ်းမကလေးလော၊ ကချင်မကလေးလော မခန့်မှန်းတတ်ပါ။ ဝမ်းက မဟာသဖြင့် သူ့ဆိုင်မှာ ဘာမျှမစားခဲ့ကြ။ ဆတ်သားချဉ်ထုပ် နှစ်ထုပ်ကိုသာ ဝယ်ခဲ့ကြ၏။ (အောက်ပြည် အောက်ရွာမှာ ပုဇွန်ချဉ်ထုပ်သလို သူတို့ဆီမှာ ဝက်သားချဉ်၊ အမဲချဉ်၊ ဆတ်သားချဉ် စသည်ဖြင့် ထုပ်ကြသည်။ အလိုက်သိစွာနှင့်ရဲဘော်ကလေးများအတွက် နေရာဖယ်ပေးကြသည်။ ရဲဘော်ကလေးများမှာ အမောပြေ မအေးစိန်ဆိုင်မှာ ဝင်ထိုင်တတ်ကြ၊ လဖက်ရည်သောက်တတ်ကြ၊ ထမင်းစားတတ်ကြသည် မဟုတ်ပါလား။ လူကြီးများရှိနေလျှင် သူတို့

တစ်တွေ အနေကျုံ့သဖြင့် မအေးစိန်ဆိုင်ကို မဝင်ဘဲ နေတတ်ကြသည် မဟုတ်ပါလား။ မအေးစိန်ခမြာ လာဘ်တိတ်သွားရှာမည် မဟုတ်ပါလား။

နာတီးရွာတွင် ဆေးဝါသုတ်ထားသော ဘုလ်ဒိုဇာကြီးတစ်ခု ထိုးရပ်ထားသည်ကို တွေ့ခဲ့ရ၏။ ဘယ်တုန်းက ပျက်ခဲ့သည်မသိ။ ဘာ့ကြောင့် မပြင်သည်မသိ။ ဘယ်လောက်ကြာအောင် ဤသို့ ထိုးရပ်နေဦးမည်လည်း မသိခဲ့ရပါ။

နမ့်နင်းချောင်းသည် အနောက်မှအရှေ့သို့ စီးဆင်းနေသည်။ နာတီးရွာမှထွက်ခဲ့ပြီး အတန်ကြာသောအခါ နမ့်နင်းချောင်းဝှမ်းသည် အတော်ကျယ်ပြန့်ပြီး များစွာ နက်ရှိုင်းလေသည်။ မြောက်ဖက်မှာလည်း တောင်တန်း၊ တောင်ဖက်မှာလည်းတောင်တန်း၊ နမ့်နင်းချောင်း တောင်ဖက်ကမ်း တောင်ကမ်းပါးများကို ဖြတ်၍ မော်တော်ကားလမ်း ဖောက်လုပ်ထား၏။

နမ့်နင်းချောင်း၏ မြောက်ဖက်တွင် တောင်တန်းတွေ တစ်ထပ်ပြီးတစ်ထပ် ကာဆီးနေရာ အပြင်ဖက်ကျသော တောင်တန်းတစ်ခုတွင် ထူးဆန်းသော တောင်တစ်လုံးကို တွေ့မြင်ရ၏။ ရင်သားမောက်မောက်နှင့်မိန်းမတစ်ယောက် ပက်လက်လှန် အိပ်စက်နေပုံနှင့်အတော်တူ၏။ မျက်နှာပိုင်းတွင် နဖူးပြင်၊ နှာတံနှင့်မေးသဏ္ဌာန်များကို ထင်ရှားစွာ မြင်ရရုံမျှမက မျက်ခုံးမျက်လုံးနှင့်ပါးစပ်သဏ္ဌာန်ရေးရေးကိုပင် မြင်နိုင်သေး၏။ ထိုတောင်ကို မြင်မိကြသော လူတို့သည် ထူးခြားသောသဏ္ဌာန်ကို သတိပြုမိပြီး နာမည်အမျိုးမျိုးပေးကာ သရုပ်ဖော်ထားကြ၏။ ရုဒ္ဓရသဟုမမြင်၊ အလင်္ဇီဟု ထင်မည်စိုးသောကြောင့် ဤတွင် နာမည်များကို မဖော်ပြတော့ပြီ။

လမ်းဖောက်ထားသောတောင်များမှာ သက်နုတောင်များဖြစ်ဟန်ရှိသည်။ သဲကျောက်များဖုံးလွှမ်းနေသဖြင့် လမ်းဖောက်လို့လွယ်သလောက် တောင်ပြိုရန် လွယ်ကူ၏။ မိုးနှောင်းကောင်းထားသဖြင့် တောင်းကမ်းပါးယံမှ စိမ့်စမ်းတွေ အများအပြား ဖြာဆင်းနေသည်။ အချို့နေရာ၌ လမ်းပေါ် ရေတင်နေသည်။ သို့သော် ဗွက်မပေါက်သဖြင့် တော်သေး၏။ တောင်ကမ်းပါးယံကို ဖြိုချ၍ လမ်းလုပ်စဉ်က သဘာဝအလျောက် သဲကျောက်ခင်းသောလမ်းဖြစ်ခဲ့ရာ ယခုလို ယာဉ်များ ဖြတ်သန်းဖန်များသောအခါ ကျောက်စရစ်နှင့်သဲခင်းသောလမ်းသဖွယ် ဖြစ်နေ၏။

အချို့နေရာများတွင် ညာဖက် တောင်ကမ်းပါးမှ မြေပြိုကျနေ၏။ အချို့နေရာများတွင် ဘယ်ဖက်ချောင်းကမ်းပါးထဲသို့ မြေပြိုကျနေ၏။ ကားများသည် သတိကြီးစွာနှင့်မောင်းနေကြရ၏။ သစ်ပင် ဝါးပင် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ပေါက်ရောက်နေသဖြင့်သာ သည့်ထက်မြေမပြိုခြင်း ဖြစ်လေသည်။

လမ်းတွင် တံတားများကို ဖြတ်ကျော်စဉ် သတင်းထောက်ကိုအောင်မင်းက တံတားဆိုင်းဘုတ်များရှိ ကျည်ဆံရာများကို ပြသည်။ မနှစ်က ဤအချိန်တွင် ဗကပတို့သည် မြောက်ဖက်

ရှိတောင်တန်းများကို စိုးမိုးထားပြီး ကွန်လုံကို ဖြတ်တောက်ရန် ဤတံတားများကို တိုက်ခိုက်ခဲ့ကြ၏။ ဟိုဖက်တောင်တန်းများမှ ဒီဖက်တံတားများကို လက်နက်ကြီးများနှင့်ဒလစပ် ထုနှက်ပစ်ခတ်ခြင်း ဖြစ်ပေ၏။

ကျွန်တော်

"ဟိုဖက်တောင်တန်းတွေကနေပြီး ဒီဖက်ရှိတဲ့တံတားကို ခုလိုမှန်အောင် ပစ်ခတ်နိုင်တယ်ဆိုတော့ သူတို့လက်နက်ကြီးတွေက တယ်ကောင်းပါကလား"

ကိုအောင်မင်း

"ဘယ့်နှယ် ပြောပါလိမ့်ဆရာ၊ သူတို့လက်နက်ကြီးတွေက မှန်ပြောင်းတပ်ထားပြီး ပစ်မှတ်အကွာအဝေးကို တိတိကျကျ တွက်နိုင်ရုံမက ထိထိမိမိ ချိန်နိုင်တယ်။ မနှစ်က သူတို့က ကွန်လုံကို ဝိုင်းထားလို့ ကွန်လုံမှာ အရပ်သားတစ်ချို့ ဘတ်စ်ကားတွေနှင့်ထွက်ပြေးကြတယ်။ သူတို့က ဟိုဖက်ကနေပြီး ပစ်ထည့်လို့ ဘတ်စ်ကားခြောက်စီး ပျက်စီးသွားတယ်"

နမ့်နင်းချောင်း သံလွင်မြစ်ထဲသို့ စီးဝင်သောနေရာတွင် ဟိုလီဟူသော တရုတ်ရွာတစ်ရွာ ရှိ၏။ (ကိုးကန့်တရုတ်အများစုနေထိုင်ကြ၏။) ဟိုလီရွာမှစပြီး ၄ မိုင်ကျော်ကျော်၊ သံလွင်မြစ်သည် အနောက်မှ အရှေ့သို့စီးဆင်းလေသည်။ ဤလေးမိုင်ကွေ့အထက်မှာသော်လည်းကောင်း၊ အောက်မှာသော်လည်းကောင်း၊ သံလွင်မြစ်သည် မြောက်မှတောင်သို့ စီးဆင်း၏။ ဟိုလီရွာသည် ကွန်လုံမြို့၏ အဝင်ဝ ဖြစ်သည်။

သံလွင်မြစ်ဝှမ်းကား ဧရာဝတီ၊ ချင်းတွင်းတို့နှင့်မတူ၊ ကျဉ်းမြောင်းသည်။ တောင်တန်းကြားမှာရှိသဖြင့် ကျောက်တုံး၊ ကျောက်ဆောင်များဖြင့် ပြည့်နှက်နေသည်။ မြစ်ကမ်းပါးနှင့် တောင်တန်းများကို နက်ရှိုင်းသောတောများက ဖုံးလွှမ်းနေသဖြင့် စိမ်းစိုနေသည်။ သံလွင်မြစ်ရေမှာ ကြည်လင်လှသည်။

ကွန်လုံဟူသည်မှာ

ကျွန်တော်တို့သည် နေဝင်ခါနီးမှ ကွန်လုံသို့ ရောက်ကြခြင်း ဖြစ်၏။ တောင်ထိပ်များ၊ သစ်ပင်ခေါင်ဖျားများပေါ်တွင် နေရောင်ခြည် ပက်ဖျန်းဆဲ ဖြစ်၏။

ကွန်လုံဟူသည်မှာ ကျွန်းကြီးဟုအဓိပ္ပါယ်ရ၏။

နမ့်နင်းချောင်းက သံလွင်ထဲ စီးဝင်ပြီး အနောက်မှအရှေ့သို့ ၄ မိုင်ကျော်ကျော်စီးဆင်းခဲ့ရာ မြောက်မှတောင်သို့မဆင်းမီကလေးတွင် နမ့်တင်းဟူသော အခြားချောင်းတစ်ချောင်းသည် သံလွင်မြစ်ထဲသို့ စီးဝင်ပြန်လေသည်။ ထိုသို့ စီးဝင်ရာ၌ ကျွန်းကြီးတစ်ကျွန်းဖြစ်ပေါ်နေသည်မှာ နှစ်ပေါင်းမည်မျှ ကြာပြီ မသိပါ။ ထိုကျွန်းကြီးကို အကြောင်းပြု၍ ကွန်လုံဟုခေါ်ခြင်းဖြစ်၏။


ကျွန်တော်တို့ငယ်ငယ်တုန်းက သင်ကြရသော ပထဝီစာအုပ်တွင် ကွန်လုံကို နယ်စပ်ရှိ ကူးတို့ဆိပ်ရွာကလေးတစ်ခုအဖြစ်ဖြင့် ဖော်ပြထား၏။ ကွန်လုံတွင် အခြားဝိသေသလက္ခဏာမရှိခဲ့ပါ။

ယခုအခါ ကွန်လုံမြို့သည် အိမ်ခြေတစ်ထောင် ရှိပြီး လူဦးရေ ၆၀၀၀ ကျော်နေထိုင်ကြသည်။ အများစုမှာ ကိုးကန့်တရုတ်များ ဖြစ်၏။

ကွန်လုံမြို့သည် သံလွင်မြစ်၏မြောက်ဖက်ကမ်းမှာ တည်ရှိသည်ဟုဆိုနိုင်သည်။ သို့သော် ယခုအခါ တောင်ဖက်ကမ်းသို့လည်း မြို့ရောက်နေလေပြီ။ မကြာမီကမှ တည်ဆောက်ပြီးစီးခဲ့သော ကွန်လုံတံတားကြီးကြောင့် တောင်ဖက်ကမ်းသို့ မြို့ချဲ့မည့်အလားအလာမှာ ပိုမိုကြီးမားနေပါသည်။

ကွန်လုံအနိမ့်ပိုင်း ကမ်းနားလမ်းပိုင်းတွင် ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေမည်မျှရှိမည်မသိ။ အမြင့်ပိုင်းတွင် တည်ရှိသော အစိုးရအထက်တန်းကျောင်း၊ ကျောင်းကုန်းကား အမြင့်ပေ ၁၆၀၀ ကျော်ရှိသည်။

ကွန်လုံမြို့တွင် နယ်ခြားဒေသအုပ်ချုပ်ရေးလက်ထက်တုန်းက ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ထားခဲ့ခြင်း၊ ရုံး၊ ဆေးရုံ၊ ညော့ရိပ်သာ၊ အရာရှိအိမ်အစရှိသော် အဆောက်အဦးသစ်များ ရှိခြင်း၊ ကြီးမားသော လွတ်လပ်ရေးကျောက်တိုင်တည်ထားခြင်းနှင့်တံတားသစ်ကြီး ဆောက်လုပ်ထားခြင်းတို့ကြောင့် အသစ်စက်စက် မြို့ပုံသဏ္ဌာန်ပေါ်နေသည်။ ဤသံလွင်မြစ်၊ ဤကျွန်းကြီး၊ ဤတောတောင်၊ ဤရေမြေတို့တွင် ဤမြို့သစ်သည် သာယာတင့်တယ်လှပါသည်။



သံလွင်မြစ်နှင့်ကွန်လုံကြိုးတံတား

ကွန်လုံမြို့သို့ ရောက်ပြီး လှပတင့်တယ်ပုံကို မြင်လိုက်ရသည်ဆိုလျှင်ပင် ပြည်ထောင်စုဘွားတိုင်းရင်းသားတို့ အသက်ပေးကာကွယ်ထိုက်သောမြို့ကလေးပေတကားဟုသဘောပေါက်မိပါသည်။

ကျွန်တော်တို့သည် ကွန်လုံပြည်သူ့ဆေးရုံအုပ်ဒေါက်တာလှမြင့်၏နေအိမ်သို့ သွားကြ၏။ ဆေးရုံဝင်းထဲတွင် လူငယ်များ ဘော်လီဘော ကစားနေသည်ကို တွေ့ရ၏။ ကျွန်တော်တို့ကတော့ ချမ်းနေကြပြီး သူတို့ကတော့ ချွေးတဒီးဒီး ကျနေကြ၏။

ဒေါက်တာလှမြင့် အပြင်သို့သွားနေသဖြင့် အတန်ကြာစောင့်နေရသည်။ ဒေါက်တာလှမြင့် ပြန်ရောက်သောအခါ ကျွန်တော်တို့လာမည်ကို ကြိုတင်မသိထားပုံ ပြောပြပြီး အဆင်မပြေမှုများအတွက် တောင်းပန်ပါ၏။ ထို့နောက် တည်းခိုရိပ်သာသို့ခေါ် သွားလေသည်။

နယ်ခြားဒေသလက်ထက်က ဆောက်ထားသော တစ်ထပ်တိုက်ကလေးဖြစ်၏။ သံလွင်မြစ်ကမ်းနဖူးပေါ်တွင် အကွက်အကွင်းကောင်းကောင်း ရှုမျှော်ခင်းလှလှနှင့်ဖြစ်၏။

ကွန်လုံသည် ခရိုင်မြို့တော် ဖြစ်သောအခါ ဤအဆောက်အဦသည် ခရိုင်ရဲဝန်နေထိုင်ရာ ဖြစ်ခဲ့၏။ ယခုမူ ဧည့်ရိပ်သာပြန်ဖြစ်နေသည်။

ဧည့်ရိပ်သာသို့ ကျွန်တော်တို့ ရောက်သွားချိန်တွင် နေလုံးလုံးဝင်ခဲ့ပြီး လျှပ်စစ်မီးကမလာသဖြင့် မှောင်နေလေသည်။ ယနေ့ည ရုပ်ရှင်ပြမည်ဖြစ်သဖြင့် အချို့လျှပ်စစ်လိုင်းများကိုပိတ်ထားသည်ဟုဆို၏။

ဖယောင်းတိုင်မီးထွန်းပြီး အထဲဝင်ကြသောအခါ အမှိုက်သရိုက် ပြန့်ကျဲဖြစ်နေသောကြမ်းပြင်နှင့်ဖုံအလိမ်းလိမ်း ကပ်နေသောပရိဘောဂများကို တွေ့ရလေသည်။ ကုတင်များ တစ်ခြားရောက်နေသဖြင့် ဒေါက်တာလှမြင့်၏တပည့်များက ပြန်ပြီး သယ်ယူကြရသည်။

ထွန်းဝေက အခန်းတွေ လျှောက်ဝင်၊ ပရိဘောဂတွေ စစ်ကြည့်ပြီးနောက် ကျွန်တော့်ကို လာပြောသည်။

“ဆရာရေ့၊ အလွန်ကောင်းတဲ့ပရိဘောဂတွေ နှမြောစရာကြီး၊ ပစ်စလက်ခတ်ပစ်ထားဟန်ရှိတယ်”

ဟုတ်ပါသည်။ ဖော်မေကာ ဖုံးထားသောစားပွဲကြီး၊ စားပွဲကလေးများ၊ ဆက်တီကုလားထိုင်များနှင့်စားပွဲတင်မီးတိုင်များမှာ ဖုံအလိမ်းလိမ်း၊ ပင့်ကူအိမ်နှင့်ပရိုက်မျှင်တွေ ဟိုတွယ်သည်တွယ်နှင့်။

ထွန်းဝေနှင့်သတင်းထောက်ကိုအောင်မင်းတို့သည် တံမြက်စည်းလှည်းကြ၊ ရှင်းလင်းကြ၊ စားပွဲကုလားထိုင်များ နေထားတကျ ခင်းကြနှင့်အလုပ်များနေကြလေသည်။

ကျွန်တော်တို့သည် အိပ်ရာလိပ်များ မယူခဲ့ကြ။ လားရှိုးတုန်းက ဆရာဝန်ဦးဘဟန်နှင့်

သတင်းထောက်ကိုအောင်မင်းတို့က အိပ်ရာလိပ် ယူခဲ့မည်လုပ်သည်ကိုပင် ကားလေးမည်ဆိုပြီး ချထားစေခဲ့၏။

ဒေါက်တာလှမြင့်သည် မော်တော်ကားနှင့်ထွက်သွား၏။ ထမင်းဟင်း စီစဉ်ရန်နှင့်အိပ်ရာလိပ်ရှာရန် ဖြစ်ဟန်တူသည်။

ကျွန်တော်တို့သည် ခရီးပန်းနွမ်းနယ်သောကြောင့် ရေမချိုးရသည့်တိုင်အောင် မျက်နှာသစ်လိုကြသည်။ (ချမ်းသဖြင့် ရေမချိုးရလည်း ကိစ္စမရှိပါ) ကွန်လုံရေစက်ပျက်နေသဖြင့် ဘုံပိုင်ရေမလာသည်မှာ ကြာပြီဟုသိရ၏။ ထို့ကြောင့် အောက်ဆင်း၍ သံလွင်မြစ်ရေကို ခပ်ကြရသည်ဟုဆို၏။ မလွယ်လှပါတကား။ သံလွင်မြစ်ကမ်းပါးမှာ နက်ရှိုင်းပြီး မတ်စောက်လှသဖြင့် “အမြင်နီးလျက် ခရီးဝေး”သည့်ရေဖြစ်နေပါသည်။

ရေချိုးခန်းထဲမှာ ရေရှိသည်ဆိုသဖြင့် ဦးဘဟန်သည် မျက်နှာသစ်ရန် ရေချိုးခန်းထဲသို့ ဝင်လေသည်။ သူ မျက်နှာသစ်ပြီး ကျွန်တော်တို့ တစ်လှည့်စီ မျက်နှာသစ်ကြသည်။ မျက်နှာသစ်နိုင်သောရေ ဖြစ်ပါသည်ဟုဒေါက်တာလှမြင့်၏တပည့်များက အာမခံ၍သာ ထိုရေဖြင့် မျက်နှာသစ်ရသည်။ ရေကို ရေအင်တုံကြီးထဲမှာ ထည့်ထားသည်။ အနောက်တိုင်းဆန်သော ရေချိုးခန်းများတွင် ထားလေ့ရှိသည့်တစ်ကိုယ်လုံးနှစ်ချိုးရသော ကြွေရည်သုတ်ရေအင်တုံကြီးဖြစ်ပါ၏။

ထွန်းဝေနှင့်ကိုအောင်မင်းတို့သည် မော်တော်ကားနှင့်အပြင်ထွက်သွားကြလေသည်။ ကျွန်တော်ကား ဝရံတာသို့ထွက်ပြီး ထိုင်နေရစ်ခဲ့၏။ ကွန်လုံအထကကျောင်းအုပ်ကြီးဦးစိုးမြင့်နှင့်စကားစမြည်ပြောရသည်။ ဦးစိုးမြင့်သည် အစပထမက ကုန်သွယ်ရေးမန်နေဂျာဖြစ်ခဲ့သည်။ သူ့မှာ ပညာရေးဘွဲ့ရထားသဖြင့်လည်းကောင်း၊ ကွန်လုံအထကမှာ ကျောင်းအုပ်ကြီးလိုနေသဖြင့်လည်းကောင်း၊ သူ့ကိုယ်၌က စာတင်အဆိုပြုကာ ဝင်လုပ်နေသူ ဖြစ်သည်။ မယားနှင့်သားသမီးတို့ကို ရန်ကုန် ကမ္ဘာအေးရွာမှာ ထားခဲ့ရ၏။ နယ်စွန်နယ်ဖျားသို့ သားမယားခေါ်ခဲ့ရန်မှာမလွယ်ကူချေ။ တစ်နေရာရာမှာ အခြေစိုက်ပြီးသူများအဖို့ ပိုလို့ပင် မလွယ်ချေ။ ဦးစိုးမြင့်သည် ဆန္ဒအလျောက် ကွန်လုံအထကကျောင်းအုပ်ကြီးဖြစ်နေသည်မှာ နှစ်အတော်ကြာသွားလေပြီ။ ရန်ကုန်ရှိ အထက်လူကြီးများကလည်း နယ်စပ်နှင့်ရပ်ဝေး၌ သို့ကလို ဆန္ဒအလျောက်လုပ်နေကြသူများကို ကြာတော့ မေ့ထားတတ်ကြပြန်သည်။

ဒေါက်တာလှမြင့်လည်း သားမယားနှင့်ခွဲကာ ကွန်လုံဆေးရုံအုပ်ကြီး လုပ်နေသည်။ သူသည် ယခင်က အောင်ဆန်းကွင်းအားကစားသမားများ၏ဆရာဝန် ဖြစ်ခဲ့သည်။ လွန်ခဲ့သောတစ်နှစ်ကျော်ကမှ ကွန်လုံသို့ရောက်ခဲ့၏။ ဟိုက်ကမ်းပါးတိုက်ပွဲ အစပိုင်းမှာ ကွန်လုံသို့ရောက်ခဲ့ပြီး ရှေ့တန်းစစ်မျက်နှာနှင့်နဖူးတွေ့ ဒူးတွေ့ တွေ့ရသူ ဖြစ်၏။ ၄၂ ရက်ကြာသော ဟိုက်ကမ်းပါးတိုက်ပွဲအကြောင်းကို ဦးစိုးမြင့်နှင့်ဒေါက်တာလှမြင့်တို့ထံမှ အစပြုပြီး အသေးစိတ်သိခဲ့ရ၏။

ဗကပနှင့်ဆရာ့ဆရာများသည် သံလွင်အရှေ့ပိုင်းတစ်ခုလုံးကို စိုးမိုးရန်အကြံနှင့်ကွန်လုံမြို့ကို သိမ်းရန် အကြီးအကျယ် အားထုတ်ခဲ့လေသည်။ ကွန်လုံမြို့၏ ခံတပ်ကြီးသဖွယ်ဖြစ်သောဟိုက်ကမ်းပါးတောင်ကိုပင် သူတို့က နာရီအနည်းငယ်ကြာအောင် သိမ်းပိုက်ထားနိုင်ခဲ့သေး၏။ တပ်မတော်က အကြိတ်အနယ် ပြန်ထိုးစစ်ဆင်ကာ ဟိုက်ကမ်းပါးကို ပြန်လည်သိမ်းပိုက်ရသည်။ ထို့နောက် ဟိုက်ကမ်းပါးကို ဝိုင်းထားသော တောင်တန်းများမှ ဗကပတို့ကို မောင်းထုတ်ရသည်။ ၄၂ ရက်ကြာသောစစ်ပွဲ ဖြစ်၏။

ကျွန်တော် ကြားဖူးသလောက် ဤစစ်ပွဲမှာ တပ်မတော်နှင့်ဗကပတို့ တိုက်ခဲ့သမျှသော စစ်ပွဲများအနက် အပြင်းထန်ဆုံး ဖြစ်၏။

ကျွန်တော်နှင့်ဦးစိုးမြင့်တို့ စကားစမြီ ပြောနေကြစဉ် ထွန်းဝေတို့သည် လက်ဆွဲဓာတ်မီးကြီးတစ်လုံးနှင့်ပြန်ရောက်လာကြ၏။ တရုတ်လဖက်ရည်ဆိုင်တစ်ဆိုင်တွင် စည်းရုံးရေးဆင်းကာ ငှားလာခဲ့ကြခြင်း ဖြစ်၏။ ထိုဓာတ်မီးကြောင့် ညှော်ရိပ်သာတစ်ခုလုံး ဝင်းထိန်သွားပြီး ပျော်ရွှင်ဖွယ်ကောင်းသွားလေသည်။

နောက်ခဏကြာတော့ အိပ်ရာလိပ်များ ရောက်လာ၏။ ပလပ်စတစ်အိတ်များဖြင့်ထည့်ထားသော အိပ်ရာလိပ်များ ဖြစ်၏။ ဂွမ်းကပ်တစ်ခု၊ သက္ကလပ်စောင်တစ်ထည်၊ ခြင်ထောင်တစ်လုံး၊ ကင်းဘတ်အိပ်ရာခင်းတစ်ခု စသည်ဖြင့် အတော်စုံပါသည်။ ခေါင်းအုံးသာ ပါမလာခဲ့။ ကာကီရောင်လွှမ်းနေသဖြင့် တပ်မတော်မှ ပို့လိုက်ခြင်း ဖြစ်ကြောင်း ထင်ရှားပါ၏။

အိပ်ရာထိုင်ခင်း အစစအရာရာ အဆင့်သင့်ဖြစ်ပါပြီ။ ညစာစားရန်သာ ကျန်တော့၏။

ထမင်းစားရန် ဒေါက်တာလှမြင့်က ကျွန်တော်တို့ကို တပ်ရင်း ၁၀၅ ယာယီတပ်ရင်းရုံးသို့ ခေါ်သွား၏။ ကွန်လုံမြို့ အမြင့်ပိုင်းသို့တက်ကြရ၏။ တပ်ရင်းရုံးသည် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၏ ပရဝုဏ်ထဲရှိ ဇရပ်တစ်ဆောင်မှာ တည်ရှိ၏။ တပ်ရင်းမှူးနှင့်တကွ အရာရှိအချို့သည် ဇရပ်ပေါ်မှာပင် အိပ်ကြသည်။ စားတော့လည်း ကြမ်းပြင်ပေါ်မှာပင် ဖြစ်၏။ ဘောင်းဘီဝတ်ထားပြီး တင်ပလ္လင်ခွေထိုင်ရာတွင် တပ်မတော်သားများကား ကျင့်သားရနေလေပြီ။ ကျွန်တော်တို့ကတော့ ကျင့်သားမရသေးချေ။

ဇရပ်မှာ ကြမ်းခင်းက ကြဲပြီး ထရံအပေါ်ပိုင်းတွင် တစ်တောင်မျှဟာလာဟင်းလင်းဖြစ်နေ၍ တပ်မတော်အရာရှိများကို "ခင်ဗျားတို့ ဇရပ်က လုံလဲ မလုံဘူး၊ ညည တော်တော်ချမ်းမှာဘဲ"ဟု ကျွန်တော်က ပြောလေရာ၊ သူတို့က "မတတ်နိုင်ဘူးလေ ဆရာရယ်၊ သည့်ထက်ကောင်းတဲ့နေရာ မရနိုင်ဘူး"ဟု ရောင့်ရဲစွာပင် ဖြေကြလေသည်။

ဆန်ညံ့သဖြင့် ထမင်းမကောင်းသော်လည်း ကြက်သားဟင်းအရည်ကျဲကျဲ၊ ငါးပိထောင်း စပ်စပ်ချဉ်ချဉ်နှင့်စားလိုက်ကြတော့ မြိန်ပါသည်။

ကျွန်တော်တို့နှင့်အတူ တပ်မတော်အရာရှိများသာမက ဒေါက်တာလှမြင့်၊ ကျောင်းအုပ်ကြီးဦးစိုးမြင့်စသော အရပ်သားအရာရှိများလည်း ညစာ စားကြပါသည်။ တပ်ရင်း ၁၀၅ မှ တပ်မတော်အရာရှိများနှင့်အရပ်သားအရာရှိများသည် အခြားနေ့များမှာလည်း အတူတူပင်စားကြသည်ဟု သိရ၏။ သားမယား ပါမလာသူများဖြစ်၍တစ်ကြောင်း၊ ရှေ့တန်းစစ်မျက်နှာမှာအသက်စွန့်၍ တိုင်းပြည်တာဝန်ကို အတူတူထမ်းဆောင်နေကြသူများဖြစ်၍တစ်ကြောင်း စုပေါင်းချက်၍ စုပေါင်းစားနေကြခြင်း ဖြစ်၏။

လားရှိုးရောက်ကတည်းက ကျွန်တော်သည် စစ်ဖက်၊ နယ်ဖက်အချင်းချင်း နားလည်မှုအပြည့်ရှိပြီး ရဲဘော်ရဲဘက်စိတ် ပွားများနေကြသည်ကို တွေ့ရသဖြင့် အထူးဝမ်းမြောက်မိပါသည်။

ကျွန်တော်တို့သည် ညစာ စားကြပြီးနောက် တိပ်ရီကော်တာမှ ထွက်ပေါ် လာသောတေးသံများကို နားထောင်ကြသေးသည်။ ခဏကြာတော့ ဧည့်ရိပ်သာသို့ပြန်ခဲ့ကြ၏။

သတင်းထောက် ကိုအောင်မင်းကား ကျွန်တော်တို့အရင် ဧည့်ရိပ်သာသို့ရောက်နေနှင့်၏။ သူသည် တိကျသော အစွလမ်းဘာသာဝင်တစ်ယောက် ဖြစ်သဖြင့် ရှောင်သင့်သောအစားအစာများကို ရှောင်နေလေရာ ကျွန်တော်တို့နှင့်အတူ စားလေ့မရှိ။ ရောက်လေရာမှာ သူ့အစီအစဉ်သူလုပ်၍ စားလေသည်။ ယခု ကွန်လုံမြို့မှ ဆိုင်တစ်ဆိုင်တွင် စားသောက်ပြီးနောက် ဧည့်ရိပ်သာ သို့ ပြန်ရောက်နေခြင်းဖြစ်၏။

ဧည့်ရိပ်သာတွင် လျှပ်စစ်မီးလည်း လင်းနေပြီဖြစ်၏။ လျှပ်စစ်ဓာတ်အားပေးရုံကဧည့်သည်တော်တို့အတွက် အထူးအစီအစဉ်ဖြင့် ထွန်းပေးလိုက်ခြင်း ဖြစ်ပါ၏။ သို့သော် မီးသီးတစ်လုံးလျှင် ဖယောင်းတိုင် ၁၀ တိုင်အားထက် များသည်ဟု မထင်ပါ။

ဤကား ကွန်လုံမြို့ပေတည်း။

မတတ်မဖြစ်သော မြန်မာစာ မြန်မာစကား

နောက်နေ့နံနက်တွင် တပ်ရင်း ၁၀၅ ယာယီဌာနချုပ်လုပ်ထားသောဘုန်းကြီးကျောင်းသို့ သွားကြရပြန်၏။

ရှမ်းဘုန်းကြီးကျောင်းတစ်ကျောင်း ဖြစ်သည့်အတိုင်း အရှေ့ဘက်သို့ မျက်နှာလှည့်ဆောက်ထားလေသည်။ ကျောင်းဆောင်များအတွင်းသို့ ဝင်ကြည့်ရာ ဘုရားခန်းရှိတံခွန်ကုက္ကားတို့၏ ပုံသဏ္ဌာန်နှင့် အရောင်အဆင်းတို့မှတစ်ပါး မြန်မာဘုန်းကြီးကျောင်းများနှင့်ခြားနားလှသည်ကို မတွေ့ရချေ။ ဆရာတော်ကြီးအပြင်ထွက်နေသဖြင့် ဦးပဥ္စင်းကလေးတစ်ပါးကိုသာ ဖူးမြော်ခဲ့ရသည်။ မန္တလေးမှာ အတန်ကြာ စာသင်ခဲ့ဖူးသော ရှမ်းဦးပဥ္စင်းကလေး ဖြစ်၏။

ကျောင်းပေါ်မှဆင်းခဲ့ပြီး ကျောင်းပရဝုဏ်အတွင်း လှည့်ကြသည်။ တစ်နေရာတွင် တပ်မတော်ရဲဘော်အချို့သည် အိပ်နေသော ခွေးတစ်ကောင်အနီးမှာ ဝိုင်းဖွဲ့စကားပြောနေသည်ကို တွေ့ရ၏။ ခွေးမှာ ပါရီယာဟုခေါ်ကြသော အမျိုးညံ့ခွေးဖြစ်၏။ ကျွန်တော်တို့တွေ့နေကျ ဗမာခွေးများကို ပါရီယာ အမျိုးညံ့ခွေးဟု သတ်မှတ်ထားကြ၏။ တကယ်တော့ မညံ့ပါ။ ယခုတွေ့ရသော ခွေးကလေးအိပ်နေပုံမှာ နေထိုင်မကောင်း၍ အိပ်နေပုံနှင့်တူနေ၏။ ရဲဘော်များအား ကျွန်တော်က–

"ခွေးကလေး ဘာဖြစ်နေသလဲ"

ရဲဘော်တစ်ယောက်

"ဘာမှမဖြစ်ပါဘူး၊ မောလို့ အိပ်နေတာပါ"

ကျွန်တော်

"ဘာဖြစ်လို့ သည်လောက် မောနေတာလဲ"

အခြားရဲဘော်တစ်ယောက်

"မိုင်းရှာထွက်ရာက ပြန်လာလို့ မောပြီး အိပ်နေတာပါ ဆရာကြီး"

ကွန်လုံတစ်ဝိုက် ရှေ့တန်းစစ်မျက်နှာမှာ တကယ်ပင် "ရန်ငါ"ကွဲပြားခြားနားနေသော

စစ်မျက်နှာ ဖြစ်၏။ မိမိစစ်ကြောင်း အပြင်စည်းကို မိုင်းများမြှုပ်ကာ ရံထားသည့်နည်းတူ ရန်သူကလည်း သူတို့စစ်ကြောင်းအပြင်စည်းကို မိုင်းများ မြှုပ်၍ ကာရံထားသည်။ မိမိမိုင်းကို လုံခြုံစွာ ဖုံးကွယ်ရန် လိုသလောက် ရန်သူ၏ မိုင်းကို ရှာဖွေသိရှိရန် အရေးကြီးသည်။ ရဲဘော်များသည် ပါရီယာဟုခေါ်သော ဤခွေးကလေးကို မိုင်းရှာဖွေရေး သင်တန်းပေးထားကြသည်။ အလွန်မိုင်းရှာကောင်းသော ခွေးကလေးဖြစ်ကြောင်း ချီးကျူးပြောဆိုကြ၏။ ခွေးကလေးကား ကျွန်တော်တို့ ချီးကျူးပြောဆိုနေကြသည်ကို မကြား၊ ကြားရန်လည်း အားမထုတ်၊ ကုန်သောအားကိုဖြည့်ရန် အိပ်ပျော်အောင် အိပ်နေရှာသည်။

ပါရီယာခွေးကလေး အမျိုးညံ့မဟုတ်ပုံကို ပြောဆိုနေကြစဉ် ထွန်းဝေက ကျွန်တော့်ကို လာခေါ်သည်။

"ဆရာ – ဟိုနား လိုက်ခဲ့စမ်းပါ၊ ရှုခင်းအလှတစ်ခုကို ကြည့်ရအောင်"

သူခေါ်ရာသို့လိုက်သွားသောအခါ ညောင်ဗုဒ္ဓေပင်ကြီးတစ်ပင်ကထီးမိုးပေးထားသော ကွက်လပ်တစ်ခုသို့ရောက်သွားလေသည်။ ထိုကွက်လပ်သည် တောင်ကလပ်ကလေးတစ်ခုသဖွယ် တည်ရှိ၏။ ညောင်ဗုဒ္ဓေပင်ကြီးအောက်တွင် တပ်မတော်သားတစ်စု ရိက္ခာဝေငှရေးလုပ်နေကြ၏။

ညောင်ပင်ကြီးနှင့်တပ်မတော်သား ရဲဘော်များကို ကျော်၍ ကြည့်လိုက်သောအခါ နမ့်တင်းချောင်းနှင့်သံလွင်မြစ်ပေါင်းဆုံရာ မြင်ကွင်းကျယ်ကြီးတစ်ခုလုံးကို စီး၍ မြင်နေရ၏။ ဤနေရာတွင် သံလွင်မြစ်မှာ ဖြောင့်တန်းပြီး မြစ်ရေပြာလဲ့နေ၏။ နမ့်တင်းချောင်းကား ကောက်ကွေ့ပြီး မြစ်ရေက ဝါနောက်နေ၏။ သံလွင်မြစ်လည်း တရုတ်ပြည်မှာ မြစ်ဖျားခံသည်။ နမ့်တင်းချောင်းလည်း တရုတ်ပြည်မှာ မြစ်ဖျားခံသည်။ သို့သော် သဘာဝချင်း ခြားနားနေသည်တကား။

သံလွင်မြစ်ထဲသို့ နမ့်တင်းချောင်း စီးဝင်ရာ ချောင်းဝတွင် ကျွန်းကြီး(ကွန်+လုံ)ဖြစ်ပေါ်တည်ရှိ၏။ ကျွန်းကြီးမှာ လယ်ယာကိုင်းကျွန်းတို့ဖြင့် စိမ်းလန်းနေ၏။

သံလွင်၊ နမ့်တင်းနှင့်ကွန်လုံတို့၏ နောက်ခံကားချပ်ကား ညို့ညို့မှိုင်းမှိုင်း တောင်တံတိုင်းများနှင့်ကြည်လင်ပြာလဲ့သည့်ကောင်းကင်တို့ပင်တည်း။ ထွန်းသစ်စနေမင်းသည် တံတိုင်းများပေါ်ကျော်တက်နေပြီဖြစ်ရာ မြစ်တွင်လည်းကောင်း၊ ချောင်းတွင်လည်းကောင်း၊ တောင်တွင်လည်းကောင်း၊ တောတွင်လည်းကောင်း၊ ကျွန်းတွင်လည်းကောင်း ရွှေရေးရွှေနားကွပ်ထားသည်နှင့်တူတော့၏။

ရှုမြင်ခင်းအလှကို ကျွန်တော်တို့သာ ငေးမောနေနိုင်သည်။ တပ်မတော်ရဲဘော်များကား ငေးမောမနေအားပါ။ တပ်မတော် သက်သာချောင်ချိရေးအဖွဲ့သားတို့က ငပိ၊ ငါးခြောက်၊ ငရုတ်သီး၊ ကြက်သွန်၊ ဆေးလိပ် စသောရိက္ခာများကို ရောင်းချပေးကြပြီး ရဲဘော်များက ဝယ်

နေကြ၏။

ယခုအခါ အပြင်တွင် အစစအရာရာ ကုန်ဈေးနှုန်းများ တက်နေပေရာ ကုန်ခြောက် ကုန်စိမ်း ရိက္ခာဝယ်ရန်အတွက် ရဲဘော်တစ်ဦးလျှင် တစ်နေ့ မည်ရွေ့မည်မျှထုတ်ပေးသောပိုက်ဆံသည် ဝယ်အားလျော့နေသည်။ ထိုအခက်အခဲကို တစ်စိတ်တစ်ဒေသ ဖြေရှင်းနိုင်ရန် တပ်မတော်သက်သာချောင်ချိရေးအဖွဲ့က ကြိုးစားနေသည်။ သို့သော် ပြဿနာက ဖြေရှင်းနိုင်စွမ်းထက်ပိုကြီးနေသည်ဟုသိရ၏။ ရဲဘော်များ အာဟာရဓါတ်ချို့ယွင်းမှု များလာကြောင်း၊ ရဲဘော်များကြား ငှက်ဖျားဖြစ်မှုနှုန်း မြင့်တက်လာခြင်းက သက်သေပြနေသည်ဆို၏။

အံ့သြစရာကောင်းသည်မှာ ရဲဘော်များသည် ဤဒုက္ခ, ထိုဒုက္ခများအတွက် မညည်းမညူကြဘဲ တိုင်းပြည်၏ ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းရွက်နေကြောင်း သွားလေရာမှာ တွေ့ခဲ့ရခြင်းပေတည်း။ (ဤအချက်ကို အခါအခွင့်သင့်တိုင်း ဆက်လက်ဖော်ပြသွားမည်)။

ထွန်းဝေက ခေါ်ပြလေသော ထိုရှုခင်း အလှကို ကြည့်ပြီးနောက် ကျွန်တော်တို့သည် ကွန်လုံအစိုးရအထက်တန်းကျောင်းသို့ သွားကြလေသည်။

ကွန်လုံ၏ အမြင့်ပိုင်းတွင် တည်ရှိသော်လည်း ကျယ်ဝန်းပြန့်ပြူးသော ကျောင်းဝင်းကြီးဖြစ်၏။ အုတ်ခုံပေါ် ကြမ်းပြင်ခင်းသော တစ်ထပ်ကျောင်းအဆောက်အဦများမှာ ပြန့်ကြဲတည်ရှိကြ၏။ ခန်းမကြီးမှာ ဟောပြောပွဲ လုပ်လေသည်။

ပထမဦးစွာ ကျောင်းအုပ်ကြီးဦးစိုးမြင့်က ကျွန်တော်တို့ ဆရာ ဆရာမများနှင့်မိတ်ဆက်ပေးသည်။ ရှမ်း၊ ဗမာ၊ ကချင် စသည်ဖြင့် လူမျိုးစုံသဖြင့် ဝမ်းသာရ၏။ ကျောင်းသားများမှာလည်း တိုင်းရင်းသားလူမျိုးစုံ ဖြစ်သည်။ အများဆုံးမှာ ကိုးကန့်တရုတ်ကလေးများဖြစ်ပြီး ဒုတိယအများဆုံးမှာ မြန်မာများ ဖြစ်သည်။ အထက ဖြစ်သည်မှာ မကြာသေးသဖြင့် ယခုနှစ် ၉တန်းသာရှိသေးသည်။ အလယ်တန်းကျောင်းသားများအနက် အချို့မှာငယ်ပြီး အချို့မှာကြီးသည်။ ပြည်နယ်များမှာ တွေ့လေ့ရှိသည့်အတိုင်း ၅ တန်းကျောင်းသားအချို့သည် ၁၄–၅ နှစ်ဖြစ်ကြသည်။

ကျွန်တော်က ပထမဆုံးဟောသည်။ မြိတ်မှနေ ပူတာအိုသို့ တီးတိန်မှနေ ကွန်လုံသို့ ရောက်လေရာအရပ်၌ တိုင်းရင်းသားလူမျိုးများ ရောနှောနေထိုင်ကြပြီး အချင်းချင်းမြန်မာစာ မြန်မာစကားဖြင့် ဆက်သွယ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးအားလုံး မြန်မာစာ၊ မြန်မာစကားကို မတတ်လို့ မဖြစ်၊ မကျွမ်းကျင်လို့မရ၊ တိုင်းရင်းသားလူမျိုးတစ်ဦးစီတစ်ဦးစီ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်းကောင်း၊ မြန်မာစာမြန်မာစကားကို ကျွမ်းကျင်အောင် အားထုတ်ဖို့အထူးလိုအပ်ကြောင်း ဟောပြောခဲ့ပါသည်။



တိုင်းရင်းသား ဈေးသူဈေးသားတွေကို ဟိုမေး သည်မေး



နယ်စွန်နယ်ဖျားမှ ကျောင်းသားများကို ဟောပြောကြစဉ်

ဖိုးကျော်မြင့်က မြန်မာစာ မြန်မာစကား ကျောင်းသားများ ကျွမ်းကျင်စွာ တတ်မြောက်ရေးအတွက် မြန်မာသဒ္ဒါ၊ မြန်မာစာစီစာကုံး၊ အလင်္ကာ၊ ရသစသည်များကို စကားကြီးစကားကျယ်တွေ မပါဘဲနှင့်လိုရင်းရောက်အောင် ရှင်းလင်းလွယ်ကူစွာ ဟောပြောပို့ချသွားသည်။ ကလေးတွေနှင့်အမေးအဖြေ လုပ်ရင်း ဟောပြောသည်ဖြစ်ရာ ကလေးများ ကောင်းစွာ လိုက်နိုင်ကြောင်း ကျွန်တော် သတိပြုမိသည်။

ထွန်းဝေမှာ အတန်တန် ငြင်းဆန်သော်လည်း မရသဖြင့် ဟောပြောရပြန်၏။ သူက ဖိုးကျော်မြင့်လိုပင် ဆရာ အက်တင်ခံပြီး ကျောက်သင်ပုန်းကြီးကို အသုံးပြု၍ ဂဏန်းတွက်ပြသွားသည်။ သူ့အသက်၊ ဖိုးကျော်မြင့်အသက်၊ ကျောင်းအုပ်ကြီးဦးစိုးမြင့်၏ အသက် စသည်များကို ရေးချပြီး အစွမ်းကုန်နေကြရမည့်အသက်မှ နုတ်ပြသည်။ နောက် ကလေးတို့အသက်ကို ကြိတ်နှုန်းတွက် ရေးပြပြီး အပေါင်းအနှုတ် လုပ်ပြလေသည်။ သူ့ဂဏန်းသင်္ချာ၏ အဖြေမှာ လူငယ်များသည် အနေးနှင့်အမြန် လူကြီးများ၏ နေရာကို ယူရမည်။ ထိုသို့ နေရာယူရမည်။ ထိုသို့ နေရာယူပြီး ရှေ့ဆက်ချီတက်ကြရမည်။ သို့ကလို နေရာယူပြီး ရှေ့ဆက်ချီတက်နိုင်ရန် စာကြိုးစားကြရမည်ဟူသတည်း။ သူကား တောင်ပေါ် သားကလေးများပင် လွယ်ကူစွာ သဘောပေါက်အောင် ပြောတတ်သူပါတည်း။

ကွန်လုံလာကတည်းက စစ်ရေးစစ်ရာများနှင့်ပတ်သက်ပြီး ဟိုက်ကမ်းပါးဟူသော အမည်ကို ကြားနေရသည်။ အမည်၏ အဓိပ္ပါယ်ကို မေးကြည့်ရာ ရေလည်စွာ ပြောနိုင်သူ မတွေ့ရသေးပါ။ သို့သော် အချို့က တရုတ်တို့ကသာ ဟိုက်ကမ်းပါးဟုခေါ်ပြီး ရှမ်းတို့က လွယ်အင်္ဂါဟုခေါ်သည်ဆိုပါ၏။ ရှုဒ္ဓရသဟု မမြင်၊ အလင်္ကာဟုထင်မည်စိုးသောကြောင့် ကျွန်တော်သိသော ထိုရှမ်းအမည်၏ အနက်အဓိပ္ပါယ်ကို မဖော်ပြလိုက်တော့ပါ။

ကွန်လုံရောက်ကတည်းက ဟိုက်ကမ်းပါးတောင်ကို ရှုဒေါင့်အမျိုးမျိုးမှ ခဏခဏမျှော်ကြည့်မိပါသည်။ ယခုအခါ ကျောင်းဝင်းထဲ ရှုဒေါင့်မှနေပြီး ဟိုက်ကမ်းပါးတောင်ကို လှမ်းမျှော်ကြည့်လိုက်ပြန်ပြီ။ ရှမ်းအမည် လွယ်အင်္ဂါနှင့်အတော်ပင် လိုက်ဖက်သောသဏ္ဍာန်ကို ဆောင်သည့်တောင်ပေတည်း။ ထိုတောင်ကို နောက်နေ့မှ တက်ကြည့်ကြရမည်။ ယခုမူ ကျွန်တော်တို့သည် ဟိုပန်မြို့သို့ သွားကြမည် ဖြစ်၏။


အညာသူ အညာသားတို့နှင့်

ဟိုပန်မြို့သို့ ကြက်ခြေနီတံဆိပ်များပါသော ဂျစ်ကားတစ်စီးဖြင့် သွားကြလေသည်။ ဒေါက်တာလှမြင့်၏ဂျစ်ကားဖြူနှင့်လားရှိုးမှ ကျွန်တော်တို့ယူခဲ့သော ကမ္ဘောဇခင်လှိုင်၏ဂျစ်ကားဖြူတို့ဖြစ်၏။ ကားမောင်းသူ ဒေါက်တာလှမြင့်၏ဘေးတွင် တပ်ရင်းမှူးသူရညွန့်တင်နှင့် ကျွန်တော်တို့က စီးနင်းလိုက်ပါခဲ့ကြသည်။

နောက်ပိုင်းတွင်ကား အမျိုးသားအချို့အပြင် သူနာပြုဆရာမ ၃ ဦးပါလာခဲ့၏။ တစ်ယောက်က မြောင်ဇီး၊ တစ်ယောက်က ရှမ်းနှင့်ကျန်တစ်ယောက်က ကချင်ဖြစ်သည်။ (ဤဘက်ရှိကချင်အများစုမှာ အဇီးများဖြစ်၏။ ဆရာမလေးများသည် ဘာသာပြန်အဖြစ်ဖြင့် များစွာအသုံးဝင်ကြလေသည်။ မြောင်ဇီးဆရာမလေးဆိုလျှင် မြန်မာနှင့်မြောင်ဇီးကိုသာမက တရုတ်နှင့်လွယ်လ(ဝ)ကိုလည်း ကောင်းစွာပြောနိုင်သည်။ နောက်ဂျစ်ကားတွင်ကား ထွန်းဝေနှင့်အခြားသူများ လိုက်ပါခဲ့ကြသည်။ ဤအရပ်တွေ ရောက်သောအခါ ရုပ်ရှင်မင်းသားကိုလည်း လူသိနည်းသွားလေပြီ။

ကွန်လုံမြို့မှထွက်သောအခါ နမ့်တင်းချောင်းအလိုက် ဆန်တက်ကြရ၏။ ကားလမ်းမှာ ၁၂ ရာသီလမ်း ဖြစ်သော်လည်း ကတ္တရာစေး ခင်းမထားချေ။

နမ့်တင်းချောင်းဝှမ်းမှာ နမ့်နင်းချောင်းဝှမ်းနှင့်လည်းကောင်း သံလွင်မြစ်ဝှမ်းနှင့်လည်းကောင်း မတူချေ။ နမ့်တင်းချောင်းဝှမ်းသည် ကျယ်ပြန့်၏။ ဘေးက တောင်နှင့်ချောက်ကမ်းပါးများကလည်း နိမ့်၏။ တောနက်များကိုလည်း မတွေ့ရ။ စိုက်ပျိုးခင်းများကို အများအပြား တွေ့ရသည်။ နမ့်တင်းချောင်းရေကလည်း အထက်ဆန်လေ ဝါညစ်လေဖြစ်၏။



ကွန်လုံမှ ဟိုပန်သို့အသွား ကူးတို့ပေါ်တွင်

လမ်းတွင် နမ့်ဟူးရွာ၌ ခဏရပ်ကြလေသည်။ ဈေးကလေးတစ်ခု ရှိသည်။ သို့သော် ဈေးနေ့ကားမဟုတ်၊ လူတစ်ယောက်သည် ချောင်းထဲမှ ငါးတွေဖမ်းပြီး တက်လာသည်ကို တွေ့ရသဖြင့် ဝယ်ယူခဲ့ကြသည်။ ကွန်လုံမြို့နေ ပုဂ္ဂိုလ်များက ပြောသဖြင့် သိရသည်မှာ စားရကံကြုံ၍ မုတ်ဆိတ်ပျားစွဲခြင်း ဖြစ်သည်။ ဤအရပ်မှာ ငါးရှားသည်။ နမ့်ဟူးရွာတွင် ကိုးကန့်တရုတ် ကာကွယ်ရေးအဖွဲ့မှ တပ်ခွဲမှူးဆိုသူ တစ်ယောက်ကို တွေ့ရသည်။ အရပ်အမောင်း ခပ်ကောင်းကောင်း၊ ရုပ်ရည်သန့်သန့်ဖြစ်၏။ ဤရွာနှင့်ဘေးပတ်ဝန်းကျင်တွင် သူတို့အဖွဲ့က တာဝန်ယူကာကွယ်ရသည်။ ထွန်းဝေအား သူနှင့်မိတ်ဖွဲ့စေပြီး သူ့ကို ဟိုပန်အရောက်ခေါ်ခဲ့ကြသည်။ (ကျွန်တော်တို့ နမ့်ဟူးရွာသို့ ရောက်ခဲ့သည်မှာ ၈–၁၂–၇၂ တွင်ဖြစ်သည်။ ၁၁–၁၂–၇၂ နေ့ည သန်းခေါင်ကျော်ချိန်တွင် ဗကပ ကွန်မန်ဒိုက ဤရွာကို ဝင်စီးသွားရာ ကာကွယ်ရေးဖွဲ့သား သုံးဦးကျဆုံးပြီး ၃ ဦးဒဏ်ရာရခဲ့သည်။ နံနက် ၃ နာရီကျော်သောအခါမှ ဗကပများ ဆုတ်ခွာသွားကြလေသည်။ သူတို့ဖက်မှ မည်ရွေ့မည်မျှ ကျဆုံးထိခိုက်ဒဏ်ရာရသည်ကိုကား ကျွန်တော်မသိခဲ့ပါ)။

ကျွန်တော်တို့သည် နမ့်တင်းချောင်းကို ဖောင်ကူးတို့ဖြင့် ကူးကြရ၏။ မော်တော်ကား ၂ စီးစလုံး ဖောင်ပေါ်မောင်းချသည်။ ဖောင်မှာ လူလှော်ရသောဖောင် မဟုတ်။ မော်တော်ဖြင့် ဝင်း၊ ရေနွေးငွေ့နှင့်လည်းကောင်း မောင်းနှင်သောဖောင်လည်း မဟုတ်ပါ။ ချောင်း၏ဟိုဖက်ကမ်း ဒီဖက်ကမ်းကို သံလွန်းကြိုးကြီးသွယ်တန်းထားသည်။ သံကြိုးပေါ်တွင် စက်သီးတပ်ထားပြီး စက်သီးကြိုးဖြင့် ဖောင်ကို ချည်ရသည်။ ချောင်းရေစီးအားက ဖောင်ကို တွန်းသောအခါ သွယ်တန်းထားသော သံလွန်းကြိုးအလိုက် စက်သီးက လိမ့်သွားပြီး ဖောင်သည် တစ်ဖက်ကမ်းသို့ ကူးလေတော့သည်။ ဖောင်ကူးတို့ဖြင့် ဖြတ်ကူးနေစဉ် ကိုးကန့်ကာကွယ်ရေးတပ်ခွဲမှူးအား သူ့အကြောင်းကို မေးမြန်းကြည့်လေသည်။ သူသည် ကိုးကန့်တရုတ်ပင်ဖြစ်သော်လည်း ငယ်ငယ်က တရုတ်စာကိုရော စစ်ပညာကိုပါ တရုတ်ပြည်ဖက်မှာ သင်ကြားခဲ့သူ ဖြစ်လေသည်။

ကိုးကန့်တွင် စော်ဘွားယန်း(ဂျင်မီယန်း)နှင့်နှမအောလစ်ဖ်ယန်းတို့ တန်ခိုးသြဇာကြီးစဉ်ကပင် ကာကွယ်ရေးတပ်များ ရှိခဲ့၏။ ဤတပ်ခွဲမှူးသည် ထိုစဉ်ကပင် ကိုးကန့်ကာကွယ်ရေးတပ်ဖွဲ့တွင် ပါဝင်အမှုထမ်းခဲ့၏။ ယခုအခါ ကိုးကန့်ကာကွယ်ရေးတပ်ဖွဲ့သည် သုံးစုကွဲနေသည်။ တစ်နည်းဆိုလျှင် ကိုးကန့်တရုတ်များသည် အင်အားစု ၃ ရပ်အဖြစ်ဖြင့် တည်ရှိနေသည်။ ဖုန်ကျားရှင်၊ ဖုန်ကျားဖူး၊ ဖုန်ကျားယုစသူတို့ ခေါင်းဆောင်သော ကိုးကန့်ကာကွယ်ရေးများက ဗကပဖြစ်နေကြလေသည်။ ယခုအခါ သူတို့သည် ကိုးကန့်နယ်မြေအများအပြားကို စိုးမိုးထားသည်။ စော်ဘွားယန်း(ဂျင်မီယန်းခေါင်းဆောင်သော ကိုးကန့်)ကာကွယ်ရေးအဖွဲ့သားတို့က ဦးနု၊ ဗိုလ်လကျ်ာ၊ ဦးလောရုံစသူတို့နှင့်သွားပေါင်းနေကြသည်။ သူတို့သည် ကိုးကန့်နယ်မှာလည်းကောင်း၊ အခြားပြည်ထောင်စုမြန်မာနိုင်ငံနယ်မြေတစ်ခုခုမှာလည်းကောင်း၊ အခြေခံစခန်း မ

တည်ထားနိုင်ဘဲ တစ်ဖက်နိုင်ငံမှာသာ ခြေကုပ်ယူထားသည်။ ကျန်အင်အားစုမှာ လားရှိုးမြို့နေ ဦးလောစစ်ဟန်ခေါင်းဆောင်သောကိုးကန့်ကာကွယ်ရေးအဖွဲ့ဖြစ်သည်။ သူတို့သည် ပြည်ထောင်စုအလံကို ကိုင်စွဲကာ တော်လှန်ရေးကောင်စီဖက်မှာ ရှိနေသည်။ တပ်မတော်က ထားသောနေရာမှာ ဗကပများကိုလည်းကောင်း၊ စော်ဘွားယန်း၏နောက်လိုက်များကိုလည်းကောင်း ဆန့်ကျင်တိုက်ခိုက်နေသည်။ သူတို့သည် ကွန်လုံမြို့ပေါ်ရှိ ကိုးကန့်တရုတ်များကိုလည်း လက်နက်မကိုင်သေးသော ပြည်သူ့ကာကွယ်ရေးများအဖြစ်ဖြင့် စည်းရုံးထားသည်။ ကာကွယ်ရေးအဖွဲ့၏ ဖွဲ့စည်းပုံများနှင့်အခြားအကြောင်းများကို ထိုတပ်ခွဲမှူးထံမှမေးမြန်းရန် ကြံရွယ်နေဆဲ ရှေ့ခရီးဆက်ကြရသောကြောင့် မမေးခဲ့ရချေ။

ကျွန်တော်တို့သည် လွယ်လ၊ သို့မဟုတ် လဝ သို့မဟုတ်(ဝ)နယ်သို့ ဝင်ခဲ့ကြလေပြီ။


အတန်ကြာသောအခါ မြေကျေးရှင်းဉယျာဉ်၊ ပြည်သူ့ရဲစခန်း၊ မြို့နယ်စုပေါင်းရုံး၊ ပြည်သူ့ဆေးရုံစသော အဆောက်အဦများကို တွေ့မြင်ရလေသည်။ ဤသည်ကား ဟိုပန်မြို့ဖြစ်၏။

ဟိုပန်မြို့နယ်သည်လွယ်လ(ဝ)တိုင်းရင်းသားအများစုနေထိုင်ရာမြို့နယ်တစ်နယ်ဖြစ်၏။ ဟိုပန်မြို့ပေါ်တွင် ရှမ်းအတော်များသော်လည်း မြို့နယ်တွင် ရှမ်းမှာ လူနည်းစုသာဖြစ်၏။ အခြားလူနည်းစုလူမျိုးများလည်း ရောနှောနေထိုင်ကြသည်။

ထိုနေ့သည် ဟိုပန်ဈေးနေ့ ဖြစ်သဖြင့် လူစည်ကားလှသည်။

ကျွန်တော်တို့သည် ခရီးရောက်မဆိုက်ပင် ဈေးကို လျှောက်ကြည့်ကြလေသည်။ ဈေးဆိုင်တွေများသလောက် ဈေးဝယ်တွေက ကြိတ်ကြိတ်တိုးစည်ကားနေ၏။ ဈေးဝယ်အများစု၏ အသွေးအရောင်နှင့်ရုပ်ရည်တို့မှာ ကျွန်တော်တို့အထက်မြန်မာပြည်မှ အညာသားများနှင့်ချွတ်စွပ်တူနေသဖြင့် အံ့သြရသည်။ အညာသားအညာသူများကဲ့သို့ အသားအရောင်က ညိုမဲသည်။ မျက်လုံးမျက်ဖန်၊ နှာခေါင်းစသည်တို့မှာ မြန်မာစစ်စစ်ကြီးများနှင့်တူသည်။ ဘယ့်နှယ် သည်နယ်မြေမှာ ကိုယ့်အညာသားကိုယ့်အညာသူတွေနှင့် လာတွေ့နေပါလိမ့်မလဲဟု အောက်မေ့မိ၏။ သို့သော် သူတို့သည် မြန်မာလို ဝတ်မထားကြ။ အချို့မှာ ရှမ်းလိုဝတ်ပြီး အချို့မှာ တရုတ်လိုဝတ်ထားသည်။ ကျန်အချို့မှာမူ ဝတ်တော့ထားသည် ဘာလိုဝတ်ထားသည်ဟုကား ပြောရန် ခက်သည်။ သူတို့ပြောသောစကားမှာလည်း တစ်ဘာသာ ဖြစ်၏။

ဒေသခံများထံမှ စုံစမ်းကြည့်ရာ သူတို့သည် လွယ်လ(ဝ)များဖြစ်ကြောင်း သိရှိရလေသည်။ လွယ်လဟူသော အခေါ်အဝေါ်မှာ ယဉ်ကျေးပြီး လဝ၊ သို့မဟုတ် (ဝ)ဟူသောအခေါ်အဝေါ်မှာ ရိုင်းသည်ဟုဆိုပါသည်။ ထို့ကြောင့် ကျွန်တော်ကတော့ သူတို့ကို လွယ်လဟုပင်ခေါ်ပါတော့မည်။



ပန်လုံဈေးမှာ သူတို့တစ်တွေ ဘာတွေ ဘယ်ဈေးနှင့်ရောင်းနေကြပါလိမ့်



တပ်မတော်သားတို့ထံမှ လက်ဆောင်ကို မြန်မာလိုဝတ်ထားသော မြောင်ဇီးဆရာမကလေးကတဆင့် ဝေငှပေးနေစဉ်

အနောက်နိုင်ငံဘာသာဗေဒပညာရှင်များက လွယ်လတို့ပြောသောစကားသည် မွန်၊ ခမာအုပ်စုဝင်ဖြစ်သည်။ တိဘက်မြန်မာအုပ်စုတွင် မပါဟု သတ်မှတ်ပြဋ္ဌာန်းထားကြသည်။ ယနေ့အထိ မြန်မာဘာသာဗေဒပညာရှင်များကလည်း ထိုအဆိုအတိုင်းပင် လက်ခံထားကြ၏။ လွယ်လတို့၏ အသွေးအရောင်နှင့်ရုပ်လက္ခဏာတို့ကိုကြည့်ပြီး ကျွန်တော်သည် ထိုအဆိုကို သံသယဝင်လာ၏။ လွယ်လနှင့်မြန်မာ အလွန်နီးစပ်ရမည်ဟုထင်လာသည်။ ကထိကဖိုးကျော်မြင့်သည်လည်း ကျွန်တော်လိုပင် ထင်မြင်လာလေသည်။

ဈေးသည်များကား တရုတ်၊ ရှမ်းနှင့်မြန်မာများသာ များလေသည်။ ဟင်းသီးဟင်းရွက်နှင့်အခြားဒေသထွက်ကုန်များကို ရောင်းသူများမှာ များသောအားဖြင့် လွယ်လများဖြစ်သည်။ လွယ်လမိန်းမတစ်ယောက်သည် ဘောင်းဘီဖင်ကြပ်နှင့်ဗိုက်ဖုံးအင်္ကျီကိုဝတ်ပြီး ငြုတ်သီးစိမ်းရောင်းနေသည်။

ထိုမိန်းမဝတ်နေသောဘောင်းဘီဖင်ကြပ်မှာ ခေတ်မှီပြီး အမျိုးအစားကောင်းလှသဖြင့် ထိုဘောင်းဘီကို ငြုတ်သီးစိမ်းရောင်းသူက ဘယ်လိုလုပ်ထားရသလဲဟုဟိုပန်ရှိ ကျွန်တော်တို့သတင်းထောက်ကို မေးကြည့်သည်။ (ငြုတ်သီးစိမ်းရောင်းသည်မှာလည်း များများစားစား မဟုတ်။ ဖက်ရွက်ကလေးတွေပေါ် တစ်ပုံစီ ပုံထား၍ ရောင်းရရှာသည်။) ကြက်ခြေနီကလည်းကောင်း အခြားကယ်ဆယ်ရေး ဌာနများကလည်းကောင်း ဒုက္ခသည်များကို ဝေထားသော ဘောင်းဘီဖင်ကြပ် ဖြစ်ပါလိမ့်မည်ဟု ကျွန်တော်တို့၏ဟိုပန်သတင်းထောက်က ထင်မြင်ချက်ပေးလေသည်။ သူ့ထင်မြင်ချက်မှာ မှားမည်မထင်ပါ။

လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ ကွန်လုံစသော မြို့များတွင် လူအများအပြားသည် ယခုအခါ ဂျာကင်ကောင်းကောင်း ဆန်းဆန်းတစ်မျိုးကို ဝတ်နေကြကြောင်း တွေ့ရှိရပါသည်။ လောဂျာကင်ဟုခေါ် သူက ခေါ်၏။ စုံစမ်းကြည့်သောအခါ ကြက်ခြေနီ၊ သို့မဟုတ် အခြားကယ်ဆယ်ရေးအဖွဲ့များက ဒုက္ခသည်များကို အဝတ်အထည်များ ဝေငှလေရာ နိုင်ငံခြားမှ လှူဒါန်းသောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တို့၏ဆန္ဒအတိုင်း ဒုက္ခသည်တို့၏လက်သို့အရောက်ဝေရသည်။

ဖော်ပြပါ ဂျာကင်များကိုလည်း ဒုက္ခသည်များလက်သို့အရောက် ဝေငှခဲ့၏။ ဒုက္ခသည်များလက်မှ ကုန်သည်ကလေးတို့က တစ်ထည် ၆၀ ကျပ်နှင့်လိုက်ကောက်ကြသည်။ ဒုက္ခသည်များသည် ငွေ ၆၀ ကျပ်နှင့်ဆန်ဝယ်ပြီး သူတို့အိမ် ပြန်သွားကြသည်။ ကုန်သည်ကလေးများမှာ ကုန်သည်ကြီးများလက်သို့ တစ်ဆင့်သွင်းကြလေသည်။ နောက်ဆုံးသုံးစွဲသူက ဝယ်ရသောအခါ ဂျာကင်တစ်ထည် ၃၀၀ ကျပ်လောက် ပေးရသည်ဆို၏။ ထို့ကြောင့် ဒေသဆိုင်ရာအဖွဲ့အစည်းများက ဒုက္ခသည်များအား ဝေငှရန် ပစ္စည်းအချို့ကို ကုန်သည်ထံ ရောင်းချထုခွဲပြီးမှ ရသောပိုက်ဆံဖြင့် ဆန်ဆီဆား စသောကုန်ပစ္စည်းများ ဝယ်ယူကာ ဝေငှလိုကြသည်ဟုသိခဲ့ရပါသည်။

နံပါတ် ၁ မှ နံပါတ် ၄ သို့

ဟိုပန်ဈေးတွင် ရောင်းကုန်များအနက် အထူးခြားဆုံးမှာ ပျိုင့်တူးတူးလေသေနတ်နှင့် ဘိန်းဖြစ်ပါသည်။ လေသေနတ်မှာ တစ်ဖက်နိုင်ငံလုပ် ဖြစ်သည်။ အတော်ပင် သေသပ်ကောင်းမွန်၏။ ကျွန်တော်တို့ဆီမှာကား လိုင်စင်နှင့်ကိုင်ရသည်။ ထိုဒေသတစ်ဝိုက်တွင်ကား လွတ်လပ်စွာ ရောင်းဝယ်နေကြပြီး လိုင်စင်မယူဘဲ ကိုင်နေကြ၏။ ဈေးမေးကြည့်ရာ တစ်လက် ၂၀ဝ ကျပ်ဟုဆိုသည်။ တစ်ခါတုန်းကမူ ဟိုပန်ဈေးမှာ အခြားသေနတ် လက်နက်များကိုပင် လွတ်လပ်စွာ ရောင်းဝယ်ခဲ့ကြသေးသည်ဟုဆိုပါ၏။ ယခုမူ အာဏာပိုင်တို့က ပိတ်ပင်တားမြစ်လိုက်သောကြောင့် ဈေးမှာ ချမရောင်းတော့ခြင်း ဖြစ်လေသည်။

ဈေးဝယ်ကြသူများတွင် မြောင်ဇီးမိန်းမလေးငါးခြောက်ယောက်ကို တစ်စုတစ်ဝေးတည်း တွေ့သဖြင့် စကားပြောကြည့်သည်။ မြောင်ဇီးသူနာပြုဆရာမကလေးက ဘာသာပြန်လုပ်၏။ သူတို့သည် ဆန်၊ ဆီ၊ ဆား၊ ငါးပိ စသောစားသုံးကုန်များကို လာဝယ်ကြ၏။ ဆီမှာ ဝက်ဆီဖြစ်၏။ သူတို့၏ အလုပ်အကိုင်ကို မေးကြည့်ရာ ပျံကျအလုပ်သမားများဖြစ်ကြောင်း၊ ယခုအခါဘိန်းခင်းများတွင် ပေါင်းသင်သည့်အလုပ်ကို လုပ်ကြရကြောင်း၊ တစ်နေ့လျှင် ၂ ကျပ် ပြား ၅၀ စီရကြောင်း၊ ဘိန်းခင်းရှင်က ထမင်းသုံးနပ်ကျွေးကြောင်း စသည်ဖြင့် သိရ၏။ ဒေသကုန်ဈေးနှုန်းများနှင့်စာသော် ၂ ကျပ် ပြား ၅၀ သည် အလွန်နည်းနေ၏။ ထမင်းကျွေးလို့သာ တော်သေးတော့၏။ ထိုဘိန်းခင်းလုပ်သားများ၏ အခြေအနေကိုကြည့်ပြီး မူလကုန်ထုတ်လုပ်သူ(Primary Producer)တိုင်းသည် အနည်းဆုံး ခံစားကြရသည်ဟူသော သဘောအဆိုတစ်ရပ် မှန်လှပုံတွေ့မြင်ရပြန်ပါပြီ။

မြေပြင်တွင် ရှက်ဖျင်ခင်း၍ ကုန်ပစ္စည်း တောက်တိုမယ်ရ ရောင်းချနေသူတစ်ဦးကို တွေ့ရသည်။ အိမ်ရိုက်သံနည်းနည်း၊ လဖက်ရည်ကြမ်းပန်းကန်သုံးလေးဆယ်၊ ရေနွေးအိုးသုံးလေးအိုး၊ တရုတ်ဘယဆေးပစ္စည်း စသည်တို့အပြင် အမျိုးအမည်မခွဲတတ်သော ကိရိယာတစ်ခုကို တွေ့ရသဖြင့် မေးကြည့်လိုက်သည်။ ဘိန်းရှူသောကိရိယာဖြစ်သည်ဆို၏။ ကျွန်တော် အမျိုး

အမည် မခွဲတတ်သော နောက်ကိရိယာတစ်မျိုးအကြောင်းကို မေးကြည့်ပြန်သောအခါမှာလည်း ဘိန်းရှူသောကရိယာပင်ဖြစ်ကြောင်း သိရပါ၏။

ဟိုပန်သတင်းထောက်က ကျွန်တော့်ကို ဘိန်းစိမ်းကုန်သည်များထံသို့ ခေါ် သွားသည်။ ဘိန်းကုန်သည်ကြီးများ မဟုတ်ပါ။ ဘိန်းကုန်သည်လေးများဖြစ်၏။ လမ်းဘေးမှာ ဖျာခင်းပြီး ဆိုင်ဖွင့်ထားသည်။ တစ်ဆိုင်က ဘိန်းဝယ်နေသည်။ ပိဿာလိုက်ဝယ်သော ဒိုင်ကြီးကား မဟုတ်။ ကျပ်သားလိုက် ဝယ်သော ဒိုင်ကလေး ဖြစ်၏။ ဘိန်းခင်းပိုင်ရှင်ကလေးများနှင့်ဘိန်းခင်းလုပ်သားအချို့သည် ဘိန်းထွက်သောရာသီတွင် ပိဿာလိုက်ရောင်းရန် ရှိသည်ကို ဒိုင်ကြီးများမှာ ရောင်းချပေးသွင်းကြသည်။ အနည်းအကျဉ်းကို နေ့ဖို့ညစာ ချန်ထားကြပြီး အချို့ကို မိမိတို့ ကိုယ်တိုင် သုံးစွဲကြ၏။ အချို့ကို ဒိုင်ကလေးများမှာ ရောင်းချပြီး ဈေးဝယ်ကြ၏။ လမ်းဘေးမှာ ဒိုင်ကလေးဖွင့်ထားသော ကုန်သည်ကလေးသည် ချိန်ခွင်တစ်လက်နှင့်ချိန်တွယ်ဝယ်ယူနေသည်ကို တွေ့ရ၏။ သူတို့၏ အလေးမှာ မြန်မာနိုင်ငံကျပ်သုံး ဒင်္ဂါးများ ဖြစ်သည်။ နိုင်ငံတစ်ဝှမ်းလုံးတွင် ကွယ်ပျောက်သလောက်ရှိနေသော ငွေဒင်္ဂါးပြားကြီးများကို ဤဈေးမှာလည်းကောင်း၊ ကွန်လုံဈေးမှာလည်းကောင်း၊ အစုလိုက် အပြုံလိုက် တွေ့ရသေး၏။

ဘိန်းကို လက်လီရောင်းချသော ဈေးကလည်း ဘိန်းမှီဝဲသူ ဖောက်သည်များအား ငွေဒင်္ဂါးပြားကြီးများနှင့်ချိန်ကာချိန်ကာ ရောင်းချပေးနေ၏။

ဘိန်းပေါက်ဈေးမှာ တစ်ကျပ်သား ၃၀ိဖြစ်နေ၏။ (ငွေသားဒင်္ဂါးတစ်ပြား၏ ပေါက်ဈေးမှာကား ၉ိ ဖြစ်သည်။)

ကျွန်တော်သည် ဘိန်းရွက်များနှင့်ထုပ်ထားသော ဘိန်းလုံးများကို ကိုင်ကြည့်သည်။ အနံ့ခံ၍လည်း ကြည့်သည်။ အရောင်အဆင်းနှင့်သွင်ပြင်လက္ခဏာမှာ မန်ကျည်းသီးမှည့်အစေ့ချွေပြီး ထုထောင်းထားသည်နှင့်တူ၏။ အနံ့မှာကား စိမ်းရွှေရွှေနှင့်ဖြစ်သည်။ ဤကား ဘိန်းစိမ်းများပင်တည်း။ စားသုံးသူများအနေနှင့်ဆိုသော် ဘိန်းအမှတ် ၁ ဖြစ်၏။ ဘိန်းစိမ်းမှ အဆီထုတ်ပြီး စားသုံးကြသောအခါ ဘိန်းအမှတ် ၂ ဖြစ်လာ၏။ ဘိန်းဆီကို အခြားသောဓာတုပစ္စည်းများနှင့်ရောနှောကာ ပြုပြင်စီရင်လိုက်သောအခါ အမှတ် ၃ ဖြစ်လာ၏။ ထို့ထက် အစွမ်းထက်အောင် အခြားသောဓာတုပစ္စည်းများနှင့်ရောပြီး ပြာချလိုက်သော ဘိန်းဖြူခေါ် ဟီးရိုးအင်းခေါ် ဘိန်းအမှတ် ၄ ဖြစ်လာတော့သည်။

ရှမ်း၊ ကိုးကန့်တရုတ်၊ လွယ်လစသော တိုင်းရင်းသားလူမျိုးများထဲမှ လူထုအစိတ်အပိုင်းအချို့သည် အမှတ် ၁ ကို ကိုယ့်နည်းကိုယ့်ဟန်နှင့်မီးရှို့ပြီး အငွေ့ကို ရှူကြသည်။ နည်းတစ်နည်းမှာ ကုလားများ တမာကူဆေးအိုးသောက်သလို ပြောင်းအောက်မှာ ရေအိုးခံ၍ ရှူကြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အဆိပ်အတောက် နည်းနိုင်သမျှ နည်းအောင်စီမံ၍ ရှူကြသည်။ ဘိန်း

ငွေချည်းမဟုတ်ဘဲ အခြားအတွဲအဖက် အငွေ့များနှင့်ရော၍ ရှူကြသည်။ သို့နှင့်လည်း တန်ရုံ ရှူလျှင် အပန်းဖြေ အမောဖြေဆေးဖြစ်သော်လည်း အလွန်အကျွံရှူလျှင် ဘေးဖြစ်တော့သည်။ မလုပ်ချင် မကိုင်ချင် အပင်ပန်းမခံချင်၊ ဇွဲမရှိ၊ သတ္တိမရှိ၊ စိတ်အားတက်ကြွမှု မရှိသောဘိန်းသမား ဖြစ်သွားလေတော့သည်။

အမှတ် ၂ သည် ၁ ထက် အစွမ်းထက်၏။ အမှတ် ၃ သည် အမှတ် ၂ ထက် အစွမ်းထက်၏။ အမှတ် ၄ ကား သူ့ထက်သူ လူစွမ်းကောင်းပေတည်း။ အမှတ် ၁ ကို ရှူ၍ ၁၀ မိနစ်ခန့်ကြာပြီးနောက် အမောပြေသွားလျှင် အမှတ် ၄ ကိုရှူက ၁ မိနစ်အတွင်း အမောပြေသွားလိမ့်မည်။ သို့သော် အမှတ် ၄ အနည်းငယ်ပိုသွားသည်နှင့်တစ်ပြိုင်နက် အဆိပ်အတောက်မှာ အမှတ် ၁ ထက် ၁၀ ဆမက ပိုပြင်းထန်သွားတော့သည်။ အကြောအချဉ်တောင့်တင်းခြင်း လျော့ပါးသွားစေရုံမက အရိုးတွေပါ ပျော့သွားစေပေသည်။ အမှတ် ၁ ရှူ၍ တစ်နှစ်ကြာလျှင် စွဲသွားနိုင်သည်ဆိုပါတော့၊ အမှတ် ၄ ရှူလျှင် တစ်လမကြာမီ စွဲသွားပေမည်။ ပိုမိုဝဲမိမည့်အန္တရာယ်မှာလည်း အမှတ် ၁ ထက် အမှတ် ၄ က ဆယ်ဆမက ကြီးမားပေသည်။ ပဒိုင်းသီးကို အသီးအတိုင်း စားခြင်းထက် ပဒိုင်းသီးမှထုတ်သော အဆီကို မှီဝဲခြင်းက ပိုမိုဝဲမိမည့်အန္တရာယ်အဆများစွာကြီးသည်မှာ သဘာဝပေတည်း။

ဘိန်းရောင်းသူများနှင့်ဝယ်သူများကို လေ့လာနေဆဲ၊ မိတ်ဆွေတစ်ယောက်က ဗကပနယ်မြေမှလာသော ဘိန်းများအကြောင်း ပြောပြလေသည်။ ဗကပနှင့်ဆရာ့ဆရာကြီးများသည် ဘိန်းစိုက်ပျိုးခြင်းကို မပိတ်ပင်ကြ။ ဘိန်းရောင်းချခြင်းကို ခွင့်ပြုသည့်အပြင်ကို တင်ပို့ရောင်းချရန်လည်း အားပေးသည်။ ၎င်းတို့အပေါ်တွင် အခွန်အတုပ် ကောက်ယူသည်။ အခွန်ဆောင်ပြီးဖြစ်ကြောင်း ဘိန်းလုံးများပေါ်မှာ အာဏာပိုင်များက တံဆိပ်တုံးထုပေးလိုက်သည်။ ဗကပနယ်မြေမှ ဟိုပန်ဈေးသို့ရောက်လာသော ဘိန်းလုံးများပေါ်တွင် တံဆိပ်များပါလာသည်။ ထို့ကြောင့် "ဆေးဝယ်လျှင် ဒီဆူဇာမှာ စိတ်ချရသည်"ဟု ဆိုလိုသကဲ့သို့ ရှိသည်။ သို့သော် ဗကပနယ်မြေမှ အချို့ဘိန်းလုံးများတွင် မန်ကျည်းသီးမှည့်ရောပါလာသဖြင့် နာမည်ပျက်နေသည်ဟုကြားခဲ့ရပါသည်။

လွယ်လကာကွယ်ရေးအဖွဲ့

ဟိုပန်ဈေးရှိ တရုတ်ဆိုင်တစ်ဆိုင်မှာ ကျွန်တော်တို့ထမင်းစားကြသည်။ ထမင်းစားရင်း လွယ်လကာကွယ်ရေးခေါင်းဆောင်ဦးစောလုနှင့်တွေ့ဆုံစကားပြောရသည်။ ဦးစောလုမှာ လယ်လအမျိုးသားဖြစ်သည့်အတိုင်း "ကျွန်တော်တို့အညာသား"ပင် ဖြစ်၏။ သူသည် မြန်မာစကားကို ပီသစွာနှင့်ရည်မွန်စွာ ပြော၏။ ထို့ကြောင့် သူ့အကြောင်းကို မေးကြည့်ရာ ဦးစောလုသည် ဆရာဖြစ်ကျောင်းထွက် ဖြစ်ပြီး အစက ပန်ဝိုင်မြို့မှာ မူလတန်းကျောင်းဆရာကြီးအဖြစ်ဖြင့် ဆောင်ရွက်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ပန်ဝိုင်၊ ပန်လုံ၊ ပန်ရောင်နှင့်မိုင်းမောတို့ကို ဗကပတို့တိုက်ခိုက်ကြလေရာ ပြည်ထောင်စုစိတ်ဓာတ် ပြင်းထန်သောကျောင်းဆရာကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုကို ကာကွယ်ရန် ကာကွယ်ရေးတပ်ဖွဲ့တွင် ပါဝင်ဆောင်ရွက်ရလေသည်။ ထို့နောက် သူသည် လွယ်လကာကွယ်ရေးခေါင်းဆောင်တစ်ဦး ဖြစ်လာလေသည်။ ၁၉၆၉ ခုနှစ်မှာ မိုင်းမောမြို့ ကျဆုံးသွားပြီး သူတို့သည် ဟိုပန်မြို့သို့ ဆုတ်ခွာလာခဲ့ရသည်။ ပန်လုံနှင့်ပန်ရောင်တို့မှာကား သူတို့၏ လွယ်လကာကွယ်ရေးခြေကုတ်စခန်းများ ရှိနေသည်။

ဗကပများသည် လွယ်လနယ်မြေအတော်များများကို စိုးမိုးထားသည်။ လွယ်လတိုင်းရင်းသားအချို့ကိုလည်း စည်းရုံးသိမ်းသွင်းထားနိုင်သည်။ ဗကပသည် တိုင်းရင်းသားအသွင်သဏ္ဌာန်ကို ဆောင်နိုင်ရန် နည်းအမျိုးမျိုးနှင့်ကြိုးစားလျက် ရှိသည်။ သို့သော် ဒေသခံလူများသည် ဗကပများကို ပြင်ပမှလာသူများဟုသာ မြင်နေသည်။ လွယ်လနယ်မြေကို ဗကပက တိုက်ခိုက်ခြင်း၊ လွယ်လနယ်မြေအချို့ကို ဗကပက သိမ်းပိုက်ထားခြင်း စသည်တို့ကို ဖော်ပြပြောဆိုရာ၌ နိုင်ငံခြားသားတွေက ကျူးကျော်တိုက်ခိုက်သည်။ နိုင်ငံခြားသားတွေက သိမ်းထားသည် စသည်ဖြင့်သာ သုံးနှုန်းပြောဆိုကြသည်။

ဦးစောလုက ကျွန်တော့်အား ထိုအခြင်းအရာများနှင့်လူထုသဘောထားများကို သက်သေသက်ကာယများနှင့်ရှင်းပြလေသည်။

ဗကပတို့သည် သူတို့စိုးမိုးထားသော နယ်မြေများတွင် ပဒေသရာဇ်ဆန့်ကျင်ရေးလူထုလှုပ်ရှားမှုများကို လုပ်လျက်ရှိ၏။ ရှမ်းစော်ဘွားများ၏ မြေရှင်ပဒေသရာဇ်ခေါင်းပုံဖြတ်မှုစနစ်၊

ပဒေသရာဇ်ချုပ်ချယ်မှုစနစ်များအောက်တွင် နှစ်ရာစုပေါင်းများစွာ နေခဲ့ကြရသော လွှယ်လတို့သည်ဗကပတို့၏ ပဒေသရာဇ်ဆန့်ကျင်ရေး ကြွေးကြော်သံများကိုတစ်ကယ်ထင်မှတ်မှာစိုးရသည်ဟုဦးစောလုက ပြောသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတည်မြဲရေးကို ယုံကြည်သော ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်မှုကို ရှေ့တန်းတင်သော ပြည်သူ့လွတ်လပ်ခွင့်များကို အလေးအနက်ပြုသော လွှယ်လလူငယ်များက ကြိုကြိုတင်တင် ပဒေသရာဇ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ မလုပ်ခဲ့ရသည်ကို ဦးစောလု နောင်တရနေဟန်ရှိ၏။

လွှယ်လများကြားမှာ ယခင်က နိုင်ငံရေးလှုပ်ရှားမှု မရှိခဲ့။ ဗကပတို့က ထိုအချက်ကို အမြတ်ထုတ်၏။ ဤကိစ္စတွင် သူတို့သည် လက်ဦးမှုရသဖြင့် အောင်မြင်သင့်သလောက် အောင်မြင်နေပေသည်။

သို့သော် အကြောင်းအမျိုးမျိုးကြောင့် ဗကပကို ဆန့်ကျင်နေသော(လ၀)ခေါ်(၀)ခေါ် လွှယ်လများ အတော်များပြားကြောင်းကို ဦးစောလုခေါင်းဆောင်သော လွှယ်လကာကွယ်ရေးအဖွဲ့အပြင် အခြားလွှယ်လကာကွယ်ရေးအဖွဲ့ ၁၀ ဖွဲ့မျှ ရှိနေခြင်းက သက်သေခံနေပေသည်။ ထိုလွှယ်လကာကွယ်ရေးအဖွဲ့တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံကို သစ္စာခံသည်မှာ မှန်ပါ၏။ တပ်မတော်က ထားရာမှာနေသည်လည်း မှန်ပါ၏။ ရန်သူကို ခုခံတိုက်ခိုက်နေသည်လည်း မှန်ပါ၏။ သို့သော် သူတို့သည် အဖွဲ့အမျိုးမျိုး ကွဲနေခြင်းကြောင့်လည်းကောင်း၊ စုစည်းပေးနိုင်သော ခေါင်းဆောင်မှုတစ်ရပ် မပေါ်သေး၍လည်းကောင်း အားမရှိချေ။

ဦးစောလုတို့နှင့်အတူ ထမင်းစားသောက်ပြီးနောက် ကျွန်တော်တို့သည် ဈေးအနီးတွင် ပင်ရှိသော “မြို့စား”ကြီးတစ်ဦး၏ အိမ်သို့ သွားကြလေသည်။ ခေတ်မီပုံစံနှင့်တည်ဆောက်ထားသော တစ်ထပ်တိုက်ကလေး ဖြစ်သည်။ ဝင်းခြံထဲတွင် အုန်းပင်နှင့်အခြားအပင်ကြီးများ စိုက်ထားသည်။ ၇ နှစ် ၈ နှစ်သားအရွယ်မျှသာ ရှိဦးမည့်အုန်းပင်များ သီးနေသဖြင့် အံ့ဩရသည်။ အံ့ဩရခြင်းမှာ ဤဒေသတွင် အုန်းပင်ဖြစ်မြောက် အောင်မြင်မည်ဟု မထင်ခဲ့မိသောကြောင့် ဖြစ်ပါ၏။

အချိန်မရှိသဖြင့် “မြို့စား”ကြီး၏ အိမ်တွင်းသို့ မဝင်တော့ပါ။ အိမ်ဝင်းထဲမှာသာ မိုးတိုးမတ်တပ်ရပ်ပြီး အလ္လာပသလ္လာပ စကားပြောခဲ့၏။ သူက ၅ သုံးလုံးစီးကရက်ကို ထုတ်တည်ပါသေး၏။ “မြို့စား”ကြီးကား ရှမ်းအမျိုးသားဖြစ်သည်။ သူ့ကို ယခုတိုင် မြို့စားကြီးဟုခေါ်နေကြသော်လည်း ပဒေသရာဇ်စနစ်ကို ဖျက်သိမ်းပြီးပြီဖြစ်သဖြင့် သူသည် တရားဝင်အားဖြင့် မြို့စားကြီးမဟုတ်တော့ပါ။ သို့သော် သူကား အလုပ်လက်မဲ့ ပင်စင်စားမြို့စားကြီး မဟုတ်ပါ။ သူ့ကို နှုတ်ဆက်ပြီး ပြန်လာကြသောအခါမှသိရသည်မှာ သူသည် သိန်းပေါင်းများစွာ ချမ်းသာသော စီးပွားရေးသမားကြီး ဖြစ်နေကြောင်း ဟူသတည်း။

ဘုရားထန်(ခေါ်)ဖရားထန်

ဟိုပန်မြို့မှ အပြန်တွင် ဘုရားထန်ကို ဝင်တွေ့ကြသည်။ ဟိုယခင်တုန်းကမူ ဘုရားထန်ကို ဝင်ဖူးကြသည်ဟု ဆိုရပေလိမ့်မည်။

ဘုရားထန် သို့မဟုတ် ဖရားထန်သည် (လဝ)ခေါ် (ဝ)ခေါ် လွယ်လအမျိုးသားများထဲမှ အထူးချွန်ဆုံးသောပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

သူ့အကြောင်းကို ဒေါက်တာလှမြင့်နှင့်သူနာပြုဆရာမများကလည်း ကောင်းကောင်းသိသည်။ လားရှိုးသတင်းထောက်နှင့်ဟိုပန်သတင်းထောက်တို့ကလည်း ကောင်းကောင်း သိသည်။

ဟိုပန်မှ နမ့်တင်းကူးတို့ဆိပ်သို့သွားသော လမ်းပေါ်တွင် ရွာသစ်တစ်ရွာ ရှိသည်။ ထိုရွာကို ဘုရားထန်ဟု အများက ခေါ်နေကြ၏။ ထိုရွာကို ဝင်သောအခါ ထွန်းဝေတို့ ပါမလာတော့ချေ။ သူတို့သည် ရှေ့ကသွားနှင့်ကြပြီဖြစ်သဖြင့် ဘုရားထန်ကို မဖူးလိုက်ကြရတော့ချေ။

ရွာသစ်ဖြစ်၍ လမ်းပန်းတွေ စနစ်တကျရှိသည်။ အိမ်ကွက်များလည်း အညီအမျှခွဲဝေပေးထားသည်။ အိမ်ကလေးများမှာကား သက်ကယ်မိုး၊ ဝါးကပ်ကာများသာ ဖြစ်ပါ၏။

ဘုရားထန်၏ အိမ်ကို အတော်ပင် ရှာကြရသည်။ သူ့အိမ်မှာ "သူလိုငါလို"ပင်ဖြစ်ပါ၏။ အိမ်ဝင်းမှာမူ အနည်းငယ် ပိုကျယ်၏။ အိမ်ဝင်းကို ဥယျာဉ်ခြံလုပ်မည့်လက္ခဏာတွေ့ရသည်။ အချို့နေရာများတွင် ကျင်းတူးပြီး သစ်သီးပင်ပေါက်များကို စိုက်ထားကြောင်းပင် မြင်တွေ့ရ၏။

အိမ်ရှေ့တွင် အရိပ်ရရန် မဏ္ဍပ်ငယ်ကလေးတစ်ခု ထိုးထားသည်။ ထိုမဏ္ဍပ်အနီး၌ မဏ္ဍပ်အရိပ်ကျရာတွင် လူတစ်ယောက်သည် သံရိုက်၊ လွှတိုက် စသည်ဖြင့် လက်သမားလုပ်နေ၏

ဒေါက်တာလှမြင့်က ဘုရားထန်ဟုလှမ်းခေါ်လိုက်သောအခါ ထိုလူ ထလာလေသည်။ သူကား နာမည်ကြီးလှသော ဘုရားထန်ပေတည်း။

ဖရားထန်ခေါ် ဘုရားထန်သည် လွန်ခဲ့သော ၁၅နှစ်လောက်ကဆိုလျှင် ရှမ်းပြည်မြောက်ပိုင်းတွင် နာမည်အကြီးဆုံးသော ဘုန်းတော်ကြီးတစ်ပါး ဖြစ်ခဲ့လေသည်။ မေတ္တာကမ္မဋ္ဌာန်းပေါက်သဖြင့် စေတစ်လုံးပိုင်ခဲ့သည်ဟုဆို၏။ တရားကို များများမဟော၊ တစ်လုံးနှစ်လုံး ဟောကာမျှဖြင့် လူထုပရိသတ်က သူ့အား ကြည်ညို၍ မဆုံးပြီ။

ဘုရားထန်ဟုကျော်ကြားသောလွယ်လဘုန်းတော်ကြီးကိုရှမ်းပြည်မြောက်ပိုင်းလူထုက

မည်မျှကြည်ညိုနေသနည်းဆိုသော် ဘုရားထန်၏လက်ဝါးပုံကို အိမ်မှာထားပြီး ဆည်းကပ်ကိုး ကွယ်လျှင် ဘေးရန်ကင်းသည်။ ဆုတောင်းတိုင်း လိုရာပြည့်သည် စသည်ဖြင့် ယုံကြည်ကြသည်။ ထို့ကြောင့် စီးပွားရေးသမားအချို့သည် ဘုရားထန်၏လက်ဝါးပုံများကို သောင်းပေါင်းများစွာ ပုံနှိပ်ထုတ်ဝေကာ တစ်ပုံတစ်ကျပ်နှင့်ရောင်းချခဲ့ကြသည်။

၁၉၅၇ ခုနှစ်တစ်ဝိုက်ဆီက ဆရာတော်ဘုရားထန် နယ်လှည့်တရားဟောလျှင် တရား နာပရိသတ် ကြက်ပျံမကျ စည်ကားသည်။ တစ်ခါသော် မန္တလေးမှ သီပေါသို့ပြန်ကြွလာသောအ ခါ သီပေါမြို့မှ အကြီးအကျယ်ကြိုဆိုကြရာ သီပေါမြို့တွင် တစ်ခါတုန်းကမှ ဤမျှလူထုပရိသတ် မစည်ကားဘူးဟုဆို၏။ ကြိုဆိုသူများထဲတွင် ကားကြီးကားငယ်များနှင့်စော်ဘွားစော်ကန်၊ မြို့ စားနယ်ရှင်၊ အရာရှိကြီးငယ်၊ သူဌေးသူကြွယ်များလည်း ပါသည်ဆို၏။ ထိုအချိန်အခါတုန်းက ဆရာတော်ဘုရားထန်က အလှူခံပြီဆိုလျှင် တောင်းကြီးများ၊ ပုံးကြီးများ၊ အိတ်ကြီးများတွင် ငွေစက္ကူတွေ၊ ပိုက်ဆံတွေ ပြည့်လျှံသွားတတ်သည်ဟု ဆိုပါ၏။

ဘုရားထန်အကြောင်း ကြားရသမျှတွင် ကျွန်တော် အထူးစိတ်ဝင်စားသည်မှာ လွယ်လ နယ်၏ဝေးသီခေါင်သော အပိုင်းများရှိ လွယ်လအမျိုးသားများအချင်းချင်း ခေါင်းဖြတ်ယဇ်ပူ ဇော်သည့်ဓလေ့ ပျောက်ကွယ်သွားအောင် ဟောပြောနိုင်ခဲ့သည်ဟူသောအချက် ဖြစ်ပါ၏။

ဘုရားထန်သည် မိမိကိုယ်ကိုလည်း ဘုရားအလောင်း ဖြစ်ကြောင်း ကျေညာ၍ လူများ စွာကလည်း ဘုရားအလောင်းဖြစ်သည်ဟု ယုံကြည်ကြလေသည်။

ယခုသော် ဘုရားထန်သည် လူထွက်ကာ တောင်ယာလုပ်ကိုင်စားနေသည်။ ကျွန်တော် တို့ တွေ့မြင်ရသည့်အတိုင်း အချိန်ပိုင်းလက်သမားလည်း လုပ်သည်။ ဃရာဝါသ ကိစ္စများမြောင် လူတို့ဘောင်ဝယ် သားနှင့်မယားနှင့်လည်း ဖြစ်နေပေသည်။

သူသည် လွယ်လအမျိုးသားဖြစ်သည့်အတိုင်း "ကျွန်တော်တို့အညာသား"ပင်ဖြစ်ပါ ၏။ အသားက ညိုမဲသည်။ ကြံ့ခိုင်ကျန်းမာသော ကိုယ်ခန္ဓာရှိပြီး အရပ်အမောင်း ခပ်ကောင်း ကောင်းနှင့်အသားအရေ ကျစ်သည်။ မျက်နှာက တည်ကြည်ပွင့်လင်းသည်။ အရွယ်လတ်ပိုင်းကို ကျော်လွန်ဟန်အသွင်းလည်း မရှိချေ။

ဘုရားထန်က ထိုင်ကြပါဦး ဆိုသဖြင့် မဏ္ဍပ်ငယ်၏အရိပ်အာဝါသရှိ ထိုင်ခုံများတွင် ဝင်ထိုင်ကြသည်။ ဒေါက်တာလှမြင့်က သူနှင့်ကျွန်တော်တို့ကို မိတ်ဆက်ပေးသည်။ သူသည် ကျွန် တော်ကို ကြားဖူးဟန်လည်း မပြပါ။ ကျွန်တော်မေးသမျှကိုကား ပွင့်လင်းစွာ ဖြေသည်။ ဖြေပုံက လည်း တိုတိုနှင့်လိုရင်းပင်။

အချင်းချင်းခေါင်းဖြတ်သောဓလေ့ကို လွယ်လအမျိုးသားများ မကျင့်သုံးအောင် ဘာ တရားကို ဟောပါသလဲဟု မေးသောအခါ မေတ္တာတရားကိုပင် ဟောပါသည်ဆို၏။ မေတ္တာကမှ

ဌာန်းကို ထိုင်ပြီး အချင်းချင်း ရန်မရှာကြနှင့်၊ အချင်းချင်း မမုန်းကြနှင့်၊ အငြိုးမထားကြနှင့်၊ စသည်ဖြင့် ဟောသည်ဟုဖြေပါ၏။

ဗုဒ္ဓဘာသာစာပေ မည်မျှ တတ်ပါသလဲဟု မေးသောအခါ သိပ်မတတ်ပါ၊ မြန်မာစာလည်း မတတ်ပါ။ ယွန်းစာ(ရှမ်းစာ)သာတတ်ပါသည်။ ရှမ်းဘုန်းကြီးကျောင်းမှာ စာသင်ပြီး ရှမ်းဘာသာစကား၊ လွယ်လဘာသာစကား၊ ရှမ်းတရုတ်ဘာသာစကားတို့နှင့်သာ ဟောပြောတတ်ပါသည်ဟုဆို၏။

ဘုရားလောင်းဟု နာမည်ကျော်သောဘုန်းတော်ကြီးအဖြစ်ဖြင့် အလှူငွေများ၊ အလှူပစ္စည်းများ အများအပြား ရရှိခဲ့ရာ ဘာလုပ်ပစ်ခဲ့ပါသလဲဟုမေးရာ ဘုရား ၁၂၀ တည်ခဲ့ကြောင်း ဘုန်းကြီးကျောင်း ၉ ကျောင်း ဆောက်ခဲ့ကြောင်း၊ လွယ်လနယ် ပန်လုံမြို့မှာ ကျပ် ၇ သိန်းကုန် အလှူကြီး ပေးခဲ့ကြောင်း စသည်ဖြင့် ပြောပြပါသည်။

ကျွန်တော်က ဤမျှလောက် လူအကြည်ညိုခံရသော ဘုန်းတော်ကြီးဘဝမှ ဘာ့ကြောင့် လူထွက်ပါသနည်းဟုမေးရာ ကံမရှိတော့သောကြောင့် ဘုန်းကြီးဘဝမှာ စိတ်ကုန်ပြီး လူဝတ်လဲချင်သောစိတ်သာ ပေါ် လာသဖြင့် လူထွက်ခဲ့ပါသည်ဟု မသွယ်မဝိုက်ဘဲ တိုက်ရိုက်ပင်ဖြေလိုက်ပါသည်။

ဘာ့ကြောင့် မိန်းမယူသလဲ မေးမြန်းသောအခါ လူဝတ်လဲပြီး တစ်နှစ်ကြာတော့ မိန်းမယူကြောင်း၊ လူဝတ်နှင့်နေလျှင် မိန်းမယူရမည်သာဖြစ်သဖြင့် ယူကြောင်း ဘွင်းဘွင်းနှင့်ရှင်းရှင်းပင်ဖြေပါသည်။ ဘုရားထန်က ဘုရားလောင်းအဖြစ်ဖြင့် ပါရမီဖြည့်ရာတွင် ပါရမီဖြည့်ဖက်လိုသဖြင့် မိန်းမယူရပါသည်ဟု အကြောင်းပြခဲ့သည်ဟု အချို့ပုဂ္ဂိုလ်များက ကျွန်တော့်ကို ယခင်က ပြောထားဖူးသော်လည်း ယခုမူကား ဘုရားထန်ကိုယ်တိုင်က ကျွန်တော့်ကို ထိုသို့မပြောလိုက်ပါ။

ဘုရားထန်ကို ကျွန်တော် အတော်သဘောကျသွားသည်။ ပွင့်လင်းသည်။ ရိုးသားသည်။ ရှုပ်ရှုပ်ချွံချွံ လုပ်တတ်သည်။ ကိုယ်ကျိုးမဖက် စသည်ဖြင့် ကောက်ချက်ချလိုက်ပါသည်။ သမိုင်းဖြစ်စဉ်တွင် ခေတ်နောက်ကျနေရစ်ခဲ့သော လူမျိုးစုလူထုများကြားတွင် လူထု၏နှလုံးသားနှင့်ဦးနှောက်တို့သို့ သူတို့နည်း သူတို့ဟန်နှင့်တိုက်ရိုက်ဖောက်ထွင်း ရောက်ရှိနိုင်သောပုဂ္ဂိုလ်ထူးများ ပေါ် လေ့ရှိသည်။ ဘုရားထန်ကား လဝခေါ် ဝခေါ် လွယ်လများနှင့်အခြားသောလူမျိုးစုများအကြားတွင် ပေါ် ခဲ့သော ထိုသို့သောပုဂ္ဂိုလ်ထူးပေတည်း။

ခွဲခါနီးတွင် ကျွန်တော်က သူ့အား ပြည်သူလူထုငြိမ်းချမ်းရေးကို ခံစားကြရအောင် ပြည်ထောင်စုအစိုးရကို ကူညီဖို့ကောင်းကြောင်း အကြံပေးပြောဆိုရာ “တတ်နိုင်တာလုပ်မှာဘဲ” ဟုတိုတိုတောင်းတောင်း ယတိပြတ်ပြောကာ ဘုရားထန်သည် လုပ်လက်စ လက်သမားအလုပ်ကို ဆက်လက်လုပ်ရင်း ကျန်ရစ်ခဲ့လေသည်။

နမ့်တင်းချောင်းဝှမ်းစီမံကိန်း

ကျွန်တော်တို့သည် စံပြရွာသို့ ခရီးဆက်ကြလေသည်။

၁၉၆၀ ခုနှစ်တစ်ဝိုက်ဆီက တည်ထောင်ခဲ့သော ဗိုလ်မှူးအောင်ရွာဟုအမည်မှည့်ခဲ့သော ရွာကိုပင် လူအများက စံပြရွာဟု ခေါ်နေကြ၏။ တရုတ်–မြန်မာနယ်နိမိတ်စာချုပ်ချုပ်ဆိုပြီး နယ်နိမိတ်ကျောက်တိုင်များ ထူပြီးသောအခါ အချို့သောတိုင်းရင်းသားများသည် တရုတ်ပြည်ဖက်တွင် မနေလိုသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံဘက်သို့ ရွှေ့ပြောင်းလာကြလေသည်။ ၎င်းတို့အတွက် ဤစံပြရွာကို တည်ထောင်ပေးရခြင်း ဖြစ်ပေ၏။

စံပြရွာသည် နမ့်တင်းချောင်း၏လက်ျာဖက်မှာ တည်ရှိသည်ဖြစ်ရာ လာလမ်းအတိုင်းပြန်ကြပြီး ကူးတို့ဖြင့် တစ်ဖက်ကမ်းသို့ ပြန်ကူးကြရလေသည်။

တစ်ဖက်ကမ်းသို့ရောက်သောအခါ ကွန်လုံစံပြရွာလမ်းအတိုင်း နမ့်တင်းချောင်းအညာသို့ဆန်ကြရ၏။


နမ့်တင်းချောင်းသည် ကိုးကန့်နယ်မြေနှင့်လွယ်လနယ်မြေတို့ကို ပိုင်းခြားထားသော နယ်နိမိတ် ဖြစ်၏။ ကွန်လုံမြို့နှင့်စံပြရွာတို့သည် ကိုးကန့်နယ်မြေထဲမှာရှိပြီး ဟိုပန်က လွယ်လနယ်မြေထဲမှာ ရှိသည်။

စံပြရွာသို့ရောက်သောအခါ ရွာသူရွာသားများသည် ကလေးလူကြီး၊ ယောကျ်ားမိန်းမစုံညီစွာ စောင့်ကြိုနေသည်ကို တွေ့ရလေသည်။ ကိုးကန့်တရုတ်များ၊ ရှမ်းများ၊ မြောင်ဇီးများနှင့်ပလောင်များသည် အမျိုးသားဝတ်စုံများ ဝတ်ဆင်ထားကြသည်။ မြောင်ဇီးနှင့်ပလောင်တို၏ အမျိုးသားဝတ်စုံများမှာ အစိမ်း၊ အနီ၊ အဝါ စသော အရောင်ရင့်ရင့်များဖြင့် တောက်ပပေါ် လွင်လှလေသည်။ သူတို့ဝတ်စုံများမှာ အဆန်းတကြယ်လည်း ရှိလှ၏။

သူတို့သည် ကျွန်တော်တို့အား ပန်းစည်းများပင် ဆက်ကြသေး၏။

သို့သော် သူတို့သည် ကျွန်တော်တို့အား စာရေးဆရာ၊ ရုပ်ရှင်မင်းသား စသည်ဖြင့် စိတ်ဝင်စားသည်မဟုတ်ပါ။ ကျွန်တော်တို့အဖွဲ့တွင် ဆေးကုသမည့်သူများနှင့်ကယ်ဆယ်ရေးပစ္စည်းဝေငှမည့်သူများ ပါရှိခဲ့သဖြင့် ကျွန်တော်တို့အဖွဲ့ကို စိတ်ဝင်စားကြခြင်း ဖြစ်ဟန်တူပါသည်။

ရောက်လျှင် ရောက်ခြင်း ဆရာဝန်နှင့်ဆရာမများ အလုပ်စကြလေသည်။ ထုံးစံအတိုင်း ငှက်ဖျားမှာ အဓိကရောဂါဖြစ်၏။ ဗိုက်ပူနံကားနှင့်ကလေးအများအပြားကို တွေ့ရသည်။ သူတို့တွင် ဘေလုံးသော်လည်းကောင်း၊ သန်ကောင်သော်လည်းကောင်း ရှိကြ၏။



စံပြရွာ လူထုကြားမှာ

တပ်ရင်း ၁၀၅ မှ အရာရှိနှင့်အကြပ်၊ တပ်သားများသည် မိမိတို့မိသားစုများထံမှလည်းကောင်း၊ ဆွေမျိုးသားချင်းများထံမှလည်းကောင်း၊ အပေါင်းအသင်းရောင်းရင်းများထံမှလည်းကောင်း အဝတ်အထည်ဟောင်းများကို အလှူခံခဲ့ကြသည်။ ချုပ်သင့်သည်ချုပ်၊ ဖာသင့်သည်ဖာ၊ ခဝါချသင့်သည်ကို ခဝါချပြီး စစ်မြေပြင်သို့ စုဆောင်းယူဆောင်လာကြသည်။ ထို့နောက် ယခုလို များစွာ နွမ်းပါးသော ရွာများတွင် ဝေငှကြလေသည်။

အထက်ပါအတိုင်း ဆေးကုသူတို့က ဆေးကု၊ အဝတ်အစားဝေငှသူတို့က ဝေငှနေကြစဉ် ကျွန်တော်သည် စံပြရွာသားများ၏ စီးပွားရေး လုပ်ငန်းကိုင်ငန်းအခြေအနေများကို လေ့လာနေပါသည်။ တောင်ယာကိုင်းကျွန်းလုပ်ငန်းသည် အဓိကဖြစ်၏။ မိမိတို့အိမ်ဝိုင်းများတွင် ငှက်ပျော၊ သင်္ဘောစသည့်သီးပင်များကို စိုက်ကြ၏။ အချိန်ပိုလျှင် သက်ကယ်ပစ်၊ ငါးဖမ်း၊ တောလိုက်စသည်ဖြင့် လုပ်ကြ၏။

စံပြရွာမှ သစ်လွင်မှုလည်းကောင်း၊ ထူးခြားမှုလည်းကောင်း မရှိပါ။ အခြားရွာများလိုပင် ရွာဟောင်းကြီးတစ်ခု ဖြစ်နေလေပြီ။

လားရှိုးမြို့မှာ ဟဲယားလစ်ခေါ် နှုတ်ခမ်းကွဲရောဂါကို ကုသခဲ့သော မြောင်ဇီးကောင်ကလေးနှင့်သူ့အမေ၊ သူ့အစ်မများကို ဤရွာမှာ ပြန်တွေ့ရ၏။

ခဏကြာသောအခါ ကျွန်တော်တို့သည် တောင်ကုန်းတစ်ခုပေါ် သို့ တက်ကြလေသည်။ တောင်ကုန်းတစ်ပိုင်းတွင် စေတီတစ်ဆူထုံးဖြူဖြူနှင့်ရှိလေသည်။ စံပြရွာနှင့်အတူ အစကတည်းက တည်ထားသောဘုရားပေတည်း။

တောင်ကုန်း၏ အခြားအပိုင်းတွင် တပ်မတော် တပ်ခွဲတစ်ခွဲတပ်စွဲထားလေသည်။ အခိုင်အမာနှင့်ထည်ဝါခန့်ညားစွာ တည်ဆောက်ထားသော တပ်စခန်းနေရာ မဟုတ်ပါ။ သစ်ပင်ကြီးများအောက်တွင် ဆောက်ထားသော တဲနှင့်မြေကတုတ်များသာ ဖြစ်ပါ၏။ ရာသီဥတု၏ ဒဏ်ကို တပ်မတော်သားများ မည်မျှခံရပုံပြောပြနေသော တပ်စခန်းတစ်နေရာလည်း ဖြစ်ပါ၏။

ထိုတောင်ကုန်းပေါ် သို့ ရောက်လျှင် ရောက်ချင်း ကျွန်တော်တို့ ပထမဆုံးလုပ်သောအလုပ်မှာ မိုးကုတ်စက်ဝိုင်းအထိ မြင်ရသော ပတ်ဝန်းကျင်ကို ကြည့်ရှုလေ့လာခြင်း ဖြစ်ပါ၏။

နယ်နိမိတ်ကျောက်တိုင်အမှတ် ၁၄၅ နှင့် ၁၄၆ တို့ရှိသည်ဆိုသောနေရာများကို လှမ်းမျှော်၍ ကြည့်ကြ၏။ ဘယ်လိုကြောင့်မှန်းမသိ၊ လွမ်းသလိုလို ဆွေးသလိုလို ခံစားမိပါသည်။

နယ်နိမိတ်မျဉ်းကြောင်း၏ ဟိုမှာဖက်တွင် တရုတ်ပြည်သူ့သမ္မတနယ်မြေများကို သွပ်မိုးဖွေးဖွေး၊ ဘုံရိပ်သာများနှင့်တကွ မြင်တွေ့ရပါ၏။ နမ့်တင်းချောင်း၏ ဟိုဖက်သည်ဖက်ကမ်းပေါ်ရှိ မန်ပုံးရွာနှင့်မန်ခါးရွာတို့ကို တွေ့နိုင်သည်။ ထိုရွာများတွင် စုပေါင်းလယ်ယာများနှင့်လိမ္မော်၊ ရှောက်၊ ကျွဲကောစသောနှစ်ရှည်သီးပင်များ စိုက်ပျိုးသော သမဝါယမခြံများ ရှိသည်ဟုဆိုပါသည်။

နယ်စပ်အထိ မော်တော်ကားလမ်းကြီးများ ဖြူးနေအောင် ဖောက်ထားသည်ဟုလည်းသိရပါ၏။ သူတို့နယ်မြေ၊ သူတို့ရပ်ရွာမှာ ဖွံ့ဖြိုးတိုးတက်အောင် သူတို့နည်း သူတို့ဟန်ဖြင့် သူတို့ဘာသာ ဆိုရှယ်လစ်စနစ်တည်ဆောက်နေကြသည်ကို မုဒိတာတရားပွားများခဲ့ပါ၏။

ကျွန်တော်တို့သည် ကျွန်တော်တို့ နိုင်ငံတွင်းသို့ စီးဝင်လာသောနမ့်တင်းချောင်းကို လှမ်းပြီးကြည့်ကြ၏။ နမ့်တင်းချောင်းသည် နယ်နိမိတ်ကျောက်တိုင်အမှတ် ၁၄၆ အနီးမှဖြတ်သန်းကာ ကျောက်တိုင်အမှတ် ၁၄၅ သို့ရောက်လာသောအခါ နမ့်ဖာရှန်ချောင်းငယ်သည် နမ့်တင်းချောင်းနှင့်ပေါင်းသွား၏။ နမ့်တင်းချောင်းနှင့်နမ့်ဖာရှန်ချောင်းတို့ဆုံရာ(ကျောက်တိုင်အမှတ် ၁၄၅)မှသည် နမ့်တင်းချောင်းနှင့်သံလွင်မြစ်ဆုံရာ ကွန်လုံအထိ ၁၄ မိုင်ရှည်လျားသည်။ ဤကား နမ့်တင်းချိုင့်ဝှမ်းဒေသပေတည်း။ နမ့်တင်းချိုင့်ဝှမ်းဒေသသည် ကျယ်ပြန့်၏။ မြေသြဇာကောင်း၏။ စိမ်းလန်းစိုပြေ၏။

နမ့်တင်းချိုင့်ဝှမ်းဒေသကို ကြည့်ပြီး ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်တိုင်းကိုယ့်ပြည်၊ ကိုယ့်အရပ် ကိုယ့်ရွာဟူသောအသိစိတ်သည် တက်ကြွမြင့်မားလာလေရကား ကျွန်တော့်ရင်မှာ ဖိုလှိုက်နေပေတော့သည်။ ထိုသို့ရင်တွင်းမှာ ခံစားနေရစဉ် ဦးနှောက်ထဲမှာကား "ကိုယ့်တိုင်းကိုယ့်ပြည်မှာ ကိုယ့်ကံကြမ္မာ ကိုယ့်ဘာသာ ဆုံးဖြတ်ပိုင်ခွင့်"ဟူသောကြွေးကြော်သံသည် ပဲ့တင်ခတ်လျက်ရှိ၏။

ဗကပတို့သည် နမ့်တင်းချောင်း၏ ညာဖက်ရှိ ကိုးကန့်နယ်မြေတွင်လည်းကောင်း၊ လက်ဝဲဖက်ရှိ လွယ်လနယ်မြေတွင်သော်လည်းကောင်း၊ ခြေကုတ်စခန်းများ ရှိကြပါ၏။ သို့သော် ထိုနယ်မြေနှစ်ခုကြားရှိ နမ့်တင်းချိုင့်ဝှမ်းဒေသကို မစိုးမိုးနိုင်ချေ။ တပ်မတော်က နယ်နိမိတ်ကျောက်တိုင်အမှတ် ၁၄၄၊ ၁၄၅ နှင့် ၁၄၆ တို့အထိ စိုးမိုးထားသည်။ ထို့ကြောင့် ကိုးကန့်နယ်မြေမှ ဗကပတို့နှင့်လွယ်လနယ်မြေမှ ဗကပတို့သည် အချင်းချင်းဆက်သွယ်လိုလျှင် အချင်းချင်းအပြန်အလှန်ကူညီလိုလျှင် တစ်ဖက်နိုင်ငံနယ်မြေကို သုံး၍ ဖြတ်သန်းသွားလာကြသည်။ ထိုအခါ တပ်မတော်သားတို့သည် လိုက်မတိုက်ကြပါ။ လှမ်း၍ မပစ်ခတ်ကြပါ။ တစ်ဖက်နိုင်ဖက်သို့ ကျည်ဆံရောက်မသွားအောင် အိမ်နီးနားချင်းစကားမများရအောင် "မုန်းစကိုတိုစေ၊ ချစ်စကိုရှည်စေ"ဟူသောမူနှင့်ညီညွတ်အောင် ကိုယ့်ကိုယ်ကို ထိန်းသိမ်းကြရပါသည်။ ထိုသို့ထိန်းသိမ်း၍ ကိုယ့်နယ်မြေကို သတိကြီးစွာနှင့်ကာကွယ်ရင်း တပ်မတော်သားတို့ ဘာတွေကို စဉ်းစားနေကြပါသနည်း။ ထိုတပ်စခန်းရှိ အရာရှိတစ်ဦးထံမှ ကြားရသောစီမံကိန်းတစ်ခုသည် တပ်မတော်သားတွေ ဘာစဉ်းစားနေသည်ကိုဖော်ပြနေပါသည်။ ထိုစီမံကိန်းကား နမ့်တင်းချောင်းဝှမ်းဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါ၏။



မြောင်ဇီးသားအမိ

နယ်နိမိတ်ကျောက်တိုင် အမှတ် ၁၄၅ မှ ကွန်လုံအထိ ၁၄ မိုင်ရှည်လျားသော နမ့်တင်းချောင်းဝှမ်းတွင် နှစ်စဉ် နုန်းမြေတင်သောချောင်းကမ်းပါးများနှင့်ကျွန်းများ ပြည့်နှက်နေ၏။ ချောင်းဝှမ်းတစ်လျှောက် ဝဲယာရှိ တောင်ပေါ်မြေပြန့်ဒေသများမှာလည်း မြေသြဇာ အထူးကောင်းမွန်၏။ ဆန်စပါး ပြောင်း၊ ပဲစသော လယ်ယာကိုင်းကျွန်းသီးနှံများကို သီးထပ်သီးညှပ်စိုက်ပျိုးနိုင်သည့်အပြင် လိမ္မော်၊ ရှောက်၊ သံပုရာ၊ ကျွဲကောအစရှိသည့်နှစ်ရှည်သီးပင်ဥယျာဉ်ခြံများ လုပ်နိုင်၏။

ယခုအခါ စနစ်တကျ လုပ်ကိုင်ခြင်း မရှိသေးသဖြင့် စပါးတစ်တင်းကြဲလျှင် ၁၇ တင်း၊ ၁၈ တင်းသာ ထွက်သည်။ စံပြရွာမှလယ်သမား၊ ကိုင်းသမားအချို့ စနစ်တကျ စိုက်ပျိုးကြည့်ရာ စပါးတစ်တင်းကြဲလျှင် တင်း ၅၀ အထိ ထွက်ကြောင်း တွေ့ရလေသည်။ ထို့ကြောင့် ချောင်းဝှမ်းတစ်ခုလုံးတွင် တစ်ပြေးညီ အထွက်ကောင်းအောင် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်ကို သွင်းရန် စီမံကိန်းချရပေမည်။


ကွန်လုံမြို့နယ်တွင် လယ်မြေ၊ တောင်ယာမြေ၊ ကိုင်းကျွန်းမြေ စိုက်ကေ စုစုပေါင်းမှာ ၁၃၅၀၀ ကျော်ဖြစ်၏။ ၎င်းတို့အနက် နမ့်တင်းချောင်းဝှမ်းစိုက်ကေမှာ ၁၀၀၀ မှ ၁၅၀၀ အထိ ရနိုင်ပေသည်။

ဟိုပန်မြို့နယ်တွင် လယ်မြေ၊ ကိုင်းကျွန်းမြေစိုက်စိုက်ကေ စုစုပေါင်းမှာ ၂၉၀၀၀ကျော်ရှိသည်။ ၎င်းတို့အနက် နမ့်တင်းချောင်းဝှမ်းစိုက်ကေမှာ ၂၀၀၀ မှ ၃၀၀၀ အထိ ရနိုင်ပေသည်။

ယခုအခါ ကွန်လုံမြို့နယ်တွင် ဆန်စပါးလုံလောက်အောင် မထွက်သဖြင့် ၁၉၇၂–၇၃ ခုနှစ်အတွက် ပြင်ပမှ ဆန်တန်ချိန် ၅၂၃၆ တန် သွင်းရန် လျာထားခဲ့ရ၏။ ဟိုပန်မြို့နယ်မှာလည်း ဆန်စပါးမလုံလောက်သဖြင့် ၁၉၇၂–၇၃ ခုနှစ်အတွက် ပြင်ပမှဆန်တန်ချိန် ၄၀၅၀ တင်သွင်းရန် လျာထားခဲ့ရသည်။

အကယ်၍ နမ့်တင်းချောင်းဝှမ်းဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်နိုင်လျှင် ကွန်လုံမြို့နယ်နှင့်ဟိုပန်မြို့နယ်တို့သည် ပြင်ပမှဆန်တင်သွင်းရန် မလိုတော့ဘဲ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်ကြတော့မည်ဖြစ်ပေသည်။

ထိုသို့လျှင် တပ်မတော်သားတို့သည် နမ့်တင်းချောင်းဝှမ်းကို စစ်ရေးအားဖြင့် စိုးမိုးထားရုံဖြင့် ကျေနပ်ရောင့်ရဲ မနေကြဘဲ နယ်မြေအချုပ်အခြာအာဏာကို ကာကွယ်ရင်း၊ ဗကပသောင်းကျန်းရန်ကို နှိမ်နင်းရင်း နမ့်တင်းချောင်းဝှမ်းဖွံ့ဖြိုးရေးကို စဉ်းစားနေကြသည်။ စီမံကိန်းကို အကောင်အထည်ဖော်ရန် ဦးတည်ဆောင်ရွက်နေကြသည်။




နယ်ခြားမှတ်တိုင် ၁၄၅–၁၄၆ တို့ကို မှန်ပြောင်းနှင့်လှမ်းကြည့်ကြစဉ်



တစ်ဖက်နိုင်ငံသို့ လှမ်းမျှော်ကြည့်ပြီးနောက် မုဒိတာပွားခဲ့သူများ
[လက်ဝဲမှတတိယလူမှာ ဒေါက်တာလှမြင့်၊ ဆဌမလူမှာ ဆရာကြီးဦးစိုးမြင့် ဖြစ်ပါသည်။]

ထိုတပ်စခန်းတွင် တပ်မတော်သားတို့က တိုက်သော လဖက်ရည်ကို သောက်နေစဉ် ကွန်မြူနစ်များ လက်လှမ်းမီသော ရွာတစ်ရွာမှ သတင်းတစ်ပုဒ်ကို ကြားရလေသည်။ ကွန်မြူနစ်တို့သည် တစ်နှစ်လျှင် တစ်အိမ် ဆန်တစ်တင်းကောက်သည်။ ယခုထိုမျှနှင့်အားမရသေး တစ်အိမ်လျှင် နောက်ထပ် ဆန် ၅ ပြည်ပေးရန် (မုဆိုးမအိမ် ၂ ပြည်ပေးရန်)တောင်းခံနေသည်ဟူသော သတင်းဖြစ်၏။

ကျွန်တော်တို့သည် တပ်စခန်းချထားသော တောင်ကုန်းပေါ်မှ ဆင်းခဲ့ကြပြီးနောက် စံပြရွာမှ ကွန်လုံသို့ ပြန်ခဲ့ကြလေ၏။



နယ်ခြားမှတ်တိုင် ၁၄၅–၁၄၆ တို့ကို မှန်ပြောင်းနှင့်လှမ်းကြည့်ကြစဉ်



တစ်ဖက်နိုင်ငံသို့ လှမ်းမျှော်ကြည့်ပြီးနောက် မုဒိတာပွားခဲ့သူများ
[လက်ဝဲမှတတိယလူမှာ ဒေါက်တာလှမြင့်၊ ဆဋ္ဌမလူမှာ ဆရာကြီးဦးစိုးမြင့်ဖြစ်ပါသည်။]

ပစနမ်(ပါဆန္န)မှ ဘော်ဒါဆောင်

ကွန်လုံတွင် ချမ်းတော့ချမ်းပါ၏။ မျှော်မှန်းသလောက်ကား မချမ်းပါ။ သံလွင်မြစ်ချိုင့်ဝှမ်းဖြစ်၍ အချမ်းပေါ့ခြင်း ဖြစ်ဟန်ရှိ၏။

နောက်တစ်နေ့နံနက်၌ ကျွန်တော်သည် စောစောကြီး အိပ်ရာမှထကာ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်လျက် ရှိလေသည်။ သံလွင်မြစ်တောင်ဖက်ကမ်းမှ အိုးစည်သံများ ဆူညံစွာလာနေသည်။ လုပ်အားပေးလှူဆော်သောအိုးစည်သံ ဖြစ်လိမ့်မည်ဟု နားလည်လိုက်ပါ၏။

တောင်ဖက်ကမ်းတွင် ပစနမ်(ပါဆန္န)ခေါ် ရှမ်းရွာကြီးတစ်ရွာ ရှိသည်။ ကွန်လုံမြို့၏ဆင်ခြေဖုံးရပ်ကွက်ပင် ဖြစ်၏။ ထိုရှမ်းရွာတွင် တပ်မတော်သားများသည် ရွာသူရွာသားများနှင့်အတူ လုပ်အားပေးကြမည်ဖြစ်၏။ ကျွန်တော်တို့ကိုလည်း ဖိတ်ထားသည်။

အတန်ကြာသောအခါ ကျွန်တော်တို့အဖွဲ့သားများအားလုံး အိပ်ရာမှ ထကြလေသည်။

နံနက်ခင်းစာအဖြစ်ဖြင့် ပေါက်ဆီစား၊ ကော်ဖီသောက်ကြပြီးနောက် တောင်ဖက်ကမ်းသို့ကူးကြလေ၏။

နံနက်ခင်း နေရောင်နုတွင် ကွန်လုံတံတားကြီးမှာ ခန့်ညားရှိမကာ လှပဝင်းထိန်နေ၏။ ရှေးကလည်း ကြိုးတံတား ရှိခဲ့ဖူး၏။ သို့သော် တစ်ကြိမ်လျှင် လူအနည်းငယ်သာ ဖြတ်ကူးနိုင်သော ကြိမ်နွယ်ကြိုးတံတား ဖြစ်ခဲ့သည်။ ယခုမူ ငွေရောင်ခြယ်ထားသော သံမဏိကြိုးတံတားကြီးဖြစ်ပေသည်။ လူအများ၊ ယာဉ်အများ အဆက်မပြတ် ကူးသန်းသွားလာနိုင်သည်။ ဤတံတားကြီးသည် တရုတ်–မြန်မာချစ်ကြည်ရေး တံတားကြီးဖြစ်၏။ မနှစ်က ဗကပနှင့်ဆရာ့ဆရာကြီးများ၏ ရက်ပေါင်း ၄၀ ကျော်ကြာသော ကွန်လုံသိမ်းတိုက်ပွဲများကြားမှာ ချစ်ကြည်ရေးကြိုးတံတားကြီး မပြတ်မတောက်၊ မပျက်မစီးဘဲ ကျန်ရစ်ခဲ့၍ တော်သေးသည်။

ကျွန်တော်တို့သည် ကားပေါ်မှဆင်းပြီး တံတားကြီးကို ခြေလျင်လျှောက်ကြည့်ကြ၏။ အမှတ်တရ ဓာတ်ပုံများလည်း ရိုက်ကြ၏။

ဎင်းနောက် ကျွန်တော်တို့သည် ရှမ်းရွာကြီးသို့သွားကြလေသည်။ ရှမ်းရွာကြီး၏အလယ်ခေါင်လမ်းမကြီးကို တပ်မတော်သားများနှင့်ရွာသူရွာသားများ၊ ကွန်လုံမြို့မှ အရာထမ်းအ

မှုထမ်းများ၊ ကျောင်းသူကျောင်းသားများ ပူးပေါင်းကာ ပြုပြင်နေကြသည်။ သံလွင်မြစ်ထဲမှ ကျောက်ခဲများကို လူထုအားနှင့်သယ်ယူကာ ကျောက်ခင်းနေကြခြင်း ဖြစ်၏။

ကျွန်တော်တို့ ရောက်သွားသောအခါမှာ လုပ်ငန်းပြီးသလောက် ရှိနေပါပြီ။

ဗျူဟာမှူးဒု–ဗိုလ်မှူးကြီးဖေမြိုင်ကို လုပ်အားပေးလူထုကြားတွင် တွေ့ရ၏။ ဟိုပန်မှာ တွေ့ခဲ့ရသော လွယ်လများကို "ကျွန်တော်တို့အညာသား"များနှင့်တူကြောင်း ဖော်ပြခဲ့၏။ ဒု–ဗိုလ်မှူးကြီးဖေမြိုင်ကား ကျွန်တော်တို့အညာသား၊ ချင်းတွင်းသားအစစ်ဖြစ်ပြီး ကျွန်တော်တို့ အညာသားများကို ကိုယ်စားပြုနိုင်သောရုပ်လက္ခဏာအသွေးအရောင်ရှိသူဖြစ်ပါသည်။

လမ်းပြုပြင်ရေးလုပ်ငန်းမှာ ပြီးသလောက် ရှိနေသော်လည်း ကျွန်တော်တို့ခဏတစ်ဖြုတ် ဝင်လုပ်အားပေးကြပါသေးသည်။ တပ်မတော်ရဲဘော်များသည် ထွန်းဝေ လုပ်အားဝင်ပေးသည်ကို အတော်သဘောကျဟန် ရှိသည်။ "ဗိုလ်မြဒင်ကွ"ဟု အော်သူက အော်"ကနောင်မင်းသားကြီး"ဟု ခေါ်သူက ခေါ် လုပ်နေကြပါသည်။

လူထုနှင့်ရောပြီး ခဏကြာလုပ်အားပေးပြီးနောက် ကျွန်တော်တို့သည် ပစနမ်အစိုးရမူလတန်းကျောင်းနှင့် ဝ ဘော်ဒါကို သွားကြည့်ကြပါသည်။

ဝ ဘော်ဒါဟုခေါ်နေကြသော်လည်း (ဝ)ကလေးတွေသာ နေသည်မဟုတ်ပါ။ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေကြသည်။ ထို့ကြောင့် ပစနမ်မှ ဘော်ဒါဟုသာခေါ်သင့်ပါသည်။ ဘော်ဒါအုပ်ဆရာမမှာ ဒက်ဖနီမဟာဟုခေါ်သော လွယ်လဖြစ်သည်။ အခြားတစ်ယောက်မှာ နမ့်ခမ်းစိန်ဟူသော ရှမ်းအမျိုးသမီး ဖြစ်သည်။

တိုင်းရင်းသားဖွံ့ဖြိုးရေးသိပ္ပံကျောင်းထွက် စိုင်းမြမောင်ကိုလည်း တွေ့ရပါသည်။

အဓိကအားဖြင့် ခိုကိုးရာမဲ့တိုင်းရင်းသားကလေးများကိုကယ်တင်ရန်နှင့်ပညာပေးရန် တပ်မတော်က ကမ္မကထပြုပြီး တည်ထောင်ခဲ့သော ဘော်ဒါဖြစ်သည်။ အစိုးရက တစ်လထောက်ပံ့ကြေး ၅၀၀ဝိ ပေးထား၏။ ကလေးများသည် ဤဘော်ဒါမှာ နေထိုင်စားသောက်ပြီး ပစနမ်(ပါဆန္ဒ)အစိုးရမူလတန်းကျောင်းမှာ အတန်းစာသင်ရသည်။ မူလတန်းကျောင်းမှ အောင်ပြီးလျှင် အလယ်တန်းကျောင်းသို့တက်ရသည်။ ထို့နောက် အထက်တန်းကျောင်းသို့ တက်နိုင်သည်။

လက်ရှိအားဖြင့် ဘော်ဒါဆောင်မှာ လွယ်လ(ဝ)၊ ကချင်၊ ရှမ်းနှင့်မြန်မာကလေးများ နေထိုင်ကြရာ လွယ်လမှာ အများစုဖြစ်၏။ အသက်အကြီးဆုံး ၂၀ နှစ်ဖြစ်ပြီး အသက်အငယ်ဆုံးက ၇ နှစ်ဖြစ်သည်။

ကျွန်တော့်အား ဆရာ ဆရာမများက ဘော်ဒါဆောင်ထဲ လိုက်ပြသောအခါ ကလေးများ၏ စာအုပ်များကို ယူကြည့်သည်။ စာအုပ်မျက်နှာဖုံးများတွင် သူတို့၏ လှပသောအမည်များကို တွေ့ရသဖြင့် ကျွန်တော့်မှာ အံ့လည်းသြ သဘောလည်း ကျနေသည်။



ပါဆန္နဘော်ဒါဆောင်မှာ



သတင်းပေါင်းစုံကြားရသော နယ်စပ်ငါးရက်တစ်ဈေး

ကလေးမလေးအချို့ကို တွေ့သောအခါ သူတို့၏မူလအမည်နှင့်ဗမာအမည်များကိုလည်းကောင်း၊ သူတို့တက်နေသော အတန်းကိုလည်းကောင်း မေးကြည့်လိုက်ပါသည်။

၄–တန်းသူ လွှယ်လမလေး အီးလာမှာ မရွှေယုဖြစ်နေသည်။

၄–တန်းသူ ရှမ်းမကလေး အေးအမ်မှာ မူမူလွင် ဖြစ်နေသည်။

၈–တန်းသူ ရှမ်းမကလေး နယ်လီခမ်းစံမှာ ခင်စောတင့် ဖြစ်နေသည်။

၅–တန်းသူ ရှမ်းမကလေး ယွေ့နွဲသည် သန်းသန်းစိုး ဖြစ်နေသည်။

၅–တန်းသူ ကချင်မကလေး ဘောက်ကျန်မှာ စန္ဒာမြင့် ဖြစ်နေသည်။ ကျွန်တော်က ကချင်မကလေးဘောက်ကျန်အား ''ဟဲ့ စန္ဒာမြင့်ဟာ ငါ့သမီးအငယ် ဖြစ်နိုင်တယ်၊ ငါ့သမီး အကြီးက ကြည်သာမြင့်တဲ့''ဟုပြောလိုက်လေရာ ကလေးမများသည် တဖြည်းဖြည်း သဘောကျပြီးတခစ်ခစ်နှင့်ရယ်ကျန်ရစ်ခဲ့ကြလေသည်။

ကျွန်တော်တို့သည် ရွာသူကြီးအိမ်သို့ သွားကြ၏။ ပါဆန္နရွာသူကြီး ဦးပူလွှယ်ကာဝိက လဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံပါသည်။ ဦးပူလွှယ်ကာဝိမှာ ကိုယ်တိုင်ကလည်း လယ်သမားဖြစ်သည်။ သူ့ဧည့်ခံပွဲမှာတွေ့ရသော အခြားပုဂ္ဂိုလ်များကလည်း လယ်သမားများပင် ဖြစ်သည်။ လမ်းစဉ်ပါတီကွန်လုံပါတီယူနစ်အတွင်းရေးမှူး မရမ်ရှရယ်(စိန်လုံကမ်းပါးမှ ဂျိန်းဖော့အမျိုးသား)ကိုလည်း တွေ့ရ၏။ သူတို့နှင့်အတူ လဖက်ရည်သောက်ရင်း ကောက်ညှင်းပေါင်းစားရင်း လယ်ယာကိုင်းကျွန်း လုပ်ငန်းများအကြောင်းကို ဆွေးနွေးခဲ့ရပါသည်။

ဘုရားအနီးမှ ဘိန်းခင်း

ကျွန်တော်သည် ဘိန်းပျိုးခင်းစိုက်ခင်းများကို ကြည့်ရှုလေ့လာရန် များစွာစိတ်အား ထက်သန်နေပါသည်။ ပါဆန္ဒရွာမှ လယ်သမားဦးကြီးများက အကြံပေးသည့်အတိုင်း ကျွန်းကြီး ပေါ်တက်၍ ဘိန်းခင်းများကို လေ့လာရန် ဆုံးဖြတ်လိုက်ပါသည်။ ထို့နောက် သူကြီးဦးပူလွယ်ကာ ဝိတို့လူစုနှင့်ဒု–ဗိုလ်မှူးကြီးဖေမြိုင်တို့လူစုကို နှုတ်ဆက်ခဲ့ပြီးနောက် သံလွင်မြစ်ထဲသို့ ဆင်းခဲ့ကြ ပါသည်။


အထက်တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ကွန်လုံဟူသောအမည်ကို ပေးသည့် ကျွန်းကြီးသည် သံလွင်မြစ်နှင့်နမ့်တင်းချောင်း ပေါင်းဆုံရာ၌ တည်ရှိသည်။ ကျွန်တော်သည် သံလွင်မြစ်ကို ဖြတ်၍ ကျွန်းကြီးပေါ်သို့ တက်ကြရမည်ဖြစ်၏။ သံလွင်မြစ်ရေမှာ မနက်လှပါ။ သို့သော် အလွန်အေးသဖြင့်လည်းကောင်း၊ မြစ်ကြမ်းပြင်တွင် ကျောက်ခဲကျောက်လုံးများ အ လွန်များသဖြင့်လည်းကောင်း ကျွန်တော်တို့ ခြေလျင် မကူးရဲကြပါ။ ရှမ်းလယ်သမားကြီးသုံးဦး ကား ဘောင်းဘီကို ပေါင်ရင်းအရောက် လိပ်တင်လိုက်ပြီး ခြေလျင်ကူးသွားကြသည်ကို တွေ့ လိုက်ရပါ၏။ ကျွန်တော်တို့သည် အတန်ကြာအောင် လှေစောင့်ကြရသည်။

လှေကား လောင်းလှေဖြစ်၏။ လောင်းလှေအထူးစား အကြမ်းစားကမှ ကျောက် ဆောင်တွေပေါသော သံလွင်မြစ်နှင့်ကိုက်သည်။ အခြားမည်သည့်လှေမျိုးနှင့်မှမကိုက်။ ဝမ်း ဗိုက်ပြားချပ်သော မော်တော်ဘုတ်များကိုလည်း သုံး၍ မရဟုသိရ၏။

မကြာလှပါ။ ကျွန်းကြီးပေါ်သို့ ရောက်ကြလေသည်။ ကမ်းစပ်တွင် ကျောက်ခဲလုံးကြီး များချည်း ရှိ၏။ ရေစီးတွင် လှုပ်ရှားရင်း အချင်းချင်း ပွတ်တိုက်ကာ ပြောင်ချောနေသော ကျောက်ခဲလုံးများ ဖြစ်လာခဲ့ကြသည်။ အရွယ်အစား ပမာဏမှာ ငါးဆယ်သားမှသည် သုံးလေး ပိဿာအထိ ရှိလိမ့်မည်။ ကျောက်ခဲလုံးများသည် အရောင်အမျိုးမျိုး၊ အပွေးအရစ်၊ အကွက် အဆင်အမျိုးမျိုးဖြစ်လေသောကြောင့် ဘူမိဗေဒလေ့လာရေးအတွက် နမူနာများ စုဆောင်းရန် အလွန်ကောင်းလိမ့်မည် ထင်ပါ၏။

ကျောက်ခဲလုံးများဖြင့် ဖုံးလွှမ်းထားသော ကမ်းစပ်တွင် အတန်ကြာ ခက်ခဲစွာလျှောက် ပြီးမှ နုန်းမြေဖုံးသော သောင်ယံပေါ်သို့ရောက်ကြသည်။ ထိုမှတစ်ဆင့် တက်သော် ကိုင်းမြေ ကျွန်းမြေပေါ်သို့ ရောက်ကြသည်။

တစ်ကျွန်းလုံး ယာခင်းများ၊ ခြံများနှင့်ပြည့်နေသည်။ ပဲအမျိုးမျိုးနှင့်မုံလာအမျိုးမျိုး ကို တွေ့ရသည်။



သံလွင်ကို ဖြတ်၍ ကျွန်းကြီးသို့

ကမ်းစပ်မှ မိုင်ဝက်ခန့်ဝေးကွာသောနေရာတွင် အတော်အတန်ကြီးသော စေတီတစ်ဆူ ရှိ၏။ သာသနာ ၂၅၀၀ ပြည့်အထိမ်းအမှတ်အဖြစ်ဖြင့် သိန္နီမြို့ ဗုဒ္ဓသာသနာ့အဖွဲ့ဂိုဏ်းချုပ်ဆရာတော်ဘုရားက တည်ထားသော စေတီဖြစ်သည်။

စေတီတော်၏ဘေးပတ်ဝန်းကျင် ဝတ္တကမြေပေါ်တွင် ဥယျာဉ်ခြံတစ်ခုရှိရာ ကျွန်တော်တို့ လှည့်လည်ကြည့်ရှုကြ၏။ စေတီတော် မတည်မီကပင် ရှိခဲ့သောဥယျာဉ်ခြံလေလော၊ သို့မဟုတ် စေတီတော်နှင့်အတူတည်ထောင်လိုက်သော ဥယျာဉ်ခြံပေလော မပြောတတ်ပါ။ အောင်မြင်ဖြစ်မြောက်နေသော လိုက်ချီးပင်၊ သစ်တော်ပင်၊ ပိန္နဲပင်၊ ကျွဲကော၊ လိမ္မော်၊ သံပုရာ၊ ရှောက်စသည်တို့ကို တွေ့ရ၏။ ဥယျာဉ်ခြံထဲတွင် အိမ်ငယ်ကလေးတစ်လုံး ရှိ၏။

ထိုအိမ်ကလေးတွင် တရုတ်အဖိုးကြီးတစ်ယောက်ကို တွေ့ရသည်။ သူကား ဘုရားဝေယျာဝစ္စကို ဆောင်ရွက်ရင်း ခြံကို စောင့်ရသော ကပ္ပိယကြီးဖြစ်၏။ သူသည် ဗမာလိုပြောလိုက်၊ တရုတ်လိုပြောလိုက်နှင့်အလွန်ဖော်ရွေပါသည်။ သူ့အသက်မှာ ၇၃ နှစ် ရှိနေပြီ။ သူ့အမယ်ကြီးမှာ ၆၅ နှစ်ရှိပြီး ထိုအချိန်တွင် အပြင်ထွက်နေသဖြင့် ကျွန်တော်တို့နှင့် မတွေ့ရ။ အဖိုးကြီးမှာ လည်ပင်းကြီးရောဂါရှိသဖြင့် ဒေါက်တာလှမြင့်က ခွဲမည်လားဟုမေးရာ မနာအောင် ခွဲပေးမည်ဆိုလျှင် တစ်ခါထဲ ကောင်းသွားမည်ဆိုလျှင် ခွဲပါမည်ဟုဆိုသည်။

ကပ္ပိယကြီး၏ အမည်ကိုမေးရာ သူက ဖုန်မျိုး ဖြစ်ပါသည်ဟုဖြေ၏။ သို့သော် သူပုန်ဖုန်မျိုး မဟုတ်ပါကြောင်း၊ မူဆယ်မှ ဖုန်မျိုးသာဖြစ်ပါကြောင်း ရှင်းလင်းချက် ထုတ်လိုက်ပါသည်။ ဖုန်ကျားရှင်၊ ဖုန်ကျားဖူး၊ ဖုန်ကျားယုစသော ဗကပညီအစ်ကိုသူပုန်မျိုး မဟုတ်ကြောင်း ရှင်းလင်းလိုခြင်း ဖြစ်ပါ၏။

ကပ္ပိယကြီးသည် တစ်နေရာတွင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထား၏။ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ မုံညင်းစသည်တို့မှာ အောင်မြင်ဖြစ်မြောက်လှ၏။ ဖရုံပင်ကြီးတစ်ပင်သည် ကျွဲကောပင်ပေါ်တက်ပြီး ပဒေသာသီးနေသည်ကို တွေ့ခဲ့ရ၏။

ထိုခြံမှ ထွက်ခဲ့ပြီးနောက် ဘိန်းခင်းတစ်ခင်းကို သွားကြည့်ကြလေသည်။ ကံအားလျော်စွာ သူ့အခင်းတွင် အလုပ်လုပ်နေသော ဘိန်းခင်းပိုင်ရှင် မောင်စံရီကိုပါ အဆင်သင့်တွေ့ကြရ၏။ မောင်စံရီကား အသက် ၂၀ တစ်ဝိုက်ရှိ ရှမ်းအမျိုးသားကလေးတစ်ဦးဖြစ်၏။ သူသည် မကြာသေးခင်ကမှ ကျောင်းထွက်သည်ဖြစ်ရာ ကျွန်တော်တို့နှင့်အတူ ပါလာသော ကျောင်းအုပ်ဆရာကြီးဦးစိုးမြင့်နှင့်ကောင်းစွာ သိကျွမ်းလေသည်။

မောင်စံရီ၏ ဘိန်းခင်းမှာ ဧကဝက်ပင် ရှိသည်မထင်ပါ။ ဒီဇင်ဘာလတွင် ဘိန်းပင်ကလေးများမှာ တစ်လသား ပေါက်ခါစ ဖြစ်၏။ အပင် ၂ လက်မ ၃ လက်မလောက်တော့ ရှိနေကြပြီ။ မောင်စံရီသည် ပေါင်းနုတ်ပေးနေ၏။

မောင်စံရီအား ကျွန်တော်က မစိုက်ခင် ယာခင်းကို ဘယ်လောက်ပြုပြင်သလဲမေးရာ ကျွဲတစ်ကောင်နှင့် ၂ ရက်ကြာ ထွန်ခဲ့ရသည်ဟု ဖြေပါသည်။ (ရှမ်းပြည်မှာ များသောအားဖြင့် ကျွဲတစ်ကောင်၊ သို့မဟုတ် နွားတစ်ကောင်နှင့်ထွန်ယက်သည်)မြေက မွပြီး မိုးမှာ အလိုက်သင့်သာ ရွာသဖြင့် ထွန်လို့ ယက်လို့ ကောင်းသည်။ ပေါင်းပင်၊ မြက်ပင်များကလည်း အမြစ်နက်နက်မစွဲဘဲ မထူလှသဖြင့် ပေါင်းရှင်းရ လွယ်ကူသည်။

မောင်စံရီ၏ ခန့်မှန်းခြေအရ ဘိန်းစေးတစ်ပိဿာကျော် ထွက်ရမည်။ ငွေသားအားဖြင့် ဆိုသော် ၃၀ဝိ ကျော်ရမည်။ သူ့ဘိန်းခင်းကို သူ့တစ်ယောက်လုပ်အားနှင့်နိုင်ပါသည်ဆို၏။

ဘိန်းပင်ကလေးများ မတ်လ၊ ဧပြီလတွင် ပွင့်မည်။ အပွင့်မှာ အလွန်လှသည်ဟုသိရသည်။ အပွင့်ကြွေလျှင် အသီးလိုက်လာ၏။ စက်တင်ဘာလလောက်တွင် အသီးမှအစေးခြစ်ယူကြသည်။ ထို့နောက် ဤမြေပေါ်တွင် ပြောင်းဖူး၊ သို့မဟုတ် စားတော်ပဲကို သီးထပ်အဖြစ်ဖြင့် စိုက်မည်ဟု မောင်စံရီက ရှင်းပြလေသည်။

ရှမ်းပြည်နေရာ အနှံ့အပြား၌ပင် တိုင်းရင်းသားများသည် အနည်းနှင့်အများ ဘိန်းစိုက်ပျိုးကြ၏။ အရှေ့မြောက်ပိုင်း တရုတ်–မြန်မာနယ်စပ်၊ အရှေ့ပိုင်းလော၊ ထိုင်း၊ မြန်မာနယ်စပ်တို့တွင် အထူးများပြားစွာ စိုက်ပျိုးကြသည်။ မောင်စံရီ၏ ဘိန်းခင်းကဲ့သို့ လွင်ပြင်နှင့်ကျွန်းမြေပြန့်တွင် စိုက်ပျိုးခြင်းထက် တောင်ပေါ်တွင် စိုက်ပျိုးခြင်းက ပိုမိုများပြားပေသည်။ ကျွန်တော်သည် တောင်ပေါ်ရှိ ဘိန်းခင်းများကို အဝေးမှပင် လှမ်းကြည့်ပြီး ၎င်းတို့အကြောင်းကို သိထားသူများမှ တစ်ဆင့်သာ စုံစမ်းခဲ့ရသည်။

ဘိန်းခင်းများသည် ပုဂ္ဂလိကပိုင်လုပ်ငန်းများသာ ဖြစ်ပြီး အများစုမှာ ကိုယ်ပိုင်လုပ်ငန်းများ ဖြစ်၏။ မြေကေအများအပြားပိုင်ပြီး ကိုယ်တိုင်မလုပ်ဘဲ မြေငှားချထားလုပ်ကိုင်စေသောဘိန်းခင်းရှင်များ မရှိသလောက် ရှား၏။ မြေကေအနည်းငယ်ပိုင်ပြီး လုပ်သားဆယ့်လေးငါးယောက်ငှားကာ ကိုယ်က စီမံခန့်ခွဲပြီး လုပ်ကိုင်သော ဘိန်းခင်းရှင်အချို့ကား ရှိပါ၏။ ဘိန်းစိုက်ပျိုးရေးလုပ်ငန်းတွင် အများဆုံး ခေါင်းပုံဖြတ်ခြင်းခံရသူများမှာ ဦးရေများပြားလှသော ကိုယ်ပိုင်ကိုယ်လုပ်ဘိန်း ဘိန်းခင်းကလေးများနှင့်ဘိန်းခင်းလုပ်သားများ ဖြစ်၏။ တစ်နည်းဆိုရသော် ဟိုပန်ဈေးမှာ ကျွန်တော်တွေ့ခဲ့ရသော မြောင်ဇီးအမျိုးသမီးပုံကျအလုပ်သမားမျိုးနှင့် မောင်စံရီလို ဘိန်းခင်းရှင်ကလေးမျိုးများ ဖြစ်၏။ သူတို့သည် ငွေရှင်ကြေးရှင်များထံမှ ကြွေးတင်ကျွန်ဖြစ်ကြရ၏။ မိမိတို့၏ လုပ်အားနှင့်ကုန်ပစ္စည်းများကို ပေါင်နှံထားကြရ၏။ ဘိန်းထွက်လာသောအခါ ထိုသူတို့အား ဦးစားပေးရောင်းချကြရ၏။

သို့ဖြင့် ဘိန်းခင်းစိုက်ပျိုးရသော ဘိန်းပွင့်လေးများကို ပြုစုယုယကြရသော၊ ပေါင်းရှင်း ကြရသော၊ ဘိန်းသီးကလေးများမှ အစေးခြစ်ယူကြရသော လုပ်သားထုမှာ ဘိန်းစိုက်ပျိုး

ရေးလုပ်ငန်းမှ အကျိုးသိပ်မခံစားကြရပါ။ ဘိန်းဈေးတွေ ဘယ်လောက်ကောင်းကောင်း သူတို့အဖို့ မဟုတ်ပါ။ ငွေရှင် ကြေးရှင်များနှင့်ဘိန်းကုန်သည်ကြီးများသာ အမြတ်ဝေစု အများအပြား ရကြပါသည်။ သူတို့ထက် အမြတ်ဝေစု အဆများစွာ ပိုရသောသူများကား ဘိန်းစိမ်းမှယစ်မျိုးပစ္စည်းအမျိုးမျိုး ထုတ်လုပ်ကာ နိုင်ငံတကာ ဘိန်းမှောင်ခိုဈေးဖွင့်နေကြသော နိုင်ငံခြားအရင်းရှင်ကြီးများ ဖြစ်ပေသည်။

၁၉၇၁ ခုနှစ်က တစ်ကမ္ဘာလုံးတွင် ဘိန်းစိမ်းတန်ချိန် ၁၂၀၀ ထွက်သည်ဟုအမေရိကန်အာဏာပိုင်များက ဆိုပါသည်။ ၎င်းအနက် ၅၈ ရာခိုင်နှုန်းမှာ ''ရွှေတြိဂံ''နယ်မြေမှ ထွက်သည်ဟု ၎င်းတို့က ခန့်မှန်းပါသည်။ ထိုင်းနိုင်ငံမြောက်ပိုင်း၊ လောနိုင်ငံအနောက်ပိုင်းနှင့်မြန်မာနိုင်ငံအရှေ့ပိုင်းတို့သည် နယ်ချင်းစပ်နေကြပြီး ဘိန်းစိုက်ခင်းများ ကောင်းသောတောင်တန်းနှင့်ချိုင့်ဝှမ်းများ အများအပြား ရှိပါသည်။ အမေရိကန်ဈေးကွက်တွင် ဘိန်းစိမ်းမှထွက်သော ယစ်မျိုးပစ္စည်းများသည် တန်ဖိုးကြီးလှသဖြင့် ဘိန်းအထွက်ကောင်းသော ထိုဒေသကို အမေရိကန်တို့က ''ရွှေတြိဂံ''ဟုခေါ်နေကြခြင်း ဖြစ်ပါသည်။

အိန္ဒိယ၊ ပါကစ္စတန်နှင့်အာဖဂန်နစ္စတန်တို့တွင် ဘိန်းစိမ်းတန် ၂၂၀ ထုတ်လုပ်ပြီး တူရကီမှာ ၃၅ တန် ထုတ်လုပ်ပါသည်။ ကျန်ဘိန်းစိမ်းများကို မက်ဇီကို၊ ယူဂိုစလေးဗီးယား၊ ဘူလ်ဂေးရီးယား၊ တောင်အမေရိက၊ မြောက်အာဖရိကနှင့်အရှေ့ဖျားဒေသတို့တွင် ထုတ်လုပ်ကြသည်ဟု ဆိုပါသည်။ ဖော်ပြပါ နိုင်ငံတို့တွင် ဘိန်းစိုက်ပျိုးခြင်းသည် တရားမဝင်ပါ။ ဥပဒေကိုဆန့်ကျင်ပြီး ထုတ်လုပ်ကြခြင်း ဖြစ်၏။ (မကြာမီကအထိ တူရကီတွင် ဥပဒေအရ ပိတ်ပင်တားမြစ်ခြင်း မရှိခဲ့ချေ။) သို့သော် ဘိန်းစိုက်ပျိုးခြင်းသည် နိုင်ငံတိုင်းတွင် သိသာသိစေ မမြင်စေနှင့်ဆိုသောကိစ္စမျိုး ဖြစ်၏။

အထက်နေရာတွင် ဘိန်းစိမ်းကို အခြေခံ၍ ယစ်မျိုးပစ္စည်းများ ထုတ်လုပ်ကြရာ နံပါတ် ၁၊ နံပါတ် ၂၊ နံပါတ် ၃၊ နံပါတ် ၄ စသည်ဖြင့် ခေါ်တွင်နေကြောင်း ဖော်ပြခဲ့၏။ နံပါတ် ၄ ဟုခေါ်သောဟီးရိုးအင်းမှာ အစွမ်းအထက်ဆုံးလည်း ဖြစ်၊ အန္တရာယ်အများဆုံးလည်း ဖြစ်ပြီး ဈေးကလည်း ကြီးလှ၏။ ၁၉၇၂ ခုနှစ် စက်တင်ဘာလထုတ် တိုင်းမဂ္ဂဇင်းက နံပါတ် ၄ ခေါ် ဟီးရိုးအင်းအချိန်ပေါင် ၂၀ ကို လမ်းပေါ်ပေါက်ဈေး ဒေါ်လာ ၁၀ သန်းရှိသည်ဟုဆိုထား၏။ ဘိန်းစိမ်းတစ်ပိဿာအတွက် မောင်စံရီရမည့် ငွေ ၃၀၀ိ နှင့်နှိုင်းယှဉ်ရန် ဖြစ်ပါသည်။

ဟီးရိုးအင်းစွဲနေသောလူဦးရေအများဆုံးနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်၏။ အမေရိကန်ပြည်ထောင်စုတွင် လူပေါင်း ၅၆၀,၀၀၀ ဟီးရိုးအင်းစွဲနေသည်ဟု အမေရိကန်အစိုးရပိုင်းက ခန့်မှန်းထားလေသည်။

ဟီးရိုးအင်းစွဲနေသော အမေရိကန်တစ်ဦးသည် ပျမ်းမျှခြင်းအားဖြင့် တစ်နှစ်လျှင်

ဒေါ်လာ ၇၀၀၀ ဖိုးဝယ်၍ ရှူသည်ဟုဆိုသည်။ အမေရိကန်ပြည်ထောင်စုသည် နိုင်ငံတကာဘိန်းနှင့်ဆေးခြောက်မှောင်ခိုဈေးတွင် အကြီးဆုံးသောနေရာကို ယူထားရာ အမေရိကန်ဈေးတွင်အကြီးဆုံးသောနေရာကို ယူထားရာ အမေရိကန်ဈေးကွက်တွင် တစ်နှစ်လျှင် ဟီးရိုးအင်းဒေါ်လာသန်း ၅၀၀၀ ဖိုး အရောင်းအဝယ် ဖြစ်နေသည်ဟု ခန့်မှန်းထားကြသည်။

ယခုအခါ နယူးယောက်မြို့မှာချည်း ဘိန်းစွဲသူပေါင်း ၃၀၀၀၀၀ ကျော်ရှိနေပြီး နယူးယောက်မြို့တွင် ဖြစ်ပွားလျက် ရှိသော ရာဇဝတ်မှုများ၏ ၅၀ ရာခိုင်နှုန်းသည် ထိုဘိန်းစွဲသူလူဦးရေမှ မြစ်ဖျားခံသည်ဟုဆိုသည်။

ဘိန်းနှင့်ဆေးခြောက်တို့မှထွက်သော ပစ္စည်းများကလည်း တစ်နေ့တစ်ခြား ပွားများလာ၏။ ရောဂါဝေဒနာကုသရန်လည်းကောင်း၊ ဒဏ်ချက်ထုံရန်နှင့်ပြယ်ရယ်လည်းကောင်း၊ စိတ်ငြိမ်စေ အိပ်ပျော်စေရန်လည်းကောင်း၊ ဆေးပညာရှင်တို့က ဓာတုပစ္စည်းအချို့နှင့်ရော၍ဖော်စပ်ခဲ့သော ဆေးများသည် မသမာသူ စီးပွားရေးသမားများနှင့်လော်လီဖောက်ပြားသူများလက်တွင် ယစ်မျိုးပစ္စည်းများ ဖြစ်လာကြ၏။ ဟီးရိုးအင်း၊ ကုတ်ကင်း၊ အင်ဖီတမိုင်း၊ ဟရှီး၊ မရီဂွါနားစသည်ဖြင့် မျိုးစုံလှသည်။

လူ့လောက ကောင်းကျိုးအတွက် ရောမစွမ်းအင်ကြီးဖြစ်ရမည့်ညျူးကလီးယားစွမ်းအင်သည် နယ်ချဲ့အရင်းရှင်၏လက်ထဲတွင် လူသတ်လက်နက် ဖြစ်လာရပုံနှင့်လူသားအတွက်ဆေးစွမ်းကောင်းဖြစ်ရမည့်ဘိန်းပင်သည် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်လက်ထဲတွင် လူဖျက်ယစ်မျိုးပစ္စည်းဖြစ်ရပုံတို့မှာ အတူတူပင် ဖြစ်ပေသည်။

ဘိန်းထွက်ပစ္စည်းများဖြစ်သော ဟီးရိုးအင်းစသော ယစ်မျိုးပစ္စည်းတို့၏အန္တရာယ်သည် ကြီးလှသဖြင့် အမေရိကန်ပြည်ထောင်စုအစိုးရသည် ဘီအင်န်ဒီဒီ(BNDD Bureau of Narcotics and Dangerous)ဆိုသော အထူးအာဏာပိုင်အဖွဲ့တစ်ခု ဖွဲ့ထားသည်။ အမေရိကန်ပြည်တွင်းမှာသာမက တစ်ကမ္ဘာလုံးမှာ ဘိန်းအန္တရာယ်ကို တိုက်ဖျက်ရန် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ယခုနှစ်အဖို့ ယင်းအဖွဲ့က ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ဒေါ်လာသန်းပေါင်း ၇၂၉ ဘတ်ဂျက် လျာထားချက် ရှိသည်။

အမေရိကန်အစိုးရသည် တစ်နေ့တစ်ခြား တိုးပွားနေသော ဟီးရိုးအင်းဘိန်းစွဲသူ(နံပါတ် ၄ သမား)ဦးရေကို လျှော့မချနိုင်သေး။ (၁၉၇၂ စက်တင်ဘာမှာ ၅၆၀,၀၀၀ ရှိခဲ့သည်။)နံပါတ် ၄ သမားဦးရေတိုးပွားစေသော အကြောင်းရင်းများကိုလည်း မဖယ်ရှားနိုင်သေး။ (လက်ဝါးကြီးအုပ်အရင်းရှင်စနစ်၏ဖောက်ပြန်သော လူမှုရေးထုံးစံဓလေ့နှင့်စရိုက်သဘာဝများ၊ ဗီယက်နမ်စစ်၊ စသည်တို့မှာ အကြောင်းရင်းများ ဖြစ်၏။) အမေရိကန်အစိုးရသည် အမေရိကန်ပြည်ထောင်စုတွင်းမှာ ပေါ်ထွန်းနေသော ဒေါ်လာသန်းပေါင်း ၅၀၀၀ တန် ဟီးရိုးအင်း(နံပါတ်

၄) မှောင်ခိုဈေးကြီးကိုလည်း မဖျက်သိမ်းနိုင်သေးပါ။(တစ်ကမ္ဘာလုံးတွင် မနှစ်က ဘိန်းနှင့်ဘိန်းထွက်ပစ္စည်း ဒေါ်လာသန်းပေါင်း ၁၅၀၀ ဖိုး၊ နိုင်ငံတကာ မှောင်ခိုဈေးကြီးသို့မရောက်အောင် တားဆီးထားနိုင်သည်ဟုတော့ ဆိုပါသည်။)

သို့သော် အမေရိကန်အာဏာပိုင်တို့သည် ကမ္ဘာ့ဘိန်းအထွက် စုစုပေါင်း၏ ၅၈ ရာခိုင်နှုန်းထွက်သည်ဆိုသော "ရွှေတြိဂံ"ကိုကား မဲတိုက်နေဟန် ရှိပါသည်။ (ယူအက်စ်အိုင်အက်စ်က ၃–၁–၇၃ နေ့စွဲနှင့်ထုတ်သော ပြန်တမ်းတစ်ခုတွင်ကား ၁၉၇၁ ခုနှစ်၌ တစ်ကမ္ဘာလုံးတွင် ဘိန်းစိမ်းတန်ချိန် စုစုပေါင်း ၁၀၀၀ ထွက်ရာ "ရွှေတြိဂံ"မှာ တန် ၇၀၀ ထွက်ခဲ့သည်ဟုဆိုထား၏။)

ထိုင်းအစိုးရနှင့်အမေရိကန်အစိုးရတို့သည် ရင်းရင်းနှီးနှီး ပူးပေါင်းကာ ဤဒေသမှ ဘိန်းထွက်ပစ္စည်းများ အပြင်မရောက်အောင် နည်းအမျိုးမျိုးနှင့်ဆောင်ရွက်နေကြသည်။

ထိုင်းအစိုးရသည် ထိုင်း–မြန်မာနယ်စပ်ရှိ တောင်ပေါ်သားတို့ ဘိန်းမစိုက်ပျိုးကြအောင် သိမ်းသွင်းသောအားဖြင့် မြေပြန့်ပိုင်းတွင် အခြားကောက်ပဲသီးနှံစိုက်ပျိုးရန် မြေဝေငှပေးနေသည်။ ၁၉၇၂ ခုနှစ်ဦးပိုင်းက တောင်ပေါ်သားအချို့သည် ထိုင်းအစိုးရအရာရှိများလက်သို့ ဘိန်းစိမ်း ၂၆ တန် လွှဲအပ်ပေးပြီး ဝေငှသောမြေများကို လက်ခံယူကြသည်ဆို၏။

အမေရိကန်အကူအညီနှင့်ထိုင်းအစိုးရအရာရှိများသည် ဘိန်းနှင့်ဘိန်းထွက်ပစ္စည်းများကို ဖမ်းဆီးသိမ်းယူနေကြရာ ၁၉၇၂ ခုနှစ် ဇူလိုင်လအတွင်းက တစ်ချီတည်းနှင့်ဒေါ်လာသန်း ၂၀၀ ဖိုး ဖမ်းဆီးမိသည်ဟုဆိုပါသည်။

ထိုသို့ အမေရိကန်အစိုးရနှင့်ထိုင်းအစိုးရတို့က ဆောင်ရွက်နေခြင်းကြောင့် ထိုင်းနိုင်ငံမှောင်ခိုဈေးတွင် ဘိန်းနှင့်ဘိန်းထွက်ပစ္စည်းများ ဈေးမည်မျှကျသွားသည်ကို ကျွန်တော် မသိပါ။ သို့မဟုတ် မြန်မာပြည်ဖက်တွင် ဘိန်းဈေးကျသွား မသွားကိုလည်း မသိပါ။ ဘိန်းစိုက်ခင်းရှင်ကလေး မောင်စံရီကား စိုက်မြဲပျိုးမြဲ၊ ပေါင်းသင်မြဲ၊ ယုယမြဲပင်။ သီတင်းကျွတ် ဘိန်းထွက်ချိန်တွင် ဘိန်းတစ်ပိဿာကျော်ထွက်ပြီး ငွေ ၃၀၀ိ ကျော်ရမည်ဟုလည်း မျှော်လင့်ဆဲပင်။

၁၉၇၂ ခု စက်တင်ဘာလထုတ် တိုင်းမဂ္ဂဇင်း အဆိုအရ အမေရိကန်အစရှိသော အစိုးရအသီးသီးက အရေးယူဆောင်ရွက်မှုကြောင့် ပြင်သစ်ပြည် မာဆေးမြို့တွင် ဟီးရိုးအင်းတစ်ကီလိုဈေးသည် ဒေါ်လာ ၂၅၀၀ မှ ဒေါ်လာ ၅၀၀၀ သို့တက်သွားသည်ဆိုပါ၏။ ပေါင်ချိန်နှင့်တွက်သော် တစ်ပေါင်လျှင် ၁၂၂၇ ဒေါ်လာကျော်ကျော်ရှိနေရာမှ တစ်ပေါင်လျှင် ၂၄၅၄ ဒေါ်လာဈေးဖြစ်သွားခြင်းဖြစ်ပါ၏။ ဟိုပန်မှ လွယ်လ ဘိန်းကုန်သည်ကလေး၏ အချိန်အတွယ်နှင့်ဆိုသော် တစ်ကျပ်သား ၄၅ ဒေါ်လာရှိနေရာမှ တစ်ကျပ်သား ၉၀ ဒေါ်လာဖြစ်သွားခြင်းဖြစ်ပါ၏။ မြန်မာကျပ်ငွေဆိုပြန်သော် တစ်ကျပ်သားကို ငွေ ၂၇၀ ကျပ်ဈေးမှ တစ်ကျပ်သားကို ငွေ ၅၄၀ ကျပ်ဈေးသို့ တက်သွားခြင်းဖြစ်ပါ၏။ (အထက်တစ်နေရာတွင် အမေရိကန်မှောင်ခိုဈေး၌ ဟီးရိုး

အင်းအချိန် ပေါင် ၂၀ အတွက် ဒေါ်လာ ၁၀ သန်းပေါက်ဈေးရှိသည်ဟု ဖော်ပြခဲ့ရာ၊ ယင်းမှာ ၁၀၀ ရာခိုင်နှုန်းပြည့် သန့်စင်သော ဟီးရိုးအင်း ဖြစ်ပါသည်)

ဘိန်းစိမ်းကိုသာ ရောင်းဝယ်နေကြသော မောင်စံရီနှင့်ဘိန်းကုန်သည်ကလေးများအနေနှင့်ကား တစ်ကျပ်သား ၃ ကျပ်ဈေးသာ သိနေသည်။ ဘိန်းထွက်ပစ္စည်းဖြစ်သော ဟီးရိုးအင်းသည် ကမ္ဘာ့မှောင်ခိုဈေး၌ တစ်ကျပ်သားကို ငွေ ၂၇၀ ကျပ်ဈေး ဖြစ်ခဲ့မည်ကိုလည်းကောင်း၊ အစိုးရအသီးသီး ဆောင်ရွက်ချက်ကြောင့် ၅၄၀ ကျပ်ဈေးသို့ တက်သွားမည်ကိုလည်း စဉ်းပင်စဉ်းစားမိမည် မဟုတ်ချေ။

ကျွန်တော့်အနေနှင့်သတိပြုမိသည်ကတော့ မောင်စံရီတို့က တစ်ကျပ်သား ၃ ကျပ်နှင့် ရောင်းလိုက်သောဘိန်းစိမ်းသည် နယ်စပ်ရောက်သောအခါ ၆ ကျပ်ဈေး ဖြစ်ကောင်းဖြစ်မည်။ သို့မဟုတ် အလွန်ဆုံး ၁၀ ကျပ်ဈေး ဖြစ်ကောင်းဖြစ်မည်။ သို့သော် ၂၇၀ ကျပ်ဈေးသော်လည်းကောင်း၊ ၅၄၀ ကျပ်ဈေးသော်လည်းကောင်း မဖြစ်နိုင်ပါ။ ထိုသို့ဈေးတက်သွားအောင် လုပ်သူတို့ကား ဘိန်းစိမ်းမှ ဘိန်းထွက်ပစ္စည်းအမျိုးမျိုးဖြစ်အောင် စီစဉ်ကြသောခေတ်မီစက်မှုလုပ်ငန်းရှင်များ၊ ဘိန်းထွက်ပစ္စည်းအမျိုးမျိုးကို တစ်လက်မှတစ်လက် ပြောင်းပြီး မှောင်ခိုဈေးလုပ်သူများနှင့်မှောင်ခိုဈေးကို တိတ်တိတ်ပုန်း ခွင့်ပြုနေသောအစိုးရအာဏာပိုင်များဖြစ်ပါသည်။ သူတို့သည် ဈေးတက်သွားသလောက် အမြတ်နှင့်လာဘ်ကြီးကြီးမားမား ရရှိကြ၏။

ဟိုပန်ဈေး၌ တွေ့ခဲ့ရသော လမ်းဘေးဘိန်းဈေးသည်ကလေးများ၊ မြောင်ဇီးအမျိုးသမီးပျံ့ကျဘိန်းခင်းလုပ်သားများနှင့်ဘိန်းခင်းရှင်ကလေး မောင်စံရီတို့ကား စံစရာရှိ စံရမည် မဟုတ်၊ ခံစရာရှိရင်သာ ခံကြရပေမည်။

ကျွန်းကြီးပေါ်တွင် သာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ်အဖြစ်ဖြင့် တည်ထားသော စေတီတော်အနီးတွင် ဘိန်းခင်းစိုက်နေသော မောင်စံရီကို စာနာထောက်ထားမှုအပြည့်၊ နားလည်မှုအပြည့်ဖြင့် နှုတ်ဆက်ကာ ထွက်ခွာခဲ့ကြလေသည်။

ကျောက်လှေကားသို့

ထိုနေ့နံနက်စာကို ကျောက်လှေကားဟူသော စခန်းမှာ စားကြမည် ဖြစ်လေသည်။ ကျောက်လှေကားစခန်းမှနေပြီး ပညက်ထန်စခန်းသို့လည်းကောင်း၊ ဟိုက်ကမ်းပါးစခန်းသို့လည်းကောင်း တစ်ဆင့်တက်ကြရမည်။ ပညက်ထန်စခန်းမှာ ပညက်ထန်ရွာကို အစွဲပြု၍ ခေါ်သောအမည် ဖြစ်သည်။

ကျောက်လှေကားစခန်းသို့ မထွက်ခွာမီ ကွန်လုံဈေးကို ဝင်ကြည့်ကြသေးသည်။ ၅ ရက်တစ်ဈေးဖြစ်၍ အတော်ပင်စည်ကားပါသည်။

ဟိုပန်ဈေးကိုတော့ လွယ်လတို့၏ အသားညိုမဲ အရောင်က လွှမ်းမိုးနေသည်။ ကွန်လုံဈေးကိုကား တရုတ်တို့ဝတ်သောအင်္ကျီ၊ ဘောင်းဘီတို့၏ အပြာရောင်တွေက လွှမ်းနေသည်။

ကွန်လုံကား ကိုးကန့်နယ်မြေဖြစ်ပြီး တိုင်းရင်းသားတရုတ်ရော၊ နိုင်ငံခြားသားတရုတ်ပါ ပြည့်နှက်နေ၏။ ကုလားတစ်ယောက်တစ်လေ တွေ့ရသေးသည်မှာ အံ့သြဘွယ်ရာပင်။

ကွန်လုံဈေးသည် ပေတစ်ရာလမ်းမကြီးပေါ်မှာလည်း ရှိသည်။ လမ်းမကြီးအောက် သံလွင်ကမ်းနားဖက်မှာလည်း ရှိသည်။ လမ်းမကြီးပေါ်တွင် အမြဲတမ်းဈေးရောင်းနေသော အိမ်ဆိုင်ကြီးများ ရှိ၏။ အိမ်ဆိုင်များရှေ့ ကွက်လပ်ဟူသမျှတွင် ကုန်မျိုးစုံကို ခင်းကျင်းရောင်းချကြ၏။ နိုင်ငံခြားဖြစ် ပန်းကန်ခွက်ယောက်၊ အိုး၊ ဇလုံ၊ စောင်၊ အိပ်ရာခင်း၊ အင်္ကျီ၊ ဘောင်းဘီ၊ ဓာတ်ဗူး၊ ဖောင်တိန်စသည်ဖြင့် ကုန်ပစ္စည်းပေါလှ၏။ သို့သော် ဈေးကား ကြီးလှပါသည်။ ဈေးပေါသည်ကတော့ လဖက်ခြောက်၊ သစ်သီးနှင့်ဘိန်းစသော ဒေသထွက်ကုန်များ ဖြစ်ပါသည်။ ဟိုပန်ဈေးမှာကဲ့သို့ ငွေဒင်္ဂါးပြားကြီးများနှင့်ချိန်၍ ရောင်းဝယ်နေကြသော ဘိန်းကုန်သည်ကလေးများ ဖြစ်ပါသည်။ လဖက်ရည်ဆိုင်နှင့်ခေါက်ဆွဲဆိုင်အချို့၏နောက်ဖေးတွင် အဆွယ်ချကာ ဘိန်းခန်းကလေးများ ဖွင့်ထားသည်ဟုသိရသည်။ ဝင်၍တော့ မကြည့်ခဲ့ပါ။ လဖက်ရည်ကြိုက်တတ်သူများကဲ့သို့ ဘိန်းကြိုက်တတ်သူ'ဦးကြီးများ''သည် သမရိုးကျနည်းစနစ်များနှင့်အမော ပြေ ဝင်ရှူရန် ဖွင့်ထားကြသော ဘိန်းခန်းများ ဖြစ်သည်ဟုသိခဲ့ရပါသည်။

လေသေနတ်များကိုလည်း ရောင်းချနေကြသည်။

ဈေးတွင် တစ်ဖက်နိုင်ငံမှ ကုန်ပစ္စည်းများကို တွေ့မြင်ရသဖြင့် ကျွန်တော်တို့နိုင်ငံမှ မည်သည့်ကုန်များကို ပို့နေကြသနည်းဟုစုံစမ်းရာ ဆန်၊ ဆား၊ လဖက်ခြောက်၊ သစ်ကြားသီး၊ ရေနံဆီစသည်တို့ ဖြစ်သည်ဟုဆိုပါသည်။ တိုင်းရင်းသား''ဦးကြီး''အချို့သည် အစိုးရက ရေနံ

ဆီတစ်ပုလင်းရောင်းလျှင် တစ်ဝက်ကိုသာ မိမိအိမ်မှာသုံးပြီး တစ်ဝက်ကို ကုန်သည်အား ရောင်းကြသည်။ အစိုးရထံမှ ဝယ်ယူရရှိသော ဆန်၊ သို့မဟုတ် မိမိတို့စိုက်ပျိုးရရှိသောဆန်ကို ချွေတာစားကာ ပြောင်းဖူးစေ့ အစားထိုးစားသုံးကာ ပိုသမျှကို ကုန်သည်အား ရောင်းချကြသည်။ ကုန်သည်များက ၎င်းတို့ကို တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချကြသည်။

ဤသည်မှာ သဘာဝအလျောက် ဖြစ်ပေါ်နေသော နယ်စပ်ကုန်သွယ်ရေးဖြစ်ပေ၏။

ကျောက်လှေကား၊ ပညက်ထန်နှင့်ဟိုက်ကမ်းပါးစခန်းများသို့ တက်သောအခါ ကျွန်တော်တို့သည် အရပ်ဖက်ဂျစ်ကားတစ်စီးနှင့်စစ်ဖက်ထရပ်ကားတစ်စီးနှင့်တက်ကြလေသည်။ ဆရာဝန်ကမ္ဗောဇခင်လှိုင်က သူ့ဂျစ်ကားကို ကျွန်တော့်အား ငှားလိုက်စဉ် ဟိုက်ကမ်းပါးသို့တက်ခြင်းမှတစ်ပါး သုံးချင်သလို သုံးပါဟုမှာလိုက်သောကြောင့် ကျွန်တော်တို့သည် ကတိတည်စွာဖြင့် သူ့ဂျစ်ကားကို ကွန်လုံမှာ ထားခဲ့ကြသည်။

ကွန်လုံမှ မထွက်မီ ပညက်ထန်သို့ ကားကြုံစီးချင်သော တောင်ပေါ်သားတိုင်းရင်းသားများနှင့်တွေ့ရလေသည်။ အမှန်စစ်စစ် သူတို့သည် နေ့စဉ်နှင့်အမျှဆိုသလို ခြေလျင်တက်လိုက်ဆင်းလိုက် လုပ်လေ့ရှိသူများ ဖြစ်ပါသည်။ တိုင်းရင်းသားများအပေါ် အလိုလိုက်သောတပ်မတော်၏ သဘောကို သိသဖြင့် “အပျော်စီး”သဘော လိုက်လိုကြခြင်း ဖြစ်ပါသည်။ တပ်ရင်းမှူးသူရညွန့်တင်သည် ကားကြုံစီးများကို အစွမ်းကုန်တင်ခဲ့၏။ အထက်စခန်းများသို့ ပြန်ကြရမည့်အချို့ရဲဘော်များကိုပင် ကားပေါ်မှအဆင်းခိုင်းပြီး ခြေလျင်တက်စေပါသည်။ ရဲဘော်ကလေးများသည် မည်သို့မျှ ပြန်ပြောမနေဘဲ သူတို့က ဒုက္ခခံကာ ကားကြုံစီးတောင်ပေါ်သားများကို “အပျော်စီး”ခွင့်ပြုလိုက်ကြပါသည်။

ကားများသည် တက်ကတည်းက မတ်စောက်သော လမ်းတွင် မော့တက်ကြရပါသည်။ လမ်းကလည်း အသစ်ဖောက်ထားသောလမ်းဖြစ်သည်။ ရက်များမကြာမီက မိုးရွာထားသဖြင့် လမ်းပေါ်တွင် ရေစီးကြောင်းရာကလေးများ ရှိနေသေးသည်။ တစ်ဆစ်ချိုးကွေ့ရသောနေရာများတွင် ဂျမ်းတုံးခု၍ ကွေ့ကြရသည်။ ဒေါက်တာကမ္ဗောဇခင်လှိုင်က သူ့ကားကို ဟိုက်ကမ်းပါးတက်ခြင်းမှတစ်ပါး သုံးချင်သလို သုံးပါဟု မှာကြားလိုက်ခြင်းမှာ အကြောင်းခိုင်လုံလှပါ၏။ အမြော်အမြင်ကြီးလှပါပေ၏။

ကားများသည် နာရီဝက်ကျော်ကျော် အံကြိတ်၍ အော်ဟစ်၍ တက်ပြီးသောအခါ ကျောက်လှေကားစခန်းသို့ ရောက်ကြလေ၏။

ကျောက်လှေကားစခန်းမှာ တောင်ပေါ်ရွာသားတို့ အတက်အဆင်းတွင် တစ်အောင့်တစ်ခဏ အနားယူရာစခန်း ဖြစ်သည်။ သစ်ကြီးဝါးကြီး အရိပ်အာဝါသကောင်းသည်။ ယခုအခါ တပ်မတော်၏စခန်းတစ်ခုလည်း ဖြစ်နေသည်။ တပ်မတော်သားတို့၏လှုံ့လဖြင့် ဥတုသုံးပါး

သောက်ရေသုံးရေ ဖူလုံသောစခန်းတစ်ခု ဖြစ်နေသည်။ ကျွန်တော်တို့ ရောက်သွားချိန်တွင် တောင်ပေါ်ရွာသားတစ်စု ရေဝင်သောက်ကြ၊ အပန်းဖြေကြသည်ကို တွေ့ရ၏။

တပ်စခန်းအဆောက်အဦးကလေးများမှာ စလယ်အဆုံး ဝါးဖြင့် ဆောက်လုပ်ထားသော တဲကလေးများ ဖြစ်သည်။ ဝါးလုံးများကို ထက်ခြမ်းခွဲ၍ မှောက်လိုက်လှန်လိုက် ဆက်စပ်ကာ အမိုးမိုးသည်။ ဝါးခြမ်းဖြင့် ထရံကာ၍ ကြမ်းခင်းသည် စားပွဲနှင့်ကုလားထိုင်များကိုလည်း ဝါးများနှင့်လုပ်ထားသည်။

ကျွန်တော်သည် ခရီးရောက်မဆိုက်ပင် တပ်မတော်သားများ နေကြ ထိုင်ကြပုံ၊ ချက်ပြုတ်စားသောက်ကြပုံတို့ကို လိုက်ကြည့်၏။ ပြည်သူတို့၏ငြိမ်းချမ်းရေးနှင့်တိုင်းပြည်လွတ်လပ်ရေးကို ကာကွယ်ရန် ဤမျှအဆင်းရဲ အပင်ပန်းခံနေကြသော တပ်မတော်သားများအား ကျေးဇူးတင်၍မဆုံး ဖြစ်မိ၏။

တပ်မတော်သားများက ဝါးစားပွဲရှည်တွင် တည်ခင်းသောနံနက်စာ(တစ်ကယ်တော့ နေ့လည်စာ)ကို ဝါးခုံရှည်များပေါ်တွင် စီတန်းထိုင်၍ ကျွန်တော်တို့ စားသောက်ကြသည်။ အသားဟင်းချက်ပြုတ်ပုံကို မမှတ်မိတော့ပါ။ မှတ်မိသည်ကတော့ တပ်မတော်၏နာမည်ကျော်ပဲဟင်းနှင့်စပ်လှသော ငြုပ်သီးစိမ်း ဖြစ်လေသည်။

ကျောက်လှေကားစခန်းမှနေပြီး ဟိုက်ကမ်းပါးချင့်ပညက်ထန်တို့ကိုသာမက တောက်ရွှေစခန်းနှင့်တုံရှန်စခန်းတို့ကိုလည်း သွားနိုင်သည်။ အချိန်မရှိသဖြင့် တောက်ရွှေစခန်းသို့ မတက်နိုင်တော့ပါ။ ထိုစခန်းများတွင် ရေရှားသောကြောင့် တပ်မတော်သားများ တောင်အောက်ပိုင်းသို့ ဆင်း၍ ဝါးကျည်တောက်နှင့်ရေသယ်ကြရသည်ဖြစ်ရာ ရေတစ်ခေါက်လျှင် ၃ နာရီမျှကြာသည်ဟုသိခဲ့ရပါသည်။

ထမင်းစားပြီးနောက် ကျွန်တော်တို့သည် ပညက်ထန်စခန်းသို့တက်ကြရန် ဖြစ်လေသည်။ တပ်ရင်းမှူးကား မြင်းစီး၍ တစ်ယောက်တည်း တက်သွားလေသည်။ ကျွန်တော်တို့တက်သင့် မတက်သင့် ကိုယ့်ဖာသာ ဆုံးဖြတ်ရ၏။ ကျောက်လှေကားစခန်းမှစ၍ ပညက်ထန်စခန်းအထိ တောင်တက်ရပုံမှာ ပုပ္ပားတောင်ကလပ်ကို စောင်းတန်းလှေကားများ မပါဘဲ တက်ရပုံမျိုးဖြစ်သောကြောင့်တည်း။ အများမှာ ခြေလျင်တက်နိုင်ကြ၏။ ကျွန်တော့်မှာ ခြေဖနောင့်နာနေသဖြင့် ခြေလျင်မတက်နိုင်၊ ထို့ကြောင့် မြင်းစီးရမည်ဖြစ်သည်။ (တပ်ရင်းမှူးစီးသော အကောင်ကသာ မြင်းဖြစ်ပြီး ကျွန်တော်စီးရမည့်အကောင်ကား လားဖြစ်သည်။)ထိုတောင်တက် ခရီးမျိုးတွင် မြင်းစီးရမည့်အန္တရာယ်သည် ကြီးမားလှပေသည်။ သို့သော် ပညက်ထန်သို့ရောက်ချင်သော စိတ်ဇောက လွှမ်းမိုးနေတော့သည်။

ကျွန်တော်တို့က တက်ရန် ဆုံးဖြတ်လိုက်သဖြင့် ရဲဘော်တို့သည် လားနှစ်ကောင် စီစဉ်

ပေး၏။ ကျွန်တော်နှင့်ထွန်းဝေတို့သည် တန်းစီကာ ခြေလျင်တက်နေကြသော တပ်မတော်သား များနှင့်အရပ်သူအရပ်သားများကြားတွင် မောင်ရှင်လောင်းများသဖွယ် ဖြစ်နေပေတော့သည်။ သို့သော် ရှင်လောင်းလှည့်ရာမှ မောင်ရှင်လောင်းများကဲ့သို့ တင့်တယ်ဖွယ်ရာခြင်း မရှိပါ။ လား ပါးချုပ်ကြိုးကို ရဲဘော်လေးတစ်ယောက်က ရှေ့မှဆွဲပြီး ကျန်တစ်ယောက်က နောက်မှ လား၏ တင်ပါးကို ဒုတ်နှင့်တို့ပေးနေရသည်။ ရှေ့က ရဲဘော်က လားကို စုပ်သပ်ချော့ခေါ်သည်။ နောက် က ရဲဘော်က လားကို ငေါက်ငန်းတွန်းတင်သည်။

ကျွန်တော်သည် လားပေါ်မှာ အလိုက်သင့် လိုက်တတ်ပါပြီ။ တက်လျှင် ကိုယ်ခန္ဓာကြီး ကို ရှေ့ကိုင်းညွတ်၍ နင်းကွင်းပေါ်မှ ခြေထောက်များကို နောက်ပစ်ပေးရသည်။ ဆင်းလျှင် ခန္ဓာ ကိုယ်ကြီးကို နောက်လှန်ထားပြီး ခြေနင်းကွင်းပေါ်မှ ခြေထောက်များကို ရှေ့ထိုးထားရပါသည်။

လားပေါ်မှာ အလိုက်သင့်လိုက်ပါရင်း လိမ့်ကျမှာကိုလည်း မကြောက်နိုင်၊ ဘေးက ကျောက်ဆောင်ကျောက်တုံးများကို ဝင်တိုက်မိမှာကိုလည်း မစိုးရိမ်နိုင်၊ လားကိုသာ သနားနေမိ သည်။ ရဲဘော်ကလေးများကိုသာ အားနာနေမိသည်။

လမ်းသည် မတ်စောက်ရုံမက ကြမ်းတမ်းခက်ထန်သည်။ နေရာအနည်းငယ်မှတစ်ပါး အတက်ချည်းဖြစ်ရုံမက ကျောက်တုံးကျောက်ခဲများဖြင့်သာ ပြီးသည်။ လားက လမ်းမှာ အစွမ်း ကုန်အားယူ၍ တစ်လှမ်းပြီးတစ်လှမ်း တက်ရသည်။ ကျောက်တုံးပေါ်တွင် သူ၏ခွာတွေ မီးပွင့် မတတ် ဖြစ်သည်။ တစ်ခါတစ်ခါ သူတို့၏ခွာများသည် ကျောက်တုံးကျောက်ခဲများကြားဝင်ကာ ညှပ်သွားပြီး အတော်နုတ်ယူရသည်။ တစ်ခါတစ်ခါ လားကလေးသည် ကွေးထားရသော ဒူးဆစ် ကို ဆန့်မှ ဆန့်တန်းနိုင်ရှာပါတော့မည်လောဟု အောက်မေ့ရသည်။ ကျွန်တော်၏ပေါင် ၁၄၀ ကျော် ကိုယ်ခန္ဓာကြီးကို ကျွန်တော်များစွာ စက်ဆုပ်မိပါတော့သည်။

လားကို ရှေ့က ဆွဲနေသော ရဲဘော်နှင့်နောက်က တွန်းတင်နေသောရဲဘော်တို့မှာ သက်ပြင်းရှူကာ တက်နေကြရသည်။ သို့သော် သူတို့ကား သက်လုံကောင်းကြလှ၏။ အသံမှန် လေမှန်နှင့်အချင်းချင်းလည်းကောင်း၊ ကျွန်တော်နှင့်လည်းကောင်း စကားတပြောပြောလုပ်နိုင် ကြသည်။ ကြားဖောက်၍ လားကို အသံမှန် လေမှန်ဖြင့်ပင် ချော့စကား ချောက်စကား ဆိုနိုင်ကြ သည်။ သူတို့သည် ကာကီအင်္ကျီတွင် အကွက်ကွက်ထင်လာအောင် ချွေးတွေ စို့ရွဲလာကြပြီ။ ထို့ ကြောင့် ကျွန်တော်သည် ရဲဘော်များကို အားနာလှ၏။

စစ်အတွင်းက ကျွန်တော်သည် ချန်ကေရှိတ်စစ်တပ်များနှင့်အတူ ချီတက်ရဖူးသည်။ တပ်သားတွေက ခြေလျင်၊ စစ်ဗိုလ်တွေက မြင်းနှင့်ချီတက်ကြလေသည်။ ထိုမြင်ကွင်းကို ပြန်သ တိရပြီး ကျွန်တော့်ကိုယ်ကျွန်တော် ချန်ကေရှိတ်စစ်အရာရှိ နေရာထားကြည့်လိုက်မိသည်။ ကျွန် တော်များစွာ ရှက်သွား၏။



ပညက်ထန်စခန်းမှ ရဲဘော်များနှင့်အတူ

ဤတောင်များတွင် တောထူထပ်၏။ သို့သော် နေရာများစွာတွင် တောကို ခုတ်ထွင်၍ တောင်ယာခင်းများ လုပ်ထားသည်ကို တွေ့မြင်ရ၏။ တောင်ယာခင်းများသည် အပင်ပေါက်ကလေးများဖြင့် စိမ်းစိုနေ၏။ ရဲဘော်များအား ဘာခင်းတွေလဲဟုမေးကြည့်ရာ ဘိန်းခင်းများဖြစ်ကြောင်း တွေ့ရလေသည်။ ရဲဘော်တစ်ဦးက ဤကိုးကန့်တောင်ပေါ် မြေများတွင် ဘိန်းစိုက်ပျိုးခြင်းမှာ အခြားကောက်ပဲသီးနှံစိုက်ပျိုးခြင်းထက် လွယ်ကူသည့်အပြင် ဘိန်းတစ်ကေစိုက်ပျိုးလျှင် ဆန်စပါး ၆ ကေစိုက်ပျိုးသည့်ဝင်ငွေနှင့်ညီမျှသဖြင့် လူထုက ဘိန်းစိုက်ပျိုးခြင်းကိုသာ အာရုံစိုက်ကြောင်း၊ သီးထပ်အဖြစ်ဖြင့် ပြောင်းဖူးကို စိုက်ပျိုးကြကြောင်း၊ ဆန်ရှားလျှင် ပြောင်းဖူးဆံဖြင့် ဖြည့်နိုင်ရုံမက ပြောင်းဖူးဆံကို အရက်ချက်နိုင်ကြောင်း စသည်ဖြင့်ပြောပြပါသည်။

သို့ဖြင့် ပညက်ထန်စခန်းသို့ ရောက်ကြ၏။

ပညက်ထန်စခန်းမှာ တောင်ကြီးတစ်လုံးပေါ် တွင် ကုန်းမြင့်မြေပြင်တစ်ခုသဖွယ်တည်ရှိသည်။

ဘေးတစ်ဝိုက် ခပ်လှမ်းလှမ်းမှာ တောင်လုံးငယ်ကလေးများက ခြံရံထားသည်။ ပညက်ထန်ပင်မစခန်းမှာ ပေ ၄၀၀၀ ကျော် အမြင့်တွင် တည်ရှိ၍ ဝိုင်းထားသော တောင်လုံးငယ်များအနက် အမြင့်ဆုံးတောင်မှာ ပေ ၄၉၀၀ မြင့်သည်။ ထိုအမြင့်ဆုံးတောင်လုံးပေါ် တွင်လည်း တပ်မတော်က တပ်စွဲထား၏။ ပညက်ထန်ရွာကား ထိုအမြင့်ဆုံးတောင်၏ အနီးတွင် တည်ရှိပြီး ကျွန်တော်တို့ရောက်နေသောနေရာမှ ရွာကို မမြင်နိုင်ချေ။ ခင်တန်းတစ်ခုနှင့်ကျောက်ဆောင်များက ကွယ်ထားသည်။

ပညက်ထန် သို့မဟုတ် ပါးညက်ထန်ရွာသားများသည် ရွာလုံးကျွတ်နီးပါး အောင်ဇေယျတပ်ခွဲ တပ်စွဲထားသောပညက်ထန်စခန်းသို့ ရောက်နေကြ၏။

ရွာသားများကား အားလုံးပင် ကိုးကန့်တရုတ်များ ဖြစ်ကြ၏။ သူတို့သည် တရုတ်ပြည်မှ ဆင်းသက်ကာ တရုတ်ဒေသသုံးစကားတစ်မျိုးကို ပြောပြီး တရုတ်ယဉ်ကျေးမှုအတော်များ များ ရှိနေသောကြောင့်သာ ကျွန်တော်တို့က ကိုးကန့်တရုတ်ဟုခေါ် နေရသည်။ အချို့ကမူ သူတို့အား ကိုးကန့်ရှမ်းဟုခေါ် ကြ၏။ သူတို့သည် အနှစ် ၃၀၀ ကျော်ကစပြီး ကိုးကန့်နယ်မြေမှာနေထိုင်ခဲ့ကြသည်ဆို၏။ တရုတ်ပြည်မှ မဟာတရုတ်စိတ်ရှိသူ(Great Hun)တို့က သူတို့အား တောင်ပေါ် သားလူမျိုးငယ်များဟုသာ သဘောထားကြသည်ဆို၏။ ကိုးကန့်စော်ဘွားအနွယ်များ၊ ဦးလောစစ်ဟန်တို့လူစုနှင့်နိုးကြားနေသော လူထုအစိတ်အပိုင်းများကမူကား သူတို့ကိုယ်သူတို့ ကိုးကန့်သားများဟုသာဖော်ပြကြ၏။ ပြည်ထောင်စုမြန်မာနိုင်ငံဘွားတိုင်းရင်းသားလူမျိုးစုတစ်စုသာ ဖြစ်သည်ဟုဆိုကြ၏။

ရောက်လျှင်ရောက်ချင်း ကျွန်တော်တို့နှင့်ပါလာသော ဆရာဝန်များနှင့်ဆရာမများ

သည် ပညက်ထန်မှုကိုးကန့်သားများကို ရောဂါစစ်ဆေးပြီး ဆေးပေးကြ၏ ။ ထုံးစံအတိုင်း ငှက်ဖျားရောဂါမှာ အများဆုံး ဖြစ်လေသည်။ နောက်ဆုံးပေါ် ငှက်ဖျားနှိမ်ဆေးများကလည်း ကောင်းလှသည်။ ချက်ချင်း သက်သာစေသောဆေးကို ဆရာဝန်ရှေ့မှာပင် သောက်စေပြီးနောက် တနင်္ဂနွေတစ်ပတ်တစ်ခါ စားရန် ဆေးသုံးလေးပတ်စာ ပေးခဲ့သည်။ ထိုမျှဖြင့် ရောဂါပျောက်စေနိုင်သည်ဟုသိရ၏ ။

တပ်ရင်းမှူးနှင့်ရဲဘော်များသည် ရွာသားများအား အဝတ်အထည်များ ဝေငှကြသည်။ ထမင်းသိပ်ဆာနေသော ရွာသားများအား ထမင်းကျွေးကြ၊ မုံ့ကျွေးကြ၊ လဖက်ရည်တိုက်ကြနှင့် လက်မလည်ကြချေ။

ကားကြုံစီးလာသောရွာသားအချို့သည် စကားပြန်များအဖြစ်ဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့ရ၏ ။

သို့သော်… သူတို့လက်နက် ကောင်းသည်

ထိုသို့ဖြင့် ဆေးပေးသူက ပေး၊ အဝတ်အထည် ဝေသူက ဝေ၊ ကျွေးမွေးသူက ကျွေးမွေးနေကြစဉ် ကျွန်တော်ကမူ ဘေးပတ်ဝန်းကျင် လျှောက်ကြည့်နေလေသည်။

ပညက်ထန်စခန်းတည်ရာဖြစ်သော ကုန်းမြင့်မြေပြန့်၏ အစွန်းတစ်ခုသို့ ရောက်သွား၏

တစ်နည်းအားဖြင့် ပညက်ထန်စခန်းတည်ရာ ကုန်းမြင့်မြေပြန့်ကလေးသည် သဘာဝက ပေးထားသော ရဲတိုက်ကြီးနှင့်တူနေ၏။ ကျွန်တော် ရောက်သွားသောကုန်းမြင့်မြေပြန့်၏ ထိုအစွန်းတွင်လည်းကောင်း၊ အခြားအစွန်းများတွင်လည်းကောင်း ကျောက်ဆောင်များ၊ ကျောက်ဂူများနှင့်ကျောက်တုံးကြီးများ ရှိနေကြသည်။ ထိုကျောက်ဆောင်၊ ကျောက်ဂူနှင့်ကျောက်တုံးကြီးများသည် အလိုအလျောက် သူရဲခိုများ၊ ပစ်စင်များနှင့်ရင်တားများ ဖြစ်နေကြ၏။ ယင်းတို့ကို တပ်မတော်သားများသည် နေထိုင်ရန်၊ သေနတ်ချိန်ထားရန်၊ အကာအကွယ်ယူရန် စသည်ဖြင့် အသုံးချကြ၏။

ခပ်လှမ်းလှမ်းသို့ မျှော်ကြည့်လိုက်သောအခါ တစ်တောင်ပြီးတစ်တောင် မြင့်တက်သွားသော တောင်တန်းများကို မြင်ရ၏။ အမြင့်ဆုံးကား ရှမ်းဘာသာဖြင့် လွယ်ဖန်ခါး၊ ကိုးကန့်တရုတ်အခေါ် အားဖြင့် တာမင်ရှန်းတောင် ဖြစ်လေသည်။ ပေ ၇၃၀၀ မြင့်သည်ဆို၏။

အနီးကပ်လျက်တွင် ကျောက်သားပကတိဖြစ်သော တောင်ငယ်တစ်လုံး ပြတ်လျက်နေရာ ပေါင်မုန့်တစ်လုံးကို လှီးဖြတ်ထားသည်နှင့်တူပေ၏။

မြို့ရိုးနှင့်တူသော တောင်ကမ်းပါးယံများကိုလည်း တွေ့မြင်ရ၏။

သဘာဝက ပေးထားသော သူရဲခိုတစ်ခုထဲသို့ ဝင်သွားရာ ကျောက်တုံးတစ်ခုနှင့်တစ်ခုဆက်ကာ တာလပတ် မိုးထားသည်ကို တွေ့ရ၏။ သစ်ရွက်ခြောက်များ အောက်ကခံကာ အိပ်ယာခင်းထားသည်။ တပ်ကြပ်ကြီးအိပ်သော နေရာဟုဆိုသည်။ ရဲဘော်များလည်း ဤနည်းနှင်နှင်ဖြစ်သလို အိပ်ယာခင်း၍ အိပ်ကြရ၏။ ခြင်ထောင်ကိုလည်း ဖြစ်သလိုပင် ထောင်ကြရသည်။

သူရဲခိုတစ်ခုတွင်ကား ကျောက်တုံးများကို ထိုင်ခုံနှင့်စားပွဲများ လုပ်ထားသည်။ ထိုင်လဖက်ရည်သောက်၊ ထိုင် စကားပြော၊ ထိုင် စာဖတ်လုပ်ကြရန် နေရာဖြစ်၏။

သဘာဝကပေးထားသော ပစ်စင်တစ်ခုပေါ်တွင် ရန်သူလာနိုင်သောဖက်သို့ ချိန်ထားသော စက်သေနတ်ကြီးတစ်လက်ကို တွေ့ရ၏။

သဘာဝကပေးထားသော ရင်တားအနီးတွင်ကား မီးဖိုတစ်ဖို ရှိသည်။ မီးဖိုသည် သူ့ရဲ့ ခိုး ပစ်စင်နှင့်ရင်တားများကို နွေးထွေးစေသည်သာမက မှက်၊ ခြင်၊ ဖြုတ် စသည်တို့ကိုလည်း ပြေးစေသည်။ ထို့အပြင် တပ်မတော်သားတို့သည်ရေကိုကျိုချက်သောက်ကြရ၏။ သည်လောက် ဂရုစိုက်သည့်အထဲကပင် ရှေ့တန်းရောက် တပ်မတော်သားများကြား မကြာခဏ ငှက်ဖျားကဝင် သောင်းကျန်းတတ်သေး၏။

ကျွန်တော်တွေ့ရသော အကြပ်တပ်သား ရဲဘော်များတွင် လူဟောင်းများရော လူသစ် များပါ ပါ၏။ လူဟောင်းဆိုသည်မှာ ၁၉၇၁–ခုနှစ်၊ နိုဝင်ဘာ၊ ဒီဇင်ဘာ ဟိုက်ကမ်းပါးတိုက်ပွဲတွင် ပါဝင်ခဲ့ကြသူများကို ဆိုလိုပြီး၊ လူသစ်များကား ထိုအတွေ့အကြုံကို မရလိုက်သူများ ဖြစ်သည်ဟု ဆိုလိုပါ၏။

အကူအညီ အထောက်အပံ့ အမျိုးမျိုးကြောင့် လက်နက်အား လူအား လွန်စွာကောင်း သော ရန်သူတို့သည် ထိုအချိန်က ဤပညက်ထန်စခန်းကို အချိန်အတော်ကြာ အခိုင်အမာသိမ်း ပိုက်ထားခဲ့ကြသည်။ ကွန်လုံသိမ်းရေး စစ်ဆင်ရေးကို ခေါင်းဆောင်သော ဗကပစစ်ဦးစီးများနှင့် အကြံပေးအရာရှိများသည် ပညက်ထန်ရွာမှာ နေသွားခဲ့ကြသည်။

ပညက်ထန်ရွာသားများသည် ဘယ်သူ့အိမ်မှာ ဘယ်သူနေသွားသည် စသည်ဖြင့် ယနေ့ အထိ စကားစပ်မိတိုင်း ပြောကြသေးသည်။

တပ်မတော်သားတို့ကား လူဟောင်း လူသစ်ကိုလည်းကောင်း၊ အခြားခင်မင်ရင်းနှီးသူ ကိုလည်းကောင်း ယခင်တစ်နှစ်က အဖြစ်အပျက်များကို သတိတရ ပြောပြလေ့ရှိသည်။

လက်နက်အား၊ လူအင်အားအလုံးအရင်းနှင့်ဒလကြမ်း ဝင်တိုက်သောရန်သူတို့က ဤ ပညက်ထန်စခန်းကို သိမ်းပိုက်သွားပုံ၊ တပ်မတော်သားတို့က ခုခံတိုက်ခိုက်ရင်း ဆုတ်ခွာပေးရပုံ၊ မည်သည့်တပ်မတော်သား မည်သို့ကျဆုံးရပုံ၊ ရန်သူဖက်က ရှေ့တန်းမှအုပ်လိုက်ချီတက်လာသော ဌာနေပြည်သူစစ်များ အတုံးအရုံးကျဆုံးသွားကြပုံ၊ ထို့နောက် တပ်မတော်က ရှေ့တည့်တည့်မှ နေပြီး လက်နက်ကြီးများနှင့်ထုနှက်ပြီး ဘယ်တောင်ပံ၊ ညာတောင်ပံမှပန်းတက်ပြီး တိုက်ခိုက်ကြ ပုံ၊ တပ်မတော်က စစ်ဗျူဟာ၊ စစ်နည်းပရိယာယ်သာပုံ၊ တပ်မတော်သားတို့၏ ဇွဲ၊ လုံ့လနှင့်သတ္တိ သာပုံ၊ ရန်သူ့လက်မှ တစ်တောင်ပြီးတစ်တောင်၊ တစ်စွန်းပြီးတစ်စွန်း၊ တစ်စွယ်ပြီးတစ်စွယ် ပြန် လည်သိမ်းပိုက်ရပုံ၊ သိမ်းပိုက်ရာ၌ မည်သည့်ဗိုလ်က ခေါင်းဆောင်ပုံ၊ မည်သည့်ရဲဘော်က တောင် ကမ်းပါးယံကို မည်သို့တက်ပုံ၊ မည်သည့်အရာရှိ၊ မည်သည့်ရဲဘော် မည်သည့်နေရာတွင် ကျဆုံး ပုံ၊ ရန်သူ့ဖက်မှ မည်မျှလောက် မည်သည့်နေရာ မည်သည့်အချိန်၌ ကျဆုံးသွားပုံစသည်တို့ မှာ ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်၏။ ဤတကယ့်အဖြစ်အပျက်များကို တစ်ယောက် ယောက်က အခိုင်အမာ မှတ်တမ်းတင်သင့်သည်ဟု ကထိကဖိုးကျော်မြင့်က ပြောသည်။ သူကိုယ်

တိုင်လည်း အချက်အလက်များကို အသေးစိတ်မှတ်ယူနေ၏။ တစ်ကယ့်အဖြစ်အပျက်များအဖြစ်ဖြင့် အခိုင်အမာမှတ်တမ်းတင်မထားလျှင် ကြာတော့ ပုံပြင်ဆန်သွားမည်ကို စိုးရိမ်ရသည်။

မြို့ရိုးနှင့်တူသော တောင်ကမ်းပါးယံတစ်ခုကို ကျွန်တော်အထူးမှတ်မိနေ၏။ ကျောက်သားမျက်နှာပြင်ကြီးပေါ်နေသော ထိုတောင်ကမ်းပါးယံအထက်တွင် ချုံနွယ်ပိတ်ပေါင်းနှင့်သစ်ပင်ကြီးများ ရှိသည်။ ထိုနေရာတွင် တိုက်ပွဲတစ်ခုဖြစ်ခဲ့လေသည်။ လက်မောင်းတွင် ရန်သူ၏ကျည်ဆံ ထိမှန်သွားသော တိုင်းရင်းသားရဲဘော်တစ်ဦးသည် ရန်သူ့ထံလက်နက်မချဘဲ သစ်ပင်နွယ်ကြီးတစ်ခုကို ကိုင်၍ တောင်ကမ်းပါးယံ အောက်သို့ ဆင်းချလေသည်။ သို့သော် လက်တွင်ဒဏ်ရာက ပြင်းသဖြင့် ကြာရှည်မကိုင်တွယ်နိုင်တော့ဘဲ အောက်သို့ပြုတ်ကျကာ သေရှာလေတော့သည်။ ထိုရဲဘော်ကို ကျွန်တော် မမြင်ဘူး၊ မတွေ့ဘူးပါ။ ယခုမှ ကြားဘူးရပါသည်။ နာမည်ကိုပင် မှတ်မထားမိလိုက်ပါ။ သို့သော် တိုက်ပွဲဝင်တပ်မတော်သားများကို ကိုယ်စားပြုပေသော ထိုရဲဘော်ကို ထိုတောင်းကမ်းယံနှင့်အတူ ကျွန်တော် အမြဲတမ်း မြင်ယောင်နေပါသည်။

ရဲဘော်များသည် ရန်သူ၏လက်နက်ကောင်းများနှင့်လက်နက်ကြီးများအကြောင်းကိုလည်း ပြောတတ်ကြသည်။ သူတို့ဖက်က မိုင်းသိပ်ကောင်းတယ်။ လူထိရင် သေဘို့ ၇၀ ရာခိုင်နှုန်း သေချာတယ်'ဟုဆိုသူက ဆို၏။ အခြားတစ်ယောက်က အော်တိုမက်တစ်ရိုင်ဖယ်သေနတ် ၃ မျိုးတွင် သုံးနိုင်သော ရန်သူ၏ကျည်ဆံတစ်မျိုးအကြောင်းကို ချီးကျူးပြောဆို၏။ ရန်သူ၏တင့်ကားပစ် လက်နက်အဖြစ် သုံးရသော ရော့ကတ်လောင်ချာ (ဒုံးကျည်ပစ် အမြောက်)အကြောင်းကို ပြောသူက ပြော၏။ ရန်သူတွင် ၇၅ အမ်အမ်၊ ၁၀၅ အမ်အမ်၊ နောက်ပွင့်အမြောက်ကြီးများရှိကြောင်းကိုလည်း ကြားရ၏။

တပ်မတော်သားများသည် ရန်သူ၏လက်နက်များ ကောင်းကြောင်းနှင့်ကြီးကြောင်းကို ချီးကျူးပြောဆိုကြသော်လည်း ဂရုမစိုက် ပမာမခန့်သလို ပြောဆိုနေကြပုံ တွေ့ရ၏။

သို့ကလို ဂရုမစိုက် ပမာမခန့်ဖြစ်နေကြခြင်းမှာ အကြောင်းမဲ့မဟုတ်ပါ။ ထိုစဉ်က တိုက်ပွဲတစ်ပွဲတွင် ရန်သူ့ဖက်က လူအင်အား ၇၀၀ ရှိသော အလုံးအရင်းနှင့်တိုက်သည်။ တပ်မတော်က လူအင်အား ၄၅ ယောက် တပ်စု ၂ စုနှင့်တိုက်သည်။ သူတို့ဖက်မှ လူ ၃၀၀ ကျသွားပြီ။ မိမိဖက်မှ လူ ၅ ယောက် ကျဆုံးခဲ့လေသည်။

ဗကပတို့သည် ၁၉၄၈–ခုနှစ်၊ မတ်လမှစပြီး ပုန်ကန်ထကြွခဲ့သည်မှာ ယနေ့အထိ မပြီးသေး။ သူတို့သည် ထိုကာလအတွင်း ဘယ်တုန်းကမျှ လက်နက်အင်အား မညံ့ခဲ့ပါ။ အကြောင်းအမျိုးမျိုး၊ နည်းအမျိုးမျိုးဖြင့် လက်နက်အင်အား ကောင်းခဲ့ပါသည်။ သို့သော် ယနေ့အထိ တစ်ခါမျှ အဆုံးဖြတ်ကျသော အောင်မြင်မှုတစ်ခုမှ မရခဲ့ပါ။ 'သေနတ်ပြောင်းဝမှ အာဏာထွက်သည်'ဆိုသော်လည်း ဗကပအဖို့တော့ ထိုအဆိုသည် မုချမမှန်ပါ။ လက်နက်ညံ့၍ ဗကပမအောင်

ခြင်း မဟုတ်ပါ။ လူညံ့၍၊ သူတို့၏ နိုင်ငံရေး မမှန်၍၊ သူတို့ဖန်တီးထားသော ပြည်တွင်းစစ်ကိုက ဖောက်ပြန်၍ဖြစ်ကြောင်း ထင်ရှားပါသည်။

သဘာဝကပေးထားသော သူရဲခို၊ ပစ်စင်၊ ရင်တားစသည်များကို ကြည့်ရင်း ရဲဘော်များနှင့်စကားစမြီ ပြောပြီးနောက် တပ်ခွဲရုံးသို့ပြန်လှည့်အလာတွင် ကြက်သွန်ခင်းကလေးတစ်ခုကို တွေ့ရသည်။ ကြက်သွန်မြိတ်လတ်လတ်ဆပ်ဆပ် စားရရန် ရဲဘော်များ စိုက်ပျိုးထားခြင်းဖြစ်၏။ အိမ်နောက်ဖေး မီးဖိုချောင်အနီးတွင် စိုက်လေ့ရှိသော ဟင်းသီးဟင်းရွက်ခင်းမျိုးဖြစ်ပါ၏။ မိမိအိမ်နှင့်ဝေး၊ သားမယားနှင့်ဝေး၊ ဈေးနှင့်ဝေးနေရသော ရဲဘော်များအဖို့ အလွမ်းပြေစေမည့် ကြက်သွန်ခင်းကလေးပင် ဖြစ်ပါ၏။

တပ်ခွဲရုံးကား သက်ကယ်မိုး၊ ဝါးကပ်ကာနှင့်အဆောက်အဦကလေး ဖြစ်၏။ လဖက်ရည် သောက်ရင်း ကျွန်တော်တို့သည် တပ်မတော်သားများနှင့်စကားစမြီ ပြောကြရသည်။ ရန်သူထံမှ ရမိလိုက်သော လက်နက်ကြီးအချို့ကိုလည်း ကြည့်ကြရ၏။

လွန်ခဲ့သောနှစ်က ဟိုက်ကမ်းပါးတိုက်ပွဲတွင် ရန်သူသည် ဤပြည်ကထန်စခန်းမှနေ၍ ကွန်လုံကို လှမ်းပြီး လက်နက်ကြီး(အမြောက်)နှင့်ထုနှက်ခဲ့၏။ တစ်နေ့လျှင် အချက် ၁၂၀၀ မှ ၁၅၀၀ အထိ ထုနှက်ခဲ့သည်။ ဟိုနေရာ သည်နေရာ ကျည်ခွံများကို ယနေ့ထိ တွေ့ရသေးသည်။ ကျွန်တော်သည် အမှတ်တရ သိမ်းဆည်းထားရန် ကျည်ခွံတစ်ခုကို ကောက်ယူခဲ့ပါသည်။

သူတို့က လက်နက်ကြီးများနှင့်စိန်ခေါ်သည်ကို မိမိတို့ဖက်မှလည်း လက်နက်ကြီးများနှင့် တုန့်ပြန်ရ၏။ ဗကပတို့သည် မသိနားမလည်သော လူထုအစိတ်အပိုင်းအချို့ကို လှည့်စားကာ ရှေ့တန်းတင်ပြီး တိုက်စေသောအခါ များစွာ အထိနာလေသည်။ သူတို့ခမြာ သနားစရာ အစုလိုက် အပြုံလိုက် သေကြရလေသည်။

ကျွန်တော်သည် စစ်လက်နက်များအကြောင်းကို ကောင်းကောင်း သိသူမဟုတ်ပါ။ ထို့ကြောင့် လက်နက်ကြီး(အမြောက်)ဟုဆိုလျှင် ဘီးကြီးများအပေါ် တင်ထားပြီး လူတွန်းရသော အမြောက်ကြီးများအဖြစ်ဖြင့်သာ တွေ့မြင်လေ့ရှိပါ၏။ ယခုမူ ခေတ်မီလက်နက်ကြီးများသည် ထိုသို့မဟုတ်ကြောင်း တွေ့ရ၏။ လူတစ်ယောက် ပခုံးပေါ် တင်ထမ်းနိုင်အောင် ပေါ့ပြီး ပစ်ခတ်အားကား အမြောက်ကြီးများနှင့်အတူပင် ရှိလေသည်။ ဗကပတို့သည် ထိုလက်နက်မျိုးကို ကိုင်ဆောင်ခဲ့ကြ၏။ သို့သော် သူတို့သည် ကွန်လုံကို မသိမ်းနိုင်ခဲ့ကြ။ သံလွင်အရှေ့ပိုင်းကို စိုးမိုးရေး ဟူသော သူတို့အကြံ မအောင်ခဲ့ချေ။

ဟိုက်ကမ်းပါးသို့


ကျွန်တော်တို့လည်း ပညာထန်ရှာသားများနှင့်ပညာထန်စခန်းမှ တပ်မတော်သား များကို နှုတ်ဆက်ပြီးနောက် ကျောက်လှေကားစခန်းသို့ ပြန်ဆင်းကြလေသည်။ ခြေလျင်ဆင်း သွားကြလေသည်။ ကထိကဖိုးကျော်မြင့်၊ သတင်းထောက်ကိုအောင်မင်း၊ ဆရာဝန်ဦးဘဟန်၊ သူနာပြုဆရာမများနှင့်ရဲဘော်များ။

ကျွန်တော့်မှာမူ အဆင်းမှာလည်း ပင်ပန်းသည်။ တစ်လျှောက်လုံး မတ်စောက်သော အဆင်းဖြစ်သဖြင့် လားပေါ်မှာ တစ်ချိန်လုံး ခန္ဓာကိုယ်ကို နောက်ပစ်ပြီး ခြေနင်းကွင်းမှာစွပ်ထား သော ခြေထောက်ရှေ့ထိုးထားရသည်။ လားကလေးမှာ ကျွန်တော့်ထက် များစွာပင် ပင်ပန်းရှာ၏။ တစ်ကြိမ်တွင် ရှေ့မရွေ့ဘဲ ပေခံနေသဖြင့် ရဲဘော်များသည် အတော်ပင် ချော့မော့ ချောက် ကြရလေသည်။

တစ်နေရာတွင် လားကလေးသည် မိမိကိုယ်ကို မဟန်နိုင်သဖြင့် ဘေးက ကျောက်တုံး ကြီးတစ်တုံးကို ဝင်တိုက်မိရာ ကျွန်တော့် ဒူးခေါင်း အတော်နာသွားလေသည်။ အချမ်းပြေထူထဲ စွာ ဝတ်ထားသော အဝတ်များကြောင့် မကျိုးမပွဲ့၍ တော်သေးတော့၏။

ကျောက်ရေတွင်းစခန်းသို့ ရောက်သောအခါ မရပ်နားတော့ချေ။ ကျောက်လှေကားမှ ဟိုက်ကမ်းပါးသို့ ခြေလျင်ပင်လျှောက်ရန် ကျွန်တော်တို့ ဆုံးဖြတ်ကြသည်။ ပထမက အစီအစဉ် မှာ ကျောက်လှေကားမှ ဟိုက်ကမ်းပါးသို့မော်တော်ကားနှင့် သွားရန်ဖြစ်ခဲ့၏။ သို့သော် မော် တော် ကားမှာ တစ်စုံတစ်ရာချွတ်ယွင်းနေသဖြင့် ပြင်ဆင်နေရ၏။ ကျွန်တော်သည်ကား လားစီး ရန် စိတ်ကုန်နေလေပြီ။

ရှူးဘိနပ်စီးလေ့မရှိသော ကျွန်တော်သည် မလွှဲမရှောင်သာသဖြင့် စီးနေရရာ ခြေ ထောက်တွေ နာနေလေပြီ။ ထို့ကြောင့် ရှူးဘိနပ်ကို ချွတ်၍ ကျောက်လှေကားစခန်းရဲဘော်များ ထံမှ ရာဘာကွင်းထိုးဘိနပ်တစ်ရံ ငှားစီးရလေသည်။



ယဲနံၣ်ခဖှထံးနှၣ်ဖဖဂ္ဂထံးနှၣ်ယၢ်ဖြ ထူခံၣ်ခဂ္ဂယိၤယေ ပွဲပှၤယခလ့အခ့ၣ်နွဲဂနှၣ်ဂြဲဝ်ၣ်ထခၣ်လ်ဂြ

ညနေစောင်း ရောက်လာပြီ။

တောတောင်က အတော်ပင် သာယာသည်။ သို့သော် သာယာမှုကို ငေးမောမနေအားပါ။ တွင်တွင်သာ လျှောက်ကြရ၏။

နာရီဝက်သာသာလောက် ရှိမည်ထင်၏။ နာမည်ကြီးလှသော ဟိုက်ကမ်းပါးပေါ် သို့ ရောက်ကြသည်။

ဟိုက်ကမ်းပါးသည်လည်း ပညက်ထန်လိုပင် ကုန်းမြင့်မြေပြန့်ကလေးတစ်ခုဖြစ်၏။ သို့သော် ဘေးပတ်လည်တွင် ဝိုင်းရံထားသောတောင်နှင့်တောများ မရှိ။ သဘာဝက ပေးထားသော သူရဲခို၊ ပစ်စင်၊ ရင်တား စသည်များလည်း မရှိ။ ပညက်ထန်၊ လွယ်မန်ခါးစသော တောင်များကို ကျောပေးကာ ကွန်လုံမြို့ကို မျက်နှာမူထားသည်။ ဟိုက်ကမ်းပါးသည် နမ့်နင်း၊ သံလွင်နှင့်နမ့်တင်းချိုင့်ဝှမ်းများကို စီးကြည့်နေသည်။

၁၉၇၁–ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့က ဗကပတို့သည် ဟိုက်ကမ်းပါးကိုခဏတဖြုတ်ရသွားလေသေးသည်။

သို့သော် ထိုနေ့ညမှာပင် တပ်မတော်က ပြန်လည်သိမ်းပိုက်ခဲ့လေသည်။

ဟိုက်ကမ်းပါးသည် ကွန်လုံမြို့၏ အတွင်းခံတပ် ဖြစ်လျှင် ပညက်ထန်၊ လွယ်မန်ခါး၊ တောက်ရွှေစသည်တို့ကား အပြင်ခံတပ်များ ဖြစ်သည်။

ရန်သူတို့သည် ၁၉၇၁ ဒီဇင်ဘာလ ၂၇ ရက်နေ့အထိ အပြင်ခံတပ်များကို စိုးမိုးထားခဲ့လေသည်။ ထိုစဉ်က အတွင်းခံတပ်မှ တပ်မတော်နှင့်အပြင်ခံတပ်မှ ဗကပတို့၏ တိုက်ပွဲများမှာ ပြင်းထန်လှသော အနီးကပ်တိုက်ပွဲများ ဖြစ်ခဲ့လေသည်။ တစ်ခါတစ်ခါ လုံးစုပ်တိုက်ပွဲများပင် ဖြစ်ပွားခဲ့၏။ ထိုအချိန်တွင်ပင် တိုက်ပွဲကာလတစ်လျှောက်လုံး ဗကပတို့သည် သူတို့စိုးမိုးထားသော တောင်များပေါ် မှနေ၍ အမြောက်များဖြင့် ကွန်လုံမြို့နှင့်သံလွင်မြစ်တောင်ဖက် ဗမာတပ်မတော်စခန်းများကို နေ့စဉ်အချက်ပေါင်း ၁၂၀၀ မှ ၁၅၀၀ အထိ ထုနှက်တိုက်ခိုက်ခဲ့သည်ဆို၏။ ကွန်လုံဆေးရုံကြီး ဒေါက်တာလှမြင့်က ထိုအချိန်က ကွန်လုံမြို့ထဲတွင် တာဝန်ဝတ္တရားများကို အဆက်မပြတ် ထမ်းရွက်ခဲ့ကြသော အရပ်ဖက်မှုထမ်းရာထမ်းများနှင့်ကွန်လုံမြို့ကို ရင်မြေကုတ်လုပ်၍ ကာကွယ်ခဲ့ကြသော တပ်မတော်သားများ၏ အတွေ့အကြုံကို ပြောပြပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူလူထုသည် အရေးကြီးက သွေးစည်းကြပုံ၊ အရေးကြုံက သက်လုံကောင်းကြပုံ၊ ပြည်ချစ်စိတ်နှင့်အာဇာနည်စိတ် ရှိကြပုံစသည်တို့ကို သက်သေထူနေသောပြည်သူ့အတွေ့အကြုံများပေတည်း။

ဟိုက်ကမ်းပါးစခန်းတွင် သဘာဝက ပေးထားသော သူရဲခို၊ ပစ်စင်နှင့်ရင်တားများမရှိ၊ တပ်မတော်သားများ ပြုလုပ်ထားသောသူရဲခို၊ ပစ်စင်နှင့်ရင်တားများကား အပြည့်ရှိသည်။

ဟိုက်ကမ်းပါးစခန်းကို တပ်စွဲထားသော တပ်မတော်သားများ၏ဦးခေါင်းတွင် ဆိုရှယ်လစ်တော်လှန်ရေးအမြင်အသိနှင့်ရင်တွင်းတွင် ပြည်ချစ်စိတ် အပြည့်ရှိကြသည်။ ထို့ကြောင့်လည်း ရန်သူသည် လွန်ခဲ့သော တစ်နှစ်ကျော်တုန်းက ဟိုက်ကမ်းပါးကို နာရီပိုင်းမျှသာ သိမ်းထားခဲ့နိုင်ပြီး ယခုအခါ ဟိုက်ကမ်းပါးမှ ခပ်ဝေးဝေးသို့ ရှောင်နေခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ဗကပတို့သည် လက်နက်မဲ့တိုင်းရင်းသားလူထုကိုသာ ဖိထောင်းနေခြင်း ဖြစ်သည်။

နေဝင်ခါနီးဆဲဆဲဖြစ်နေသဖြင့် ကျွန်တော်တို့သည် ဟိုက်ကမ်းပါးပေါ်မှနေပြီး ပတ်ဝန်းကျင်တစ်ခုလုံးကို လှည့်ကြည့်ကြသည်။ အနောက်ဖက်တွင် သူ့ထက်သူမြင့်သွားသောတောင်ကြီးများ ရှိသည်။ ထိုတောင်များ၏တစ်ဖက်တွင်ကား ကြားနယ်မြေ၊ ကြားနယ်မြေ၏ဟိုဖက်တွင်ကား ရန်သူနယ်မြေ၊ ကြားနယ်မြေတွင် တစ်ခါတရံ အပစ်အခတ်ရှိသည်ဆို၏။ မိမိဖက်မှ လှုပ်ရှားသည်ကို ရန်သူဖက်မှ အဝေးပစ်လက်နက်ကြီးများနှင့်လှမ်းပစ်တတ်သည်ဆိုပါ၏။ သို့သော် တစ်နေ့ အချက် ၁၂၀၀ မှ ၁၅၀၀ အထိ ပစ်ခတ်ခြင်းမျိုးနှင့်ကား အဆ ၁၀၀ မက ကွာလှမ်းသွားပါပြီ။ ရန်သူသည် တစ်ခါတရံသာ လေးငါးဆယ်ချက် ပစ်ခတ်နိုင်ခြင်းဖြစ်ပါ၏။

မြောက်ဖက်၊ အရှေ့ဖက်၊ တောင်ဖက်တစ်ခွင်တွင်ကား နမ့်တင်းချောင်း၊ သံလွင်မြစ်နှင့်ကွန်လုံမြို့တို့ရှိသည်။ အနောက်ဖက်မှ စီးလာသော သံလွင်မြစ်ကို သံမဏိကြိုးတံတားကြီးက ဖြတ်ထားပုံမှာသဘာဝအလှကို သိပ္ပံအလှနှင့်ပေါင်းစပ်ထားသောပန်းချီကားတစ်ခုဖြစ်နေသည် သံလွင်မြစ်ထဲသို့ နမ့်တင်းချောင်း ပေါင်းဆုံရာရှိ ကျွန်းကြီး(ကွန်လုံ)မှာ အသည်းပုံသဏ္ဍာန်ကို ဆောင်နေသည်။ နမ့်တင်းချောင်းသည် နှစ်ဖြာခွဲပြီး ကျွန်းကြီးကို ဝိုက်ကာ သံလွင်မြစ်ထဲသို့ စီးဝင်သည်။ သံလွင်မြစ်သည် အရှေ့ဖက် ဆက်စီးသွားပြီး တောင်တွေကြားမှာ ပျောက်ကွယ်သွား၏။ ဤတော၊ ဤတောင်၊ ဤချောင်း၊ ဤမြစ်၊ ဤကျွန်း၊ ဤမြေ၊ ဤယာ၊ ဤလယ်တို့ကား လွယ်လ၊ ကိုးကန့်၊ ရှမ်း၊ ပလောင်၊ မြောင်ဇီး၊ လီဆူး၊ မြန်မာစသော ပြည်ထောင်စုဘွားတိုင်းရင်းသားတို့၏ အသည်းနှလုံးပင်တည်း။ အသည်းပုံသဏ္ဍာန်ဆောင်သော ဤကျွန်းကြီး(ကွန်လုံ)ကား ပြည်ထောင်စုဘွားတိုင်းရင်းသားတို့၏ အသည်းနှလုံးပေတည်း။ လွန်ခဲ့သော တစ်နှစ်ကျော်က ရက်ပေါင်း ၄၀ ကျော်ကြာ ဖြစ်ပွားခဲ့သော ဟိုက်ကမ်းပါးတိုက်ပွဲကား ပြည်ထောင်စုဘွားတိုင်းရင်းသားတို့၏ အသည်းနှလုံးကို ကာကွယ်ခဲ့ပေသည်တကား။

ကျွန်တော်တို့သည် ပတ်ဝန်းကျင်ကို လှည့်ကြည့်ပြီးနောက် တပ်ခွဲရုံးထဲသို့ဝင်ခဲ့ကြ၏။ တပ်ခွဲရုံးမှာ မြေကတုတ်ကျင်းထဲတွင် တည်ဆောက်ထားသော တဲကလေးဖြစ်၏။

ထိုတပ်ခွဲစခန်း ကတုတ်ကျင်းထဲတွင် လဖက်ရည်သောက်ရင်း စကားပြောကြစဉ် ဟိုက်ကမ်းပါးတိုက်ပွဲအကြောင်းကို အသေးစိတ် တစ်ဦးဦးက မှတ်တမ်းတင်ထားဘို့လိုကြောင်း ကျွန်တော် ထပ်မံသဘောပေါက်ပြန်ပါသည်။ ကျွန်တော် မတတ်နိုင်သောအလုပ်ဖြစ်ပါသည်။

ဟိုက်ကမ်းပါးတိုက်ပွဲမှာ ဗကပနှင့်ဆရာ့ဆရာကြီးများ ဆင်နွှဲခဲ့သော သံလွင်အရှေ့ဒေသများကို စိုးမိုးရန် စစ်ပွဲကြီး၏ တစ်စိတ်တစ်ဒေသသာလျှင် ဖြစ်ပါ၏။ ဗကပတို့သည် ကိုးကန့်၊ လွယ်လနယ်မြေများနှင့်အခြားသော သံလွင်မြစ်အရှေ့ဖက်နယ်မြေများကို စိုးမိုးနိုင်ရန် ချက်ပိုင်သော ကွန်လုံကို သိမ်းပိုက်ထားရန် လိုအပ်၏။ ကွန်လုံကို သိမ်းပိုက်မိရန် ဟိုက်ကမ်းပါး၊ တောက်ရွှေ၊ ပညက်ထန်၊ လွယ်မန်ခါး စသော ကွန်လုံ၏ အတွင်းအပြင် ခံတပ်များကို သိမ်းပိုက်ရန် လိုအပ်၏။ သူတို့သည် အပြင်ခံတပ်များကို ရက်ပေါင်း ၄၀ နီးပါး သိမ်းပိုက်ထားနိုင်ခဲ့၏။ အတွင်းစခန်းဖြစ်သော ဟိုက်ကမ်းပါးကိုဆိုလျှင် နာရီအနည်းငယ်သာ သိမ်းပိုက်ထားနိုင်ခဲ့၏။ သူတို့က နေ့သိမ်းပြီး တပ်မတော်က ညတွင်းချင်း ပြန်သိမ်းယူခဲ့သည်။ ထို့နောက် အပြင်ခံတပ်များကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့၏။ ထို့ကြောင့် ဟိုက်ကမ်းပါးတိုက်ပွဲသည် အဆုံးအဖြတ်ပေးသော တိုက်ပွဲ ဖြစ်သွားလေသည်။ ရန်သူ၏ သံလွင်အရှေ့ကို စိုးမိုးရန် အကြံပျက်သွားသောတပ်မတော်၏ အောင်ပွဲဖြစ်ပေသည်။ ထို့ကြောင့် ဟိုက်ကမ်းပါး နာမည်ကျော်ကြားခြင်း ဖြစ်ပါ၏ ။

ဗကပတို့သည် သံလွင်အရှေ့ဖက်ဒေသများကို စိုးမိုးထားပြီး လွတ်မြောက်သောဒေသကြီးအဖြစ်ဖြင့် ကျေညာရန် အထူးကြိုးပမ်းခဲ့ကြသည်။ ရှိသမျှအား(လူအား၊ လက်နက်အား)တို့ကို ပုံအော၍ သုံးခဲ့ကြသည်။

၁၉၇၁ ခုနှစ်၊ ဩဂုတ်လတွင် သွေးစမ်းသောအနေဖြင့် ဟိုပန်၊ ပန်လုံနှင့်ကွန်လုံတို့ကို ဗကပတို့က တစ်ပြိုင်နက် ဝင်တိုက်ခဲ့သည်။ မုံစီနှင့်မူဆယ်ဒေသများမှ ယင်းတို့၏ တိုက်တိုင်းအောင် တပ်များကိုပင် ဤစစ်မျက်နှာပြင်သို့ခေါ်ကာ ဝိုင်းတိုက်ခိုက်စေခဲ့သည်။ ထိုသို့သွေးစမ်းပြီးနောက် နိုဝင်ဘာလအလယ် ရောက်သောအခါ တကယ်ပင် အလုံးအရင်းနှင့်တိုက်စစ်ဆင်ကြလေသည်။ ဥပမာ – နိုဝင်ဘာလ ၁၉–၂၀ တွင် လွယ်မန်ခါးကို ဗကပတို့ ဝင်တိုက်စဉ်က အင်အား ၅၀၀ နှင့်တိုက်ခြင်း ဖြစ်ပြီး တပ်မတော်မှာ ၂၄ ယောက်သာ ရှိခဲ့လေသည်။

တပ်မတော်က ဤစစ်မြေပြင်သို့ စစ်ကူမပို့နိုင်အောင် ဗကပတို့သည် အင်အား ၇၀၀နှင့် နာတီးကို ဖြတ်တိုက်ခဲ့သည်။ (နာတီးမှာ ကွန်လုံသို့ ကျွန်တော်လာစဉ် ခဏဝင်နားခဲ့သော မအေးစိန်တို့ရွာ ဖြစ်လေသည်။) ၎င်းတို့ တောက်ရွှေစခန်းကို ဝင်တိုက်သောအခါ အင်အား ၁၂၀၀ နှင့် ဝင်တိုက်ခြင်း ဖြစ်ခဲ့လေသည်။

သို့သော် ထိုအင်အားကား အရေအတွက်သာ များပြီး အရည်အချင်းမရှိသော အင်အားသာဖြစ်၏ ။ နိုင်ငံရေးအနှစ်သာရ မပါသော၊ စစ်ရေးမလိမ္မာသောအင်အား ဖြစ်၏ ။ ဗကပတို့ သုံးခဲ့သော လူအလုံးအရင်း၊ လက်နက်အလုံးအရင်းတို့မှာ သွေးစစ်၊ သားစစ်အင်အားများ မဟုတ်ကုန်။ အရေးပေါ် သွေးပေးသွင်းလိုက်သော အငှားအင်အားများသာ ဖြစ်ကုန်၏။ ထို့ကြောင့်လည်း ယင်းတို့၏ သံလွင်အရှေ့ စိုးမိုးရန်အကြံ ပျက်ခဲ့ခြင်း ဖြစ်လေသည်။ ဟိုက်ကမ်းပါး



ကျောင်းသူကျောင်းသားများနှင့်အတူ လုပ်အားပေးနေသော တပ်မတော်သားများ(အပေါ်ပုံ)



အရှေ့မြောက်တိုင်းတစ်ခွင် ရန်သူကုန်စင်အောင် တိုက်ပွဲဝင်နေကြသော တပ်မတော်သားများနှင့်အတူ(အောက်ပုံ)

မှ ကျွန်တော်တို့ ပြန်ဆင်းကြသောအခါ အတော် မှောင်နေလေပြီ။ မော်တော်ကားနှင့်ဆင်းလာကြခြင်း ဖြစ်၏။ ကွန်လုံမြို့မှာ မှောင်ထဲတွင် မီးလုံးကလေးတွေနှင့်အသွင်တစ်မျိုး လှနေလေသည်။

## ကွန်လုံမှ ချပါတီ

ထိုနေ့ညမှာ ကွန်လုံတွင် ကျွန်တော်တို့၏ နောက်ဆုံးည ဖြစ်၏။ ထမင်းမစားသောက်ခင် သောက်ရန်ဆိုပြီး ဒေါက်တာလှမြင့်က ဘီယာနှင့်ရမ်များ ယူလာ၏။ သို့သော် သောက်သုံးသူကား နည်းပါးလှ၏။ ဧည့်သည်များထဲမှ ဒေါက်တာဘဟန်နှင့်ကျွန်တော်တို့ကသာ ရမ်အနည်းငယ်စီ သောက်ကြသည်။ အိမ်ရှင်များဖက်ကမူ ကျန်းမာရေးလုပ်သား ၂ ဦးသာ ဘီယာအနည်းအကျဉ်းသောက်ကြ၏။ ဒေါက်တာလှမြင့်၊ ဆရာကြီးဦးစိုးမြင့်စသူတို့ကား လုံးဝမသောက်ကြပါ။ လားရှိုး ကျွန်တော် ရောက်ကတည်းက အရက်သောက်သူ သိပ်မတွေ့ရခြင်းမှာ ထူးခြားချက်တစ်ရပ်လို ဖြစ်နေ၏။ အိမ်ရှင်ကမ္ဘောဇခင်လှိုင်နှင့်အခြားမိတ်ဆွေများမှာ အရက်မသောက်သူများသာ ဖြစ်နေသည်။ တပ်မတော်သားများ အရက်သောက်သည်ကိုလည်း မတွေ့ခဲ့ရ။ (ကျွန်တော် မတွေ့ခဲ့၊ မမြင်ခဲ့ရခြင်းကို ဆိုလိုပါသည်။)

ထိုညတွင် ကွန်လုံမြို့၌ ကြည့်ချင်ပွဲ ရုပ်ရှင်ပြသည်။ တပ်မတော်က ငှားထားသောအင်္ဂလိပ်ရုပ်ရှင်ကားများနှင့်ထွန်းဝေက ငှားပေးသော သူကိုယ်တိုင်ပါဝင်သည့်“တောင်ပေါ်မြေမှမြေပြန့်ပန်း”တို့ ဖြစ်ပါသည်။ ကွန်လုံတွင် ရုပ်ရှင်မရှိ။ ယခုလို ကြည့်ချင်ပွဲပြမှသာ လူထုသည် ရုပ်ရှင်ကြည့်ကြရ၏။

အခြားသူများ ရုပ်ရှင်သွားကြည့်ကြပြီး တစ်ယောက်တည်း ဧည့်ရိပ်သာမှာ ကျန်ရစ်၏။ ခဏကြာသောအခါ ကျန်းမာရေးလုပ်သား ၂ ဦးရောက်လာသည်။ သူတို့ကို ရုပ်ရှင်သွားကြည့်ရန်ပြောရာ ငြင်းဆန်ကြပါသည်။ အကြောင်းကတော့ ကျွန်တော်တစ်ယောက်တည်း ဖြစ်မနေစေလို၍ ဖြစ်သည်။

နောက်နေ့နံနက် အိပ်ရာက ထလျှင်ထချင်း ကျွန်တော် သတိပြုမိသောအချက်မှာဧည့်ရိပ်သာတစ်ဝိုက်တွင် ဗုံးခိုကျင်းများရှိနေခြင်း ဖြစ်၏။ ယခင်က သတိမထားမိခဲ့။ ဟိုက်ကမ်းပါးတိုက်ပွဲကာလတုန်းက တစ်နေ့အချက်ပေါင်း ၁၂၀၀ မှ ၁၅၀၀ အထိ အမြောက်နှင့်ထုနှက်ခြင်းခံခဲ့ရသော ကွန်လုံဖြစ်ခဲ့ကြောင်း သိရှိထားသဖြင့်သာ ယခုလို သတိပြုမိခြင်း ဖြစ်သည်။

ကွန်လုံတွင် ကျွန်တော်တို့ နောက်ဆုံး စားခဲ့ရသော နံနက်ခင်းစာကို ကျွန်တော် မမေ့နိုင်ပါ။ ကြက်ဥကြော်၊ ပေါက်စီနှင့်ဝက်သားပေါင်းများအပြင် ချပါတီလည်း ပါသည်။ ကျွန်တော်သည် ကြက်ဥကြော်နှင့်ချပါတီကို စား၏။ ပထမတန်းစား ချပါတီဖြစ်ပါသည်။ တရုတ်တွေလွှမ်း

သော ကွန်လုံတွင် ကုလားတစ်ယောက်တစ်လေကိုသာ တွေ့ခဲ့ရကြောင်း တစ်နေရာတွင် ကျွန်တော် ဖော်ပြခဲ့ပါသေး၏။ ကုလား တစ်ယောက်တစ်လေ ကျန်ခြင်းကြောင့် ချပါတီ ကောင်းကောင်း ရနိုင်ခြင်း ဟုတ်ဟန်မတူပါ။ ကွန်လုံသားတို့သည် ချပါတီမုန့်လုပ်ခြင်းအတတ်နှင့်ချပါတီစားခြင်းဓလေ့ကို ယခင်က အများအပြားနေသွားသော ကုလားများထံမှ အမွေဆက်ခံလိုက်ခြင်းကြောင့် ချပါတီကောင်းကောင်း စားရခြင်း ဖြစ်ဟန်တူပါသည်။

ချပါတီစားကောင်းကောင်းနှင့်တစ်ဝကြီး စားပြီးနောက် အပြန်ခရီးစပါသည်။

ကွန်လုံနေ မိတ်ဆွေများက ကျွန်တော်တို့ကို ဟိုလီရွာအထိ လိုက်ပို့ကြလေသည်။ ဟိုလီရွာမှာ သံလွင်မြစ်မြောက်မှတောင်သို့ စီးနေရာမှ အနောက်မှအရှေ့သို့ ချိုးကွေ့သောနေရာ၊ နမ့်နင်းချောင်း ပေါင်းဝင်ရာနေရာ ဖြစ်ပါ၏။ ကိုးကန့်တရုတ်ရွာကြီးတစ်ရွာ ဖြစ်ပြီး ထိုနေ့မှာ ဈေးနေ့ဖြစ်လေသည်။ တရုတ်ဝတ်စုံအပြာရောင်လွှမ်းပြီး စည်ကားလှပါသည်။ အခြားသူများက အခြားဈေးဆိုင်ကလေးများကို ကြည့်နေစဉ် ကျွန်တော်က လူသေအလောင်းထည့်သောအခေါင်းရောင်းဆိုင်ကို ဝင်ကြည့်ပါသည်။ ခန့်ညားထည်ဝါသော အခေါင်းများကို တစ်ခုပေါ်တစ်ခုထပ်ထား၏။ တရုတ်ပြည်ဖက်မှ တန်ဘိုးအလွန်ကြီးသော အထူးသစ်သားမျိုးနှင့်လုပ်ထားသောအခေါင်းဟုတ် မဟုတ် မေးကြည့်ရာ ဆိုင်ရှင်က ရေလည်စွာ ပြန်မပြောနိုင်ပါ။ ဘာသာပြန်အခက်အခဲကြောင့် ထင်ပါ၏။ သို့သော် ကျွန်တော်က တရုတ်ထုံးစံအရဆိုသော် ဆင်းရဲသားများအဖို့ သေရေးခက်လှကြောင်း၊ အခေါင်းဈေးကြီးကြောင်း မှတ်ချက်ချလေရာ ဆိုင်ရှင်က မခက်ပါကြောင်း၊ ချမ်းသာသူအတွက် ဈေးတစ်မျိုး၊ ဆင်းရဲသားအတွက် ဈေးတစ်မျိုးထား၍ ရောင်းကြောင်း ပြောကာ ချေပခဲ့လေသည်။

ဟိုလီရွာမှ ထွက်ခဲ့ကြပြီးနောက် နာတီးရွာတွင် ခဏရပ်ကြလေသည်။ မအေးစိန်၏ထမင်းဆိုင်ကို မဝင်ကြပါ။ အလာတုန်းက ကတိပြုခဲ့သည့်အတိုင်း ဆရာဝန်ဦးဘဟန်က ငှက်ဖျားရောဂါသည်များကို ထပ်မံစမ်းသပ်ပြီး ဆေးပေးပါသည်။ များစွာဆင်းရဲနွမ်းပါးသောတိုင်းရင်းသားလုပ်သားပြည်သူတို့၏ ဘဝတစ်စိတ်တစ်ဒေသကို တစ်စေ့တစ်စောင်း မြင်ခဲ့ရပါသည်။

ဦးဘဟန်က ရောဂါသည်များကို ကုသနေစဉ် ကျွန်တော်တို့ထံသို့ နာတီးမှတပ်စွဲထားသော တပ်မတော်တပ်ရင်းမှ ရဲဘော်တစ်ဦး ရောက်လာလေသည်။ သူသည် ဒု–တပ်ကြပ်အဆင့်ရှိ၏။ ကျွန်တော်က သူ့ကို ကောင်းစွာ မမှတ်မိတော့။ သူကသာ ကျွန်တော့်ကို ကောင်းစွာမှတ်မိသည်။ သူက အစ ဖော်ပေးတော့မှ သူသည် တစ်ခါတုန်းက ရန်ကုန် အလုံမြို့နယ်မှ အလုပ်သမားခေါင်းဆောင်တစ်ဦး ဖြစ်ကြောင်း၊ ပမညတလုပ်ဖူးကြောင်း အမှတ်ရလေတော့သည်။ တော်လှန်ရေးကောင်စီတက်ခါစကလည်း အလုပ်သမားလှုပ်ရှားမှုများမှာ ပါဝင်ခဲ့သည်။ ထို့နောက် သူသည် အစမ်းသဘောဖြင့် တပ်မတော် ဝင်ခဲ့သည်။ တပ်မတော်သားဘဝကို သိရှိ ရည်ရွယ်ခဲ့

၏။ သို့သော် ယခုတော့ စွဲစွဲမြဲမြဲ အမှုထမ်းတော့မည်ဆိုသည်။ သူက "တပ်မတော်ကို အဝေးက အပြင်ကနေ ကြည့်တော့ မကျေနပ်စရာ လူတွေသာ အများဆုံးမြင်ခဲ့ရတယ်။ ယခုအနီးက အတွင်းကနေ ကြည့်တော့ ကျေနပ်စရာလူတွေကို အများဆုံး တွေ့မြင်ရတယ်"ဟု ပြောလိုက်ပါသည်။

သူ့ထံမှ သိခဲ့ရသော အချက်တစ်ခုမှာ ဗကပတို့၏ သံလွင်အရှေ့ စိုးမိုးရေးတိုက်ပွဲများ အတွင်းက ထိုဒေသအနီးရှိ ကေအိုင်အေတို့သည် ဗကပတို့နှင့်ပဋိပက္ခဖြစ်နေသဖြင့် တပ်မတော်ကို နောက်ကျောမှ ဓားနှင့်ထိုးသောအမှုမျိုး မပြုဘဲနေရုံမက တိုက်ပွဲလွတ်ရာသို့ပို့ထားရသော တပ်မတော်မိသားစုများကို စောင့်ရှောက်အကာအကွယ်ပေးထားသည်ဟူ၍ ဖြစ်ပေသည်။

အပြန်ခရီးကား တွင်လှပေ၏။ နာရီများများ မကြာဘဲနှင့်သိန္နီမြို့သို့ရောက်ကြလေသည်။ သိန္နီမြို့တွင် စော်ဘွားတို့ စံပျော်ခဲ့ရာ ဟော်နန်းများ မရှိတော့ပါ။ ဟော်နန်းကို မကြည့်ရသော်လည်း ဟော်နန်းနေရာဟောင်းများရှိလျှင် ကြည့်ချင်ပါသည်ဟု ကျွန်တော်က ဆိုသောကြောင့် ဒရိုင်ဘာကိုအောင်ဘန်းက ပထမဦးစွာ ပထမဟော်ကုန်းသို့ လိုက်ပို့သည်။ ဒရိုင်ဘာကိုအောင်ဘန်းကား နောက်ဆုံးသိန္နီစော်ဘွားကြီး၏ "တပည့်သားမြေး"ဖြစ်ခဲ့ဘူး၏။ ပထမဟော်ကုန်းမှာ ကွတ်ခိုင်သို့သွားသောလမ်းမကြီးပေါ်တွင် တည်ရှိသည်။ ဥယျာဉ်ခြံဖြစ်နေပါပြီ။ ကျန်နေသော အုတ်ခုံတစ်ခုပေါ်တွင် နွားတင်းကုတ်ဆောက်ထားရာ နွား ၂–ကောင်နှင့်လှည်းတစ်စီးကို တွေ့ခဲ့ရသည်။

ဒုတိယဟော်ကုန်းတွင်ကား ကြည့်စရာ ရှိပါသေးသည်။ မီးလောင်ပျက်စီးသွားခဲ့ပြီဟူသော အမှတ်အသားများ ဖြစ်ပါ၏။ ဤသည်ကား ရှေ့ဖက်မျက်နှာစာ၊ ဤသည်ကား အကန်တော့ခံခန်းမဆောင်၊ ဤသည်ကား အတွင်းဆောင်၊ ဤသည်ကား အနောက်ဆောင်စသည်ဖြင့် ပြောပြနိုင်သေးသော အုတ်ခုံ၊ အုတ်ပုံ။ နံရံကျိုး၊ တံတိုင်းပျက်၊ တိုင်ငုတ်စသည်တို့ကို တွေ့ရပါသေး၏။

ဟော်နန်း၏ အရှေ့ဖက်တွင် ကျောင်းတော်ရာပျက်ကိုလည်း တွေ့ရပါသေးသည်။

ကျွန်တော်သည် ဟော်နန်းတော်ရာကုန်းကို ကြည့်ပြီး ပြိုပျက်သွားလေသော ရှမ်းပဒေသရာဇ်စနစ်ကို ဆင်ခြင်ကြည့်မိလေသည်။ သိန္နီစော်ဘွားကြီးများသည် သမိုင်းတွင်းသို့ ဝင်သွားသည် ထွန်းတောက်လာသည်။ သိန္နီ(ဆိန်ဝီ)ဟူသည် ကန်တော့ပွဲတစ်သိန်းဟု အဓိပ္ပါယ်ရသည့်အတိုင်း သိန္နီစော်ဘွားများသည် တန်ခိုးကြီးလှုပါပေသည်။ အာဏာထက်လှပါပေသည်။ ကိုးကန့်၊ လွယ်လနယ်မြေများအထိ စော်ဘွားကြီးများ၏ တန်ခိုးအာဏာ ပြန့်နှံ့ခဲ့လေသည်။ စော်ဘွားကြီးများသည် နှစ်ရာပေါင်းများစွာက အစပြုပြီး မြန်မာဘုရင်များ၏ သစ္စာခံယူကာ မြန်မာနိုင်ငံ၏ အစိတ်အပိုင်းများ အဖြစ်ဖြင့် ထပ်တူပြုခဲ့ကြသောကြောင့်သာ မြန်မာလူထုနှင့်ရှမ်းလူထု ရော

နှောစပ်ယှက်နေခဲ့ရသည်။ ရှမ်းမြန်မာသွေးစည်းခွင့် ရခဲ့သည်။ ရှမ်းမြန်မာယဉ်ကျေးမှုဆက်သွယ်ခဲ့ရသည်။ ထိုသမိုင်းအစဉ်အလာကြောင့်လည်း ရှမ်းစော်ဘွားများအုပ်ချုပ်သော နယ်မြေများသည် ပြည်ထောင်စုမြန်မာနိုင်ငံနယ်မြေများ ဖြစ်လာကြသည်။ ကိုးကန့်သားများနှင့်လွယ်လများသည် ရှမ်းပလောင်စသော အခြားတိုင်းရင်းသားများနှင့် အတူ ပြည်ထောင်စုဘွားတိုင်းရင်းသားများ ဖြစ်လာကြရပေသည်။ ဤသည်မှာ သိန္နီဟော်နန်းပျော် စော်ဘွားကြီးများ၏ ကျေးဇူးပေတည်း။

ထိုအကြောင်းများကို စဉ်းစားဆင်ခြင်ရင်း ဗြိတိသျှတို့၏ သွေးခွဲပုံကို မေ့မရနိုင်ဖြစ်ရပြန်သည်။ ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးသောအခါ ရှမ်းပြည်မြောက်ပိုင်းတွင် အင်အားအကြီးမားဆုံးသော သိန္နီစော်ဘွားနယ်ကို ခွဲစိတ်ရန် ကြိုးပမ်းခဲ့သည်။ သို့ဖြင့် ကိုးကန့်နယ်မြေသည် သီးခြားစော်ဘွားနယ်တစ်ခု ဖြစ်လာခဲ့သည်။ စော်ဘွားယန်းတို့အဖေမှာ ပထမဆုံးသော ကိုးကန့်စော်ဘွားဖြစ်ခဲ့လေသည်။ သို့သော် ဗြိတိသျှတို့၏ "ခွဲ၍အုပ်ချုပ်ရေး" ပေါ်လစီသည် အနှုတ်လက္ခဏာချည်း မဟုတ်ပါ။ အပေါင်းလက္ခဏာလည်းပါ,ပါသေးသည်။ ကိုးကန့်နယ်မြေတွင် နှစ်ပေါင်းများစွာ နေခဲ့ကြသော တောင်ပေါ်သားတရုတ်လူမျိုးစုတစ်စုသည် ကိုးကန့်သားအဖြစ်ဖြင့် ကိုယ်ပိုင်အမျိုးသားဥပမိရုပ်ကို ဆောင်လာ၏။ သူတို့သည် ကိုးကန့်သားဟူသော ဇာတိမာန်မွေးလာကြရ၏။ ထို့ကြောင့် ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်များ ကိုးကန့်နယ်မြေထဲသို့ ဝင်သောအခါ ကိုးကန့်သားတို့သည် ကိုးကန့်နယ်မြေကို ကာကွယ်ရန် ဂျပန်တို့အားတိုက်ခိုက်ခဲ့ကြလေသည်။

ဂျပန်တို့ ဝင်လာသောအခါ ကွန်လုံမြို့အထိသာ ရောက်ပြီး ကွန်လုံမြို့ကိုသာ သိမ်းပိုက်ထားနိုင်ခဲ့ကြလေသည်။ ဂျပန်တို့သည် ကိုးကန့်နယ်မြေထဲသို့ဝင်စမ်းသေးသည်။ စဥ့်ကိုင်အရပ်သို့ ရောက်သောအခါ ကိုးကန့်သားတို့၏ ခုခံတိုက်ခိုက်ခြင်းနှင့် ရင်ဆိုင်ရပြီး ဂျပန်များနောက်ဆုတ်သွားကြရလေ၏။ ထိုတိုက်ပွဲတွင် ကိုးကန့်သား ၁၀ ယောက်ကျဆုံးခဲ့လေရာ စဥ့်ကိုင်တွင် ဖက်ဆစ်တော်လှန်ရေးနှင့်ကျဆုံးသောရဲဘော်များကို အထိမ်းအမှတ်ပြုသောကျောက်တိုင်စိုက်ထားသည်ဟု သိရလေသည်။

ယခုအခါ ကိုးကန့်နယ်မြေအချို့အဝက်ကို ဗကပတို့က သိမ်းပိုက်ထားရာ ကိုးကန့်သားများအမြင်တွင် နိုင်ငံခြားသားများက မိမိတို့နယ်မြေကို သိမ်းပိုက်ထားသည်ဟုမှတ်ယူကာ များစွာ ခံပြင်းနေကြသည်ဆို၏။

ကျွန်တော်တို့သည် ဟော်ကုန်းမှ ထွက်ခွာခဲ့ကြပြီး ဆရာဝန်ဦးဘဟန်၏ အသိမိတ်ဆွေတစ်ဦးအိမ်သို့ သွားကြလေသည်။ မူလက သိန္နီမှာ ထမင်းစားကြရန် ကြံရွယ်ခဲ့သည်။ ယခုမူ ကွန်လုံမှာစားခဲ့သောချပါတီကြောင့်လည်းကောင်း၊ သိန္နီသို့ရောက်ချိန် စောနေသဖြင့်လည်းကောင်း၊

အစီအစဉ်ကို ပြောင်းလိုက်ကြလေသည်။ သိန္နီမြို့ပေါ်ရှိ ရေပူစမ်းသွားပြီး ရေချိုးကြရန် စဉ်းစားကြသေးသည်။ သို့သော် ရေပူစမ်းမှာ ညစ်ပတ်နေသည်ဆိုသဖြင့် မသွားကြတော့ချေ။

အခြေအနေအရပ်ရပ်ကို တွက်ချက်ပြီးနောက် နမ့်အွန်းရွာ ရေပူစမ်းအရောက် သွားမည်။ ထိုရေပူစမ်းမှာ ရေချိုးကြမည်။ ပြီးနောက် အဲန္ဒေး၏ထမင်းဆိုင်မှာ ထမင်းစားကြမည်ဟု ဆုံးဖြတ်ကြကာ သိန္နီမြို့မှ ထွက်ခဲ့ကြလေ၏။ သို့သော် ကျွန်တော်တို့တတွေသည် နမ့်အွန်ရွာ ရောက်သည့်တိုင်အောင် ရေလည်း မချိုးလို၊ ထမင်းလည်း မဆာ။ ထို့ကြောင့် လားရှိုးအရောက် ခရီးနှင်ကြလေသည်။ အိမ်အပြန် ခြေသွက်လှသော နွားများလို မောင်အောင်ဘန်းမောင်းသော ဂျစ်ကားမှာ လျင်မြန်လှ၏။ ကျွန်တော်တို့သည် အဲန္ဒေး၏ထမင်းဆိုင်ကိုလည်း လှမ်းကြည့်ရုံသာ ကြည့်ခဲ့ကြရတော့၏။

လားရှိုးမြို့သို့ ရောက်သောအခါ သတင်းထောက်ကိုအောင်မင်းက ကျွန်တော်တို့ကို ပန်းသေးတရုတ်ဆိုင်တစ်ဆိုင်သို့ ခေါ်သွားလေသည်။ သူကိုယ်တိုင်က ညှော်မခံရသေးသဖြင့် ညှော်ခံလိုသောကြောင့် ဤဆိုင်ရောက်လာအောင် အကွက်ဆင်ခဲ့ရခြင်း ဖြစ်ပါသည်ဆိုလေသည်။ ဟုတ်လောက်ပါသည်။ ကွန်လုံတုန်းက ချပါတီရှာပြီး ဝယ်သူမှာ ကိုအောင်မင်း ဖြစ်၏။ နမ့်အွန်၊ အဲန္ဒေးတို့ထမင်းဆိုင် ရောက်ခါနီးတွင် မထူးတော့ပါဘူး၊ လားရှိုးရောက်မှ ထမင်းစားကြတာပေါ့ဟု အကြံပေးသူမှာလည်း ကိုအောင်မင်း ဖြစ်၏။

ပန်းသေးတရုတ်ဆိုင်မှာ ထိုင်မိလျှင်ပင် စားပွဲထိုးတစ်ယောက်က ရေနွေးစိမ်ထားသော မျက်နှာသုတ်ပုဝါကလေးများကို ယူလာလေသည်။ ထိုမျက်နှာသုတ်ပုဝါကလေးများနှင့်မျက်နှာကို သုတ်လိုက်ရသည်မှာ သုခရှိလှသည်။ ငြိုးစီစီ၊ မူးနောက်နောက် ခံစားမှုတွေ ပျောက်ပြီး လန်းဆန်းသွားပေသည်။

ကြက်သားနှင့်အမဲသားတို့ကို အမျိုးမျိုး စီစဉ်ချက်ပြုတ်ထားသည်။ အထူးခြားဆုံးကား ကြက်သားကုန်းပေါင်ကြီးကြော် ဖြစ်၏။ ကျွန်တော်တို့အားလုံးကပင် အလွန်ကောင်းပါပေသည်ဟုဝန်ခံကြသည်။ ကိုအောင်မင်းက နောက်တစ်ပန်းကန် ထပ်မှာသည်။ ပိုသည် မရှိပါ။ မြိန်ရှက်စွာပင် စားကြ၏။ ကြက်လည်လှီးသားဆိုသည်မှာ နာမည်သာ ဆိုးသည်။ အရသာကတော့ ထူးသည်ဟုဆိုရမည်ထင်၏။ သို့သော် လည်လှီးသားဖြစ်ရုံဖြင့် ဤမျှကောင်းချင်မှ ကောင်းမည်။ ပဲင်ပြာရည်ကလည်း ကောင်းဘို့လိုသေးသည်။ ထို့ထက် ငရုတ်သီးခြောက်ကို သင့်ရုံ၊ ဆိမ့်ရုံ၊ မွှေးရုံ ကြော်တတ်ဘို့ကလည်း လိုသေးသည်။ အားလုံးပြည့်စုံမှ ကြက်သားကုန်းပေါင်ကြီးကြော် ကောင်းသည်။

ထိုပန်းသေးတရုတ်ဆိုင်တွင် ကျွန်တော်တို့ နံနက်စာစားပြီးချိန်မှာ နေ့ခင်း ၂ နာရီဖြစ်လေသည်။

ပါဠိသဒ္ဒါလား၊ မြန်မာသဒ္ဒါလား

ထိုနေ့ညတွင် ကျွန်တော်တို့ တည်းခိုသောအိမ်၌ ဆွေးနွေးပွဲတစ်ခု ကျင်းပလေသည်။ အိမ်ရှင်ကမ္ဘောဇခင်လှိုင်က ဆွေးနွေးပွဲ တက်ရောက်သူအားလုံးကို ညစာဖြင့် တည်ခင်းဧည့်ခံလေသည်။

ဆွေးနွေးပွဲမှာ လားရှိုးမြို့နယ် မြန်မာစာကော်မီတီနှင့်ကျွန်တော်တို့ ဆွေးနွေးပွဲ ဖြစ်၏။ လားရှိုးမြို့နယ် မြန်မာစာကော်မီတီသည် လားရှိုးမြို့တွင် နိုင်ငံတကာစာအုပ်နှစ်နှင့်စာဆိုတော်နေ့ကို ကြီးကျင်းပသော ကော်မီတီဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက ဖွဲ့စည်းထားသော မြန်မာစာကော်မီရှင်ကို ဝိုင်းဝန်းကူညီရန် မြို့နယ်အလိုက် ဖွဲ့စည်းထားသောမြန်မာစာကော်မီတီများအနက် တစ်ခုဖြစ်၏။

လားရှိုးမြို့နယ် မြန်မာစာကော်မီတီ၏ ဥက္ကဋ္ဌမှာ အငြိမ်းစားကျောင်းအုပ်ဆရာကြီးဦးသြနှင့်အတွင်းရေးမှူးမှာ အထက်တန်းမြန်မာစာပြဆရာမ ဒေါ်ကြည်သောင်းတို့ ဖြစ်ကြပြီး အခြားကော်မီတီဝင်များလည်း များသောအားဖြင့် ဆရာ ဆရာမများ၊ မြို့နယ်ပညာရေးမှူးစသော ပညာရေးလုပ်သားများသာ ဖြစ်သည်။

ယင်းတို့အပြင် စာပေဝါသနာရှင် ဆရာဝန် ၂ဦး၊ ကုန်သည် ၂ဦးနှင့်လူမှုဝန်ထမ်းအရာရှိတစ်ဦး ပါလေသည်။

ဝိဇ္ဇာသိပ္ပံတက္ကသိုလ် မြန်မာစာကထိကနှင့်ရန်ကုန် ကမာရွတ်မြို့နယ် မြန်မာစာပေကော်မီတီဝင်ဖြစ်သူ ဖိုးကျော်မြင့်က ဦးဆောင် ဆွေးနွေးပါသည်။ သို့သော် သူသည် မြန်မာစာကော်မီရှင်ကိုလည်းကောင်း၊ ကမာရွတ်မြန်မာစာကော်မီတီကိုလည်းကောင်း ကိုယ်စားပြုပြီး ပြောဆိုခြင်း မဟုတ်။ သူ့တစ်ဦးတည်း၏ ထင်မြင်ချက်များကို ဖော်ပြပြီး လားရှိုးမြို့နယ် မြန်မာစာကော်မီတီဝင်များနှင့် အတွေ့အကြုံ ဖလှယ်သည့်သဘောဖြင့်သာ ဆွေးနွေးသွားပါသည်။

ကျွန်တော်က အထူးပြုဆွေးနွေးသောအချက်မှာ ဗဟိုမြန်မာစာကော်မီရှင်နှင့်မြို့နယ်မြန်မာစာကော်မီတီတို့ ဆောင်ရွက်နေသောလုပ်ငန်းများမှာ အမျိုးသားရေးနှင့်ဒီမိုကရေစီရေးလက္ခဏာနှစ်ရပ်ကို ဆောင်သည်ဟူသော နိုင်ငံရေးကောက်ချက် ဖြစ်ပါသည်။ မြန်မာစာပေမြှင့်တင်ရေးသည် အမျိုးသားရေး ဖြစ်သည်။

မြန်မာစာပေ မြှင့်တင်ရေးသည် စံချိန်မီ မြန်မာအဘိဓာန် တပြေးညီဖြစ်သောမြန်မာစာရေးထုံးကျမ်းနှင့်ခေတ်မီသိပ္ပံနည်းကျ သဒ္ဒါကျမ်းတို့ ရှိဖို့လိုအပ်ကြောင်း၊ အဆင့်အတန်းမြင့်

မားလာသော မြန်မာစာသည် လူတစ်စုအတွက် မဟုတ်ဘဲ ပြည်သူလူထုအတွက် ဖြစ်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာစာကော်မီရှင်၏ လုပ်ငန်းတာဝန်များကို လူထုအကျယ်အပြန့်ပါဝင်ပတ်သက်စေသော နည်းများဖြင့် ဖော်ဆောင်နေခြင်းသည် ဒီမိုကရေစီရေးပင် ဖြစ်ကြောင်း စသည်ဖြင့် ရှင်းပြပါသည်။

ထို့နောက် အပြန်အလှန် မေးကြ ဖြေကြ ဆွေးနွေးကြပါသည်။

ထိုအခါ ပြဿနာတစ်ရပ် ပေါ်လာလေသည်။

ဗဟိုမြန်မာစာကော်မီရှင်က သဒ္ဒါကျမ်းတစ်စောင်ကို ပြုစုပြီး မြို့နယ်ဆိုင်ရာ မြန်မာစာကော်မီတီတို့သို့ မူကြမ်းကော်ပီတစ်ခုစီ ပို့လိုက်သည်။ ထိုမူကြမ်းကို လားရှိုးမြို့နယ် မြန်မာစာကော်မီတီဝင်ဆရာ, ဆရာမများ ဝိုင်းဖတ်ကြသည်။ ဖတ်ပြီးသောအခါ မေးခွန်းတစ်ခု ထွက်လာသည်ဆို၏။ ကျောင်းတွေမှာ ပါဠိသဒ္ဒါကို သင်ရမှာလား၊ မြန်မာသဒ္ဒါကို သင်ရမှာလားဆိုသော မေးခွန်း ဖြစ်၏။

မူကြမ်းအလိုအရဆိုလျှင် ပါဠိသဒ္ဒါဖြစ်နေပြီး ပါဠိဘာသာစာပေ သင်ကြားပို့ချမှုနှင့်တွဲဖက်သင်ဘို့ကောင်းကြောင်း၊မြန်မာဘာသာစာပေသင်ကြားပို့ချမှုအတွက်ထိုမြန်မာသဒ္ဒါမူကြမ်းသည် အံဝင်သည်ဟု မထင်ကြောင်း ဝေဖန်ကြပါသည်။

ကျွန်တော်သည် မြန်မာစာကော်မီရှင်က မြန်မာသဒ္ဒါကျမ်းကို မည်သို့ မည်ပုံ ပြုစုနေသည်ကို မသိပါ။ ထိုမူကြမ်းကိုလည်း မမြင်ဘူးသေးပါ။ ထို့ကြောင့် ထိုမူကြမ်းသည် မြန်မာသဒ္ဒါဖြစ်သလော၊ ပါဠိသဒ္ဒါဖြစ်သလောဆိုသည်ကို ထင်မြင်ချက် မပေးနိုင်ခဲ့ပါ။ ယခု မြန်မာစာကော်မီရှင်သည် ယခင်က ရှိခဲ့သော မြန်မာစာနှင့်ဘာသာပြန်ကော်မီရှင်ကလုပ်ခဲ့သော အလုပ်များကို ဆက်ခံ၍ မကောင်းသည်ကို ပယ်၊ ကောင်းသည်ကို လက်ခံ၊ ပိုသည်ကို ဖြုတ်၊ လိုသည်ကိုထည့်ပြီး ဆောင်ရွက်နေသည်ဟုထင်ပါသည်။ သတ်ပုံပြဿနာမှာဆိုလျှင် အားလုံး ညီညွတ်ပြီးသောရေးထုံးများကို လက်ခံ၍ မညီမညွတ်ဖြစ်နေသော ရေးထုံးများကိုပြန်လည်စဉ်းစားကာအမှန်ရောက်အောင်၊ တပြေးညီဖြစ်အောင် ဆောင်ရွက်နေကြသည်ဟု သိရပါသည်။ သဒ္ဒါကျမ်းပြုစုရေး၌လည်း မြန်မာစာပါမောက္ခဟောင်းဦးအေးမောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သောအဖွဲ့ခွဲက တညီတညွတ်တည်း ပြဋ္ဌာန်းအတည်ပြုပြီးသော သဒ္ဒါကြမ်း(မူကြမ်း)တစ်ရပ် ရှိခဲ့ပါသည်။ ထိုမူကြမ်းကို ယခု မြန်မာစာကော်မီရှင်က ဆက်ခံပြီး ကောင်းသည်ကိုယူ၊ မကောင်းသည်ကိုပယ်၊ ပိုသည်ကို နုတ်၊ လိုသည်ကို ဖြည့်ပြီး ဆက်လက်ဆောင်ရွက်မည်ဆိုလျှင် မြန်မာသဒ္ဒါကျမ်းတစ်စောင် ခိုင်ခိုင်မာမာ ဖြစ်လာလိမ့်မည်။ ကျောင်းများတွင် မြန်မာဘာသာနှင့်စာပေကို သင်ကြားပို့ချနေကြရာ ထိုသို့သော မြန်မာသဒ္ဒါသည် များစွာအထောက်အကူဖြစ်ပြီး တွဲဖက်သင်စရာကောင်းသော မြန်မာ သဒ္ဒါစာအုပ် ဖြစ်လိမ့်မည်ဟု ထင်ကြောင်း ပြောပြလိုက်ရလေသည်။ ပြီးတော့ ဗဟိုမြန်မာ

စာကော်မီရှင်က ယခုလိုမူကြမ်းကို အောက်သို့ချပြခြင်း၊ ဝေဖန်စေခြင်းမှာ ဆိုရှယ်လစ်ဒီမိုကရေစီလုပ်ထုံးလုပ်နည်းအရ ဖြစ်ရာ မြို့နယ်ကော်မီတီက ဝေဖန်စရာရှိလျှင် လွတ်လွတ်လပ်လပ်ရဲရဲ ဝံ့ဝံ့ဝေဖန်၍ အထက်သို့ တင်ပြရန်လိုကြောင်း တိုက်တွန်းခဲ့ပါသည်။

ဆွေးနွေးပွဲပြီးသောအခါထမင်းစားပွဲကျင်းပပါသည်။တရုတ်ဟင်းမျိုးစုံနှင့်ဖြစ်သည်။ ကျွန်တော်ကား ထိုဟင်းတွေ ဘယ်လောက်ကောင်းကောင်း နည်းနည်းသာ စားနိုင်တော့၏။ မနက်က ကွန်လုံမှာ ချပါတီကောင်းကောင်း စားခဲ့ပြီး နေ့ခင်းက ကြက်သားကုန်းပေါင်ကြီးကြော်နှင့်ထမင်းများ စားခဲ့သောကြောင့် ဖြစ်ပါ၏။

ဖိုးကျော်မြင့်အဖို့ ထိုည ထမင်းစားပွဲသည် နှုတ်ဆက်ထမင်းစားပွဲ ဖြစ်ပေ၏။ သူကား နောက်တစ်နေ့နံနက်၌ ရန်ကုန်သို့ပြန်ရမည်။ ကျွန်တော်နှင့်ထွန်းဝေတို့ကား ခရီးဆက်ကြဦးမည် ဖြစ်လေသည်။

## သီပေါစော်ဘွား၏ ကျေးဇူး

မူလက ကွန်လုံမှ အပြန်တွင် တန့်ယန်းသို့သွားကြမည်ဟု ဒေါက်တာကမ္ဘောဇခင်လှိုင်နှင့် စီစဉ်ထားခဲ့သည်။ သို့သော် အကြောင်းမညီညွတ်သဖြင့် ထိုအစီအစဉ်ကို ဖျက်လိုက်ရလေသည်။ တန့်ယန်းအစား သီပေါနှင့်ကျောက်မဲသို့သွားရန် အစီအစဉ်သစ် လုပ်ရလေတော့၏။

ထိုခရီးစဉ်သစ်မှာကား ဖိုးကျော်မြင့် ရန်ကုန်မြို့သို့ပြန်သွားပြီဖြစ်၍လည်းကောင်း၊ ထွန်းဝေမှာ မကြာမီကလေးမှ သီပေါကျောက်မဲတို့သို့ ရောက်ခဲ့ပြီးဖြစ်၍လည်းကောင်း ခရီးသည်အဖြစ်ဖြင့် ကျွန်တော်တစ်ယောက်တည်း ကားတစ်စီးနှင့်သွားရလေသည်။ ဒရိုင်ဘာမောင်အောင်ဘန်းအပြင် အဖော်အဖြစ်ဖြင့် သစ်ကုန်သည်ဟောင်း ကျောက်မဲမြို့သားဆရာဝန်ဦးခင်လှိုင်၏ မိတ်ဆွေဖြစ်သူ ဦးဂျူဟန် လိုက်ပါလာခဲ့လေသည်။

ခရီးမထွက်မီ နံနက်ခင်းစာအဖြစ်ဖြင့် ရှမ်းထမင်းချဉ်ကို စားရလေသည်။ ပအို့ဝ်ထမင်းချဉ်ဟုဆိုလျှင် ပိုမှန်လိမ့်မည်လား မဆိုနိုင်ပါ။ ကမ္ဘောဇခင်လှိုင်၏ ဇနီးမှာ ပအို့ဝ်အမျိုးသမီးဖြစ်သောကြောင့်ပါ။ တစ်ခါမျှ သည်လောက် အရသာရှိသော ထမင်းချဉ်ကို မစားဘူးပါ။ ရှမ်းဆန်နှင့်လားရှိုးခရမ်းချဉ်တို့က အခြားဆန်၊ အခြားခရမ်းချဉ်တို့ထက် ထမင်းချဉ်နှင့်ပိုလိုက်ဖက်သောကြောင့်ပေလော မဆိုနိုင်ပါ။ ထို့အပြင် ထမင်းချဉ်နှင့်တို့စားရသော ပဲငါးပိဟင်းကလေးကလည်း မွှေးလှ၊ လေးလှ၊ ချိုလှသည်။ ဆီပြားနှင့်နန္ဒင်းတို့ကလည်း အတော်အသင့်ပင် ဖြစ်သည်။ ကြက်သွန်ဖြူအစိမ်း၊ ငရုတ်သီး တောင့်လုံးကြော်တို့ကလည်း မြှောက်ပင့်ပေးနေကြသည်။ တအားစားချလိုက်သော ထမင်းချဉ်ကို လဖက်ခြောက်လှော်ထည့်ထားသဖြင့် သင်းနေသော လဖက်ရည်ကြမ်းနှင့်မျှော၍ မျှော၍ ချရ၏။ တွဲဖက်အဖြစ်ဖြင့် နွားနို့ခြောက်ကြော်နှင့်တို့ဟူးကြော်တို့ကိုလည်း တမြိန့်မြိန့် ဝါးရသေး၏။

ထမင်းချဉ် စားကောင်းလှသည်နှင့် ရန်ကုန်မပြန်မီ နောက်တစ်ကြိမ် ကျွေးပါဦးဟု အိမ်ရှင်ကို တောင်းဆိုမိပါ၏။

လားရှိုးမှ သီပေါသို့သွားသော လမ်းမကြီးမှာ အတော်ကျယ်ပြန့်ပြီး ကောင်းမွန်စွာထိန်းသိမ်းထားသည်။ လမ်း၏ ဝဲယာရှုခင်းများမှာ သာယာလှပေသည်။

လားရှိုးမှ အထွက်တွင် စိမ်းစိုနေသော ယာခင်းကျယ်ကြီးများကို တွေ့ရ၏။ များသော

အားဖြင့် ဂျုံခင်းများ ဖြစ်သည်ဆို၏။ တောင်ကုန်းကလေးများပေါ်ရှိ တောင်ယာများတွင်ကား သွေ့ခြောက်နေသော ပြောင်းရိုးပြတ်များကို တွေ့ရသည်။ အချို့တောင်ယာများတွင် သီးထပ်စိုက်ရန် ထွန်ယက်နေကြ၏။

လားရှိုးမှသိန္နီ၊ ကွန်လုံစသော အရှေ့မြောက်အရပ်များသို့သွားရသော လမ်းခရီးရှုခင်းနှင့်လားရှိုးမှ သီပေါ–ကျောက်မဲစသော အနောက်တောင်အရပ်များသို့ သွားရသောလမ်းခရီးရှုခင်းတို့သည် အတော်ခြားနားကြောင်း ကျွန်တော် သတိပြုမိ၏။

သီပေါဖက်သို့သွားသော လမ်းခရီးရှုခင်းတွင် မြင့်သောတောင်များ နည်းပါးလာ၏။ လမ်းပေါ်တွင် စက်ဘီးစီးလာသော ဘောင်းဘီပွနှင့် အမျိုးသားများကိုလည်းကောင်း၊ ထီးဆောင်းလာသော အမျိုးသားအမျိုးသမီးများကိုလည်းကောင်း၊ မကြာခဏ တွေ့လာရ၏။လားရှိုး၏ အရှေ့မြောက်ဖက်တွင်ကား စက်ဘီးစီးလာသူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ခဲ့မိပါ။

လားရှိုးမှထွက်၍ ၁၀ မိုင်လောက် ရောက်ကတည်းက သစ်တောများကို စတွေ့မြင်ရသည်။ ၁၄ မိုင်ရောက်တော့ နောင်မွန်ဆိုသော ရှမ်းရွာကြီးကို တွေ့ရသည်။ ထိုအခါ မြန်မာပြည်၏မြောက်ဖက်ဆုံး (ပူတာအိုမြောက်ဖက်)မြို့နယ်ဖြစ်သော နောင်မွန်မြို့နယ်ကို သတိရမိလေသည်။ သမိုင်းတွင် ရှမ်းအမျိုးသားသြဇာ ဘယ်ရွေ့ဘယ်မျှ ပျံ့နှံ့ခဲ့သည်ကို ဖော်ပြသောအမှတ်အသားပေတည်း။ နောင်မွန်ရွာကြီးကို ကျော်လွန်ကတည်းက သစ်တောကြီးသည် ပိုနက်ရှိုင်းလာပေသည်။ ကျွန်းပင်များ လွှမ်းသောသစ်တောများပေတည်း။

စဉ့်အင်ချောင်းကြီးကို ကူးဖြတ်သောအခါ ဦးဂျူဟန်ကပဒေသရာဇ်စော်ဘွားကြီးများလက်ထက်ကဤနေရာတွင် သိန္နီနယ်ကုန်ဆုံး၍ သီပေါနယ်စကြောင်းပြောပြပါသည်။ ထို့နောက် ဟော်နန်းပျော် တော်ဘုရားကြီးများလက်ထက် နယ်မြေအခြေအနေ ငြိမ်ဝပ်ပိပြားပုံကို ပြောပြနေပါသည်။ (ကျွန်တော်တို့ ဖြတ်သန်းခဲ့သော လမ်းခရီးတွင် ယခင်တစ်နေ့ကပင် ဘတ်စ်ကားဓါးပြတိုက်ခဲ့သေးသည် မဟုတ်ပါလော။)

သီပေါမြို့ကို နီးကပ်လာသောအခါ သစ်တောများအစား လိမ္မော်ခြံများကို အများအပြား တွေ့ရ၏။ လိမ္မော်သီးလှိုင်လှိုင် မှည့်ချိန်ဖြစ်သောကြောင့် ဝါဝင်းနေသည်။ ရွှေလိမ္မော်ဟုခေါ် ထိုက်လှပေသည်တကား။

လမ်းတစ်လျှောက်တွင် နမ္မတူချောင်း၊ ဒုဋ္ဌဝတီမြစ်တို့နှင့်မကြာခဏ ဆုံစည်းရသည်။ သူတို့ကြောင့် ပတ်ဝန်းကျင်သည် သာယာစိုပြည်ရပေ၏။

သီပေါမြို့သို့ ဝင်လာကြပေပြီ။ သီပေါမြို့ကား မြေပြန့်မြို့လုံးလုံးဖြစ်၏။ ရှမ်းကုန်းပြင်ပေါ်မှ မြို့တစ်မြို့၏ အသွင် လုံးဝမရှိချေ။

သီပေါစော်ဘွား၏ဟော်နန်းတော်ရာကို ဝင်ကြည့်လိုက်ပါသေးသည်။ ၁၉၃၉–ခုနှစ်

တုန်းက ကျွန်တော် ဝင်ရောက်ကြည့်ဖူးသော ဟော်နန်းသည် မရှိတော့ပြီ။ တိုင်ငုတ်အချို့နှင့် အုတ်ခုံအချို့သာ လွမ်းစရာ ကျန်ရစ်ခဲ့၏။ သီပေါစော်ဘွားမှာ ရှေးဟောင်း ဗိသုကာပုံစံနှင့် ဆောက်ထားသော ဟော်နန်းအပြင်၊ ခေတ်မီဗိသုကာပုံစံနှင့် ဆောက်ထားသော ဟော်တစ်ခု လည်း ရှိသည်။

ထိုခေတ်မီဟော်မှာ မပျက်မစီး ကျန်ရစ်နေသေးသည်။ ထိုဟော်ဝင်းထဲ ကျွန်တော်တို့ ဝင်ကြသောအခါ တံခါးဝတွင် အစောင့်အိမ်တစ်လုံးကို တွေ့ရသည်နှင့်ဂျစ်ကားကို ရပ်ပြီး ခွင့် တောင်းကြလေသည်။ အမယ်ကြီးတစ်ဦးသာ ရှိ၏။ အမယ်ကြီးက လွယ်ကူစွာပင် ခွင့်ပြုလိုက် လေသည်။ အမှန်မှာ ခွင့်မတောင်းဘဲ ဝင်လျှင်လည်း ထိုအမယ်ကြီးသည် ဘာမျှပြောမည့်ပုံ မ ပေါ်ပါ။ ခေတ်မီဟော်ဆိုသည်မှာ အင်္ဂလိပ်အစိုးရများလက်ထက်က ခရိုင်မြို့များတွင် အင်္ဂလိပ် အရေးပိုင်များနေရန် ဆောက်ထားသောအိမ်များနှင့်တစ်ပုံစံတည်း ဆောက်ထားသောတိုက် အိမ်တစ်လုံးသာ ဖြစ်ပေသည်။ တိုက်နံရံတွင် နွယ်တက်နေသော နွယ်ပင်များ ရှိသေး၏။ မီးဖို ချောင် မီးခိုးခေါင်းတိုင်မှာမူ မီးခိုးမမြင်ခဲ့ရပါ။

အိမ်တွင်းမှာ လူများရှိနေကြောင်း သူတို့အချင်းချင်း ပြောနေကြသော စကားသံများ က သက်သေခံလေသည်။ သို့သော် ကျွန်တော်တို့က ကားသံပေးသော်လည်း တစ်ယောက်တစ် လေမျှ ထွက်မကြည့်ကြချေ။ ထို့ကြောင့် ကျွန်တော်တို့သည် လျှောက်ကြည့်ကာ ပြန်ထွက်လာခဲ့ ကြလေသည်။

ကျွန်တော့်စိတ်မျက်စိထဲမှာ ဒေါ်စောမြကြည်ပေါ်လာလေသည်။ အဆိုတော်နှင့်ဂီတ ပညာရှင် ဒေါ်စောမြကြည်။

ဒေါ်စောမြကြည်သည် (ပုဂ္ဂိုလ်ရေးအဖြစ်အပျက်များ အပထား၍)ရှမ်းစော်ဘွားတို့ ၏ဂုဏ်ကျေးဇူးတစ်ရပ်ကို သရုပ်ပြနေပေသည်။ မြန်မာဘုရင်မင်းဆက် ပြုတ်သွားသောအခါ ထီးနန်းထဲတွင်သာ ရှင်သန်ကြီးပွားရသော မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အစဉ်အလာ၊ မြန်မာမှုအ နုပညာများ၊ စာပေ၊ ဂီတ၊ ဇာတ်သဘင်စသည်များ ပျောက်ကွယ်မတတ် ဖြစ်ရလေသည်။ သီပေါ စော်ဘွား အစရှိသော ရှမ်းစော်ဘွားအချို့သည် ထိုမြန်မာမှုအနုပညာများနှင့်မြန်မာ့ယဉ်ကျေး မှုများကို ဟော်နန်းထဲတွင် ထိန်းသိမ်းထားခဲ့ပေသည်။ စော်ဘွားကြီးအချို့သည် မြန်မာဘုရင် များ အစဉ်အလာအတိုင်း တတ်နိုင်သမျှ နေထိုင်ကြသည်။ ဥပမာ – ဂီတသံဖြင့် အိပ်စက်ခြင်း၊ နိုးခြင်း၊ ထွက်စည် ဝင်စည်တီးခြင်း၊ ဟော်တွင် ပွဲကြည့်ဆောင်ထားခြင်း၊ မြန်မာစာကို ရုံးသုံးပြု ခြင်း။

ဒေါ်စောမြကြည်ကို လွမ်းဆွတ်အောင့်မေ့မိသည်နှင့်အမျှ ရှမ်းစော်ဘွားတို့၏ဂုဏ် ကျေးဇူးကို ကျွန်တော် သတိရမိလေသည်။

ဘော်ကြိုဘုရား

လဖက်ရည်ဆိုင်တစ်ဆိုင် ခဏဝင် လဖက်ရည် သောက်ပြီးနောက် ခရီးဆက်ကြပြန်လေသည်။

မြို့မှထွက်ပြီး ခဏကြာသောအခါ ဘော်ကြိုဘုရားသို့ ရောက်ကြသဖြင့် ဝင်ဖူးကြ၏။

စစ်မဖြစ်မီက ဖူးမြင်ခဲ့ရသော ဘော်ကြိုဘုရားကို ကျွန်တော် လုံးဝမမှတ်မိတော့ပါ။ ယခုတွေ့မြင်ရသော စေတီပုံသဏ္ဌာန်ကား ထူးဆန်းလှ၏။

သာမန်အားဖြင့် အာရုံခံတန်ဆောင်းသည် စေတီတော်မျက်နှာစာတစ်ဖက်တွင် (သို့မဟုတ်)တန်ဆောင်း ၄ ဆောင်သည် မျက်နှာ ၄ ဖက်တွင် တည်ရှိ၏။ ယခုမူ စေတီငယ်တစ်ဆူကို အာရုံခံတန်ဆောင်းကြီးက လေးဖက်လေးတန်မျိုထားပြီး တန်ဆောင်းအလယ်ခေါင်တည့်တည့်ပေါ်မှာ စေတီတစ်ဆူ ထပ်တည်ထား၏။ အာရုံခံတန်ဆောင်းကြီးမှနေ၍ စောင်းတန်း ၄ သွယ်ဖြာထွက်သည်။ ထိုအာရုံတန်ဆောင်းကြီးမှာ ရောမကော်လန်တုပ်ဝ ရှည်လျားသောတိုင်ကြီးများကြောင့် ထည်ဝါခန့်ညားလှသည်။ ရောမကော်လန်များဖြစ်သော်လည်း ချြူးပန်းချြူးနွယ်တို့ဖြင့် မြန်မာဆန်ဆန် မွမ်းမံထားပါသည်။

အဝင်ဝတွင် "စေတီအတွင်း မိန်းမမဝင်ရ"ဟူသော ဆိုင်းဘုတ်ကို တွေ့ရသဖြင့် အံ့ဩနေမိပါသည်။ ဘယ့်နှာကြောင့် အစွလာမ်ထုံးစံတစ်ခု ဒီနေရာ ရောက်နေပါလိမ့်။

ဘော်ကြိုဘုရား၏ တရားဝင်အမည်မှာ ရတနာမာန်အောင်ဘုရား ဖြစ်ကြောင်း နဖူးစီးစာတန်းအရ သိရပါသည်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက ဘော်ကြိုဘုရားဆိုသည့်အမည်မှာ ငွေနှင့်ပတ်သက်သည်ဟု ထင်ခဲ့၏။ နမ္မတူဘော်တွင်း မရောက်ခင် တွေ့ရသောကြောင့် ဘော်ကြိုဟုခေါ် သလိုလို၊ ဘုရားဖူးလာသူများအား ကြိုဆိုသူကို (ဤနေရာတွင်)ရွှေကြိုဟု မခေါ် ဘဲ ငွေကြိုဟု ခနိုးခနဲ့နှင့်ခေါ် သလိုလို ပြောသံကြားဖူးပါသည်။

ဒါရိုင်ဘာမောင်အောင်ဘန်းကို မေးကြည့်သောအခါ "ဘော်ကြို"မဟုတ်၊ "ပေါ်ကြို" ဖြစ်ကြောင်း ပြောပါသည်။ ပေါ်မှာ အဖေဖြစ်၏။ ထိုအခါ အဖေကြိုဘုရား ဖြစ်သွားပြန်၏။

အတွင်းဝင်၍ ဘုရားဖူးကြသောအခါ အတွင်းစေတီငယ်ကိုလည်းကောင်း၊ ယင်းစေတီလိုဏ်ဂူဝနှင့်မုခ်ပေါက်များ၊ ပလ္လင်နှင့်တန်ကဲများကိုလည်းကောင်း မှန်စီရွှေချထားရာ လက်ရာများကောင်းလှပုံကို အထူးသတိပြုမိပါသည်။ သို့သော် မြတ်စွာဘုရားဆင်းတုတော်ကို ရွှေအထပ်ထပ်ချထားရာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေပုံကြောင့် စိတ်ပျက်မိပါသည်။ စိတ်အာရုံတွင် ဤပုံကား ဂေါတမမြတ်စွာဘုရား၏ ပုံတော်တည်းဟု ထင်မြင်ရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပါ။

ကျွန်တော်သည် ဘော်ကြီးဘုရားကို ရောမ ကော်လန်များနှင့် တည်ထားပုံကိုလည်းကောင်း၊ အတွင်းစေတီ၏ မှန်စီရွှေချ လက်ရာကိုလည်းကောင်း၊ ဘုရား၏ အမည်ကိုလည်းကောင်း စိတ်ဝင်စားလှသဖြင့် ဦးဂျူဟန်ကို မေးမြန်းကြည့်သည်။ ဦးဂျူဟန်က သူကိုယ်တိုင် မပြောတတ်ပါ။ ဘုရားလူကြီးတစ်ဦးကို ခေါ်ပေးပါမည်ဆို၍ တန်ဆောင်းတစ်နေရာတွင် တပ်မတော်အရာရှိအချို့နှင့်စကားဝိုင်းဖွဲ့နေသောလူကြီးတစ်ဦးဆီသို့ သွားပါလေသည်။

ထိုလူကြီးသည် တပ်မတော်အရာရှိများနှင့်စကားကြောဖြတ်ထားခဲ့ပြီး ကျွန်တော့်ဆီ လိုက်လာလေသည်။ သူသည် စောင်းကန်း စောင်းကန်းနှင့်လျှောက်လာသည်။ အသားညိုညို၊ အရပ်ရှည်ရှည်၊ ရွှေသွားဝင်းဝင်းနှင့်ဖြစ်ပြီး သူ့ကိုယ်သူ့ခန္ဓာနှင့်သူ့အမူအရာများတွင် လေငန်းရောဂါ၏ အမာရွတ်များ ကျန်ရစ်ခဲ့သည်။ ကျွန်တော့်ကိုကြည့်ပြီး ကျွန်တော့်ကို ပြောသော်လည်း ကျွန်တော့်ကို မကြည့်သလို ကျွန်တော့်ကို မပြောသလို ထင်ရ၏။

"ကဲ… ဘာသိချင်သလဲ"

ကျွန်တော်က ကျွန်တော်သည် သိန်းဖေမြင့် ဖြစ်ကြောင်း၊ ယခင်ကမူ တက်ဘုန်းကြီး သိန်းဖေဟုခေါ်ပါကြောင်း၊ ဘုရားကြီးတည်ဆောက်ပုံ၊ ဘုရားအမည် စသည်တို့ကို သိလိုပါကြောင်း ကိုယ့်ကိုယ်ကိုမိတ်ဆက်ရင်း ပြောပြသောအခါ ထိုလူကြီးသည် အထူးကြိုးစား အားထုတ်ကာ ကျွန်တော့်ကို ကြည့်ပြီး ကျွန်တော့်ကို ပြောပြပါသည်။

"ဟာ… ဦးသိန်းဖေမြင့်၊ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် သီပေါက ဦးဘဖေလေ၊ ဟို…ဒုတိယကမ္ဘာစစ်မဖြစ်မီက သီပေါ ခင်ဗျားလာပြီး ကျွန်တော့်အိမ်မှာ တဲဖူးတယ်လေ"

ကျွန်တော်ကား ဦးဘဖေကို လုံးဝမမှတ်မိပါ။ ရုပ်ရော၊ နာမည်ရော မမှတ်မိပါ။ သို့သော် မှတ်မိဟန်ဆောင်ရပါသည်။ ဦးဘဖေက ဆက်ပြောပြန်သည်။

"သခင်သိန်းဖေ၊ သခင်နု၊ သခင်ဗဟိန်း၊ သခင်အောင်ဆန်း အားလုံး မှတ်မိတာပေါ့။ အစကတော့ သခင်ဗဟိန်း၊ သခင်နုတို့နှင့်အတူ ခင်ဗျား လာမယ်ဆိုပြီး နောက်တော့ ခင်ဗျား တစ်ယောက်ထဲ ရောက်လာတယ်လေ။ အဲဒီတုန်းက ကျွန်တော်က သီပေါမီးရထားဖက်မှာ အလုပ်လုပ်တယ်။ မန္တလေးက ကုန်ရုံရှုံပိုင်ကြီးဦးဘသန်းက ကျွန်တော့်ဆီ ရေးပေးလိုက်တဲ့မိတ်ဆက် စာကလေးနှင့်ခင်ဗျား လာတယ်လေ"

သည်တော့မှ ကျွန်တော် မှတ်မိပါတော့သည်။ အမည်နှင့်ရုပ်ကို မှတ်မိသည်ကား မဟုတ်၊ ပုဂ္ဂိုလ်ကို မှတ်မိခြင်း ဖြစ်ပါ၏။ မိတ်ဆက်စာရေးပေးလိုက်သော မန္တလေးမှဦးဘသန်းမှာမသိန်းနု၊ မသန်းမြင့်၊ မလှရွှေတို့၏ ဖခင်၊ ဗိုလ်ခင်မောင်ကလေး၏ ယောက္ခမ ဖြစ်ပါ၏။ ထိုစဉ်က ရှမ်းစော်ဘွားများ၏ ပုဒ်မ ၁၀ တစ်ချက်လွှတ်အာဏာအောက်တွင် သခင်နိုင်ငံရေးသမားများကို လက်ခံရဲသူ နည်းပါးလှပါသည်။ ဦးဘဖေကား ကျွန်တော့်ကို သူ့အိမ်မှာ လက်ခံခဲ့သည်။ သီပေါ

စော်ဘွား၏ အမတ်ကြီးတစ်ဦးထံသို့ပင် ခေါ် သွားပါသေးသည်။

တစ်ယောက်နှင့်တစ်ယောက် သတိရကြပြီးနောက် ကျွန်တော်က ဦးဘဖေအား ဘော်ကြိုဘုရားဟူသောအမည်အကြောင်းကို မေးပါသည်။

ဦးဘဖေက မူလအမည်ရင်းမှာ ဘော်ကြိုလည်း မဟုတ်၊ ပေါ်ကြိုလည်း မဟုတ်၊ ''မော်ဂေ''ဖြစ်ကြောင်း၊ မော်မှာ အိုး၊ ဂေမှာ ဆား၊ ဆားအိုးဟူသောအဓိပ္ပါယ်ရကြောင်း၊ ဆားဖိုနေရာတွင် ဤဘုရားကို တည်ခဲ့ကြောင်း၊ အနီးတွင် ဆားတွင်းများ ရှိကြောင်း၊ ဘုရားကြီးအနီးရှိကန်မှာ ဆားတွင်းတူးရင်း ဆားအိုးဖုတ်ရင်း ဖြစ်ပေါ်လာသောကန်ဖြစ်ကြောင်း စသည်ဖြင့်ပြောပြပါသည်။

ဘော်ကြိုဘုရား(သို့မဟုတ် ဘုရားလူကြီးများ အကြိုက်ဖြင့် ခေါ်ရသော် ရတနာမာန်အောင်ဘုရား)ကို ယခုပုံသဏ္ဍာန်အတိုင်းဖြစ်အောင် ဘယ်သူ တည်ဆောက်ပါသလဲဟု မေးသောအခါ ပြည်သူအများ၏ကောင်းမှုဖြင့် အင်ဂျင်နီယာဦးသူတော်(သီပေါမြို့သား)က ကြီးမှူးကာသမားရိုးကျ ပန်းရံများက တည်ဆောက်သည်ဟုဆိုပါ၏။

တန်ဆောင်းပေါ်က စေတီသည် အနည်းဆုံး ၁၅ တန်မျှ လေးမည်ဟုဆိုသည်။

ဦးဘဖေက ကျွန်တော့်အား တပ်မတော်အရာရှိများနှင့်မိတ်ဆက်ပေးသေးသည်။ သူတို့အထဲတွင် နလကဥက္ကဋ္ဌလည်း ပါသည်။ သူတို့က အကူအညီရှိရင် ပြောပါဟုဆိုရာ မလိုပါ၊ ကျေးဇူးတင်ပါသည်ဟု ပြောခဲ့ရပါသည်။ ထို့နောက် သူတို့အား နှုတ်ဆက်ပြီး ထွက်လာခဲ့ကြလေသည်။

ဘော်ကြိုမီးရထားဘူတာရုံအနီးတွင် သီပေါ၊ ကျောက်မဲလမ်းတစ်လျှောက် ကျွန်းသားတုံးများ စုပုံနေသည်ကို တွေ့ရသည်။ တောထဲမှ ထုတ်ယူနိုင်ပြန်တော့လည်း သယ်ယူပို့ဆောင်ရေးက မတတ်နိုင်ဖြစ်နေဟန် တူပါ၏။ တစ်နေ့ ရထားတစ်စီးလောက် သယ်ယူပါမှ ရှင်းနိုင်မည့်အလုပ်ကို တစ်နေ့ရထားတစ်တွဲမျှနှင့်ရှင်းနေဟန် တူသည်။ ကြာညောင်းစွာ အတုံးအရုံးလဲလျောင်းနေရသောကျွန်းသစ်တုံးကြီးများကို ကြည့်ပြီး နာတာရှည်လူမမာများကို မြင်ရသလို စိတ်မချမ်းမသာ ဖြစ်မိပါသည်။

ကျောက်မဲမှ ကျောက်ဆည်သူ ဒေါ်ဒေါ်ဝ

သီပေါမှကျောက်မဲသို့သွားသောလမ်းမှာလည်း သာယာရှုမောဖွယ်ပေါလှသည်။ အထူးသဖြင့် ဒုဋ္ဌဝတီမြစ်နှင့်တောများ၊ ဒုဋ္ဌဝတီတစ်ဖက်ကမ်းရှိ မမြင့်လှသော တောင်တန်းနှင့်တောများ၊ ခြံကြီးခြံငယ်နှင့်ရွာကလေးများ၊ ပြိုင်ဆိုင်နေသော မီးရထားနှင့်မော်တော်ကားလမ်းနှင့် တံတားများ။

သာယာရှုမောဖွယ် ပေါများလှသော ရှုခင်းများအနက် အလှပဆုံးသော ရှုခင်းကား ကျောက်မဲမြို့ဖြစ်၏။ ကျောက်မဲမြို့တွင် အလှဆုံးသော အဆောက်အဦးကား ပြည်သူ့ဆေးရုံ ဖြစ်ပေသည်။

တောင်ကုန်းတစ်ခုကို လိုလျှင် လိုသလို ဖဲ့ပြီး မြေနေရာအဆင့်ဆင့်ညှိကာ ဘုံအဆောင်ဆောင် အထပ်ထပ် ဆောက်လုပ်ထားသောဆေးရုံအဆောက်အဦးများ ဖြစ်၏။ ဆရာဝန်ခန်း၊ ပြင်ပလူနာခန်း၊ ရုံးခန်း စသည်တို့ပါသော အဆောက်အဦးက အောက်ဆုံးအဆင့်၊ အတွင်းလူနာခန်းများပါသော အဆောက်အဦးက အလယ်ဆင့်၊ ဆရာဝန်နေအိမ်၊ ဆရာမနေအိမ်၊ ဆေးရုံလုပ်သားနေအိမ်စသော အိမ်တန်းများက အပေါ်ဆုံးအဆင့် စသည်ဖြင့် တောတန်း၊ တောင်ကုန်း၊ ပတ်ဝန်းကျင် မြေအနေအထား စသည်တို့နှင့်ပဏ္ဏာရစ္စာ တည်ရှိကြလေသည်။ မြန်မာပြည်တွင် အလှဆုံးသော ဆေးရုံဟုဆိုသော် မမှားချေ။

ကျွန်တော်တို့သည် ဆေးရုံဝိုင်းတစ်ခုလုံးကို ကားနှင့်လှည့်ပတ်ကြည့်ကြ၏။ မော်တော်ကားလမ်းကလည်း အဆင့်ဆင့်ရှိ၊ အထပ်ထပ်သော ဘုံများသို့သွားရောက်နိုင်အောင် ဖောက်လုပ်ထားသောလမ်းပေတည်း။

ထို့နောက် ကျွန်တော်တို့သည် ဦးဂျူဟန်၏ မိခင်နှင့်နှမများ၊ တူ,တူမများနေထိုင်သော အိမ်သို့သွားကြလေသည်။

ဦးဂျူဟန်က ကျွန်တော့်ကို သူ့မိခင်ဒေါ်ဒေါ်ဝနှင့်မိတ်ဆက်ပေးလေသည်။ ကျွန်တော့်ကို အံ့အားသင့်စေသော အမယ်ကြီးပေတည်း။

အမယ်ကြီးမှာ အသက် ၇၃ နှစ်ရှိပြီဖြစ်သည်။ အရပ်မှာ အတော်ပု၏။ သို့သော် ခါးမကိုင်း၊ နားမထိုင်း၊ မျက်စိမမှုန်၊ တုန်တုန်ယင်ယင် လုံးဝမဖြစ်။ ခပ်ပိန်ပိန်နှင့်မာကျစ်သည်။ ဖျတ်လတ်သွက်လက်ပုံမှာလည်း အံ့ဩစရာပင်။

အမယ်ကြီးက ကျွန်တော့်အား တောင်ပေါ်ဘုရားသို့ လိုက်ပို့မည်ဆိုသောအခါ ကျွန်တော်က အားနာသဖြင့်လည်းကောင်း၊ ရှစ်ဆယ်ကျော်အမယ်အိုဖြစ်သဖြင့် အပင်ပန်းမခံစေချင်

သဖြင့်လည်းကောင်း မလိုက်ပါနှင့်ဟု တောင်းပန်သည်။ မရပါ၊ အမယ်ကြီးသည် ကျွန်တော်တို့နှင့်အတူ ကားပေါ်သို့ လိုက်ပါလာခဲ့လေသည်။ လမ်းတွင် နတ်လမ်းညွှန်လုပ်ရာမှာ အမယ်ကြီးသည် စကားတပြောပြောနှင့် မမောမပန်း အံ့ဘနန်းပင်။

ဒေါ်ဒေါ်ဝ လိုက်ပို့သော ပြည်လုံးချမ်းသာစေတီမှာ တောင်ကမူတစ်ခုပေါ်တွင် တည်ရှိသည်။ တောင်ကမူမှာ မတ်စောက်ခြင်း မရှိသောကြောင့် ကွေ့ဝိုက်၍ ဖောက်ထားသောကားလမ်းတွင် ခပ်ပြေပြေ တက်သွားကြရလေသည်။

ပြည်လုံးချမ်းသာစေတီအနီးတွင် ဘုန်းကြီးကျောင်းတိုက် တစ်တိုက်လည်း တည်ရှိသည်။ စေတီကို အုတ်တံတိုင်း ကာထားရာ တံတိုင်းမုခ်ဝအထိ ကားကို မောင်းသွားနိုင်ကြ၏။

အမယ်ကြီးသည် ကားပေါ်မှ အရင်ဆင်းပြီး ကျွန်တော့်ကို ရှေ့ဆောင်ခေါ်ယူသွားသည်။ ပထမဦးစွာ ဘုရားဖူးစေပြီးနောက် ပြည်လုံးချမ်းသာစေတီတည်ခဲ့ပုံကို ပြောပြသည်။

"အဲဒီတုန်းက အမေဟာ ၁၃ နှစ်သမီးပဲ ရှိသေးတယ်"ဟူသောစကားဖြင့်စ၏။ အဖွားကြီးမှာ ယခု ၈၃ နှစ်ရှိပြီဖြစ်ရာ ဤစေတီကို လွန်ခဲ့သော နှစ် ၇၀ တုန်းက တည်ခဲ့သည်ဟုမှတ်ယူရပေတော့မည်။ ၁၃ နှစ်သမီး မဝ ကိုယ်တိုင် အခြားသောကောင်းမှုရှင်များနှင့်အတူ အုတ်ခဲတွေ ခေါင်းမှာရွက်ပြီး သယ်ယူပို့ဆောင်ခဲ့ကြသည်။ မဝ၏မိဘများသည် လှည်းထောင်ထားရာ လှည်းသမားများကလည်း ပါဝင်လုပ်အားပေးခဲ့ကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၇၀ က ကျောက်မဲတွင် မော်တော်ကားများ ရှိဦးမည်မဟုတ်ပါ။ လှည်းသည် အဓိက သယ်ယူပို့ဆောင်ရေးယာဉ် ဖြစ်ခဲ့၏။ ကျောက်မဲသည် ကူးသန်းရောင်းဝယ်ရေးမြို့ကြီးအဖြစ်ဖြင့် ထွန်းသစ်ခါစ ဖြစ်လေသည်။

"အဒေါ်တို့က ကျောက်မဲဇာတိလား၊ သို့မဟုတ် ဘယ်ကလဲ"ဟု ကျွန်တော်တို့က မေးလေရာ–

"အဒေါ်တို့ ငယ်ငယ်ကလေးကတည်းက မိသားစုအားလုံး ကျောက်မဲကို ပြောင်းလာကြတာပါ၊ ဇာတိက ကျောက်ဆည်ကပါ"

ကျောက်မဲသည် ရှမ်း၊ မြန်မာ၊ တရုတ်ကုန်သည်ပွဲစားများ လှုမ်းမိုးသော အဓိကအားဖြင့် လဖက်စို၊ လဖက်ခြောက်ကုန်သွယ်ရေးပေါ်တွင် ရပ်တည်သောမြို့ကြီး ဖြစ်လာခဲ့သည်။

ပြည်လုံးချမ်းသာစေတီ ရင်ပြင်တော်ပေါ်မှနေ၍ ကြည့်သောအခါ ကျောက်မဲမြို့တစ်မြို့လုံးကို မြင်နိုင်သည်။ ကျောက်မဲမြို့တည်ရာမြေမှာ ဒယ်အိုးကြီးနှင့်တူသည်။ ချိုင့်ဝှမ်းထဲမှာ မြို့ဟောင်း ရှိသည်။ မီးရထားလမ်းလည်း ချိုင့်ဝှမ်းထဲမှာဖြတ်သွားသည်။ မြို့လယ်မှာ မီးရထားဘူတာရုံနှင့်ထီးထီးကြီး ထိုးထွက်နေသော ဗလီကြီးတစ်ခုကို တွေ့မြင်ရ၏။ ချိုင့်ဝှမ်းမှ ဘေးတစ်ဝိုက်သို့မြင့်တက်သွားရာ တိုက်သစ် အိမ်သစ်နှင့်အဆောက်အဦးသစ်များ ဆောက်ထားကြသည်။

အခြားတောင်ကုန်းတစ်ခုတွင်လည်း အတော်ကြီးမားသော စေတီတစ်ဆူ တည်ထားကြ၏။

ဘုရားဖူးပြီးနောက် အဖွားကြီးသည် ကျွန်တော်တို့အား သားဘုန်းကြီးရှိရာ ကျောင်းပေါ် သို့ ခေါ်သွားလေ၏။

ကျောင်းထိုင်ဘုန်းကြီးမှာ အသားအလွန်ဖြူပြီး စကားဝဲသောကြောင့် ရှမ်းဖြစ်လိမ့်မည်ဟု ကျွန်တော်တို့ ခန့်မှန်းလိုက်သည်။ ကျွန်တော့်နာမည်ကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက် ဘုန်းတော်ကြီးက "ဒကာကြီး စာမရေးတာ အတော်ကြာသွားပါပကော၊ ဘာ့ကြောင့်လဲ"ဟုမေးလေသည်။ ကျွန်တော်က အကျိုးအကြောင်း ရှင်းပြရ၏။

"ဒကာကြီး တစ်ခါတစ်ခါ သိမ်ဖြူဆရာတော် အရှင်နာဂသေနအကြောင်းကို ရေးတယ်။ အရှင်နာဂသေနနှင့်အိန္ဒိယမှာ တွေ့ဖူးပါတယ်"ဟုဆိုကာ အိန္ဒိယ၊ သီဟိုဠ်တို့တွင် စာသင်ခဲ့ပုံတို့ ပြောပြလေသည်။

သာသနာ ၂၅၀၀ ပြည့်အထိမ်းအမှတ် ကျင်းပစဉ် ကာလက ကျောင်းထိုင်ဘုန်းကြီးသည် သီဟိုဠ်မှာ စာသင်နေလေသည်။ ဝိဇ္ဇာလင်္ကာရဦးဝိသုဒ္ဓအမှူးပြုသော ဘုရားဖူးအဖွဲ့တစ်ဖွဲ့ သီဟိုဠ်သို့ရောက်လာလေရာ ထိုအဖွဲ့တွင် ကျောင်းအစ်မကြီးဒေါ်ဝပါလာလေသည်။ ကျောင်းအစ်မကြီးသည် ဘုန်းကြီးအား သားအရင်းတမျှ ချစ်ခင်ပြီး ဤကျောင်းမှာထိုင်ရန် ကျောက်မဲသို့ ပင့်ဆောင်လာခဲ့လေသည်။ ဘုန်းကြီးသည် ဓမ္မာစရိယဖြစ်ပြီး ကျောင်းတိုက်မှာ ယခုအခါ စာသင်တိုက်ဖြစ်နေ၏။ ကျောင်းထိုင်ဘုန်းကြီး၏ ဘွဲ့မှာ ဦးပညာဝံသ ဖြစ်၏။

ရှမ်းဘုန်းကြီးဟူသော ကျွန်တော့်အထင်ကို အတည်ပြုနိုင်ရန် ကျွန်တော်က ဘုန်းကြီး၏ဇာတိကို မေးကြည့်သည်။ သထုံမြို့နယ် တောင်စွန်းမှဖြစ်၍ မြန်မာပင် ဖြစ်ကြောင်း သိရသဖြင့် အံ့သြရလေသည်။

ကျောင်းထိုင်ဘုန်းကြီးနှင့်အလ္လာပသလ္လာပစကားဆိုပြီးနောက် အဖွားကြီးက ကျောင်းအဆောက်အဦးများ၊ ဇရပ်များနှင့်မီးဖိုချောင်၊ ရေကန်စသည်များကို လိုက်ပြ၏။ ဆိုင်းဘုတ်တစ်ခုတွင် ဦးဟိုးဝါ၊ ဒေါ်ဝကောင်းမှုဟုတွေ့ရပြီး အခြားဆိုင်းဘုတ်တစ်ခုတွင် ဒေါ်ဒေါ်ဝ၊ သားဦးဂျူဟာန်ကောင်းမှုဟု တွေ့ရလေသည်။

အထူးခြားဆုံးကား ရေလှောင်ကန်ဖြစ်၏။ အုတ်ကန်ကြီးကို သွပ်ဖြင့် အလုံကာ၊ အလုံမိုးထားပြီး အခြားအဆောက်အဦးများ၏ တံစက်မြိတ်များနှင့်ရေပိုက်သွယ်ထားလေသည်။ မိုးတွင်း ဤကျောင်းတိုက်ပေါ် ကျသမျှ မိုးရေသာမက ဆောင်းတွင်းကျသမျှ နှင်းရည်သည်လည်း ရေလှောင်ကန်တွင်းသို့ ဝင်လေသည်။ နှစ်လုံးပေါက် သောက်ရေ၊ သုံးရေ ဖူလုံသည်ဟုအဖွားကြီးက ရှင်းပြသည်။ သော့ခတ်ထားသော ရေလှောင်ကန်တံခါးကိုလည်း ဖွင့်ပြသေးသည်။

ပြည်လုံးချမ်းသာစေတီနှင့်တောင်ကုန်းမှ ဆင်းခဲ့ကြပြီးနောက် မယ်ကုတတောင်ကို

တက်ကြပြန်သည်။ တော်ကုန်း တစ်ခုနှင့်တစ်ခု အတန်ငယ် ကွာလှမ်းပါ၏။

ထိုတောင်ကုန်းတွင်လည်း စေတီတစ်ဆူနှင့်ဘုန်းကြီးကျောင်းတိုက်တစ်တိုက် ရှိပါသည်။ ကျောက်မဲမြို့၏ ရှုခင်းသာကို ဤစေတီရင်ပြင်မှလည်း ရရှိနိုင်၏။

ထို့နောက် အဖွားကြီးကို သူ့အိမ်သို့ လိုက်ပို့ကြလေသည်။ အဖွားကြီးကား လုံးဝမော ပန်းနွမ်းနယ်မှု မပြ။ ကောင်းမှုကုသိုလ်တွေ လိုက်ပြရသဖြင့် အားတက်ရှင်လန်းနေဟန်တူသည်။ ကျွန်တော်က "သာဓု အကြိမ်ကြိမ် ခေါ်ပါတယ်အမေ"ဟု ပြော၍ နှုတ်ဆက်လိုက်သောအခါ အဖွားကြီးသည် ကားပေါ်မှဆင်းပြီး အိမ်ထဲစိုက်စိုက်နှင့်ဝင်သွားရင်း "များများ ရေးလိုက်စမ်းပါ၊ များများ ရေးလိုက်စမ်းပါ၊ များများ ရေးလိုက်စမ်းပါ"ဟု တတွတ်တွတ် ပြောဆိုသွားပါသည်။

ကောင်းမှုကုသိုလ်မှာ ပျော်ပိုက်ကာ မမောနိုင် မပန်းနိုင်သောကျောက်မဲမှ ကျောက်ဆည်သူ ဒေါ်ဒေါ်ဝ ၈၃ နှစ်ရှိသော်လည်း တောင်ဝှေးမကိုင်ရသေးသော၊ အရပ်ပုသလောက် မာချာကျစ်လစ်သော ကျောင်းအစ်မကြီး ဒေါ်ဒေါ်ဝ။

ကျွန်တော်တို့သည် ကမ္ဗောဇစက်မှုလက်မှုလုပ်ငန်းကို ဝင်ကြည့်ကြသည်။ တွင်ခုံ ၂ ခုံ၊ ရွှေဘော်စက်၊ ဖောက်စက်၊ ဖြတ်စက်စသည်တို့ဖြင့် ကုန်ထုတ်လက်နက်ကိရိယာ အတော်စုံလင်သောအလုပ်ရုံတစ်ခု ဖြစ်၏။ ဆန်စက်၊ ဆီစက်များအတွက် ပစ္စတန်ရင်းများပင် လုပ်ပေးနိုင်၏။ ၁၉၃၅ ခုနှစ်လောက်စပြီး တည်ထောင်ခဲ့သော အလုပ်ရုံဖြစ်၏။ တည်ထောင်သူနှင့်ပိုင်ရှင်မှာ ကမ္ဗောဇခင်လှိုင်၏ဖခင် ဖြစ်လေသည်။ သူသည် နမ္မတူသတ္တုတွင်းလုပ်ငန်းမှာ စက်မှုအတွေ့အကြုံရှိသော လုပ်သားကြီးတစ်ဦး ဖြစ်ခဲ့၏။

ကမ္ဗောဇခင်လှိုင်၏မိခင်ဖခင်များအိမ်တွင် ထမင်းစားကြပြီးနောက် ကျွန်တော်တို့သည် လားရှိုးသို့ ပြန်ကြလေသည်။

လားရှိုးသို့ ခပ်စောစော ပြန်ရောက်လိုသည်နှင့် ကားကို အသော့နှင်ကြလေသည်။

သို့သော်...

သီပေါမြို့သို့ ရောက်သောအခါမူ မိတ်ဆွေဟောင်းကြီး ဦးဘဖေ၏အိမ်ကို မဝင်ဘဲ မနေနိုင် ဖြစ်ရလေသည်။ ဘော်ကြိုဘုရားမှာ ပြန်လည်တွေ့ဆိုလိုက်ရုံနှင့် အားမရနိုင်ချေ။

ကျောက်မဲမှအပြန်တွင် သူ့ထံ ဝင်မည်ဟု ဦးဘဖေအား ပြောမထားခဲ့ချေ။ သူ့နေရပ်လိပ်စာကိုလည်း မေးမထားလိုက်ပါ။ သို့သော် အရေးမကြီးလှ။ ဒရိုင်ဘာမောင်အောင်ဘန်းက သူ့နေရပ်လိပ်စာကို သိပြီးဖြစ်သည်။ ထို့ကြောင့် ဦးဘဖေအား တွေ့လိုတွေ့ငြား သူ့အိမ်သို့ တန်းသွားကြလေ၏။

ဦးဘဖေကို အဆင်သင့်တွေ့ရ၏။ သူသည် အိမ်ရှေ့ရှိ ခုံတန်းလျားမှာ ထိုင်နေသည်။ သူ့အနီးအနားတွင် ကလေးငယ်နှစ်ယောက်နှင့်အရွယ်အတော်ငယ်သေးသော မိခင်တစ်ဦးကို

လည်း တွေ့ရလေသည်။

ကျွန်တော်တို့ လာနေကြောင်း သိသောအခါ ဦးဘဖေသည် ကတိုက်ကရိုက် စောင်းကန်းစောင်းကန်းနှင့်လျှောက်လာပြီး ခရီးဦးကြိုပြုပါသည်။ အားယူ၍ မျက်နှာကို ကျွန်တော့်ဖက်သို့ လှည့်ကာ အသံစာစာ ဝမ်းသာအားရနှင့်စကားတွေ ပြောပါသည်။ သူက အထိုင်ခိုင်းသဖြင့် အိမ်ရှေ့မှာ ခဏဝင်ထိုင်စဉ် အရွယ်ငယ်သော မိခင်ကလေးသည် အိမ်တွင်းသို့ ဝင်သွားလေသည်။ ကလေးနှစ်ယောက်ကား သူတို့ဖာသာ ဆော့ကစား ကျန်ရစ်ခဲ့၏။

ဦးဘဖေနေထိုင်သော အိမ်မှာ တစ်ထပ်အိမ်အသစ်ကလေး ဖြစ်သည်။ လက်ျာဖက်တွင် နှစ်ထပ်အိမ်အဟောင်းကြီး ရှိ၏။ ထိုအိမ်ကြီးကို ညွှန်လျက် ဦးဘဖေက–

"ခင်ဗျား ဟိုတုန်းကလာတော့ အဲဒီအိမ်ကြီးမှာ တဲသွားတယ်လေ၊ ခုတော့ အိမ်ကြီးပေါ်မှာ သားကြီးနဲ့မြေးတွေ နေကြတယ်။ ကျွန်တော်ကတော့ ဒီအိမ်ကလေးမှာ ဆင်းနေတယ်"

ထိုအခါ ကျွန်တော်က ကလေးနှစ်ယောက်ကို ညွှန်လျက်

"ဒီကလေးတွေက ဦးဘဖေနဲ့ဘာတော်သလဲ မြေးတွေလား"

ဦးဘဖေသည် ကျွန်တော့်အမေးကို မကြားဘူးလား၊ မကြားချင်ယောင်ဆောင်သလား မပြောတတ်ပါ။ အမေးကို မဖြေဘဲ

"ခင်ဗျား လာတုန်းက ဦးအုန်းမြင့် သီပေါမှာ နေနေတယ်လေ"

"မှတ်မိတာပေါ့၊ ဒို့ရှမ်းပြည် ဦးအုန်းမြင့် သီပေါကနေပြီး ဂျာနယ်တစ်စောင် ထုတ်နေတယ်။ သီဟဂျာနယ်ဆိုလားပဲ။ နာမည်တော့ ကောင်းကောင်း မမှတ်မိဘူး"

ထို့နောက် ကျွန်တော်သည် သူနှင့်ကျွန်တော့်ကို မိတ်ဆက်ပေးခဲ့လေသော ဦးဘသန်း၏ အကြောင်းသို့ ရောက်သွားလေ၏။ ထို့နောက် သူ့အလုပ်အကိုင်အကြောင်း မေးကြည့်ရာ သူသည် မီးရထားဖက်မှထွက်ပြီး သစ်ကုန်သည် လုပ်ခဲ့ကြောင်း လောလောဆယ်အားဖြင့် စီးပွားရေး သိပ်မလုပ်တော့ဘဲ လမ်းစဉ်ပါတီကို ကူညီပြီး ရပ်ရေးရွာရေးများ လုပ်နေကြောင်း၊ အချိန်အများဆုံးယူသည်မှာ ဘုရားလူကြီးအလုပ်ဖြစ်ကြောင်း စသည်ဖြင့် ပြောပြလေသည်။

ဦးဘဖေနှင့်စကားပြော၍ ကောင်းသော်လည်း အချိန်မရသဖြင့် ကြာကြာ ပြောမနေတော့ဘဲ နှုတ်ဆက်ပြီး ထွက်ခဲ့ကြလေသည်။ လမ်းတွင် ဒရိုင်ဘာမောင်အောင်ဘန်းနှင့်ဦးဂျူဟန်တို့အား ဦးဘဖေ မဖြေလိုက်သော မေးခွန်းကို မေးပါသည်။ တွေ့ခဲ့ရသော ကလေးတွေက သူနှင့် ဘယ်လိုတော်သလဲ။ ထိုအခါ အတော်အရွယ်ငယ်သော မိခင်နှင့်ကလေးမှာ ဦးဘဖေ၏ လက်ရှိဇနီးကလေးဖြစ်ပြီး ကလေးများမှာ ဦးဘဖေ၏ သားသမီးများပင် ဖြစ်ကြောင်း သိရသည်။ အာဂဘုရားလူကြီးဦးဘဖေပါတည်း။

သီပေါမှအထွက်တွင် လိမ္မော်ခြံများကို တွေ့ရပြန်၏။ ထို့နောက် ကျွန်းတောကြီးများကို

ရောက်ပြန်သည်။ ကျွန်းပင်များသာမက ပျဉ်းကတိုး၊ အင်ကြင်း စသည်တို့လည်း ရှိသည်။ တောထဲမှာ ဖြတ်မောင်းသွားသောအခါ ချမ်းစိမ့်သွားလေသည်။

လမ်းတွင် လားရှိုးမှလာသော ကားများကို ရှာဖွေရေးအဖွဲ့များက ရပ်ကာ ရှာဖွေနေကြသည်ကိုလည်းကောင်း၊ အချို့ကုန်သည်များကို ဖမ်းထားသည်ကိုလည်းကောင်း မကြာခဏ တွေ့ရ၏။

ညနေ ၄ နာရီ မိနစ် ၂၀ တွင် လားရှိုးသို့ ပြန်ရောက်လေသည်။ မှန်းသည်ထက် စော၍ ရောက်ကြ၏။

ကာကွယ်ရေးမှ ပြည်သူ့စစ်သို့

ကွန်လုံ–ဟိုပန်တို့သို့သွားစဉ် ကိုးကန့်ကာကွယ်ရေးနှင့်လွယ်လကာကွယ်ရေးအဖွဲ့များကို တွေ့ရသဖြင့် ၎င်းတို့အကြောင်းကို ကျွန်တော် ရေးသားဖော်ပြခဲ့ပြီး ဖြစ်၏။

မြန်မာပြည်တွင် (အဓိကအားဖြင့် ရှမ်းပြည်တွင်)ထိုကဲ့သို့သော ကာကွယ်ရေးအဖွဲ့ပေါင်း ၂၅ ဖွဲ့ရှိသည်ဟုဆိုပါသည်။ ၎င်းတို့အနက် လွယ်လ(ဝ)ကာကွယ်ရေးအဖွဲ့ကချည်း ၁၂ ဖွဲ့ဖြစ်၏။ လွယ်လကာကွယ်ရေးအဖွဲ့ ၁၂ ဖွဲ့ကဲ့သို့နေသဖြင့် ဗကပတို့ကို တိုက်ခိုက်ရာတွင် ထိရောက်မှုနည်းနေပုံကို ကျွန်တော်ရေးခဲ့ပါ၏။

ကိုးကန့်သားတို့၏ ကာကွယ်ရေးအဖွဲ့မှာမူ တစ်ဖွဲ့တည်းသာဖြစ်၏။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရကို သစ္စာခံကာ တပ်မတော်ကထားသော နေရာမှနေ၍ ရန်သူများကို အတော်ပင်ထိရောက်စွာ တိုက်ခိုက်နေသော အဖွဲ့ဖြစ်၏။ ထိုအဖွဲ့တွင် တိုက်ခိုက်ရေးလူအင်အား ၁၂၀၀ နှင့် ဌာနချုပ်စီမံခန့်ခွဲရေး လူအင်အား ၃၀၀ ရှိသည်ဟု လေ့လာသိရှိရပါသည်။

ထိုကိုးကန့်ကာကွယ်ရေးအဖွဲ့၏ ခေါင်းဆောင်မှာ ဦးလောစစ်ဟန်ဖြစ်သည်။ သူသည် လားရှိုးမြို့ပေါ်မှာနေသည်။ သူသည် ကျွန်တော် တစ်နေရာမှာ ဖော်ပြသကဲ့သို့ လားရှိုးမြို့ပေါ်ရှိ ကိုးကန့်တရုတ်ဘုရားကျောင်းတစ်ခု၏ ဘုရားလူကြီးလည်းဖြစ်သည်။ လားရှိုးပြည်သူ့ဆေးရုံကြီး၏ အကြံပေးကော်မီတီတွင် ပါဝင်သော မြို့မိမြို့ဖတစ်ဦးလည်းဖြစ်သည်။ လားရှိုးမြို့ပေါ်တွင် သူတို့တည်ထောင်ထားသော ကာကွယ်ရေးကျောင်း၏ နာယကကြီးလည်း ဖြစ်သည်။

ဦးလောစစ်ဟန်အကြောင်းကို အမျိုးမျိုးကြားရပါသည်။ ကိုးကန့်အမျိုးသားခေါင်းဆောင်တစ်ယောက်ဟုလည်းကောင်း၊ ကိုးကန့်ပဒေသရာဇ် စစ်ဘုရင်တစ်ဦးဟုလည်းကောင်း၊ တစ်ဖက်က ပြည်ထောင်စုကို သူ့ကာကွယ်ရေးတပ်ဖြင့် အကျိုးဆောင်ပြီး၊ အခြားတစ်ဖက်က သူ့စီးပွားရေးသူလုပ်နေသည်ဟုလည်းကောင်း အမျိုးမျိုးပြောကြပါသည်။

သူ့အကြောင်းကို အမေရိကန်တိုင်းမဂ္ဂဇင်းက ရေးခဲ့သည်မှာလည်း ပူပူနွေးနွေးပင်ရှိသေး၏။ "ရွှေတြိဂံမှ ဘိန်းဘုရင်"ဟုလည်းကောင်း၊ လူအင်အား ၅၀၀၀ ရှိသော ကိုယ်ပိုင်တပ်ကို အားရှိသူဟုလည်းကောင်း၊ မြန်မာအစိုးရနှင့်ကန်ထရိုက်ပြုလုပ်ထားသူဟုလည်းကောင်း ရေးခဲ့ပါသည်။ သို့ဖြင့် ဦးလောစစ်ဟန်ကိုသာမက မြန်မာအစိုးရကိုပါ ထိပါးတိုက်ခိုက်ခဲ့ပါသည်။

ဦးလောစစ်ဟန် ဘယ်လိုလူစားလဲ၊ သူ့ဖက်က ဘာပြောစရာ ရှိသလဲစသည်ဖြင့် ကျွန်တော်သိလိုလေသည်။ ထို့ကြောင့် ဦးလောစစ်ဟန်ကို ကျွန်တော်ကိုယ်တိုင် သွားတွေ့ခဲ့ပါသည်။

ထိုနေ့ညစာ စားသောက်ပြီးသောအခါ ဦးလောစစ်ဟန်အိမ်သို့ ဒေါက်တာကမ္ဘောဇခင်လှိုင်နှင့်အတူ သွားကြလေသည်။ ထွန်းဝေလည်း ပါပါသည်။ ဆရာဝန်အဖြစ်ဖြင့်လည်းကောင်း၊ မြို့မိမြို့ဖတစ်ဦးအနေဖြင့်လည်းကောင်း၊ ကမ္ဘောဇခင်လှိုင်သည် ဦးလောစစ်ဟန်နှင့်ကောင်းစွာ သိကျွမ်းပါသည်။ ကြိုတင်မချိန်းဘဲ သူ့အိမ်ထဲသို့ ဝင်သွားကြပါသည်။

သူ့အိမ်ဝင်းကို အုတ်တံတိုင်း ကာထားသည်။ တံခါးစောင့်လည်း ရှိပါသည်။ သူ့နေအိမ်မျက်နှာစာတွင် သမံတလင်းပြင် ရှိသည်။ သူ့နေအိမ်မှာ တစ်ထပ်တိုက် မြေစိုက်ဖြစ်သည်။ အိမ်ရှေ့အဝင်ဝတွင် ချထားသော ပန်းအိုးကြီး ၂ လုံးနှင့်ဘုရားစင်မှတစ်ပါး တရုတ်မဆန်ပါ။ ပဒေသရာဇ်အဆောင်အယောင်၊ စစ်ဘုရင်အဆောင်အယောင်များကိုလည်း မတွေ့ရပါ။ ခေတ်မီအထက်တန်းအရာရှိတစ်ဦး၏ အိမ်မျိုး၊ နေထိုင်မှုမျိုးသာ ဖြစ်ကြောင်း တွေ့ရလေသည်။

ကမ္ဘောဇခင်လှိုင်က မိတ်ဆက်ပေးသောအခါ သူကလည်း အံ့သြနေသည်။ ကျွန်တော်တို့ကလည်း အံ့သြနေသည်။ ကျွန်တော်က ဦးလောစစ်ဟန်ဆိုသူမှာ ရှေးဟောင်းတရုတ်ကြီးတစ်ယောက်ဟု ထင်မှတ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ သူ့ကိုမြင်တော့ နေရှင်းဦးလောရှုံကို သွားသတိရမိလေသည်။ အရပ်မရှည်၊ ကိုယ်နေမဝသော်လည်း သူတို့ ၂ ဦးသည် ဟန်ပန်ပုံသဏ္ဍာန်တူ(ဝါ) ဂိုက်တူကြသည်။ သူက အံ့သြခြင်းမှာကား ကျွန်တော်တို့က သူ့ထံ ယခုလို အလည်အပတ်လာမည် မထင်ခဲ့၍ ဖြစ်ဟန်တူသည်။ ရုပ်ရှင်မင်းသားဦးထွန်းဝေဆိုသူက တရုတ်လိုပြောပြီး နှုတ်ဆက်သောအခါ သူသည် ပိုအံ့သြသွားပြီးနောက် ဖက်လှဲတကင်း နှုတ်ဆက်ပါသည်။

တစ်ဖက်နှင့်တစ်ဖက် ရင်းနှီးမှုရအောင် စကားတွေပျိုးနေကြစဉ် ကမ္ဘောဇခင်လှိုင်က "ကဲ... လွတ်လွတ်လပ်လပ် ဆရာတို့ချည်း ပြောရစ်ကြအုံး၊ ပြီးမှ လာခေါ်မယ်"ဆိုကာ ထွက်သွားလေသည်။

ဦးလောစစ်ဟန်သည် မြန်မာလိုပြောသော်လည်း တစ်ခါတစ်ခါ တရုတ်စကား အကူအညီယူရသည်။ ထိုအခါ ထွန်းဝေက ဘာသာပြန်ပေးသည်။ တစ်ခါတစ်ခါ ကျွန်တော်ပြောသည်ကို ဦးလောစစ်ဟန် နားလည်ပုံ မပေါ်သောအခါ ကျွန်တော်က ထွန်းဝေအား တရုတ်လိုပြောပြစေပါသည်။ ထိုသို့အားဖြင့် လိပ်ပတ်လည်အောင် ဆွေးနွေးနိုင်ကြသည်။

ကျွန်တော်သည် ပထမဦးဆုံး ဦးလောစစ်ဟန်အား ကိုးကန့်နယ်အကြောင်း မေးသည်။ ယခုထိ ကျွန်တော် သိထားရသော အချက်များကို အတည်ပြုရန်နှင့်နောက်ထပ်အချက်အလက် ရရှိရန် ဖြစ်၏။

ကိုးကန့်နယ်မြေတွင် ရွာပေါင်း ၃၆၇ ရွာရှိပြီး လူဦးရေ ၇၃၀၀၀ ကျော်ရှိသည်ဟု အခိုင်အမာဆိုပါသည်။ ကိုးကန့်နယ်ပြင်ပ ပြည်ထောင်စုမြန်မာနိုင်ငံအရပ်ရပ်တွင်ကား ကိုးကန့်သား ၂ သိန်းမျှရှိသည်ဟု ခန့်မှန်းပြောဆိုပါသည်။

ကိုးကန့်နယ်မြေ လေးပုံသုံးပုံခန့်ကို ဗကပတို့က စိုးမိုးထားသော်လည်း လူဦးရေ၏ ရောမများရာစုမှာ ဗကပကို မလိုလားကြ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီကို သာ လိုလားကြသည်ဟုသိရပါသည်။ ကိုးကန့်သားလူထုအများအပြားဆန္ဒမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးတစ်မျိုးအနေနှင့် အပြည့်အဝ အသိအမှတ်ပြုခံရရေးနှင့်ကိုးကန့်နယ်မြေ ကို ဗကပနှင့်ဆရာကြီးများလက်အောက်မှ လုံးဝလွတ်မြောက်ရေးပင် ဖြစ်သည်ဟုဆိုပါသည်။

ဦးလောစစ်ဟန်နှင့်ဗကပအကြောင်း သဘောတရားရေး၊ နိုင်ငံရေး၊ စည်းရုံးရေးရှု ဒေါင့်အမျိုးမျိုးမှ ဆွေးနွေးကြည့်ရာ သူသည် ဗကပကို အရမ်းမုန်းတီးပြီး မျက်စိမှိတ်ဆန့်ကျင် နေသူ မဟုတ်ကြောင်း၊ ဖုန်ကျားရှင်စသော ကိုးကန့်ဗကပများအပေါ် ပုဂ္ဂိုလ်ရေးအာဃာတမရှိ ကြောင်း၊ သူလက်ခံထားသော နိုင်ငံရေးခံယူချက်၊ နိုင်ငံရေးယုံကြည်ချက်များကြောင့် ဆန့်ကျင် တိုက်ခိုက်နေခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ ကမ္ဘာတွင် လက်ဝဲလက်ျာနှင့်ကြားအင်အားစု(ဝါ) တတိယအင်အားစုရှိသလို ပင်လယ်ရပ်ခြား တရုတ်များတွင် အနီ၊ အဖြူနှင့်ကြားအင်အားစု(ဝါ) တတိယအင်အားစုများရှိသလို ကိုးကန့်များတွင်လည်း ဗကပဝါဒကို လက်ခံသူ၊ ဦးနုဝါဒကို လက် ခံသူနှင့်တတိယဝါဒကို လက်ခံသူဟူ၍ ရှိပါသည်။ တတိယဝါဒလက်ခံသူမှာ ပြည်ထောင်စုမြန်မာ မြန်မာနိုင်ငံကို သစ္စာခံယူပြီး တော်လှန်ရေးကောင်စီနှင့်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖက်သို့ လိုက် ရန်မှတစ်ပါ အခြားလမ်းမရှိပါဟု ဦးလောစစ်ဟန်က သူနှင့်တကွ ကိုးကန့်အမျိုးသားအများစုက ယူဆကြကြောင်း ရှင်းပြပါသည်။

ကိုးကန့်ကာကွယ်ရေးအဖွဲ့သည် ကိုးကန့်နယ်မြေနှင့်အခြားနီးစပ်ရာ ဒေသများ၌ တပ် မတော်၏ အရန်အင်အားစုအနေနှင့် ရန်သူကို တိုက်ခိုက်ခဲ့ရာ ၁၉၆၈ ခုနှစ်မှစပြီး ဒီဇင်ဘာလ ၁၉၇၂ ခုနှစ်အထိ ကာကွယ်ရေးတပ်ဖွဲ့သား ၁၄၈ ယောက်ကျဆုံးပြီး ၁၀၆ ယောက်အပြင်းအထန် ဒဏ်ရာရခဲ့သည်။ ရန်သူက ၄၂ ယောက်ကို ဖမ်းသွားခဲ့သည်။ ဦးလောစစ်ဟန်က ထိုကျဆုံးဒဏ် ရာရ၊ အဖမ်းခံရသူ ကာကွယ်ရေးအဖွဲ့သားများကို မကြာမီ ဂုဏ်ပြုပြီး အထိမ်းအမှတ်တစ်ခုလုပ် ထားမည်ဖြစ်ကြောင်း ပြောပြပါသည်။

ကိုးကန့်ကာကွယ်ရေးအဖွဲ့ကို တပ်မတော်လက်တွင် အပ်နှံထားပြီးဖြစ်ရာ ကိုယ်ပိုင်တပ် သဘောကို လုံးဝဖျောက်ပြီး မြန်မာပြည်အရပ်ရပ်ရှိ ပြည်သူ့စစ်အဖွဲ့များနှင့်တစ်ပြေးညီအောင် ကိုးကန့်ပြည်သူ့စစ်အဖြစ်ဖြင့် ပြန်လည်ဖွဲ့စည်းရန် ဖြစ်သည်။ သို့မဟုတ် ကာကွယ်ရေးအဖွဲ့ကိုလုံး ဝဖျက်သိမ်းလိုက်ပြီး စိုက်ပျိုးရေးရွာ တည်ထောင်ကာ လူများကို နေရာချထားရန် ဖြစ်ကြောင်း၊ မြေနေရာပင် ရွေးပြီးဖြစ်ကြောင်း သိခဲ့ရပါသည်။

ထိုအတွင်း ကမ္ဘောဇခင်လှိုင် ပြန်ရောက်လာသည်။ ကျွန်တော်တို့ကလည်း စကားအ တော်ပြောပြီးကြ၍ ပြန်ရန် နှုတ်ဆက်ကြလေသည်။

ဦးလောစစ်ဟန်က နောက်နေ့တွင် သူ့ကာကွယ်ရေးကျောင်းကို လာကြည့်ရန်နှင့်ညစာစားရန် ထပ်မံဖိတ်ကြားပြန်လေသည်။ နောက်နေ့နံနက်မှာ မီးရထားဖြင့် မေမြို့သို့ ဆင်းရန် စီစဉ်ထားသောဦးထွန်းဝေကိုလည်း အစီအစဉ်ဖျက်ပြီး ကျွန်တော်နှင့်အတူ လိုက်ခဲ့ရန် တိုက်တွန်းပြန်လေသည်။ ကျွန်တော်တို့သည် သူ့ဖိတ်ကြားချက်ကို လက်ခံလိုက်ကြလေသည်။

ကာကွယ်ရေးကျောင်း

နောက်တစ်နေ့နံနက်တွင်ကျွန်တော်တို့သည်ပြည်သူ့ဆေးရုံကြီးကိုသွားကြည့်ကြသည်။ မူလဆေးရုံအဆောက်အဦးများမှာ ဟောင်းမြင်းလှလေပြီ။ ကောင်းမှုကုသိုလ်ပြုသူ အတော်များသဖြင့် အဆောက်အဦးသစ်ကလေးများ နေရာရလျှင် ရသလို အလျှိုလျှို ပေါ်နေ၏။ ကောင်းမှုပြုသူတို့၏ အမည်များကို ရေးထားသည်ဖြစ်ရာ ရှမ်း၊ မြန်မာနှင့်ကိုးကန့်တရုတ်အမည်များကို တွေ့ရပါသည်။ ဆေးရုံသုံးပစ္စည်းပစ္စယလည်း အတော်စုံသော တိုင်းဆေးရုံကြီးဖြစ်၏။ လူနာများကို လျှောက်ကြည့်ရာ တိုင်းရင်းသားလူမျိုးပေါင်းစုံ ဖြစ်၏။ ဦးလောစစ်ဟန်တို့ ကာကွယ်ရေးအဖွဲ့မှ တိုက်ပွဲတွင် ဒဏ်ရာရပြီး ခြေထောက်တစ်ဖက် ပြတ်နေသောလူနာတစ်ဦးကိုလည်း တွေ့ရပါသည်။

ကျွန်တော်တို့သည် ကမ္ဘောဇခင်လှိုင်နှင့်အခြားဆရာဝန်များ ခွဲစိတ်ကုသနေသည်ကိုလည်း ဝင်ရောက်ကြည့်ကြသည်။ တပ်မတော်မှ ဆရာဝန်တစ်ယောက်လည်း အကူအညီရောက်နေလေသည်။

ပြည်သူ့ဆေးရုံနှင့်တပ်မတော်ဆေးရုံတို့ အပြန်အလှန် ကူညီကြသည်ဟုသိရ၏။ ခွဲစိတ်ခန်းတွင် အူအတက်ပေါက်ရောဂါသည် ၂ ဦး၊ ဆီးအိမ်ကျောက်တည်ရောဂါသည် ၁ ဦး၊ မြင်းပေါ်မှ လိမ့်ကျပြီး လက်ဆစ်ပြုတ်၊ လွဲသွားသူတစ်ဦးနှင့်ရွှေပန်းအရေပြား ဖြတ်ပေးရသူကလေးငယ်တစ်ဦးတို့အား ခွဲစိတ်ကုသပေးသည်ကို ကြည့်ခဲ့ရပါသည်။ သွေးတွေ သံတွေ ရွှဲနေသည့်ကြားမှာ ချွေးတဖြိုက်ဖြိုက်ကျအောင် ခွဲစိတ်ကြရင်း အချင်းချင်းစကားတပြောပြော၊ ခွဲစိတ်ခန်း နှင့်ဆိုင်သည်ကိုလည်း ပြော၊ အတည်လည်းပြော၊ အရွှန်းလည်းပြောနေကြသော ဆရာဝန်နှင့်ဆရာမများကို ကြည့်၍ အံ့သြလည်း အံ့သြ၊ ကြည်ညိုလည်း ကြည်ညိုမိသည်။ တစ်ခါတစ်ခါတော့လည်း အသက်ကယ်ရေးပြဿနာဖြစ်၍ ဘယ်သူမှ ဘာသံမျှ မပြုနိုင်ကြ။ ခွဲစိတ်လက်နက်ကိရိယာတို့၏ အသံကိုသာ ကြားရလေသည်။

ခွဲစိတ်ခန်းမှ ထွက်လာကြပြီးနောက် ကျွန်တော်တို့သည် ဦးလောစစ်ဟန်၏ ကာကွယ်ရေးကျောင်းသို့ သွားကြလေသည်။

လားရှိုးမြို့အစွန်အဖျားတစ်နေရာတွင် ကျယ်ဝန်းသောခြံကြီးတစ်ခု ရှိသည်။ ခြံစည်းရိုး အခိုင်အခံ့ဖြင့် ကာကွယ်ထား၏။ ထိုခြံ၏ အဝင်ဝတွင်ပင် ဟောင်းနွမ်းသော ကာကီယူနီ

ဖောင်းများကို ဝတ်ထားသည့်လူငယ်ကလေးများသည် ဗာဟီရအလုပ်များဖြင့် မအားမလပ်ဖြစ်နေကြသည်ကို တွေ့ရ၏။ အချို့လူငယ်များမှာ ၁၂ နှစ်လောက်သာ ရှိဦးမည်ဟုခန့်မှန်းရ၏။ ကာကွယ်ရေးတပ်သားလောင်းကလေးများလား မဆိုနိုင်ပါ။

ဝင်ခွင့်ရသဖြင့် ခြံကြီးထဲ ဝင်သွားသောအခါ ဖောင်းနွမ်းသောကာကီယူနီဖောင်းနှင့် လူငယ်များကို တွေ့ရသည်။ လှုပ်လှုပ်ရွရွနှင့်အလုပ် လုပ်နေကြသည်။ အချို့က လက်သမားအလုပ်၊ အချို့က မြေတူးဆွသည့်အလုပ်၊ အချို့က သယ်ယူပို့ဆောင်သည့်အလုပ်။

ကိုးကန့်သားများသည် သူတို့ကိုယ်သူတို့ တရုတ်ဟုမခေါ် သော်လည်း အခြားနေရာများမှာ တွေ့ရသော တရုတ်အမျိုးစုနှင့်အတူ အလုပ်နှင့်လက်မပြတ်အောင် နေကြသူများဖြစ်သည်။

ဦးလောစစ်ဟန်တို့၏ ကာကွယ်ရေးကျောင်းမှာ စာသင်ကျောင်းသွင်ပြင် လုံးဝမရှိပါ။ တပ်စခန်းအသွင်အပြင်သာ ရှိပါ၏။ အဆောက်အဦးများမှာ အားလုံးတစ်ထပ် မြေစိုက်အဆောက်အဦးများဖြစ်ပါသည်။

ကျွန်တော်တို့သည် ပင်မအဆောက်အဦးကြီးရှေ့ ရောက်အောင် ကားမောင်းဝင်သွားကြလေသည်။

ထိုပင်မအဆောက်အဦးကြီးကား သစ်သားနှင့်ဆောက်လုပ်ထားသော အဆောက်အဦးကြီးဖြစ်၏။ သဏ္ဍာန်အားဖြင့် ဇာတ်ရုံကြီးနှင့်တူသည်။ ကျယ်ပြန့်သော သင်တန်းခန်းမကြီးနှင့် ရုံးခန်းများ ရှိသည်။

ဦးလောစစ်ဟန်က ကျွန်တော်တို့ကို ကာကွယ်ရေးခေါင်းဆောင်များ ရုံးထိုင်သောအခန်း၌ လက်ခံတွေ့ဆုံသည်။ ဦးလောစစ်ဟန်ကား သူတို့အဖွဲ့မှာ ဗိုလ်ချုပ်ဖြစ်၏။ သူက အခြားအရာရှိများနှင့်မိတ်ဆက်ပေးရာ ဗိုလ်ချုပ်အကြံပေးအရာရှိ စူးဝင်လုံ၏အမည်ကိုသာ မှတ်မိတော့သည်။ အရာရှိအားလုံးမှာ တက်ထရက်ကာကီရောင် ယူနီဖောင်းသစ်လွင်များကို ဝတ်ဆင်ထားကြသည်။ အင်္ကျီပေါ်တွင် သူတို့ကိုယ်ပိုင် အမှတ်တံဆိပ်များပါလေသည်။ သူတို့၏ ကိုယ်ခန္ဓာများမှာ ကြံ့ခိုင်ပြီး အသားအရည် စိုပြည်နေသည်။ နံရံတွင် စစ်မြေပုံများရှိရာ ရန်သူဗကပတို့စိုးမိုးထားသောနေရာများကို ပြသည်။ ပြီးတော့ တပ်မတော် တပ်စွဲထားသောနေရာ၊ တပ်မတော် လှုပ်ရှားနေသောနေရာ၊ သူတို့ကာကွယ်ရေးက တပ်စွဲထားသောနေရာ၊ လှုပ်ရှားနေသောနေရာ စသည်များကို ထောက်ပြပြီး အခြေအနေကို ရှင်းလင်းပြကြသည်။

ကျွန်တော်က သူတို့၏ “ကျောင်း’ကို လျှောက်ကြည့်ချင်သည်ဆိုသဖြင့် လိုက်ပြကြပါသည်။

သင်တန်းခန်းမကြီးထဲမှာ ပြည်ထောင်စုအလံ၊ ဗိုလ်ချုပ်အောင်ဆန်းပုံနှင့်ဗိုလ်ချုပ်ကြီးနေဝင်းတို့၏ပုံများ ချိတ်ဆွဲထားသည်။ သင်တန်းဆင်းဓာတ်ပုံများ၊ တပ်မတော်အရာရှိချုပ်ကြီး

များနှင့်သူတို့ကာကွယ်ရေးအဖွဲ့ဝင်များ ပူးတွဲပါဝင်သော အခမ်းအနားဓာတ်ပုံများ၊ ကျဆုံးသော ရဲဘော်အချို့၏ပုံများ စသည်တို့ကိုတွေ့ရသည်။ ပညာပေးစာတန်းများကိုလည်း ချိတ်ဆွဲထား၏။

ပင်မအဆောက်အဦးကြီးအပြင် အဆောက်အဦးအများအပြားရှိသေးရာ အားလုံးကို သွားမကြည့်နိုင်။ အချို့ကိုသာ သွားကြည့်နိုင်ပါသည်။ သို့သော် အားနာသဖြင့် ၎င်းတို့ထဲသို့ မဝင်ကြည့်ခဲ့ပါ။ အပြင်ကနေပြီးသာ အကျိုးအကြောင်း မေးမြန်းခဲ့ပါသည်။

အဆောက်အဦးတစ်ခုမှာ ရေဒီယိုဝိုင်ယာလက် အဆောက်အဦးဖြစ်သည်။ သတင်းပို့ခြင်း၊ လက်ခံခြင်း စသည်တို့ကို ပြုလုပ်နေကြောင်း ခပ်လှမ်းလှမ်းမှပင် အသံဗလံများ ကြားနေရ၏။ ကာကွယ်ရေးအဖွဲ့များသည် အဆက်အသွယ် ကောင်းကြ၏။ သူတို့၏လှုပ်ရှားနေသောအဖွဲ့ကလေးများတွင် ဝေါ်ကီတော်ကီများပင် ရှိသည်ဆို၏။

အချို့သောအဆောက်အဦးများမှာ ဂိုဒေါင်များဖြစ်ပြီး အုတ်နံရံများ ကာထားသည်ကို တွေ့ခဲ့ရ၏။ အချို့သောအဆောက်အဦးများကား မြင်းဇောင်းများဖြစ်၏။ သူတို့ကာကွယ်ရေးအဖွဲ့သည် လားအကောင် ၁၀၀ ကျော် ပိုင်သည်။ တစ်ကောင်လျှင် ၆၀၀၀ိ တန်သည် စသည်ဖြင့် သိရပါသည်။

ဂျင်မီယန်း၊ အောလစ်ဖ်ယန်းစသော ပုဂ္ဂိုလ်များကြီးစိုးစဉ်ကလည်း (တော်လှန်ရေးကောင်စီ မတက်မီကလည်း)ကိုးကန့်စော်ဘွားလက်အောက်မှာ ကာကွယ်ရေးအဖွဲ့ ရှိခဲ့သည်။ ဗကပဖြစ်သွားသော ဖုန်ကျားရှင်တို့လူစုနှင့်အတူ ဦးလောစစ်ဟန်မှာ ထိုကာကွယ်ရေးအဖွဲ့၏ ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။ ထိုစဉ်ကတည်းက ဦးလောစစ်ဟန်သည် ဘဏ္ဍာရေးနှင့်စီးပွားရေးတာဝန်ခံဖြစ်ခဲ့သည်ဟု သိရပါသည်။ ဆိုလိုသည်မှာ စီးပွားရေးလုပ်ငန်းများကို တစ်ဖက်က လုပ်ပြီး အခြားတစ်ဖက်က ကာကွယ်ရေးအဖွဲ့အတွက် ဘဏ္ဍာရေးရှာဖွေရလေသည်။

စီးပွားရေးလုပ်ငန်းမှာ ကုန်သည်များအတွက် သယ်ယူပို့ဆောင်ရေးနှင့်လက်နက်နှင့် အကာအကွယ်ပေးရေးလုပ်ငန်းများ ဖြစ်ပါသည်။

ကုန်သည်များသည် ကူးသန်းရောင်းဝယ်ရေး တစ်ခေါက်လုပ်လျှင် ၂ လမှ ၃ လအထိ ကြာတတ်ပြီး လားတစ်ကောင်ကို တစ်ခေါက် ၃၅၀၀ိ ကျပ်ငှားခပေးကြရသည်။ လားထိန်းသူနှင့် လားကျွေးမွေးစရိတ်အပါအဝင် ဖြစ်သည်။

ဦးလောစစ်ဟန်တို့၏ကာကွယ်ရေးအဖွဲ့အပြင် အခြားပုဂ္ဂလိကလားပိုင်ရှင်များရှိကြသေးသည်။ လေး၊ ငါး၊ ခြောက်ကောင်မှစပြီး လားကောင်ရေ ခြောက်ဆယ်၊ ခုနစ်ဆယ်ပိုင်ကြသည်။ ကုန်သည်များသည် လားများကို ရသလို၊ လွယ်သလိုငှားပြီး တစ်စုတစ်ဝေးတည်း လားကောင်ရေ ၇၀၀ မှ ၈၀၀ အထိစုကာ ကူးသန်းသွားလာလေ့ရှိသည်။ ထိုလားအုပ်နှင့်ကုန်ပစ္စည်း

များကို ကာကွယ်ရန် စုပြီး လက်နက်အစောင့်အရှောက်ငှားကြရသည်။ လက်နက်ကိုင် အစောင့် အရှောက်အတွက် ကုန်ပစ္စည်းတန်ဖိုးအပေါ် တွင် ၂၀ ရာခိုင်နှုန်း စောင့်ရှောက်ခပေးရလေသည်။

နယ်စပ်ဒေသများမှာ တော်လှန်ရေးကောင်စီ မတက်မီကလည်း ဤနည်းဖြင့် ကုန်သွယ် ရေးရှိခဲ့ပြီး၊ ဤလိုပင် ဆက်ကြေးများ ပေးခဲ့ကြရသည်။ လက်နက်ကိုင်အစောင့်အရှောက်မပါ လျှင် တိုက်ခိုက်လုယူမည့်သူခိုး၊ လူဆိုး၊ ဓားပြတွေက အဆင်သင့်စောင့်နေကြသည် မဟုတ်ပါ လား။ ယခုမူ ဗကပနှင့်ပြည်ပြေးတို့၏ ကောင်းမှုများကြောင့် တောမီးလောင် တောကြောင်လက် ခမောင်းခတ်မှုတွေ ပိုများနေသည်။ ကုန်သည်များ သယ်ယူလာသောကုန်ပစ္စည်းများမှာ ဥပဒေ နှင့်ညီချင်ညီမည်။ ဥပဒေပဖြစ်ချင်ဖြစ်မည်။ သို့သော် သူခိုးလက် သူဝှက်လုသောအမှု အများအ ပြားဖြစ်နေ၏။

ကာကွယ်ရေးအဖွဲ့သည် ဤကျောင်းဝင်း၌သော်လည်းကောင်း၊ လားရှိုးမြို့ပေါ် တွင် လည်းကောင်း အစိုးရက လုံးဝလွှမ်းမိုးထားသောအခြားနယ်မြေများတွင်လည်းကောင်း လက် နက်နှင့်လှုပ်ရှားသွားလာသည်ကို လုံးဝမတွေ့ခဲ့ရပါ။ သူတို့သည် တပ်မတော်က သတ်မှတ်ပေး ထားသော ရန်သူများကို ခုခံတိုက်ခိုက်ရန် လက်နက်ကိုင်၍ လှုပ်ရှားသွားလာနေကြသည်။ ထို့ ပြင် ရန်သူများ စိုးမိုးထားသော နယ်မြေများ၊ သို့မဟုတ် အစိုးရလက်လှမ်းမမီသောနယ်မြေများ (ဝါ)အမှောင်နယ်မြေများတွင် ကာကွယ်ရေးအဖွဲ့များသည် လက်နက်ဖြင့် တိုက်ခိုက်၍ လမ်း ဖောက်ကာ လှုပ်ရှားသွားလာနေကြရခြင်း ဖြစ်သည်။ လားအကောင် ၁၀၀ သို့မဟုတ် ၂၀၀၊ လားအကောင် ၇၀၀ သို့မဟုတ် ၈၀၀ နှင့် ကုန်တွေကိုတင်ပြီး စုပေါင်းကုန်သွယ်နေကြသော ကုန် သည်အမျိုးမျိုးမှာလည်း အမှောင်နယ်မြေများတွင် လှုပ်ရှားသွားလာကျက်စားနေကြခြင်းဖြစ် လေသည်။ သူတို့သည် အဖြူနယ်မြေများကို လုံးဝကွေ့ရှောင်ကြပြီး အညိုနယ်မြေများကို ဖြတ် သန်းလျှင် ညဥ့်သန်းခေါင်များမှာ ဖြတ်သန်းကြသည်ဟုဆိုလေသည်။

အမှောင်နယ်မြေများ လုံးဝကွယ်ပျောက်ပြီး တစ်နိုင်ငံလုံး အဖြူရောင်ဖြစ်အောင် မ လုပ်နိုင်မချင်း၊ လက်ဝဲလက်ျာ အဖျက်သမား သောင်းကျန်းသူများ မကုန်မချင်း အညိုနယ်မြေ အမှောင်နယ်မြေများကိုဖြတ်၍ ကုန်ကူးသန်းရောင်းဝယ်ကြခြင်း အပါအဝင် အခြေအနေအရပ် ရပ်မှာ ဤသို့သာ ရှိနေဦးမည်ဖြစ်၏။ အမှောင်နယ်မြေများကို ဖြတ်၍ လားနှင့်သယ်ယူပို့ဆောင် ရေး၊ ကုန်သည်များကို လက်နက်ကိုင်အစောင့်အရှောက် ပေးရေးစသည်များကို အခြေခံသော ဘဏ္ဍာငွေ ရန်ပုံငွေ စုဆောင်းမှုမျိုးများသည် ဟိုဖက်သည်ဖက် ရှိနေဦးမည်သာ ဖြစ်၏။

အရင်းကျသော လက်ဝဲလက်ျာပုန်ကန်မှု၊ သောင်းကျန်းမှုပြဿနာကို မဖြေရှင်းနိုင်ဘဲ အစွယ်အပွား ပြဿနာများကို တမုဟုတ်ချင်း တစ်ချက်တည်းနှင့်အပျောက်ရှင်းရန် ကြိုးစား လျှင် စိတ်စောလွန်းရာသာ ကျပေမည်။

ကာကွယ်ရေးကျောင်းမှ မထွက်ခွာမီ ကျွန်တော်က ဦးလောစစ်ဟန်အား–

"ခင်ဗျားကပြောတော့ ခင်ဗျားတို့ ကာကွယ်ရေးအဖွဲ့အင်အားဟာ စစ်မြေပြင်တိုက်ခိုက်ရေးအင်အား ၁၂၀၀၊ စီမံခန့်ခွဲရေးအင်အား ၃၀၀၊ ပေါင်း ၁၅၀၀ လို့ဆိုတယ်။ ကျွန်တော်လားရှိုးရောက်မှ အချို့ပုဂ္ဂိုလ်တွေကို မေးကြည့်တော့ စုစုပေါင်း ၃၀၀၀ လောက်ရှိမယ်လို့ပြောကြတယ်။ အမေရိကန်တိုင်းမဂ္ဂဇင်းကတော့ စုစုပေါင်း ၅၀၀၀ လို့ရေးထားတယ်။ ဘယ်လိုလဲ၊ ရှင်းစမ်းပါအုံး"

ဦးလောစစ်ဟန်

"တိုင်းမဂ္ဂဇင်းကတော့ တမင် ကျွန်တော်တို့ကို မဲဆော်လိုက်တာပါ။ ခုရှိတဲ့အင်အား ၁၅၀၀ တာဝန်ကိုတောင် မနည်းကြီး ကြိုးစားပြီး ထမ်းနေရပါတယ်။ ဒါကြောင့်လဲ ကျွန်တော်တို့ကိစ္စကို မြန်မြန်ရှင်းပစ်လိုက်ချင်တာပါ"

ကိုးကန့်ကာကွယ်ရေးတပ်ဖွဲ့မှာ အရာရှိ၊ အကြပ်၊ တပ်သားရာထူးအလိုက် အချိန်မှန်လခပေးခြင်း၊ ရိက္ခာပေးခြင်း၊ လက်နက်ခဲယမ်းများကို စနစ်တကျ ရယူထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲရေးများကို စနစ်တကျ ထားရှိခြင်းစသည်ဖြင့် ပြုလုပ်ထားသော တပ်ဖွဲ့ဖြစ်ရာ၊ လစဉ် ငွေ ၅ သိန်းကျော် အသုံးစရိတ်ရှိသည်ဟုသိရလေသည်။

သူတို့ကိစ္စကို မြန်မြန်ရှင်းပစ်ချင်သည် ဆိုသည်မှာ တစ်ပြေးညီ ပြည်သူ့စစ်အဖြစ်သို့ ပြောင်းလဲခြင်း၊ သို့မဟုတ် ဖျက်သိမ်းပြီး လူများကို လုပ်အားနေရာချထားခြင်းကို ဆိုလိုသည်။

ထိုနေ့ညတွင် ကျွန်တော်တို့သည် ဦးလောစစ်ဟန်အိမ်မှာ ထမင်းစားကြလေသည်။ ကိုးကန့်ဟင်းလျာ အထူးစီစဉ်ထားသည်ဟုဆို၏။

ကိုးကန့်ဟင်းလျာမှာ အနှစ်အရသာ တစ်မျိုးတစ်ဖုံ ထူးသော်လည်း၊ ပုံသဏ္ဍာန်အားဖြင့် တရုတ်နှင့်လည်းကောင်း၊ ဂျပန်နှင့်လည်းကောင်း မခြားနားပါ။ စားပွဲဝိုင်းအလယ်တွင် ဟင်းအိုးကြီးတစ်လုံးကို ချထားသည်။

ယင်းဟင်းအိုးကြီးမှာ အိုး၏အလယ်ခေါင်မှာ မီးဖိုကလေးပါ ထည့်လုပ်ထားသောအထူးဟင်းအိုးကြီးဖြစ်၏။ မီးခဲတရဲရဲနှင့်ရှိသော မီးဖိုကလေး၏ဘေးပတ်လည်တွင် ဟင်းရည်တွေက ဆူပွက်နေသည်။ ဟင်းအိုးဘေးတွင် ဝိုင်းချထားသော ပန်းကန်ပြားများထဲမှ သားစိမ်းငါးစိမ်းများနှင့်ဟင်းသီးဟင်းရွက်စိမ်းများ ကြိုက်သလို ကြိုက်သလောက် ဟင်းအိုးထဲထည့်ကာ ချက်ရ၏။ ပြီးတော့ ကိုယ့်ပန်းကန်ထဲ ထည့်ယူပြီး စားကြရသည်။ အခြားဟင်းလျာတွေကလည်း စုံလင်လှပါ၏။

ဂျွန်နီဝါကားအရက်လည်း ပါ၏။ သို့သော် ဆရာဝန်ကလည်း မသောက်၊ မင်းသားကလည်း မသောက်၊ ကာကွယ်ရေးခေါင်းဆောင်ကလည်း မသောက်၊ ကျွန်တော်တစ်ယောက်သာ

သောက်သည်။ စာရေးဆရာကလည်း သူ့ဝိနည်းနှင့်သူ သောက်သူမို့ ပုလင်းသစ်တစ်လုံး ဖောက်ရကျိုးမနပ်ချေ။

ထမင်းစားပြီးသောအခါ ဆရာဝန် ကမ္ဗောဇခင်လှိုင်က သူသည် ညစာစားပြီးတိုင်း လမ်းလျှောက်လေ့ရှိပါသည်။ ယခုည လမ်းလျှောက်ရန် ဦးဂျူဟုန်နှင့်ချိန်းထားပါသည်ဆိုပြီး အမြန်မောင်းလာဖို့ မော်တော်ကားသော့ကို ထွန်းဝေလက်ထဲ အပ်ထားခဲ့ကာ ကျွန်တော်တို့ဖာသာ ပြောချင်တာ ပြောရစ်ကြရန် ရှောင်ပေးသွားလေသည်။

ကိုးကန့်ကာကွယ်ရေး အဖွဲ့အကြောင်းကို ကျေနပ်လောက်အောင် သိရပြီးပြီဖြစ်၍ လည်းကောင်း၊ ဦးလောစစ်ဟန်အကြောင်းကိုလည်း အတော်အတန်တီးမိခေါက်မိပြီဖြစ်၍လည်းကောင်း၊ ထိုအကြောင်းများကို မမေးတော့ပါ။ ဗကပများအကြောင်းကို အသေးစိတ် မေးကြည့်ပါသည်။ သူတို့က ဗကပကို အနီးကပ်လေ့လာနေရသူတွေ ဖြစ်ပါသည်။ ပြည်ပြေးများအကြောင်း သူသိသလောက် ပြောပြရန် တိုက်တွန်းရသည်။ သူတို့အရှင်သခင်ဖြစ်ဖူးသော စော်ဘွားယန်းသည် ပြည်ပြေးများဖက်မှာ ရှိသည်မဟုတ်ပါလား။ တစ်ဖက်နိုင်ငံများအကြောင်းကိုလည်း သူ့ကို မေးကြည့်ပါသည်။

နောက်ဆုံးတွင် ဘာ့ကြောင့် အမေရိကန်တိုင်းမဂ္ဂဇင်းက သူ့အကြောင်းကို "ရွှေတြိဂံဘိန်းဘုရင်"အဖြစ်ဖြင့် ရေးသနည်းဟူသောမေးခွန်းကို မေးလိုက်ပါသည်။ သူ့ထံမှ ချက်ချင်းအဖြေထွက်လာသည်။ သူနှင့်ဘိန်း ပတ်သက်သည် မပတ်သက်သည်ကို ဘာမျှမပြောပါ။ အမေရိကန်တို့သည် ကြွက်မနိုင် ကျီမီးရှို့သည့်သဘောဖြင့် သူတို့လူတွေ ဘိန်းစားဖြစ်နေတာကိုလည်း မဖြေရှင်းနိုင်၊ အမေရိကန်နိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် ထွန်းကားနေသောဘိန်းနှင့်ဘိန်းထွက်ပစ္စည်း မှောင်ခိုဈေးကြီးကိုလည်း မဖြိုဖျက်နိုင်၊ ထို့ကြောင့် ရွှေတြိဂံဆိုသောဒေသကို မဲတိုက်နေသည်။ ထိုအထဲမှာမှ မြန်မာဖက်ကို ကွက်တိုက်နေသည်။ စီအိုင်အေသည် လောဖက်နှင့် ထိုင်းဖက်မှာရှိသော ဘိန်းစိုက်ပျိုးရေး ဘိန်းနှင့်ဘိန်းထွက်ပစ္စည်း ထုတ်လုပ်ရောင်းဝယ်ရေးဂိုဏ်းကြီးများတွင် ပါဝင်ပတ်သက်နေသည်။ ပြည်ပြေးများနှင့်စီအိုင်အေများ ပူးပေါင်းမှုများလည်း ရှိနေသည်။ ထိုဇာတ်ရှုပ်များကို ဖုံးကွယ်ရန် မြန်မာဖက်ကို ဇောင်းပေး၍ ထိုးနှက်ခြင်းဖြစ်သည်။ သူ့ကို ကွက်ထိုးခြင်းဖြစ်သည်။ တော်လှန်ရေးကောင်စီကို ထိပါးရိပါးလုပ်ကာ တော်လှန်ရေးကောင်စီအပေါ် အပြစ်ပုံချလိုခြင်း ဖြစ်သည် စသည်ဖြင့် ဖြေကြားပါသည်။

သူ့ထင်မြင်ချက်အပေါ် ကျွန်တော်၏ထင်မြင်ချက်ကို သူကလည်း မတောင်း။ ကျွန်တော်ကလည်း မပေးခဲ့ချေ။

သို့သော် ဦးလောစစ်ဟန်အိမ်မှ ကားမောင်းပြီး ထွက်လာကြသောအခါ ကျွန်တော်က ဦးလောစစ်ဟန်နှင့်တွေ့ကြုံဆုံစည်းရရာမှ ထွက်လာသော ကျွန်တော်၏ခံစားချက်ကို ထွန်းဝေ

အား ဤသို့ဖွင့်ဟလိုက်ပါသည်။ "ဦးလောစစ်ဟန်ဟာ စီးရင်လဲ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသားစီးရမယ့်မြင်းဘဲ။ မစီးချင်ရင်လဲ လုံးလုံးရှောင်ရမယ့်မြင်းဖြစ်တယ်"

အရှေ့မြောက်တိုင်းတစ်ခွင် ကြည်လင်ပါစေ

၁၃–၁၂–၇၂ ဗုဒ္ဓဟူးနေ့ နံနက်ခင်း၊ နံနက်စောစောတွင် လားရှိုးမြို့ကို ဆီးနှင်းတိမ်တိုက်များ ဖုံးလွှမ်းနေသော်လည်း ၈ နာရီကျော်လျှင်ပင် ဆီးနှင်းတိမ်တိုက်များ ကွဲသွားလေသည်။ ၉ နာရီလောက်ကျတော့ ကြည်လင်သန့်ရှင်းသော ကောင်းကင်မှနေသည် အတားအဆီးမရှိ ထွန်းလင်းတောက်ပနေသည်။

ထွန်းဝေသည် နံနက်စောစောကပင် မီးရထားနှင့်မေမြို့သို့ ဆင်းသွားလေ၏။

ထိုနံနက်တွင်ပင် ကျွန်တော်သည် ရန်ကုန်သို့ လေယာဉ်ပျံဖြင့် ပြန်မည်ဖြစ်ရာ လေဆိပ်မဆင်းမီ အမှတ် ၁၊ စစ်မြေပြင်ဆေးရုံကို ဝင်ကြည့်ရန် စီစဉ်ထား၏။ ထိုဆေးရုံမှ ဆရာဝန်ဗိုလ်မှူးများသည် ကျွန်တော့်တည်းခိုအိမ်သို့ လာခေါ်ကြ၏။

ကမ္ဗောဇခင်လှိုင်သည် နောက်တစ်ကြိမ် ရှမ်းထမင်းချဉ် ကျွေးပါဦးဆိုသော ကျွန်တော်၏တောင်းဆိုချက်ကို မမေ့ချေ။ အိမ်မှ မထွက်ခင် ကျွန်တော်နှင့်ဆရာဝန်ဗိုလ်မှူးများကို ရှမ်းထမင်းချဉ် ကျွေးပါသည်။ ကျွန်တော့်အဖို့မူ ပထမအကြိမ် ကျွေးသောထမင်းချဉ်ကို အထူးပြောစရာမရှိဖြစ်နေပါသည်။ သို့သော် ဆရာဝန်ဗိုလ်မှူးများကား ထိုရှမ်းထမင်းချဉ်ကို ချီးကျူး၍မကုန်ဖြစ်နေကြလေသည်။ ကိုခင်လှိုင်နှင့်အပေါင်းအသင်းဖြစ်နေတာ ကြာပါပြီ၊ ဒီတစ်ခါဘဲ ရှမ်းထမင်းချဉ် ကျွေးသေးတယ်ဟုပင် ပြောသူက ပြောပါ၏။

ထို့နောက် ကျွန်တော်တို့သည် အမှတ် ၁၊ စစ်မြေပြင်ဆေးရုံသို့ သွားကြလေသည်။ ခန့်ညားကြီးကျယ်သော အဆောက်အဦးများ မဟုတ်သော်လည်း တည်နေဟန်ကောင်းသော၊ လှပသန့်ရှင်းသော အဆောက်အဦးများဖြစ်၏။ ဆေးရုံဝင်းမှာ သန့်ရှင်းနေရုံမက ပန်းမာလ်သစ်ပင်တို့ဖြင့် ဝေဆာလှ၏။ ဘေးပတ်ဝန်းကျင်တွင်လည်း ရှုခင်းသာများ ရှိလေသည်။

လူနာဆောင်များကို ဝင်ကြည့်သောအခါ လိပ်ခေါင်းရောဂါသမား အတော်များများတွေ့ရသည်။ ယခုအချိန်မှာ တိုက်ပွဲများ မရှိသလောက် နည်းပါးနေချိန်ဖြစ်၍ တိုက်ပွဲဒဏ်ရာနှင့်လူနာ နည်းပါးသည်။ လိပ်ခေါင်းရောဂါ ဘာ့ကြောင့်အဖြစ်များသလဲဟုမေးသောအခါ အကြောင်းအမျိုးမျိုးရှိသည်။ ရဲဘော်များ ဝမ်းချုပ်တတ်ခြင်းသည် အကြောင်းတစ်ကြောင်း ဖြစ်နိုင်သည်။ သို့သော် တပ်အပ်ပြောရန် ခက်ပါသည်ဟုဆို၏။

ဤဆေးရုံမှာ တိုက်ပွဲဒဏ်ရာရခြင်းအတွက် အဓိကထားသည်။ လွန်ခဲ့သော တစ်နှစ်ကျော်ကဆိုလျှင် တိုက်ပွဲဒဏ်ရာရသူများပြားလှသဖြင့် နေရာအခက်အခဲပင် ပေါ်ခဲ့သည်ဟုဆရာ

ဝန်ဗိုလ်မှူးက ပြောပြသည်။ သို့ဖြင့် ကျွန်တော်တို့သည် ဟိုက်ကမ်းပါးတိုက်ပွဲအကြောင်းစသည်များသို့ ရောက်သွားကြပြန်လေသည်။ လွန်ခဲ့သော ၃ နှစ်လောက်ကဆိုလျှင် ဤဆေးရုံဝင်းပြင်ဖက်ရှိ ကွင်းထဲမှာပင် လုံခြုံရေးစိတ်မချရဟု ဆရာဝန်ဗိုလ်မှူးက ပြောလေသည်။ ထိုအချိန်က လားရှိုးပင်လျှင် ခြိမ်းချောက်ခံနေခဲ့ရ၏။

အရှေ့မြောက်တိုင်း၏ အခြေအနေမှာ ယနေ့အပုံကြီး တော်နေပါကလားဟုသဘောကျရပြန်ပါသည်။

လူနာများကို ဆက်ကြည့်ပြန်သောအခါ သေနတ်ဒဏ်ရာရထားသူ ၄ ယောက်ကိုတွေ့ရသည်။

အဆိုးဆုံးကား မိုင်းထိထားသော လူနာပေတည်း။ တစ်ကိုယ်လုံး ဒဏ်ရာတွေ ပွနေ၏။ အပြင်းထန်ဆုံးကတော့ ဆီးကြောပြတ်သွားခြင်း ဖြစ်၏။

မိုင်းထိထားသော လူနာကို အကြောင်းပြုပြီး ရန်သူက မိုင်းအလျှံပယ်သုံးပုံနှင့်သူတို့မိုင်း ထက်မြက်ပုံသို့ ရောက်သွားပြန်လေသည်။ မကြာသေးမီက မိုင်းတစ်လုံးပေါက်ရာ ရဲဘော်နှစ်ယောက်ကို တစ်ပြိုင်နက် ထိသည်။ တစ်ယောက်ကတော့ သေသွားသည်။ ကျန်တစ်ယောက်မှာ ဒဏ်ရာအမျိုးမျိုးရရာ တင်ပါးထဲတွင် ခြေမ,ပြတ်ကလေးတစ်ခု စူးဝင်နေသည်ကို တွေ့ရသည်ဆို၏။ မိုင်းဒဏ်ကြောင့် သေသွားသူ၏ ခြေမကလေး ပြတ်ထွက်သွားပြီး ကျန်ရစ်သူ၏ တင်ပါးထဲသို့စူးဝင်သွားခြင်း ဖြစ်ပါ၏။

တစ်ကိုယ်လုံး ကတ္တရာပူလောင်းထားသောရဲဘော်တစ်ဦးကိုလည်း တွေ့မြင်ခဲ့ရ၏။ တာဝန်ကို ထမ်းဆောင်ရင်း မတော်တဆ ဖြစ်ခြင်းပင်။ မြင်ကွင်းမှာ စိတ်မချမ်းသာစရာဖြစ်၏။

ဒဏ်ရာရ ရဲဘော်များကို နှစ်သိမ့်စကား ပြောပြီးနောက် ခွဲစိတ်ခန်းများနှင့်ဆေးရုံသုံးပစ္စည်းပစ္စယများကို လိုက်ကြည့်ကြ၏။

ဆရာဝန်ဗိုလ်မှူးများ၊ ဗိုလ်ကြီးများနှင့်စစ်စတာ(Sister)ဗိုလ်များက စားစရာသောက်စရာများနှင့်ညှော့ခံပါသေးသည်။ သို့သော် မစားနိုင်ခဲ့ပါ။ လေယာဉ်ပျံကွင်းက လေယာဉ်ပျံဆိုက်တော့မည်။ ခပ်မြန်မြန်လာပါဟု တယ်လီဖုန်းနှင့်အကြောင်းကြားသောကြောင့် လေဆိပ်သို့ကားအမြန် မောင်းနှင်ကြရသည်။ ဟိုရောက်တော့ လေယာဉ်ပျံမှာ ကျွန်တော် လိုက်ရမည့်လေယာဉ်မဟုတ်သေး၊ ကျွန်တော့်လေယာဉ်ကို တစ်နာရီလောက် စောင့်ရဦးမည်ဆိုသဖြင့် လိုက်ပို့ကြသောဆရာဝန်ဗိုလ်မှူးနှင့်ဆရာဝန်ကမ္ဘောဇခင်လှိုင်တို့အား မိမိတို့ဆေးရုံများတွင် အလုပ်တာဝန်များရှိနေမည်ဖြစ်သဖြင့် ကျွန်တော့်ကိုထားခဲ့ပါရန်နှင့်သူတို့ပြန်ကြပါရန် တောင်းပန်ရသည်။ ဆရာဝန်ဗိုလ်မှူးက ထိုနံနက်အဖို့ လုပ်ငန်းတာဝန် မရှိတော့ပြီဟုဆိုကာ မပြန်ချေ။ ကမ္ဘောဇခင်လှိုင်ကား ပြန်သွားလေပြီ။

နောက်ဆိုက်မည့်လေယာဉ်ကို စောင့်နေစဉ် ဆရာဝန်ဗိုလ်မှူးသည် သူ့အိမ်သို့ကား လွှတ်ပြီး လဖက်ရည်ကြမ်းအိုးနှင့်လဖက်အုပ်ယူစေလေသည်။ ဆရာဝန်ဗိုလ်မှူးသည် စာပေ ဝါသနာအိုး ဖြစ်ကြောင်းတွေ့ရ၏။ စာဆိုတော်နေ့က ဖိုးကျော်မြင့်နှင့်ကျွန်တော်တို့ပြောပြော ချက်များကို အကြောင်းပြုပြီး ကျွန်တော့်အား မေးခွန်းများ ထုတ်သည်။ စောဒက တက်သည်။ သို့ဖြင့် လေယာဉ်ပျံစောင့်ရင်း လဖက်ရည်ကြမ်းသောက်ရင်း လဖက်စားရင်း ကျွန်တော်တို့သည် စာပေဆွေးနွေးပွဲ ကျင်းပနေကြလေသည်။

ကျွန်တော်တို့သည် လေဆိပ်ရှိနယ်ခြားလူများကို ဂရုမစိုက်၊ ကျွန်တော်တို့ဖာသာ ဆွေး နွေးနေကြလေသည်။ အခြားသူများကလည်း ကျွန်တော်တို့ကိုဂရုမစိုက်၊ သူတို့ဖာသာ စကား တွေ ပြောနေကြသည်။

လေယာဉ်ပျံဆိုက်တော့မှ စကားကြောပြတ်ကြလေတော့၏။

နေရစ်တော့... ဆရာဝန်ဗိုလ်မှူး။

နေရစ်တော့...လားရှိုး။

ရန်သူ သူပုန် သူကန် အမှောင်ထု ကွယ်ပျောက်ပါစေ။

ပြည်သူလူထု အမှောင်ခွင်း၍ အလင်းဆောင်နိုင်ကြပါစေ။

အရှေ့မြောက်တိုင်းတစ်ခွင် ကြည်လင်ပါစေ။

ပြီးပါပြီ။